www.burmeseclassic.com



ဒိုင်အိုမင်းအောင်နှင့်ညောင်ရမ်းဝတ္တုပါ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဆရာအောင်ဇင်၏ ဇနီးနှင့် သားသမီးများအား ဤစာအုပ်
နှတိယအကြိမ် ထုတ်ဝေခွင့်ပေးသည့်အတွက်အထူး
ကျေးဇူးတင်ပါသည်။

ာမူခွင့်ပြုချက်အမှတ် ၂၇၃/၂၀၀၄ (၃)၊ မျက်နှာဖုံးခွင့်ပြုချက်အမ
၀၅/၂၀၀၄ (၄)၊  ၂၀၀၄ခု၊ မေလ၊ ဇွန်လ၊ မျက်နှ
န်းချီ–မောင်မောင်သိုက်၊ ကာလာခွဲ–စိန်နဂါး၊ အုပ်ရေ–၅၀၀အုပ်
ာန်ဖိုး–၆၀၀ိ/၊ ထုတ်ဝေသူ–ဦးခင်မောင်သိန်းဆွေ (၀၇၄၇) သလ္လ
တီစာပေ၊ အမှတ်(၂၄၀)၊ အခန်း(၃)၊ ၂၅ရပ်ကွက်၊ ဖေယျာသုခလ
၃၀ဏ္ဏ၊ ရန်ကုန်မြို့။ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်–ဒေါ်ခင်စီ(၀၂၅
ည်ဦးဘောပုံနှိပ်တိုက်၊ အမှတ်(၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့။

## အခန်း [ ၁ ]

# သောင်ရမ်းရွာ

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်နှင့်မန္တလေး မီးရထားလမ်းပေါ်ရှိ ရှမ်းရွာနှင့် ...ထိုးကြားတွင် ညောင်ရမ်းဟူသော ဘူတာငယ်ကလေးနှင့် ရွာ ...င်ရွာရှိလေသည်။

မြို့နယ်အားဖြင့်ဆိုလျှင် ညောင်ရမ်းသည် ပျော်ဘွယ် ...ယ်နှင့် သာစည်မြို့နယ် နှစ်ခုအကြားတွင် တည်ရှိလေ သည်။ ...င်ရမ်းသည် သာစည်မြို့နယ်အတွင်း ပါဝင်ပြီး သာစည်ဘူတာ ... ညောင်ရမ်းဘူတာသည် (၇)မိုင်သာ ဝေးပြီး ပျော်ဘွယ်ဘူတာနှင့် ...၂ မိုင် ဝေးလေသည်။

ညောင်ရမ်းဘူတာနှင့် ညောင်ရမ်းရွာ၏ ထူးခြားချက် မှာ ...ဘွယ်မြို့နယ်နှင့် သာစည်မြို့နယ်တို့သည် အထက် မြန်မာပြည် ...ပိုင်းဒေသအတွင်း၌ ကျရောက်သဖြင့် သစ်ကြီး ဝါးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ရောက်သော်လည်း ညောင်ရမ်းဘူတာနှင့် ရွာကလေးကား စိမ်းစိမ်းစိုစိုနှင့် သာယာအေးချမ်းလှခြင်းဖြစ်သည်။

သမိုင်းစက်ဝိုင်း၏ ရွေ့လျောတတ်သော သဘောအရ လည်းကောင်း၊ အချိန်ကာလတို့၏ သင်္ခါရသဘောအရလည်း ကောင်း ညောင်ရမ်းရွာသည် ရွာသိမ်ရွာငယ် ဇနပုဒ်မျှသာ ဖြစ်နေ ပါတော့သည်။

တစ်ချိန်တစ်ခါကမူ ညောင်ရမ်းသည် ကျုံး၊ မြို့ရိုးပစ္စင်တို့ နှင့် မြို့စားကိုယ်တိုင် နေထိုင်ခဲ့သော စည်ကားကျော်ကြားခဲ့သော မြို့တစ်မြို့ ဖြစ်လေသည်။

မြန်မာ့သမိုင်းတွင် ညောင်ရမ်းမြို့ကိုစားရသော မဟာဆီ မဟာသွေး မင်းညီမင်းသား (၃)ယောက်သည် ထင်ရှားလေသည်။

ညောင်ရမ်းမြို့စား (၃)ယောက်အနက် ပထမဆုံး ထင်ရှား သော ညောင်ရမ်းမြို့စားမှာ ဟံသာဝတီ နေပြည်တော်မှ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဘုရင့်နောင်ကျော်ထင် နော်ရထာခေါ် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော်အငယ် မင်းရဲနန္ဒမိတ် ဖြစ်သည်။ အချို့ကလည်း မင်းရဲ နန္ဒမိတ် ဟု ခေါ်ကြသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာ မင်းတရားကြီးသည် ဘုန်းလက်ရုံး ကြံရည်ဖန်ရည်နှင့် ပြည့်စုံသော မင်းတရားကြီး ဖြစ်ရာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စည်းလုံးနိုင်ရုံမျှမက အိမ်နီးချင်း





နိုင်ငံများဖြစ်သော ယိုးဒယား၊ လင်ဇင်း၊ မဏိပူရ တို့ကိုပါ ဘုန်း လက်ရုံး ဆန့်တန်းနိုင်ခဲ့လေသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီး ဘုန်း လက်ရုံးနှင့် ပြည့်စုံတော်မူသော်လည်း သူ၏သားဖြစ်သူ ငါးဆူ ဒါယကာမင်းမှာ အရည်အသွေး ညံ့ဖျင်းလှသည်။

ငါးဆူဒါယကာမင်းလက်ထက်တွင် တောင်ငူနှင့် ရခိုင်တို့ ပူပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်ရာ ဘုန်းမီးနေလတောက်ပ ခဲ့သော ဟံသာဝတီရွှေနန်းသည် ရုတ်ခြည်းဆိုသလို မျက်လှည့် ပြလိုက်သည့်အလား စိန်မှုန်ကင်းအစစ်က ထင်းဖြစ်ရလေသည်။

ထိုသို့ ဟံသာဝတီအပျက်တွင် ဘုရင့်နောင်ကျော်ထင် နော်ရထာခေါ် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော်အငယ် ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်သည် ရှေးမင်း နေပြည်တော်ဟောင်း ဖြစ်ခဲ့သော အင်းဝကို မြို့အသစ် တည်ထောင် ၍ ညောင်ရမ်းမင်းဆက်တို့ တည်ထောင်လေသည်။

ထိုညောင်ရမ်းမင်းဆက်ကို တည်ထောင်သော ညောင်ရမ်း မင်းတရားကြီးသည် တစ်ချိန်သောအခါက ထိုညောင်ရမ်းမြို့ကို စားခဲ့ရသော မြို့စားတစ်ဦးဖြစ်လေသည်။

ညောင်ရမ်းနှင့် ပတ်သက်ပြီးမြန်မာ့သမိုင်းတွင် ဒုတိယ မြောက်ထင်ရှားသူမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ် မြန်မာများ ယုံကြည်ခဲ့သော စကြာကိုယ်တော်လေးသည် ညောင်ရမ်းမြို့စားတစ်ဦး ဖြစ်လေသည်။

ညောင်ရမ်းမြို့စား စကြာကိုယ်တော်လေးသည် ဘကြီးတော်မင်းတရားကြီး၏ သားတော် ဖြစ်လေသည်။ ပဋိသန္ဓေနေစကပင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော နိမိတ်လက္ခဏာများ ပြခဲ့သည်။ ညောင်ရမ်းမြို့စား စကြာကိုယ်တော်လေးသည် ပဋိသန္ဓေနေစကစပြီး ဖွားတော်မူသည်အထိ မြေငလျင် အကြိမ်ကြိမ် လှုပ်သည်။ ဖွားတော်မူသောအခါ ထီးဖြူတော် (၄) လက်မိုးပေးမှ ဖွားသည်။ ဖွားတော်မူသောအခါ အချင်းစလွယ် (၂)ဖက်သိုင်းကာ လက်ယာခေါက်ဖဝါးမှာ လက်ဖဝါးအပြည့် ပတ်တက်တဲ့ လက်ယာရစ်ခရုသင်းပါသည်။ စကြာမင်းလက္ခဏာ နှင့် ဘုရားအလောင်း ဖွားတော်မူတုန်းက ကဲ့သို့ ဖွားဖက်တော် (၇) ယောက်ပါသည်။

ထိုညောင်ရမ်းမြို့စား စကြာကိုယ်တော်လေးသည် ခမည်းတော် ဘကြီးတော်ခေါ် မှန်နန်းရှင် မင်းတရားကြီး နတ်ရွာစံလျှင် ကုန်းဘောင်ထီးနန်းကို စောင့်စိုးစံရလိမ့်မည်ဟု ထိုစဉ်က မြန်မာအများ ထင်ကြသည်။

ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ညောင်ရမ်းမြို့စား စကြာကိုယ်တော်လေးကို ပြည်သူအားလုံးက ကြည်ညိုလေးစားသည်။ ထီးနန်းနှင့် ထိုက်တန်သူသည် စကြာကိုယ်တော်လေးသာဟု ယူဆပြီး မျှော်လင့်ထားကြသည်။

❀ မိုးဆမ်းဝန်းစာပေ



သို့သော်လည်း ဘုန်းတန်ခိုးသည် ကြမ္မာဆိုးကို အန်တုနိုင်ဟန်မရှိပေ။ မည်မျှပင် ဘုန်းတန်ခိုးကြီးသော်လည်း ကြမ္မာဆိုးကိုကား ယှဉ်တုနိုင်ဟန် မတူပေ။

ခမည်းတော်ဘကြီးတော် ဘုရားအား သူ၏ ညီတော် သာယာဝတီခေါ် ရွှေဘိုမင်းခေါ် ကုန်းဘောင်မင်းက ပုန်ကန်တော်လှန်ပြီး နန်းချလိုက်လေသည်။

တတိယထင်ရှားသော ညောင်ရမ်းမြို့စားမှာ ကုန်းဘောင်မင်းဆက်တွင် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မင်းတုန်းမင်း တရားကြီး၏ သားတော် ဖြစ်သည်။

မင်းတုန်းမင်းကြီး နာမကျန်းဖြစ်စဉ် ဆင်ဖြူမရှင် မိဖုရားကြီး အကြံအစည်နှင့် မထင်မရှား သီပေါမင်းသားလေးကို နန်းတင်ရန် ကြိုးပမ်းလေသည်။ ထိုအခါ မကွေးရာ မင်းသားကြီး၊ သုံးဆယ်မင်းသားကြီး စသော မင်းတုန်းမင်းကြီး၏ ထင်ရှားသော သားတော်ကြီးများကို ဆင်ဖြူမရှင် မိဖုရားကြီး၏ အမိန့်နှင့် ဖမ်းဆီး၍ ကြေးတိုက်တွင် အကျဉ်းချထားလေသည်။

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းမင်းသားကြီးနှင့် ညောင်အုပ်မင်းသားကြီးတို့မှာမူ မယ်တော်ဖြစ်သူက ကြိုတင် သတိပေးသဖြင့် ကုလားဖြူသံရုံးသို့ ခိုဝင်ရာမှ အောက်မြန်မာပြည်သို့ ရောက်သွားလေသည်။

ထို့နောက် ညောင်ရမ်းမြို့စား မင်းသားနှင့် ညောင်အုပ်မင်းသားတို့အား အိန္ဒိယပြည်သို့ ပို့လိုက်လေသည်။ နောင်တော်ညီတော်နှစ်ပါးစလုံး အိန္ဒိယနိုင်ငံတွင်ပင် ကံကုန်တော်မူလေသည်။

ထိုသို့ မြန်မာသမိုင်းတွင် ထင်ရှားသော ညောင်ရမ်းမြို့စားသုံးယောက်အနက် ဘုရင့်နောင် ကျော်ထင်နော်ရထာ မင်းတရားကြီး၏ သားတော် မင်းရဲနန္ဒမိတ်ခေါ် ညောင်ရမ်းမြို့စားတစ်ဦးတည်းသာလျှင် ရှင်ဘုရင်ဖြစ်ပြီး ညောင်ရမ်းမင်းဆက်ကို တည်ထောင်နေထိုင်နိုင်လေသည်။

ဒုတိယ ညောင်ရမ်းမြို့စား စကြာကိုယ်တော်လေးမှာမူ





သာယာဝတီခေါ် ရွှေဘိုမင်းခေါ် ကုန်းဘောင်မင်း၏ ရေချကွပ်မျက်ခြင်းခံရသည်။

မင်းတုန်းမင်းကြီး၏ သားတော်၊ ညောင်ရမ်း မင်းသားမှာလည်း ပြည်ပြေးဘဝနှင့် နိုင်ငံလည်းပျောက်၊ အသက်လည်း ပျောက်ခဲ့ရသည်။

ထို့ကြောင့် ယခုအခါ ကျေးလက်ဇနပုဒ် ဖြစ်နေသော ညောင်ရမ်းသည် မြန်မာသမိုင်းနှင့် သုံးကြိမ်သုံးခါ ဆက်စပ်ခဲ့လေသည်။

ညောင်ရမ်းရွာသည် ပဒေသရစ်စနစ်၏ လက္ခဏာများဖြစ်သော မြို့ရိုး ကျုံးမြောင်းများ ကွင်းကျန်ရစ်ဆဲ ရှိပါ[illegible]

မြန်မာပြည်အား အင်္ဂလိပ်နယ်ချဲ့တို့က သိမ်း[illegible]သော အခါ ညောင်ရမ်းမြို့သည် မြို့အဖြစ်မှ ရွာအဖြစ်သို့ နိမ့်လျှောသွားပြီး ညောင်ရမ်းရွာကို မြို့သူကြီးတစ်ဦးက အုပ်ချုပ်ရလေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာဘုရင်ခေတ်က မြို့ဖြစ်ခဲ့သော ညောင်ရမ်းမြို့ကို ရွာအဖြစ် လျှောချရသည်ကို အားနာ၍လားမသိ ညောင်ရမ်းကို မြို့သူကြီးအဆင့် အုပ်ချုပ်စေသည်။ ညောင်ရမ်းအရှေ့တောင်ရှိ ချောင်းမကြီးရွာ၊ သစ်ဆိမ့်ရွာတို့နှင့် မကျည်းတောတို့ကိုလည်း ညောင်ရမ်းသူကြီးလက်အောက်၌ ထားလေသည်။

မည်သို့ပင်ဖြစ်စေ ညောင်ရမ်းရွာကြီးသည် ရှေးမြန်မာဘုရင်လက်ထက်က မြို့ဖြစ်ခဲ့သဖြင့် ရွာအဆင့်ကို နိမ့်လျှောသွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူ၏ ဂုဏ်သိက္ခာများမှု မကျဆင်းသွားပေ။ မြို့ဖြစ်ခဲ့ဖူးသော ညောင်ရမ်းရွာသည် ယခုအခါ ရွာပြုနေသော်လည်း သူ့အကွက်နှင့်သူ မြို့ကွက်ဝို ပန္နက်ချပြီး ရပ်ကွက်များ တည်ထားသည်။

ညောင်ရမ်းရွာ၏ အရှေ့ဘက်တွင် ရန်ကုန်-မန္တလေး မီးရထားလမ်းရှိပြီး ညောင်ရမ်းဘူတာကလေး ရှိလေသည်။ ညောင်ရမ်းဘူတာ၏ မြောက်ဘက်တွင် နတ်ထိုးဘူတာရှိပြီး ညောင်ရမ်းဘူတာ၏ တောင်ဘက်တွင် ရှမ်းရွာဘူတာ ရှိလေသည်။

ညောင်ရမ်းရွာအရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်လျှင် စိမ်းစိုမြူမှိုင်နေသော ရှမ်းရိုးမတောင်တန်းကြီးကို တွေ့ရလေသည်။ မြူခိုးများ ဝေနေလျှင် ရှမ်းရိုးမတောင်တန်းကြီးကို ပျပျသာ မြင်ရပြီး မြူမှုန်ရှင်းသောအခါ ထင်ထင်ရှားရှား မြင်ရလေသည်။

ညောင်ရမ်းရွာ၏ အနောက်ဘက်တွင် ရှေးအခါက နန္ဒာကန်လို သာယာခဲ့ဟန်ရှိသော ညောင်ရမ်းကန်ကြီးရှိလေသည်။ ရှေးအခါက ကြာဖြူကြာနီတို့နှင့် သာယာနေမည် ဖြစ်သော်လည်း ယခုအခါ သောက်ရေကန်အဖြစ် အသုံးဝင်နေလေသည်။

ညောင်ရမ်းရွာ၏ တောင်ဘက်တွင် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေသော ချောင်းရိုးကလေးတစ်ခု ရှိလေသည်။

ညောင်ရမ်းရွာ၏ မြောက်ဘက်တွင် လယ်ကွင်းများရှိသည်။ ထိုလယ်ကွင်းများသို့ မရောက်မီ ညောင်ရမ်းရွာအား တံတိုင်းသဖွယ် ခြံစည်းရိုးအလား ကာကွယ်ပေးထားသော ရှေးညောင်ရမ်း





မြို့တားခေတ်က မြို့ရိုးကြီး ရှိနေသည်။

ညောင်ရမ်းရွာ၌ ဈေးရွာရပ်၊ ကုလားရွာရပ်၊ မြို့မရပ်၊ တောင်စုရပ်၊ ဥမင်ရပ်၊ နန်းတော်ကန်နားရပ် ဟူ၍ ရပ်ကွက်ပေါင်း (၆) ရပ်ကွက် ရှိလေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း ညောင်ရမ်းရွာသည် အပူပိုင်း ဒေသအတွင်း၌ ကျရောက်နေသော်လည်း သရက်၊ မရန်း၊ သြဇာ၊ မာလကာ၊ ဥသျှစ်၊ ဒန့်သလွန်ပင်တို့နှင့် ဝေဝေဆာဆာ ရှိနေသည်။

ညောင်ရမ်းရွာသည် အပူထဲမှ အအေး၊ အနီထဲမှ အစိမ်း၊ သဲကန္တာရထဲမှ အိုအေစစ်သဖွယ် စိမ်းလန်းသာယာနေသည်။

ထိုသစ်ပင်ဝါးပင်တို့ဖြင့် စိမ်းလန်းစိုပြေပြီး အေးချမ်းသာယာလှသော ညောင်ရမ်းရွာကလေးသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အာဃာတတည်းဟူသော ဒုစ္စရိုက်ဆိုးတို့၏ လောင်မြိုက်ခြင်းခံရ၍ ဗျက်စီးခဲ့ရသော ဘုရားဒကာ ဦးဘိုးယွန်း မိသားစု၏ အကြောင်းသည် ယနေ့တိုင် ညောင်ရမ်းရွာကလေး၌ လည်းကောင်း၊ ရွာနီးပတ်ဝန်းကျင်၌ လည်းကောင်း ပျော်ဘွယ်သာစည် စသော မြို့များ၌လည်း ပြောကြားနေကြသော ပုံပြင်တစ်ပုဒ် ဖြစ်နေလေသည်။

ထိုညောင်ရမ်းရွာကလေးနှင့် ပတ်သက်နေသော ညောင်ရမ်းပုံပြင်သည် အင်္ဂလိပ်ခေတ်က စလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇာတ်လမ်း၏ အဓိကဇာတ်ဆောင်မှာ ဘုရားဒကာ ဦးဘိုးယွန်းဖြစ်သည်။

ဤဝတ္ထုဇာတ်လမ်းသည် ညောင်ရမ်းရွာနှင့် ပတ်သက်သော နောက်ခံ အဖြစ်အပျက်ကလေး တစ်ခုကို ကြိုတင် သိထားဖို့ လိုပေဦးမည်။

ညောင်ရမ်းရွာ၏ တောင်စုရပ်ကါက် အနောက်ဘက်၌ ဘုရားကြီးကုန်းဟူ၍ ရှိလေသည်။ ထိုဘုရားကြီးကုန်း၌ ရှေးမြန်မာဘုရင်ခေတ်ကပင် မြို့စား အဆက်ဆက် ကိုးကွယ်ခဲ့သော လေးထပ်လည်ပေါ် ကျောင်းကြီးတစ်ကျောင်း ရှိလေသည်။

မှေးခေတ် ဘုန်းကြီးကျောင်း ပိပိပြာသာဒ်ဘုံ ဆင့်တင်ပြီး စိန်ထောင်၊ ပန်းဆွဲ၊ ခြူးပန်း ခြူနွယ်များနှင့် အလွန်ခန့်ညား ထည်ဝါသည်။ ကျောင်းကြီးပေါ် တက်သော လှေကားကိုလည်း အုတ်အင်္ဂတေနှင့် နဂါးရုပ်ကြီးကို လှေကားလက်ရန်းပေါ် တင်ပြီး ပန်းတမော့ပညာနှင့် စီမံဖန်တီးထားသည်။

ထိုကျောင်းကြီးတွင် ကျောင်းထိုင်သော ဆရာတော်ဘုရားကြီးပျံလွန်တော်မူသောအခါ ထိုဘုရားကြီးကျောင်း၌ ကျောင်းထိုင်ရန်အတွက် ရပ်ရွာနှင့် ထေရ်ကြီးဝါကြီး သံဃာတော် အရှင်မြတ်များ ညှိနှိုင်းတိုင်ပင်ပြီး ပျံလွန်တော်မူသော ဆရာတော်ဘုရားကြီး၏ တပည့်ရင်း၊ ထိုကျောင်းတွင် နေသော ပဥ္စင်းငယ် တစ်ပါးကို ကျောင်းထိုင်အဖြစ် ကျောင်းတင်လှူရန် စီစဉ်ကြလေသည်။





ထိုပဥ္စင်းငယ်မှာ သက္ကသီဟအောင်ပြီး စာတတ်ရဟန်းငယ်တစ်ပါးဖြစ်သည်။ ထို့ပြင် ရဟန်းငယ်မှာ အသက်သာငယ်သော်လည်း အကျင့်သီလနှင့် ပြည့်စုံသည်။ ညောင်ရမ်းရွာကလည်း ထိုဦးပဥ္စင်းကလေး၏ အကျင့်သိက္ခာကို ကြည်ညိုလေးစားကြသည်။

ဆရာကလည်း ဒကာကလည်း ကြည်ညိုသော ထိုဦးပဥ္စင်းကလေးအား ဝမ်းတွင်း၌ ကျိတ်ပြီး ဣဿမစ္ဆရိယ ပွားနေသူကား ထိုကျောင်းတွင် အတူနေသော စိတ်သိပ်မနှံ့သော ကိုရင်ကြီးတစ်ပါးဖြစ်လေသည်။

ကိုရင်ကြီးသည် စိတ်ခပ်ချောင်ချောင်ဖြစ်ပြီး ရဟန်းတို့ လိုက်နာကျင့်ကြံအပ်သော နှစ်ရာနှစ်ဆယ့်ရှစ်သွယ်သော ဝိနည်းကို လိုက်နာရန် အရည်အချင်း မရှိသဖြင့် ကိုရင်ကြီးဘဝနှင့်ပင် ပျံလွန်တော်မူသွားသော ဆရာတော်ဘုရားကြီးက ထားခဲ့သည်။

ကိုရင်ကြီးဆိုသော်လည်း အသက်တော်မှာ လေးဆယ်နားသို့ပင် သီနေပြီ ဖြစ်သည်။

ထိုကိုရင်ကြီးသည် သူ့ထက်အသက်ငယ်သော ပဥ္စင်းငယ်က လေးထပ်ကျောင်းကြီးကို ထိုင်မည်ဟု ဆိုသောအခါ ဒေါမနဿတရားကြီးထွား မနာလိုတရားပွားများလာပြီး ရင်တွင်း၌မီးလိုပူပြီး လောင်မြိုက်သွားဟန် တူလေသည်။

တစ်ညတွင် ဦးပဥ္စင်းကလေး ကျိန်းနေခိုက် ကိုရင်ကြီးက ဦးပဥ္စင်းငယ်ကလေး ကိုယ်ပေါ်သို့ တက်ခွပြီး လည်ပင်းကို အသေ



www.burmeseclassic.com

www.burmeseclassic.com



ညှစ်လေတော့သည်။

ဦးပဥ္ဇင်းလေးသည် သူ့အား အသေသတ်နေသော ကိုရင်ကြီးကို ကာကွယ်ခုခံရန် ထရံတွင်ထိုးထားသော ဓားမောက်နှင့် ပြန်ထိုးရတော့သည်။ ထိုဓားမောက်မှာ ကျောင်းနေ ရဟန်းသံဃာများအတွက် တံပူလုပ်ရန်အတွက် ဖြစ်ပြီး ကံအားလျော်စွာ ဦးပဥ္ဇင်းကလေး၏ အခန်းထဲသို့ ရောက်နေ၍ ဖြစ်သည်။

ကိုရင်ကြီးသတ်မှုနှင့် ဦးပဥ္ဇင်းကလေး အဖမ်းခံရသည်။

ဦးပဥ္ဇင်းကလေးသည် ရဟန်းဘဝနှင့် သူတစ်ပါးအသက်ကို သတ်မိသဖြင့် ပါရာဇိကကျ ဝိနည်းတော်အရ မြင့်မြတ်သော ရဟန်းဘဝတွင် မဆိုက်တန်တော့၍ လူဝတ်လဲလိုက်ရတော့သည်။

အကျင့်သီလနှင့် ပြည့်စုံပြီး ရဟန်းဘဝနှင့် အရိုးထုတ်ရန် ရည်ရွယ်ပြီး မန္တလေးသို့ တက်ကာ သကျသီဟ စာချတန်း အောင်အောင် လောကုတ္တရာစာပေ သင်ကြားခဲ့သော ဦးပဥ္ဇင်းကလေးသည် မမျှော်လင့် ကြမ္မာဆိုးနှင့် ကြုံတွေ့ရ၍ မက်မောတွယ်တာလှသော ရဟန်းဘဝကို စွန့်လွှတ်လိုက်ရလေသည်။

ဦးပဥ္ဇင်းလေးကို ပုလိပ်အဖွဲ့က လာဖမ်းသဖြင့် လူဝတ်လဲသောနေ့တွင် ညောင်ရမ်းတစ်ရွာလုံး မျက်ရည်ကျရသည်။

ဣဿာမစ္ဆရိယတရား ကြီးမားပြီး သူတစ်ပါးအား နိုင်လိုမင်းထက်ညှဉ်းဆဲလိုသော ခပ်ချောင်ချောင် ကိုရင်ကြီးမှာ အသတ်ခံရသူ သေဆုံးသူဖြစ်သော်လည်း မည်သူကမျှ မျက်ရည်မကျ။ မည်သူကမျှ မသနား။ မည်သူကမျှ ဝမ်းနည်းကြေကွဲခြင်း မဖြစ်ကြပေ။ "သင်းသေတာ ကောင်းရဲ့" ဟု ယူဆကြသည်။





လောက၌ မနာလိုတရားကြီးသူ၊ နိုင်လိုမင်းထက်ပြုသူ သူတစ်ပါးအား နှိပ်စက်ညှဉ်းပမ်းသူများကို လူတို့ မုန်းတီးစက်ဆုပ်ကြသည်။

ဦးပဥ္ဇင်းလေးမှာမူ လူသတ်ကောင်ဖြစ်သော်လည်း မတရားမှုကို ကာကွယ်ခုခံရင်း ဖြစ်ရသော လူသတ်မှုဖြစ်၍ ဦးပဥ္ဇင်းလေးအတွက် ညောင်ရမ်းတစ်ရွာလုံး ရင်ထုမနာဖြစ်ကြရသည်။

မြင့်မြတ်သော ရဟန်းဘဝတွင် အရိုးထုတ်ရန် လောကုတ္တရာ စာပေ၌ ပေါက်မြောက်အောင် သင်ကြားခဲ့ပြီး တစ်နေ့သောအခါတွင် စာတတ်ပေတတ် ဆရာတော်ကြီးအဖြစ် တရားအားထုတ်ရင်း သာသနာပြုရန် ရည်မှန်းခဲ့သော ဦးပဥ္ဇင်းလေးမှာ လူတစ်ဦးတစ်ယောက်၏ မနာလိုမုန်းထားမှုကြောင့် ဘဝပျက်စီးသွားရသည်ကို တစ်ရွာလုံးက ယူကျုံးမရ ဖြစ်ရလေသည်။

အသက်ရှင်စဉ်က ဆိုးရွား၊ အသက်သေသော်လည်း သူတစ်ပါးကို ဒုက္ခပေးလေ့ရှိသော လူစားမျိုးကား ဤလောကကြီးတွင်ရှိ၏။ ကိုရင်ကြီးသည် ထိုလူစားမျိုး ဖြစ်ဟန်တူ၏။

ကိုရင်ကြီးသည် အစိမ်းသေ သေသဖြင့် သရဲဖြစ်သွားသည်ဟု ဆိုသည်။ ကိုရင်ကြီး သေဆုံးပြီးနောက် မကြာမီပင် ထိုလေးထပ်

www.burmeseclassic.com



ကျောင်း၌ သရဲအကြီးအကျယ် ခြောက်တော့သည်။ လေးထပ်ကျောင်းနေသံဃာများ မနေရဲလောက်အောင်ပင် အခြောက် အခြမ်းကြီးမားသည်။ သတ္တိရှိသော ရဟန်းများသာ ထိုကျောင်းတွင် ကျန်ရစ်ပြီး အချို့သော ရဟန်းနှင့်သာမဏေယ်များ ထိုကျောင်းမှ ထွက်ပြေးကြသည်။

ယခင်က ဝတ်တက်သံ၊ စာအံသံတို့နှင့် စည်ကားခဲ့သော လေးထပ်ကျောင်းကြီးသည် ခြောက်သွေ့သွားသည်။ ရပ်ရွာထဲမှ အလှူအတန်းပြုရန် လာကြသူများလည်း အရောက်အပေါက်နည်းလာသည်။

ကျောင်းအနီး နွားစားကျက်၌ နွားလာကျောင်းသော နွားကျောင်းသားများပင် ခေါင်းတုံပြောင်ပြောင် သက်န်းဖိုးရိုးဖားရားနှင့် ကိုရင်ကြီးသရဲကို တွေ့ရသည်ဟု ဆိုကာ ကျောင်းနားသို့ မသီကြချေ။ ကျောင်းနှင့်ဝေးရာသို့ ရှဲကြသည်။

သို့နှင့် ညောင်ရမ်းရွာတွင် မြန်မာဘုရင်ခေတ် ကတည်းက ကျော်ကြားထင်ရှားခဲ့သော လေးထပ်ကျောင်းကြီးမှာ တစ်စတစ်စ အထီးကျန်ဖြစ်လာရာ သတ္တိကောင်းသော ရဟန်းများလည်း ထိုကျောင်းကြီးကို စွန့်ခွာသွားကြလေသည်။

လေးထပ်ကျောင်းကြီးသည် ဟည်းနေအောင် ကြီးပါလျက် သီတင်းသုံးသူ ရန်းသံဃာ မရှိဘဲ ဖြစ်သွားလေသည်။

ညောင်ရမ်းရွာ မြို့မသူကြီး ဦးအောင်မြတ်နှင့် ရပ်ရွာသူ





...ကြီးများက ကျောင်းရှိပါလျက် သံဃာမရှိသောအဖြစ်ကို မခံနိုင်သဖြင့် ပျော်ဘွယ်မြို့ ကျောင်းတိုက်ကြီးများသို့ တက်ပြီး ထေရ်ကြီး...ကြီး ဆရာတော်ကြီးများအား ညောင်ရမ်းရွာ လေးထပ်ကျောင်း...တွင် သီတင်းသုံးရန် ကျောင်းထိုင်ဘုန်းကြီး အပင့်ထွက်ကြသည်။

ပျော်ဘွယ်မြို့မှ ဆရာတော်ကြီးများအား လေးထပ်ကျောင်း...တွင် ကျောင်းထိုင်ရန် သံဃာများ စေလွှတ်ပေးပါသည်။ သို့သော်...ည်း လေးထပ်ကျောင်းတွင် သံဃာတော်များ ကြာကြာ သီတင်းသုံးနိုင်ချေ။ ကျောင်းထိုင်ရန် ရောက်လာသော သံဃာတော်...သည် လေးထပ်ကျောင်းကြီးကို စွန့်ခွာသွားကြသည်ချည်း...ပေ။

သို့နှင့် ညောင်ရမ်းရွာရှိ လေးထပ်ကျောင်းကြီးမှာ သံဃာ...င်းမဲ့သွားလေသည်။

သံဃာကင်းမဲ့သွားသဖြင့် ညောင်ရမ်း ရွာသူရွာ...းများလည်း လေးထပ်ကျောင်းကြီးဘက်သို့ ခြေဦးပင်...သည့်တော့ချေ။

ထို့ကြောင့် လေးထပ်ကျောင်းကြီးမှာ တစပြင်ပမာ ခြောက်...သွားလေပြီး တဖြည်းဖြည်းနှင့် ဖုန်းဆိုးမြေဖြစ်ကာ မည်သူမျှ...ကပ်ရဲကြချေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## အလွန်ဆင်းရဲသော ဦးဘိုးယွန်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆင်းရဲသော ဦးယွန်းမှာမူ ညောင်ရမ်းရွာထဲ အိမ်မဆောက်နိုင်သဖြင့် အလွန် သရဲခြောက်သည်ဆိုသော လေးထပ်ကျောင်းကြီး၏ အနောက်ဘက် မဟာရံတံတိုင်းကို အမှီချ ကွပ်ပျစ်ခင်းပြီး နေရရှာလေသည်။

ဦးဘိုးယွန်းသည် အလွန်ဆင်းရဲလေသည်။ အသက် (၃၀) ကျော်အထိ ခါးအထက်ပိုင်းတွင် ဝတ်စရာ အကျီမရှိ ကျောပြောင်ကြီးနှင့်သာ နေရသည်။

ဦးဘိုးယွန်းမှာ ပုဆိုးတစ်ထည်စုတ်၍ တစ်ထည်လဲစရာမရှိသဖြင့် မည်သူမျှ မသွားရဲသော လေးထပ်ကျောင်းကြီးထဲ ဝင်ရောက်၍ မွေ့နှောက်ရှာဖွေရာ ကျောင်းခန်းတစ်ခုထဲတွင် မျက်နှာကြက်လုပ်ထားသော သင်းပိုင်ဟောင်းတစ်ထည်ကို ရလေသည်။

လေးထပ်ကျောင်းကြီးကို စွန့်ခွာသွားသော သံဃာ





တစ်ပါးပါးသည် ရေးကြီး သုတ်ပျာ စွန့်ခွာသွားရ၍ သူ့အခန်းမျက်နှာကြက် လုပ်ထားသော သင်းပိုင်ကိုပင် ယူသွားဖို့ မေ့လျော့သွားဟန်တူလေသည်။

ဦးဘိုးယွန်းသည် ဆင်းရဲလွန်းသဖြင့် ငရဲ ဝေအုံကိုပင် မကြောက်နိုင်ဘဲ ထိုသင်းပိုင်ကိုပင် ပုဆိုးလုပ်ဝတ်နေရသည်။

ဦးဘိုးယွန်းသည် အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းကြီးဖြစ်ရာ နောက်ဆုံးရလာသော သင်းပိုင်မှာ တိုသဖြင့် ဝတ်လိုက်လျှင် ဒူးပေါ်ဝဲနေသည်။

ဦးဘိုးယွန်းသည် ယခင်က ဿျောင်ကြီးမွေ့နှင့်ဖြစ်သော်လည်း သူ၏ ဿျောင်ကို လိမ်းစရာ အုန်းဆီလည်း မတတ်နိုင်၊ ဆံပင်မှာလည်း သန်းများ တက်နေသဖြင့် နောင်သောအခါ ဘုန်းကြီးအသိတစ်ပါးထံသို့ အကူအညီတောင်းပြီး ခေါင်းတုံးရိတ်ထားရာ ယခုအခါ ခေါင်းတုံးကြီး ဖြစ်နေလေသည်။

ခေါင်းက ခေါင်းတုံးကြီးနှင့်ဖြစ်ပြီး ဦးဘိုးယွန်းကို မသိသူများက ဆိုလျှင် ဘုန်းကြီးတစ်ပါး၊ ကိုရင်ကြီး တစ်ပါးဟု ထင်စရာရှိလေသည်။

ဦးဘိုးယွန်း ထိုမျှ ဆင်းရဲသည်မှာ ပေါင်းသင်းဆက်ဆံရေးမကောင်း၍ဟု ညောင်ရမ်းရွာသူ ရွာသားများက ပြောကြသည်။

ဦးဘိုးယွန်းသည် လူအများနှင့် တစ်နေ့လုံးနေ၍ စကားတစ်ခွန်းမျှ မပြောဘဲ နေချင်နေတတ်သည်။ လမ်းမှာ တွေ့ရ၍



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြုံးပြလျှင်သူက ပြန်ပြီး ပြုံးမပြရုံမျှမက မျက်နှာ လွှဲသွားတတ်သည်။

ဦးဘိုးယွန်း စကားမပြောချင်သူနှင့် လမ်းမှာဆုံလျှင် ထိုလူအား ချက်ချင်းပင် ကျောခိုင်းပြီး ရပ်နေလိုက်သည်။ ထိုလူလွန်သွားမှ သူသွားလိုရာသို့ သွားသည်။

လူတကာက သူ့အား နှိမ်သည်ဟူသော အစွဲဖြစ်သည်။

ဦးဘိုးယွန်းအား သနားသဖြင့် ပေးကမ်းစွန့်ကြဲသည်ကိုပင် ဦးဘိုးယွန်းက သူ့ကိုနှိမ်သည်ဟု တစ်ခါတစ်ရံ အထင်လွဲတတ်သည်။

ဦးဘိုးယွန်းစိတ်ထဲ အခန့်မသင့်သူက ပေးကမ်းလျှင် ဦးဘိုးယွန်းက ဘယ်တော့မှ မယူပေ။ ရိုးရိုးမယူရုံတင်မက "ခင်ဗျားက ကျုပ်ကို ဆင်းရဲလို့ နှိမ်တာပေါ့" ဟူသော စကားမျိုး ဦးဘိုးယွန်းက ပြန်ခံမေးတတ်သည်။ ကြာသော် ဦးဘိုးယွန်းအား သနားသဖြင့် ပေးကမ်းစွန့်ကြဲလိုသော ဆန္ဒရှိသူများပင် ဦးဘိုးယွန်းအား ကြောက်ရွံ့ပြီး မပေးကမ်းရဲတော့ပေ။

ဦးဘိုးယွန်းသည် သူ၏ ဘုကန့်လန့်ကျကျ အတွေးအခေါ်နှင့် ဆက်ဆံရေး ညံ့ဖျင်းမှုကြောင့် ကူညီချင်သူရှိပါလျက် ဦးဘိုးယွန်းအား မကူညီရဲကြပေ။ သူ၏ စိတ်ဓါတ်ကပင် သူ့လာဘ်အား တိတ်စေ၏။





ဦးဘိုးယွန်းသည် သူနှင့် စိတ်သဘောချင်း တိုက်ဆိုင်ကားပြော အဆင်ပြေသူများက ကူညီလျှင်မူ ထိုအကူအညီကို က်ခံတတ်ပါသည်။ ထိုသို့ကူညီရာတွင် ဦးဘိုးယွန်းအား အပိုင်းသည့် သဘောမျိုး မဟုတ်ဘဲ

"ကိုဘိုးယွန်းအတွက် ပုဆိုးတစ်ထည် ကျွန်တော် ပေးဝတ်ယ်၊ နောင် ကိုဘိုးယွန်း ပိုက်ဆံရှိတော့ ကျွန်တော့်ကို ပုဆိုးအစားန်ဝယ်ပေးပါ"

ဟု ပြောပြီး ပေးလျှင်မူ ဦးဘိုးယွန်း လက်ခံတတ်ပါသည်။

ဦးဘိုးယွန်းအား ချေးငှားသော သဘောမျိုး ပေးလျှင်ဘိုးယွန်း လက်ခံတတ်ပါသည်။

"အေး . . . ကျုပ် ပိုက်ဆံရှိတဲ့အခါ ခင်ဗျားရဲ့ ပုဆိုးထည်ကို သုံးထည်ပြန်ပေးမယ်"

ဟု ဦးဘိုးယွန်း ပြောလေ့ရှိပါသည်။

ဦးဘိုးယွန်းကို အချို့က မာနကြီးသည်ဟု ဆိုကြ၏။ ချို့ကလည်း ဆန်မရှိဘဲ အစားကြီးသည်ဟု ဆိုသည်။

ဦးဘိုးယွန်းသည် လူမှန်းသိစအရွယ်မှစပြီး ညောင်ရမ်းရွာည်သူ့ထဲမှာမှ အခစား ဝင်မလုပ်ဖူးပေ။ တချို့ လူငယ်များ နွားင်းချိန်တန်လျှင် နွားကျောင်းသည်။ အချို့က လယ်တဲဝင် သောယ်ရောက်သည်နှင့် လယ်ကူလီ သူရင်းငှားလည်း မလုပ်ခဲ့ပေ။ င်ပေါ်တက်ပြီး ထင်းခုတ်သည်။ ဝါးခုတ်သည်။ မျှစ်ချိုးသည်။

www.burmeseclassic.com



တောင်ပေါ်မှ ရှာဖွေရလာသမျှ ပဲ့ွည်းများကို ညောင်ရမ်းဈေးနေ့တွင် ရောင်းချပြီး စားသောက်သည်။

ယခုသော် ဦးဘိုးယွန်း လေးထပ်ကျောင်းကြီး၏ အနောက်ဘက် မဟာရံတံတိုင်းကို မှီပြီး အဖီချနေသည်မှာ အလကားနေခြင်းမဟုတ်။ ထိုနေရာ၌ မြေနေရာ (၃) ကေခန့် ကျယ်ဝန်းသော ကွင်းပြောင်တစ်ခုရှိရာ ဦးဘိုးယွန်းသည် ထိုကွင်းပြောင်၌ ရာသီ ပေါ်သီးနှံများ စိုက်ပျိုးပြီး သူ့ဇနီး ဒေါ်သိုင်းချိုနှင့် သမီးကလေး မသက်ဖူးတို့အား လုပ်ကိုင်ကျွေးမွေးနေခြင်းဖြစ်သည်။

မြေမှာ (၃)ဧကခန့်သာ ကျယ်ဝန်းပြီး မြေကြီးဩဇာမှာလည်း မကောင်းလှသဖြင့် သူစိုက်ပျိုးသာ သီးနှံမှာ သိပ်ပြီး ဖြစ်ထွန်းလှသည် မဟုတ်။ ထို့ကြောင့် ဦးဘိုးယွန်းသည် သူ့ဇနီးနှင့် သူ့သမီးတို့ကို ဝလင်အောင် ကျွေးမွေးနိုင်ခြင်း မရှိပေ။ သို့သော် အခွအခံကား ရသည်ဟု ဆိုရမည်။

ဦးဘိုးယွန်း၏ ဇနီး ဒေါ်သိုင်းချိုမှာလည်း ဆင်းရဲသမျှကို ခါးစည်းပြီး ခံနိုင်သော သတ္တိရှိသည်။ ဒေါ်သိုင်းချိုမှာလည်း လင်နှင့်စိတ်တူသဘောတူ မည်သူ့ထံမှ လက်ဖြန့်ပြီး အကူအညီတောင်းလေ့မရှိပေ။

ဒေါ်သိုင်းချိုမှာ ဥစ္စာပစ္စည်း မရှိသော်လည်း မာနရှိသူ ဖြစ်သည်။ ဒေါ်သိုင်းချိုမှာ သူ့အား သူ့မာန်နှင့်နေသည်။ မြို့စရာ စောင်မရှိလျှင် မီးလှုံ၍နေမည်။ ဝတ်စရာ ထဘီမရှိလျှင် စပါးပုတ်ထဲ





ဝင်နေမည်။ စားစရာမရှိလျှင် ဗိုက်မှောက်နေမည်။ သူများကို အကူအညီတောင်းရမည်ကို သေမှာထက် ကြောက်သည်။

ဦးဘိုးယွန်းနှင့် ဒေါ်သိုင်းချိုတို့သည် ဆင်းရဲသမျှ ဒဏ်ကို ခါးစည်း၍ ခံသည်။ မည်သူ့ကိုမျှ ဒုက္ခမပေး။ မည်သူ့ကိုမျှ အကူအညီမတောင်း။ ကိုယ့်အားကို ကိုယ်သာ အားကိုးခဲ့သည်။

ထို့ကြောင့် ဦးဘိုးယွန်းနှင့် ဒေါ်သိုင်းချိုတို့ လင်မယားသမီးကလေး မသက်ဖူးတို့မှာ ညောင်ရမ်းရွာရှိ ဆွေမျိုးမိတ်သင်္ဂဟများအပေါ် မှီခိုအားထားရခြင်း မရှိ။ သူတို့ မိသားစုသည် ဆွေမျိုးမိတ်သင်္ဂဟများအတွက် ဝန်လေးစေခြင်း ဘယ်တုန်းကမှ မဖြစ်ခဲ့ပေ။

ဦးဘိုးယွန်းသည် သူ၏ သေးငယ်သော ယာခင်းကလေးသာ ဂရုစိုက်ပြီး ထွန်ယက်စိုက်ပျိုးသည်။ ထိုယာခင်းမှ ရသောဝင်ငွေသည် သူတို့မိသားစုအတွက် စာဝတ်နေရေး လုံလောက်အောင် ဖန်တီးပေးနိုင်ခြင်း မရှိလှပေ။ ရာသီဥတုဆိုးရွားပြီး သီးနှံပျက်သော နှစ်များမှသာ သူတို့သရောကြီး ခိုင်းတတ်သည်။ သို့သော်လည်း ထိုယာခင်းကလေးမှာ သူတို့ စားဝတ်နေရေး အထောက်အကူပြုပါသည်။

မိုးလေမှန် ရာသီဥတု ကောင်းလျှင်မူ ထိုမြေယာကွက်ကလေးသည် သူတို့မိသားစုအတွက် ရွှေသီးရွှေနှံများဖြစ်တော့သည်။ ထို့ကြောင့် ဦးဘိုးယွန်းသည် သူ၏ ယာကွက်ကလေးကို



www.burmeseclassic.com

အထူးပင်ဂရုစိုက်ပြီး ကြပ်မတ်လေသည်။

စင်စစ် သူတို့ ယာကွက်ကလေးမှာ သူတို့ နေထိုင်သော မဟာရံဝံတိုင်းကြီးမှ အဖီချထားသော တစ်ဖက်ရပ်တဲကလေးမှ လှမ်းကြည့်၍ရသည်။

ဦးဘိုးယွန်းသည် ညောင်ရမ်းရွာထဲတွင် မည်သူနှင့်မျှ သိပ်စကားပြောလေ့ မရှိပေ။ သူ့ယာခင်းထဲမှ သူ စိုက်ပျိုးထားသော သီးနှံများကို ပိုးမွေးသလို ယုယုယယ မွေးရင်း ထိုသီးနှံပင်များကြားတွင် ဘဝကို မြှုပ်နှံပြီး ပျော်မွေ့နေသည်။

ဤသို့ ရှိစဉ်တွင် ဦးဘိုးယွန်း၏ မိသားစုဘဝကို အကြီးအကျယ် ပြောင်းလဲစေမည့် အဖြစ်အပျက်ကြီးသည် ဆိုက်ရောက်လာလေသည်။

ထို အပြောင်းအလဲကြီးသည် ဦးဘိုးယွန်းတို့၏ ဘဝကို ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားစေသည်။

ယခုရက်ပိုင်းအတွင်း ဦးဘိုးယွန်း၏ ယာခင်းတဲကို တောဝက်များ ဝင်မွှေခြင်းဖြစ်သည်။

တောဝက်များသည် ဦးဘိုးယွန်းစိုက်ပျိုးထားသော သီးနှံများကို ဝါးမျိုစားသောက်ရုံမျှမက မြောင်းဘောင်များကို နှုတ်သီးနှင့်ထိုးကာ ဖျက်လို့ဖျက်ဆီးလည်း လုပ်လာပေသည်။

ဦးဘိုးယွန်းတို့မိသားစုမှာ ဤယာခင်းကလေးကိုသာ မှီခိုအားထားနေရသည်ဖြစ်ရာ ယခုလို တောဝက်များက ညစဉ်ညတိုင်း





လာပြီး ယာခင်းကို ဖျက်ဆီးနေလျှင် သူတို့ ဒုက္ခရောက်တော့မည်။ တောဝက်များသည် သူတို့စားမည့် ထမင်းလုတ်များကို လာပြီး ပုတ်ချနေခြင်း ဖြစ်သည်။

မိမိတို့၏ အသက်သွေးခဲသဖွယ် အရေးပါလှသော ယာခင်းကလေးကို ဖျက်ဆီးသူ တောဝက်များကို အသက်ပေးပြီး ကာကွယ်မှဖြစ်မည်ဟု ဦးဘိုးယွန်း သဘောပေါက်မိသည်။

တောဝက်များသည် မိမိတို့၏ ထမင်းလုတ်ကို ပုတ်ချနေသူများ ထမင်းအိုးကို လာခွဲနေသူများဖြစ်၍ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ပေ။

ဦးဘိုးယွန်းနှင့် ဒေါ်သိုင်းချိုတို့သည် ညစဉ်ညတိုင်း မီးတုတ်များနှင့် တောဝက်များကို ကင်းစောင့်ရပြီး တောဝက်များရောက်လာလျှင် အဆင်သင့်လုပ်ထားသော မီးပုံးများကို မီးရှို့ခြင်း၊ သံပုံးတီး၍ ခြောက်လှန့်ခြင်းများ ပြုလုပ်သော်လည်း တောဝက်များမှာ မီးကိုလည်း မကြောက်၊ သံပုံးတီးသည်ကိုလည်း မမှုပေ။

ထို့ကြောင့် ဦးဘိုးယွန်းသည် တောဝက်များ၏ အသက်အန္တရာယ်ကို ရန်ရှာမှ တောဝက်များကို သတ်နိုင်မှ ဖြစ်မည်ကို သဘောပေါက်ပါသည်။

စင်စစ် ဤကိစ္စမှာ ညောင်ရမ်းရွာထဲမှ မြို့မသူကြီး ဦးအောင်မြတ်ကို အကြောင်းကြားလိုက်ရုံသာ ရှိသည်။ သူကြီး ဦးအောင်မြတ်ထံတွင် နှစ်လုံးပြူးသေနတ်ရှိရာ တောဝက်များကို



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ပစ်ခတ်ပြီး နှိမ်နင်းပေးနိုင်သည်။

သူကြီး ဦးအောင်မြတ်မှာ သူ့အလုပ်နှင့်သူရှုပ်နေပြီး အားလပ်၍သာ နေရသည်။ သူသည် အမဲလိုက် ဝါသနာ ပါသည်။ ယခုလို အိုးမကွာ အိမ်မကွာ ဦးဘိုးယွန်း၏ ယာခင်းထဲမှာတင် အမဲလိုက်ရမည်ဆိုလျှင် သူကြီးဦးအောင်မြတ် ဝမ်းသာအားရ သူ၏ နှစ်လုံးပြူးကို ထမ်း၍ ရောက်လာပေလိမ့်မည်။

သူကြီးဦးအောင်မြတ်သည် ဦးဘိုးယွန်း၏ ယာခင်းထဲမှ စောင့်ပြီး တောဝက်ပစ်ရမည်ဆိုလျှင် အမှန်ပင် ဝမ်းမြောက် ဝမ်းသာ ရှိလိမ့်မည်။

သို့သော် ဦးဘိုးယွန်းက တောဝက်ကိစ္စကို သူကြီးဦးအောင်မြတ်အား အကူအညီမတောင်းရန် စဉ်းစားလိုက်သည်။ သူကြီးဦးအောင်မြတ်အား တောဝက်သတင်းကို တိုင်ကြားလျှင် သူကြီးဦးအောင်မြတ် တစ်ယောက်တည်းသာ မဟုတ်။ သူကြီး၏ နောက်လိုက်ခြွေရံသင်းပင်းများပါ ဦးဘိုးယွန်း၏ ယာခင်းထဲသို့ ပျော်ပျော်ပါးပါး သပြေလား ရေလား ထွက်ကြမည်။

ကြက်တူရွေးက တော်တော်၊ မယ်တော်က ကဲကဲ ဆိုသကဲ့သို့ သူကြီးဦးအောင်မြတ်မှာ မြို့မသူကြီး ဖြစ်သော်လည်း ဟိတ်ဟန် သိပ်မရှိလှပါ။ သို့သော် သူ့လက်အောက်က ရွာခေါင်း၊ ဆယ်အိမ်ခေါင်းများက လွန်စွာ အဆာကျယ်ပြီး ဗာရာဏသီချဲ့တတ်ကြသည်။





ဦးအောင်မြတ် အမဲလာပစ်မည်ဆိုလျှင် ရွာခေါင်းနှင့် ဆယ်အိမ်ခေါင်းများ ဦးဘိုးယွန်း၏ ယာတဲသို့ ခြေလာရှုပ်တော့မည်။ ညဘက် တောဝက်စောင့်ရင်း သူကြီးသောက်ဖို့ဆိုကာ အရက်ပုန်းချက်သော မောင်ညွန့်ကလည်း အရက်ပုလင်း လာထောင်ပေးမည်။ ကုန်စုံဆိုင် တရုတ် ကိုစံတင်ကလည်း သူကြီးညဘက် စားဖို့ဆိုကာ ဆန်ပြုတ် လာကျွေးမည်။

ရာဇဝင်လူဆိုးဘမှန်ကလည်း သူကြီးအား စောင့်ရှောက်ဖို့ဆိုကာ မယောင်မလည်နှင့် ရောက်လာဦးမည်။

လူတွေနှင့် ကင်းကင်းရှင်းရှင်းနေတတ်သော ဦးဘိုးယွန်းသည် သူ့ယာခင်းကလေး၌ လူလာရှုပ်မည်ကို မည်သည့်နည်းနှင့်မျှ သဘောကျနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သူ၏ ယာခင်းထဲသို့ တောဝက်များ ဝင်ပြီး သောင်းကျန်းသည်ထက် "လူဝက်" များ လာပြီး သောင်းကျန်းမည်ကို ဦးဘိုးယွန်း စိုးရိမ်မိသည်။

ဦးဘိုးယွန်း စိုးရိမ်သော အချက်တစ်ချက်မှာ ယာခင်း အတွက်လည်း မဟုတ်။ တောဝက်အတွက်လည်း မဟုတ်ပေ။ ဆယ့်သုံးဆယ့်လေးနှစ်အရွယ် အရွယ်ရောက်စပြုနေပြီဖြစ်သော သူ့သမီး မသက်ဖူးကို အရက်မူးမူးနှင့် ပရောပရီ ထိပ်ပုတ် ခေါင်းပုတ် လုပ်မည်ကို စိုးရိမ်၍ ဖြစ်သည်။

ဦးဘိုးယွန်းသည် ထောင်ထောင်မောင်းမောင်းနှင့် လူကြမ်း [illegible]ကြမ်းကြီးဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်သိုင်းချိုမှာလည်း [illegible]ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ရေကျို ရုပ်ရည်မှသာ ဖြစ်သည်။ သူတို့နှစ်ဦးမွေးလာသော သမီးကလေး မသက်ဖူးမှာမူ အဖေနှင့်လည်း မတူ အမေနှင့်လည်း မတူဘဲ ရုပ်ရည်အလွန်လှသည်။

မသက်ဖူး၏ အသားကလေးမှာ ဖြူဝင်းနုဖတ်နေပြီး မျက်လုံးမျက်ဖန်ကလည်း အလွန်လှသည်။ နှာတံကလည်း အလွန်ပေါ်သည်။ အသံကလည်း အလွန်သာသည်။

ဤသမီးသည် လူ့သွေးနှင့်ရသော သမီးဟု မထင်။ "နတ်ပေးသောသမီး" ဟုပင် ဦးဘိုးယွန်းထင်ခဲ့သည်။ ဦးဘိုးယွန်းနှင့် ဒေါ်သိုင်းချိုတို့သည် ဤသမီးကလေးကို အသက်ပေး၍ ချစ်ခဲ့သည်။ ထိုသမီးကလေးသည် သူတို့ လင်မယားနှစ်ယောက်၏ အသက်ဘူး၊ အသက်ဖူးကလေးပင် ဖြစ်ပါ၏။ ထို့ကြောင့် ဦးဘိုးယွန်းက သူတို့သမီးကလေးအမည်ကို မသက်ဖူးဟု ပေးခဲ့၏။

ထိုမသက်ဖူးကလေး၏ ရုပ်ဆင်းရူပကာကြောင့် ဤမိန်းကလေး တစ်နေ့တွင် မင်းကတော် စိုးကတော် ဖြစ်ရမည်ဟု ဦးဘိုးယွန်း ထင်ဖြစ်နေလေသည်။ ထို့ကြောင့် ဦးဘိုးယွန်းသည် သူ၏ တစ်ဖက်ရပ် တဲကလေး၌ လူလားမြောက်လာသော သမီးကလေးကို မျက်လုံး ဒေါက်ထောက်၍ အမြဲကြည့်နေရသည်။

ဦးဘိုးယွန်းတို့ လင်မယား ညောင်ရမ်းရွာနှင့် အဆက်အဆံနည်းပြီး အထီးကျန်ဖြစ်နေရခြင်းမှာလည်း ဤသမီးကလေး မသက်ဖူးနှင့် ညောင်ရမ်းရွာသား ကာလသားများ ကူးလူးဆက်ဆံ





မည်ကို စိုးရိမ်သော အကြောင်းတစ်ခုလည်း ပါဝင်လေသည်။

ဦးဘိုးယွန်းသည် သူ့ယာခင်းထဲသို့ ဝင်ရောက် သောင်းကျန်းနေသော တောဝက်များကို နှိမ်နင်းရန်အတွက် မည်သူ၏ အကူအညီကိုမျှ မယူရန် ဆုံးဖြတ်လိုက်သည်။

ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသကဲ့သို့ သူ၏ ယာတဲသို့ လာရောက် သောင်းကျန်းနေသော တောဝက်များကို သူ့ဘာသာ နှိမ်နင်းမည်ဟု စိတ်ကူးပြီး အစီအစဉ် ရေးဆွဲရလေသည်။

အမှန်မှာ တောဝက်မှာ အမဲလိုက်ရာတွင် အန္တရာယ်အပေးဆုံး သတ္တဝါဟု တောလိုက်မုဆိုးများကပင် သတ်မှတ်ထားသည်ဟု ဆိုသည်။ တောဝက်သည် သေနတ်မီးခိုးထွက်ရာ အရပ်သို့ မြားနှင့်ပစ်လိုက်သလို ဝက်ခေါင်းထိုး ဝင်ဆောင့်သည်ဟု ဆိုသည်။ သေနတ်နှင့် လှုပင်လျှင် တောဝက်ကို မပစ်တတ်လျှင် အသက်အန္တရာယ် ရှိသည်ဟု ဆိုသည်။ ဦးဘိုးယွန်းမှာ တောဝက်ပစ်ရန် တူမီးသေနတ် မဆိုထားဘိ မီးပြောင်းပင် မရှိ။

တောဝက်ကို လှံနှင့်ထိုးရန် ဦးဘိုးယွန်းတွင် လှံမရှိပေ။ ယခုအချိန် ပန်းပဲဖိုတွင် သွားလုပ်လျှင်လည်း အနည်းဆုံး တစ်ကျပ်နှစ်ကျပ်တော့ ကုန်ဦးမည်။ ဦးဘိုးယွန်းထံတွင် ခြေစောင့်လက် စောင့် ငွေကြေးပင် မရှိ။

ထို့ကြောင့် ဦးဘိုးယွန်းသည် တောဝက်ကို ထိုးရန် ဝါးနက်ဆစ်ပိတ်ကို ဝါးချွန်လုပ်ပြီး ဝါးချွန်ထိပ်ကို မီးသင်းရလေသည်။ တော



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကို ဝါးချွန်နှင့် ထိုးရန် ဦးဘိုးယွန်း စီစဉ်ရလေသည်။

ဦးဘိုးယွန်းသည် အလုပ်လုပ်နိုင်သည့် အချိန်မှစပြီး အခြားလူငယ်များလို နွားကျောင်းသား မလုပ်ဘဲ တောင်ပေါ်သို့ တက်ခဲ့ဖူးသည်။

ဦးဘိုးယွန်း တောတိုးခြင်း၊ တောင်ပေါ်တက်ခြင်းမှာ မှိုရှာ၊ မျှစ်ချိုး၊ ထင်းတိုက်၊ ဝါးခုတ်ရန် ဖြစ်သော်လည်း တောလိုက် မုဆိုးများနှင့် ဆုံခဲ့ဖူးသည်။

မုဆိုးကြီးများထံမှ တောဝက်တို့၏ အန္တရာယ်ကို ကောင်းကောင်းကြားခဲ့ဖူးသည်။ တောဝက်ကို ရှေ့တည့်တည့်မှ တိုက်၍ မရ။ ဘေးမှပန်းပြီး လက်ပတ်ကြားသို့ လှံနှင့်ဖြစ်စေ၊ ဝါးချွန်နှင့်ဖြစ်စေ ရဲရဲသာ ထိုးလျှင် တောဝက်ဇီဝိန်ကို ခြွေနိုင်သည်။

တောဝက်ကို ထိုးရာတွင် အကာအကွယ်ပြုရန် သစ်ပင်တစ်ပင် ဖြစ်စေ၊ ကုန်းကမူဖြစ်စေ၊ တစ်ခုခုကား လိုအပ်သည်။ တောဝက်ကို ထိုအရာများကို အကာအကွယ်ပြုပြီး ထိုးလျှင် ပိုးကောင်းမည်။ ပိုပြီး အန္တရာယ်ကင်းသည်။

ဦးဘိုးယွန်းသည် တောဝက်ကို ဝါးချွန်နှင့်ထိုးရန် စီစဉ်ပြီးသော်လည်း စိတ်ထဲကမူ လေးနေသည်။ အကယ်၍ မပြောကောင်း မဆိုကောင်း တောဝက်၏ ချက်ကောင်းကို တစ်ချက်နှင့် မထိုးနိုင်ခဲ့သော် တောဝက်၏ ပြန်လှည့်ပက်ခြင်းကို ခံရမည် ဖြစ်သည်။

တောဝက်ကို ဝါးချွန်နှင့်ထိုးရာတွင် အခွင့်အရေး တစ်ချက်





တည်းသာ ရှိပါ၏။ ထိုအခွင့်အရေးသည်ပင်လျှင် တောဝက်က မိမိ၏ ကိုယ်နံ့ကို မရမှ မိမိက ခြေသံအလွန်လုံပါမှ ရနိုင်မည့် အခွင့်အရေးဖြစ်သည်။

တောဝက်၏ ချက်ကောင်း၊ သေကွင်းနေရာကို တစ်ချက်တည်း မထိုးနိုင်လျှင် မဖြစ်။ နည်းနည်းကလေးမှ လွဲချော်၍ မဖြစ်။ တောဝက်ထိုးသောကိစ္စမှာ အတိမ်းအစောင်းခံသော ကိစ္စမဟုတ်။ အနည်းငယ် လွဲချော်မှု ဖြစ်ရုံနှင့် တောဝက်၏ အစွယ်များတွင် မိမိ၏ အသက်ပါသွားနိုင်သည်ကို ဦးဘိုးထွန်း သဘောပေါက်မိသောအခါ လက်တုန်ချင်သလို၊ ရင်တုန်ချင်သလို ဖြစ်လာ၏။

ဦးဘိုးထွန်း ငယ်စဉ်က ရှမ်းရွာမှ မုဆိုးကြီးတစ်ဦး ဝက်ပက်၍ ဗိုက်ကွဲကာ အူများထွက်ကျနေသည်ကို တောထဲတွင် ကိုယ်တိုင်မြင်ဖူးခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ဦးဘိုးထွန်းသည် တောဝက်ကို ကိုယ်တိုင်နှိမ်နင်းရမည်ကို ဝန်လေးပြီး ညောင်ရမ်းရွာမှ မုဆိုးကြီး ဦးသန်ကို အကူအညီတောင်းမည်ဟု စိတ်ကူးမိသည်။ ဦးသန်သည် ရှမ်းရွာမှလာပြီး ညောင်ရမ်းရွာတွင် အိမ်ထောင်ကျနေသော မုဆိုးကြီးဖြစ်သည်။

မုဆိုးကြီး ဦးသန်မှာ သူရသတ္တိရော၊ ကျွမ်းကျင်မှုရော ခြားစရာမလိုသော ရှမ်းအမျိုးသား မုဆိုးကြီးပင်ဖြစ်သည်။ ကျားပြောင် ရှားနှစ်တုတ်တို့နှင့် နှာနုကို အသေရိုက်သတ်သူဟု ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြားသည်။

မိတ္တီလာ၊ သာစည်မှ ဆင်းလာသော မျက်နှာဖြူ အရာရှိများ အမဲလိုက်သွားလျှင်ပင် ဦးသခ်ကို အမြဲခေါ်ကြသည်။ ဦးသခ်သည် တောကျွမ်းသည်။ သတ္တိလည်း စွမ်းသူဖြစ်သည်။

ဦးဘိုးယွန်းသည် ဦးသခ်ကို အကူအညီတောင်းလိုသော်လည်း ဦးသခ်၏ သား မောင်နန္ဒဆိုသော ဘူငယ်ကလေးနှင့် ပတ်သက်လာမည်ကို စိုးရိမ်နေသည်။

မောင်နန္ဒသည် ဖခင်မုဆိုးကြီး ဦးသခ်လို အမဲလိုက်သေနတ်ကို ကိုင်ရမည့်အစား ရွာထဲတွင် လှည့်ပြီး မယ်ဒလင် တီးသလိုလို ဘာဂျာဆွဲသလိုလို၊ ဘင်ဂျိုတီးသလိုလိုနှင့် ကာလသားတစ်စုနှင့် ပေါ့လားဝါးလား လုပ်နေသည်။

ဘုရားပွဲလှည့်လျှင် မောင်နန္ဒသည် ဦးရွှေရိုးလိုကလိုက်ဦးရွှေရိုးနှင့်တွဲသော မင်းသမီးအဖြစ် မိန်းကလေးလို ဝတ်စားပြီး ကလိုက်နှင့် ကန့်ကလျနိုင်သော မောင်နန္ဒကို ဦးဘိုးယွန်း မျက်စိစပါးမွေး အစူးဆုံးဖြစ်သည်။

အထူးသဖြင့် လသာသော ညများ၌ မောင်နန္ဒနှင့် ကာလသား တစ်စုသည် လေးထပ်ကျောင်းကြီးဝင်း သို့ လာပြီး သီချင်းဆိုကြ၊ တီးကြ၊ မှုတ်ကြသည်ကို ဦးဘိုးယွန်း မကျေနပ်ဆုံး ဖြစ်သည်။

သရဲအလွန်ခြောက်သည်ဆိုသော လေးထပ်ကျောင်းကြီးတွင်





ပင် ကာလသားတစ်စုသည် မကြောက်မရွံ့ ဘာကြောင့် မယ်ဒလင်လာတီးကြသည်ကို ဦးဘိုးယွန်း သဘောပေါက်ပါသည်။

သူ၏ ဖူးငုံသစ်စ သမီးကလေး မသက်ဖူးကို ရွှေစွန်ညိုသာဝဲမှန်း ဦးဘိုးယွန်း ရိပ်မိသည်။ ထို့ကြောင့် သူ့သမီးကို လိုချင်၍ လာဝဲသော ရွှေစွန်ညိုကိုငှလေးနှင့် ခြောက်ထုတ်သလို ဦးဘိုးယွန်းအလည်း သရဲနှင့်ခြောက်ထုတ်ပါသည်။

ဦးဘိုးယွန်းသည် လေးထပ်ကျောင်း မျက်နှာကြက် အဖြစ်သုံးပုဆိုးဝတ်ရန် ဖြုတ်ယူထားသော သင်းပိုင် ဝါဝါကြီးကို သက်န်းပြီး ကိုရင်ကြီး သရဲဟန်ဆောင်၍ မောင်နန္ဒတို့ ကာလသားတစ်စုအား ခြောက်ထုတ်ခဲ့ပါသည်။

အခြားကာလသားများမှာ ဖနောင်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးကြသော်လည်း မုဆိုးကြီး ဦးသခ်၏သား မောင်နန္ဒမှာမူ အကြောက်အလန့် မရှိ။

ကျောင်းဂျက်ကြီးပေါ်မှာ ခုန်ဆွခုန်ဆွ လုပ်ပြီး သရဲခြောက်နေသော ဦးဘိုးယွန်းအား မယုံသင်္ကာသလို ပြန်ကြည့်ပြီး မောင်နန္ဒ ခဲနှင့်ပင် ပစ်ထုသေးရာ ကံကောင်းသဖြင့်သာ ဦးဘိုးယွန်း တွဲရခြင်း ဖြစ်သည်။

ထိုအချိန်ကစပြီး ဦးဘိုးယွန်းသည် ကန့်ကရနှင့် မိန်းမ စီတသမားလိုလို မောင်နန္ဒအား ကြည့်မရတော့ပေ။

ဦးဘိုးယွန်းသည် သူကိုယ်တိုင် ကာယဗလထွားကျိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဗီသသူဖြစ်ရာ ယောကျ်ားဆိုလျှင် ဒေါင်းတည် မောင်းတည် ကျားကျားယားယားရှိမှ သဘောကျသည်။ မောင်နန္ဒလို ဂီတသမားလိုလို၊ သဘင်သမားလိုလို ကန့်ကရ အမူအရာမျိုးရှိသူကို ဦးဘိုးယွန်း စိတ်နှင့်အခန့်မတွေ့ပေ။

ဦးဘိုးယွန်း စိတ်ထဲတွင် မောင်နန္ဒသည် သူ့ဖခင် မုတ်ဆိုးကြီး ဦးသန်ကဲ့သို့ ယောကျ်ား ဗီသစေချင်သည်။

မောင်နန္ဒသည် ဦးသန်၏ အမွေခံသာ ဖြစ်စေချင်သည်။ ဦးသန်ကိုင်ခဲ့သော တူမီးသေနတ်ကို မောင်နန္ဒကိုင်စေချင်သည်။ ဦးသန်ကိုင်ခဲ့သော ဒူးလေးကို မောင်နန္ဒ ကိုင်စေချင်သည်။

ယခုကဲ့သို့ မောင်နန္ဒသည် ဘင်ဂျို၊ ဘာဂျာ၊ မယ်ဒလင် လေးကိုင်ပြီး ညောင်ရမ်းရွာထဲ၌ လည်းကောင်း၊ အထူးသဖြင့် လေးထပ်ကျောင်းအနီးရှိ သူ့သမီး မသက်ဖူးကို ရွှေစွန်ညိုဝဲသလို လာဝဲနေသည်ကို ဦးဘိုးယွန်း မကြိုက်ဆုံးဖြစ်သည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် မုဆိုးကြီး ဦးသန် အကူအညီဖြင့် တောဝက်ကို နှိမ်နင်းရန် အကြံအစည်ကိုလည်း လက်လျှော့လိုက်ရလေသည်။

မုဆိုးကြီး ဦးသန်သည် တောဝက်ကို ကေန်ပင် နှိမ်နင်းနိုင်စွမ်းရှိပါသည်။ တောဝက်အား မုတ်ဆိုးကြီး ဦးသန်သည် ကေန်ပင် မောင်းထုတ်နိုင်စွမ်း ရှိပါသည်။ မည်သို့မျှ သံသယ ရှိစရာ မလိုပါ။

သို့သော် မောင်နန္ဒသည် တောဝက်ပစ်ရန် အကြောင်းပြ





ပြီး သူ့ဖခင် ဦးသန်နှင့်အတူ ဦးဘိုးယွန်း၏ ယာတဲသို့ ရောက်လာပေလိမ့်မည်။ ထိုသို့ တောဝက်ပစ်ရန် အကြောင်းပြပြီး ရောက်လာမည့် မောင်နန္ဒကိုမူ မည်သူမျှ မောင်းထုတ်နိုင်စွမ်း ရှိမည် မဟုတ်ပေ။ ဦးဘိုးယွန်းကလည်း မောင်းထုတ်နိုင်မည်၊ ဒေါ်သိုင်းချိုကလည်း မောင်းထုတ်နိုင်မည် မဟုတ်။ သူတို့၏ အသက်တမျှ ချစ်မဝသော သမီးကလေး မသက်ဖူးသည်လည်း မောင်းထုတ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် သူယာခင်းထဲသို့ လာရောက်သောင်းကျန်းနေသော တောဝက်ကို မည်သူ၏ အကူအညီကိုမျှ မယူဘဲ သူကိုယ်တိုင် နှိမ်နင်းရန် ဦးဘိုးယွန်းသည် ဝါးချွန်ကို ကိုင်ပြီး ဆဆကြည့်ကာ စဉ်းစားဆုံးဖြတ်မိပြန်သည်။

ထို့ကြောင့် ညတစ်ညတွင် ဦးဘိုးယွန်းသည် ရေနွေးကြမ်းတစ်အိုးကို တည်ကာ ဝက်များ ဆင်းတတ်သော ယာခင်းထောင့် တောလမ်းကလေး အနီးမှာ ထိုင်ကာ ဝက်ထိုးရန် ချောင်းမြောင်းနေသည်။

ခါတိုင်းည သည်အချိန်လောက်ဆိုလျှင် တောဝက်အုပ်မှာ သူ၏ ယာခင်းထဲသို့ ရောက်လာပေပြီ။ ယနေ့ညတွင်မူ ဝက်ထိုးရန် ဦးဘိုးယွန်းကိုယ်တိုင် ကင်းစောင့်နေပါမှ တောဝက်အုပ်သည် ရောက်မလာပေ။

ဦးဘိုးယွန်းသည် တောဝက်ထိုးရန် ဝါးချွန်နှင့် ငုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်မားကို ဘေးနားချပြီး ရေနွေးကြမ်းအိုးကို ဇိမ်ခံ၍ သောက်နေသည်။ ရှင်းရှင်းဆိုရသော် တောဝက်များ ရောက်မလာနိုင် သဖြင့် တောဝက်ကို စောင့်နေသော ဦးဘိုးယွန်း ပျင်းလှပြီ။

အမှန်အားဖြင့် ယခုအချိန်သည် ဦးဘိုးယွန်းအတွက် ညအိပ်ချိန် မဟုတ်သေးပေ။ သို့သော် ဦးဘိုးယွန်းသည် ဝက်ထိုးရန် ပျင်းရိစွာ စောင့်နေရသဖြင့် အိပ်ချင်စိတ်ပင် ပေါက်လာသည်။ ဦးဘိုးယွန်းသည် အိပ်ချင်လာသဖြင့် ယောင်ယမ်း၍ သမ်းဂိသည်။

သို့သော် ကျယ်လော်စွာ မသမ်းမိစေရန် သတိထားရသည်။ တောဝက်များ ကြားသွားပါက ထွက်ပြေးသွားမည်စိုး၍ ဖြစ်သည်။ တောတိရစ္ဆာန်များသည် နားဆတ်သံ၊ လက်တွတ်သံ လေချွန်သံကိုပင် ကြားနိုင်အောင် ထူးခြားစွာ နားပါးသည်။

ထိုအချိန်တွင် ဦးဘိုးယွန်းရှိနေသော ယာခင်းထောင့်ရှေ့တူရူ ခင်တန်းကလေးမှ တရှုးရှုး နှာမှုတ်သံနှင့် ခြေသံ ဖြောင်းဖြောင်းကို ကြားရပါသည်။

ဦးဘိုးယွန်းသည် သူထိုင်နေသော နေရာမှ ကိုယ်ကို ကြွ၍ ကြည့်လိုက်ရာ မှုန်ဝါးဝါး ကောင်းကင်ရိပ်ကြောင့် ဝက် တစ်ကောင် လာနေသည်ကို တွေ့ရသည်။

ခါတိုင်းဆို တောဝက်အုပ်မှာ နှစ်ကောင်သုံးကောင် တစ်ခါတစ်ရံ လေးငါးကောင် အထိပင် ပါလာတတ်သည်။ ယခု တောဝက်တစ်ကောင်တည်း အလည်လွှန် နယ်ကျွံလာဟန် တူသည်။





တောဝက်ကိုတွေ့သဖြင့် ဦးဘိုးယွန်း ရင်ခုန်လာသည်။ တောဝက်ကို အထိုးမတော်ပါက အချိန်မရွေး အန္တရာယ်ပေးနိုင်သဖြင့် တကယ့်လက်တွေ့ တောဝက်ကို တွေ့သော ဦးဘိုးယွန်း ရင်ခုန်ချင်သလိုလို လက်တုန်ချင်သလိုလိုဖြစ်လာသည်။

ဦးဘိုးယွန်းသည် စိတ်အားငယ်ချင်သလိုလို၊ ကြောက်ရွံ့တုန်လှုပ်သလိုလို ဖြစ်လာသဖြင့် သူ့ကိုယ်သူ အားပေးသည့် အနေနှင့် သူ့ဘေးတွင် ချထားသော ဝါးချွန်ကို လက်နှင့် ဖမ်းဆုပ်လိုက်သည်။ ဝါးချွန်ကို လက်နှင့် ဖမ်းဆုပ်မိသော်လည်း ထိုဝါးချွန်သည် တောဝက်၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်လိမ့်မည်ဟု မယူဆသဖြင့် ဝါးချွန်ကို ဆုပ်ကိုင်ဖျစ်ညှစ်ထားသော လက်ကို ဖြေလိုက်ပြန်သည်။

ထို့နောက် ဦးဘိုးယွန်းသည် ငှက်ကြီးတောင် ဓါးကြီး၏ ဓါးရိုးကို သွားကိုင်ပြန်သည်။ ငှက်ကြီးတောင်ဓါးကိုမူ အမြဲတမ်းကိုင်လာသဖြင့် ငှက်ကြီးတောင်ဓါးကို ကိုင်လိုက်ရမှ လုံခြုံသည်ဟု စိတ်ထဲယင်နေမိသည်။ ငှက်ကြီးတောင် ဓါးကိုင်လိုက်ရမှ အားရှိသလို ခံစားရသည်။

တောဝက်ကို ဝါးချွန်နှင့် မထိုးဘဲ ငှက်ကြီးတောင်ဓားနှင့် ခုတ်ပိုင်းရ ကောင်းမလားဟု ဦးဘိုးယွန်း စိတ်ကူးမိပြန်သည်။

သို့သော် တောဝက်ကို ဝါးချွန်နှင့်မထိုးပဲ ငှက်ကြီးတောင် ဓားနှင့် ပိုင်း၍ မဖြစ်သည်ကို ဦးဘိုးယွန်း ချက်ချင်းပင် သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မိသည်။ တောဝက်၏ သားရေသည် အလွန်ထူသဖြင့် ဓားသွား လိပ်သွားနိုင်ပြီး ဝက်လည်မပြတ်လျှင် ဝက်က ပြန်ပက်သည်ကို ခံရနိုင်သည်။

ထို့ကြောင့် တောဝက်ကို ဝါးချွန်မှာ လုံမဟုတ်သဖြင့် ဝါးချွန်ကို ကိုင်ရသည်မှာ သူ့ကိုယ်သူ လုံခြုံသည်ဟု မထင်ပေ။

ထို့ကြောင့် ဦးဘိုးယွန်းသည် ဝါးချွန်ကို ဘေးသို့ ပစ်ချပြီး ငှက်ကြီးတောင် ဓါးကြီးကို ကောက်ကိုင်လိုက်ပြန်သည်။ ဦးဘိုးယွန်းသည် တောဝက်ကို ငှက်ကြီးတောင်ဓါးနှင့် ပိုင်းရကောင်းမလား။ ဝါးချွန်နှင့် ထိုးရကောင်းမလားဟု ချီတုံချတုံ ဖြစ်နေသည်။

ဦးဘိုးယွန်းသည် ငှက်ကြီးတောင်ဓားကို ကောက်ကိုင်လိုက် ဝါးချွန်ကို ကောက်ကိုင်လိုက်နှင့် ဝေခွဲမရ ဖြစ်နေသည်။ ထိုဝေခွဲမရသော စိတ်ကပင်လျှင် ဦးဘိုးယွန်းသည် တောဝက်ကို တွေ့ရသဖြင့် တုန်လှုပ်နေကြောင်း ထင်ရှားနေသည်။

ဦးဘိုးယွန်းသည် စိတ်ကို တည်ငြိမ်စွာထားပြီး စဉ်းစားသော အခါတွင်မှ ငှက်ကြီးတောင်ဓါးနှင့် ဝက်ကိုထိုး၍ မဖြစ်ကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် ငှက်ကြီးတောင်ဓါးကို ချပြီး ဝါးချွန်ကို ပိုင်ပိုင်နိုင်နိုင် မိမိရရ ဆုပ်ကိုင်လိုက်သည်။ ဆုပ်ကိုင်၍ အားမရသဖြင့် ဖျစ်ညှစ်၍ပင် ကိုင်မိသည်။

ဝါးချွန်ကို ကိုင်ထားသော လက်ကြောကြီး တင်းလာမှ သူ၏ ခန္ဓာကိုယ်ထဲ "အား" များ အလိုလိုဝင်လာသည်ဟု





ထင်မိသည်။ ဦးဘိုးယွန်းသည် ရှိရှိသမျှ အားကို ဖျစ်ထုတ်ပြီး ဝါးချွန်ကြီးကို ညှစ်ဆုပ်ထားသည်။

ထိုအချိန်ကျမှ တောဝက် ဘယ်နေရာသို့ ရောက်နေပြီလဲဟု စူးစမ်းသော မျက်လုံးများနှင့် ရှာဖွေမိသည်။

"အလို . . ."

ဦးဘိုးယွန်း၏ နှုတ်မှ အာမေဋိတ်သံ အလိုလိုထွက်ကျသွားသည်။ တောဝက်သည် ဦးဘိုးယွန်း၏ ရှေ့တည့်တည့် နှစ်လံခန့်အကွာသို့ပင် ရောက်နေပါပေါ့လား။

တောဝက်သည် မျက်စိမမြင်သလို ဦးဘိုးယွန်း ကိုက်ပျိုးထားသော ပလောပီန်များကို တူးဆွ ကိုက်ဖြတ်ပြီး ရှေ့သို့ တိုးလာသည်။

ဦးဘိုးယွန်းသည် တောဝက်ကို တွေ့သောအခါ ခြေမကိုင်မိသလိုလို လက်မကိုင်မိသလိုလို ဖြစ်လာပြန်သည်။ ရင်တွေလည်း ခုန်လာပြန်သည်။ အာခေါင်ခြောက်သလို ဖြစ်လာသဖြင့် ရေနွေးကြမ်းကရားထဲမှ လက်ကျန် ရေနွေးကြမ်းကို သောက်ချင်စိတ်ပေါက်မိသည်။

သို့သော် နောက်ကျသွားပါပြီ။

တောဝက်သည် ဦးဘိုးယွန်းအား တွေ့သွားဟန်နှင့် ခေါင်းထောင်၍ ကြည့်နေသည်။ နှုတ်သီးကိုထောင်၍ အနံ့ခံနေသလိုလို နားရွက်ကိုကား၍ အသံကို နားထောင်နေသလိုလိုနှင့် တောဝက်



www.burmeseclassic.com

www.burmeseclassic.com



သည် ဦးဘိုးယွန်းအား စူးစမ်းနေဟန် ရှိသည်။

ဦးဘိုးယွန်းသည် ဝါးချွန်ကို ကိုင်ထားရာမှ စိတ်မချဟန်နှင့် ငှက်ကြီးတောင် ဓါးသွားကို ခြေမနှင့်ညှပ်၍ ဆွဲယူလိုက်ရာ ငှက်ကြီးတောင်ဓါးသည် ရေနွေးကရားပေါ်သို့ ပြုတ်ကျသွားလေသည်။

"ဘုတ် . . . ခွမ်"

ခြေ ရေနွေးအိုးကရားကလည်း ကွဲသွားလေသည်။

ဦးဘိုးယွန်းသည် ယခုတိုင် တောဝက်ကို ဝါးချွန်နှင့် နှိမ်နင်းရကောင်းမလား၊ ငှက်ကြီးတောင်ဓါးနှင့် ဝင်ပိုင်းရ ကောင်းမလား ဆုံးဖြတ်ချက် မချနိုင်သေးပေ။ ယခုတိုင် ချီတုံချတုံ ဖြစ်နေဆဲဖြစ်သည်။ ဝါးချွန်ကိုင်ထားလျှင် ဝါးချွန်ကို စိတ်မချ ငှက်ကြီးတောင်ဓါးကို ကိုင်ချင်စိတ် ပေါက်နေမိသည်။ ငှက်ကြီးတောင်ဓါး ကိုင်ထားလျှင် ငှက်ကြီးတောင်ဓါးသည် တောဝက်၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဟု အထင်မကြီးဘဲ ဝါးချွန်ကို တောင့်တနေမိပြန်သည်။

တောဝက် ရှေ့သို့ တိုးလာရာ ဦးဘိုးယွန်းက သူ့ကို တိုက်ခိုက်ပြီဟု ထင်ပြီး ယောင်ယမ်း၍ နောက် ခြေတစ်လှမ်းဆုတ်သည်။

ရေနွေးကရားအကွဲပေါ်သို့ ခြေချော်သွားရာ ဦးဘိုးယွန်း နောက်ပြန်လဲသွားသည်။

ဦးဘိုးယွန်းက တောဝက် သူ့ကို ခုန်အုပ်တော့မည်လား





အကြီးအကျယ် စိုးရိမ်သွားကာ ရင်ထဲမှာ တဒိန်းဒိန်းခုန်နေသည်။

ဦးဘိုးယွန်း ကမန်းကတန်း ပြန်ထသည်။ သို့သော် စိတ်က ကြောက်ရွံ့နေပြီး ဒူးကတုန်နေသဖြင့် တော်တော်နှင့် ပြန်ထ၍ မရပေ။ ပြန်ထ၍ ရသောအခါ ဒူးခွေပြီး ရှေ့သို့ ညွတ်ကျသွားပြန်သည်။

တောဝက်ကို ဝါးချွန်နှင့် ထိုးမည့်သူသည် တောဝက်ကို တွေ့သည်နှင့် ဒူးတဆတ်ဆတ်တုန်ကာ အားမရှိဘဲ ဒူးညွတ်ကျနေသည်။

ဦးဘိုးယွန်းသည် အားယူပြီး ပြန်ထကာ ဝါးချွန်ကို တအားဆုပ်ထားလိုက်ရသည်။

တောဝက်သည် ဦးဘိုးယွန်းကို ခုန်အုပ်ခြင်း မရှိသေးပေ။ တောဝက်သည် မြေကြီးကို နှုတ်သီးနှင့်ထိုးကာ ရှေ့သို့ တိုးလာပြန်သည်။ တောဝက်သည် မျက်စိကန်းနေသလို ရှေ့သို့ ကမူးရှူးထိုးသာ တိုးလာသည်။

ဦးဘိုးယွန်းသည် တောဝက်ကို ကြောက်ပြီး တမာပင်ကလေးနောက်သို့ ကပျာကယာ ပြေးကပ်လိုက်ရသည်။

တောဝက်သည် တမာပင်နှင့် ချုံပုတ်ကြားသို့ ကမူးရှူးထိုး ရောက်လာပြီး ဦးဘိုးယွန်းကို မမြင်ရသလို ရန်သတ္တုရှုမမြင်ဘဲ ကျော်သွားသည်။

ယခုအချိန်ထိ တောဝက်က မည်သို့မျှ အန္တရာယ် မပေး



www.burmeseclassic.com

www.burmeseclassic.com



သေးသဖြင့် ဦးဘိုးယွန်းသည် ကြောက်ရွံ့သော စိတ် အနည်းငယ် လွင့်စဉ်သွားသည်။

တမာပင်ကြားနှင့် ချုံပုတ်ကြားသို့ တောဝက် ကျော်ဖြတ်နေသော အချိန်သည် ဦးဘိုးယွန်းအတွက် အခွင့်အရေးကောင်း တစ်ခုပင် ဖြစ်ပါ၏။ ထိုအချိန်၌ တောဝက်၏ လက်ပက်ကြားသို့ ဝါးချွန်နှင့် ထိုးသွင်းရန် အကောင်းဆုံးအချိန်ဖြစ်သည်။ ထိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ဖြစ်ရန် မလွယ်ကူပေ။

ကြောက်စိတ်ပျောက်လွင့်သွားစပြုသည်နှင့် ဦးဘိုးယွန်း၏ စိတ်ထဲသို့ သတ္တိများ ဝင်ရောက်လာသည်။

ဦးဘိုးယွန်းသည် ဝါးချွန်ကို ခိုင်မြဲတင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် ထိုဖျစ်ညှစ်ထားသော လက်မောင်းအားထဲ၌ သတ္တိနှင့် အားအင်များ ဝင်ရောက်နေသလို ခံစားရသည်။

ဦးဘိုးယွန်းသည် တောဝက်၏ နံမါးသို့ ခြေသံ မကြားအောင် ချဉ်းကပ်သွားပြီး ရှေ့လက်နောက်ရှိ နံရိုးကြားသို့ ဝါးချွန်သို့ မျက်စိမှိတ်ပြီး တအား စိုက်လိုက်သည်။

"စွပ်"

ဦးဘိုးယွန်းသည် ဝါးချွန်ကို လက်နှစ်ချောင်းနှင့် စုံကိုင်ပြီး တောဝက်၏ လက်ပက်ကြားသို့ ထိုးသွင်းလိုက်ခြင်း ဖြစ်သည်။ ထိုနေရာသည် တောဝက်၏ ခန္ဓာကိုယ် အပျော့ပိုင်း ဖြစ်ပြီး သေကွင်းနေရာဖြစ်သည်။





တောဝက်သည် ဘိုင်းခနဲ ပစ်လဲသွားပြီး တအီးအီး တအားအားနှင့် အသံကုန်ခြစ်၍ အော်တော့သည်။

ဦးဘိုးယွန်းသည် စောစောက ကြောက်ကြောက်ရွံ့ရွံ့နှင့် တောဝက်ကို ထိုးရခြင်းဖြစ်သော်လည်း ယခုလို တောဝက် မြေပြင်တွင် လဲပြီး အော်နေသဖြင့် သူ့ကိုယ်သူ ရဲစွမ်းသတ္တိ ပြောင်မြောက်စွာနှင့် ရန်သူကို အောင်နိုင်လိုက်သော စစ်သူကြီး ဟန်မျိုး ပေါက်သွားသည်။

ဦးဘိုးယွန်းသည် လဲကျနေသော တောဝက်ကို ငုက်ကြီးတောင်ဓါးနှင့် ပိုင်းလိုက်ပြန်သည်။

"ဒုတ်"

တောဝက်မှ သွေးများ မြင်မကောင်းအောင် ထွက်လာသည်။ တောဝက်သည် တကျီကျီအော်နေရာမှ ငြိမ်သက်စ ပြုလာသည်။ တောဝက်သည် တရှူးရှူးနှင့် ပင်ပန်းစွာ အသက်ရှူပြီး ငြိမ်သက်သွားသည်။

ဦးဘိုးယွန်းသည် အောင်မြင်စွာ တိုက်ခိုက်အနိုင်ယူလိုက်သော သားကောင်ကို သေသေချာချာ အောင်ပွဲခံပြီး ကြည့်ချင် စိတ်ပေါက်လာသည်။

"မသိုင်းချုံရေ မီးခွက်ယူခဲ့စမ်းဟေ့"

ဦးဘိုးယွန်းက သူ၏ တစ်ဖက်ရပ်တဲဆီသို့ လှမ်းအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ဦးဘိုးယွန်း၏ ဇနီး မသိုင်းချိုသည် လက်ညှိုးထိုး ရေနံဆီမီးခွက်ကြီးကို ယူခဲ့သည်။ လက်ညှိုးထိုး ရေနံဆီ မီးခွက်၏ မီးစာမှာ လက်မလုံးခန့်ရှိ၍ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။

ဒေါ်သိုင်းချိုယူလာသော မီးခွက်ကို ဦးဘိုးယွန်းက လှမ်းယူပြီး သူထိုးသတ်ထားသော တောဝက်ကို သေသေချာချာ ကြည့်လိုက်သည်။

တောဝက်သားကို စားရတော့မည် ဖြစ်၍ ဦးဘိုးယွန်း၏ နှုတ်ခမ်းများပင် စိုလာသည်။ တောဝက် ဝမ်းတွင်းသားကို ယခုညပင် ချက်စားပြီး အသားတချို့ကို ပျော်ဘွယ်ဈေးသို့ တက်ရောင်းပြီး အချို့အသားများကို နေလှန်း၍ အခြောက်ခံထားရမည်ဟု ဦးဘိုးယွန်း စဉ်းစားမိသည်။

ဦးဘိုးယွန်းသည် ငါလိုလူ ဇမ္ဗူမှာ ရှိသေးလားဟူသော စိတ်ဖြင့် တောဝက်ပေါ်သို့ ခြေကိုတင်ပြီး မီးခွက်ဖြင့် တောဝက်ကို သေသေချာချာ ငုံ့ကြည့်လေသည်။

ဦးဘိုးယွန်းက တောဝက်မှာ အကောင်သိပ်မကြီးဟု ထင်ပြီး စိတ်ပျက်သလို ဖြစ်သွားသည်။

ဒေါ်သိုင်းချိုက ဦးဘိုးယွန်းလက်ထဲမှ လက်ညှိုးထိုး ရေနံဆီ မီးခွက်ကို ကဗျာကယာ လှမ်းယူပြီး တောဝက်ကို သေသေ ချာချာ ဖင်ပြန်ခေါင်းပြန် ကြည့်လေသည်။





ဒေါ်သိုင်းချိုက တောဝက်ကို ကြည့်ပြီး မှတ်ချက်ချလေသည်။

"ကိုဘိုးယွန်း ရှင့်ဝက်ကလဲ တောဝက်မှ မဟုတ်ဘဲ ညောင်ရမ်းရွာထဲက ကျောင်းဆရာ ကိုသိန်းမောင်ရဲ့ ဝက် မဟုတ်လား"

ထိုစကားကို ကြားရသောအခါ ဦးဘိုးယွန်း၏ ခေါင်းသည် ကြီးသွားလေသည်။ မျက်လုံးများလည်း ပြာသွားသည်။

ဦးဘိုးယွန်းသည် ဒေါ်သိုင်းချိုလက်ထဲမှ ရေနံဆီ မီးခွက်ကြီးကို ယူကာ တောဝက်ကို အနုလုံပဋိလုံ ကြည့်ပြန်သည်။ ဦးဘိုးယွန်းသည် မှင်တက်မိသူပမာ တောဝက်ကို ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေမိသည်။

မှန်ပါသည်။ ဦးဘိုးယွန်း ဝါးချွန်နှင့် ထိုးသတ်ခဲ့သည်မှာ တောဝက်မဟုတ်။ ညောင်ရမ်းရွာထဲမှ ခြံလှောင်မွေးထားသော ရွာဝက်ဖြစ်သည်။ ကျောင်းဆရာ ကိုသိန်းမောင်၏ ဝက်ဟု ဒေါ်သိုင်းချိုက ဆိုနေလေသည်။ ခြံဝက်ဖြစ်၍ ဝက်တောင်းစော်မနံ။ အကောင်က သေးသည်။

ဦးဘိုးယွန်းက တောဝက်ကို ကြည့်ပြီး စိတ်မသက်မသာနှင့် ပြောလိုက်သည်။

"ဟုတ်ပါ့ဗျာ တောဝက်မှ မဟုတ်ဘဲ ဆရာလေး ကိုသိန်းမောင် မွေးထားတဲ့ဝက်ပဲ ဒီတစ်ခါမှ ဒုက္ခပဲ မသိုင်းချိုရေ သူများ



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကို ကျုပ်သတ်မိပြီ"

ဦးဘိုးယွန်း စဉ်းစားမိရင်း တောဝက် မဟုတ်သဖြင့် သူ့ကို ပြေးမပက်ဘဲ မြေခဲများကိုသာ ထိုးဆွနေသော ရွာဝက်ကြီးကို မြင်ယောင်လာသည်။ ရွာဝက်သည် ခြံကို ဖျက်ပြေးလာပြီး ဦးဘိုးယွန်း၏ ယာခင်းထဲ ရောက်လာဟန် ရှိသည်။

ဒေါ်သိုင်းချို စိုးရိမ်ကြောက်ရွံ့သော လေသံနှင့်

"ဒါဖြင့်ရင် ဘယ်နှယ့်လုပ်မလဲ ကိုဘိုးယွန်း"

ဦးဘိုးယွန်းက ဒေါ်သိုင်းချိုအား မကျေနပ်သလို ကြည့်ပြီး

"မသိုင်းချိုရယ် မင်းက ကျုပ်ကို အကြံဉာဏ် ပေးမလား အောက်မေ့တယ် မင်းက အခုကျုပ်ကို လာမေးနေပြန်ပြီ ကျုပ်ခေါင်းတွေလဲ ပွထနေပြီ ဘာလုပ်ရမှန်း ကျုပ်မသိဘူး"

ဒေါ်သိုင်းချိုက မကျေနပ်သလို နှုတ်ခမ်းစူပြီး

"ဆရာလေး ကိုသိန်းမောင်ကို သွားပြောလိုက်ရုံပေါ့တော်၊ သူ့ဝက်က ကျုပ်တို့ ယာခင်းကို လာဖျက်လို့ တောဝက်လို့ ထင်ပြီး ထိုးသတ်လိုက်တယ်ပေါ့"

ဦးဘိုးယွန်းက ဒေါ်သိုင်းချို၏ အကြံအစည်ကို ပျာပျာသလဲလဲ ပယ်ချလိုက်ပြီး

"ဟ . . . ဒီလိုသွားပြောလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်တို့ သူ့ဝက်လျော်ကြေးပေးရမှာပေါ့"

❀ မိုးဆမ်းပန်းစာပေ



"ဘာလို့ လျော်ကြေးပေးရမှာလဲ သူ့ဝက်က ကျုပ်တို့ ယာကို လာဖျက်တာ၊ ကျုပ်တို့က တောဝက်ထင်လို့ ထိုးမိတာပဲ"

"အဲဒါက တကယ့်အဖြစ်အပျက် အမှန်ပဲ။ ငါလဲ တောဝက် ထင်လို့ ထိုးမိတာ ရွာဝက်ဆိုရင် ဘယ်ထိုးရဲပါ့မလဲ ဒါပေမယ့် အဖြစ်အပျက်ကို ဘယ်သူ ယုံမှာမှ မဟုတ်ဘူး။ သူ့ဝက်မှန်းသိလို့ မင်ထိုးတယ်ပဲ ထင်မှာပဲ"

"ဘာဖြစ်လို့ မယုံရမှာလဲတော့၊ အမှန်ပြောတာပဲဟာ"

"အေး . . တို့က ဆင်းရဲတာကိုး တို့ ဆင်းရဲတော့ ‌အ မှန်ပြောတာကိုတောင် ယုံကြည်ကြမှာ မဟုတ်ဘူး။ ဒီအတိုင်း ပြောရင် သူ့ဝက်ကို တို့လျော်ကြေးပေးရမယ်"

"ဒါဆိုရင်လဲ လျော်ကြေးပေးပေါ့တော်၊ ရွာထဲက ဝက် တတ်တဲ့ ကုန်စုံဆိုင်က တရုတ်ကိုစံတင်ကိုခေါ်ပြီး ဝက်ခုတ် နိုင်း၊ ပျော်ဘွယ်ဈေးမှာ သွားရောင်းမယ်၊ သူ့ဝက်ရောင်းရမှာနဲ့ ဘဲချေပဲ ဖြစ်မှာပါပဲ"

"အဲသလို ဖြစ်လာရင် ကောင်းတာပေါ့၊ သူကြီး အောင်မြတ်က ဝက်ကို ဥပဒေအရဆိုပြီး သက်သေခံ ပစ္စည်း သိမ်းပြီး တို့ကို ဒီအတိုင်းဒဏ်ရိုက်ပြီး လျော်ကြေးတောင် ဟ"

"လျော်ကြေးပေးရမယ်ဆိုရင် ကျုပ်တို့က ဝက်ကို ရရမှာ တော့"

www.burmeseclassic.com



"အေး မင်းပြောတာက တရားလမ်းအတိုင်း ပြောနေတာ ဥပဒေအတိုင်း ပြောနေတာ၊ ဒါပေမယ့် ဘယ်တုန်းကမှ ဒီလို မဖြစ်လာခဲ့ဘူး"

"သူကြီးဦးအောင်မြတ်က မတရားလုပ်ရင် သာစည်တက် ပြီး မြို့ပိုင်မင်းကို လျှောက်ထားမှာပေါ့ မင်းမရှိတဲ့ တိုင်းပြည်မှ မဟုတ်တာ"

"မင်းပြောတဲ့ မြို့ပိုင်မင်းကကော ဘာထူးမှာတဲ့လဲ၊ ပြီး ကြီးဦးအောင်မြတ် ပြောတဲ့ စကားကို ယုံမလား တို့ပြောတဲ့ စကားကို ယုံမလား မင်းစဉ်းစားကြည့်လေ"

"ဒါဖြင့်ရင် ကျွန်မတို့ ဘာလုပ်ရမလဲ"

"တို့ကလဲ သူကြီးကိုအောင်မြတ်တို့၊ ဝက်ရှင် ဆရာလေး ကိုသိန်းမောင်တို့မသိအောင် ဒီဝက်ကို မြေမြှုပ်ပစ်ပြီး ဖျောက်ဖျက် လိုက်ရမှာပေါ့"

"ဒါဆိုရင် ဘာမှ မဖြစ်တော့ဘူးပေါ့"

"အေး . . . ဟုတ်တယ်"

ဦးဘိုးယွန်းသည် ပြောပြောဆိုဆို သူ၏ တဲကလေးဆီ ပြန်သွားလေသည်။

သူတို့သမီးကလေး မသက်ဖူးသည် ဖအေကြီးနှင့် မအေကြီး တာဖြစ်နေသည်ကို သိပုံမရဘဲ အိပ်မောကျနေလေပြီ။

ဦးဘိုးယွန်းသည် ဝက်ကို မြေမြှုပ်ရန်အတွက် ပေါက်တူး



နှင့် ပေါက်ပြားကို ရှာဖွေနေလေသည်။ သူတို့သမီးကလေး မနိုးစေ ရန်အတွက် ဦးဘိုးယွန်းသည် ပေါက်တူးနှင့်ပေါက်ပြားများကို အသံ မကြားရအောင် ယူငင်လေသည်။

ထို့နောက် ဦးဘိုးယွန်းသည် သူ့အနီးသို့ ရောက်လာသော ဒေါ်သိုင်းချိုကို အသံခပ်အုပ်အုပ်နှင့် ပြောလိုက်သည်။

"မသိုင်းချိုရေ ဝက်ကိုမြှုပ်ဖို့ ကျုပ်တို့တဲနဲ့ ခပ်ဝေးဝေး နေရာမှာ မြေသွားတူးဦးမယ်၊ ဝက်ကိုသာ တစေ့တစောင်း ကြည့်ထား လူရိပ်လူခြည်လဲ ကြည့်နေနော်"

ဦးဘိုးယွန်းသည် ပေါက်ပြားကို မယူတော့ဘဲ ပေါက်တူး ကိုသာ ပခုံးပေါ်ထမ်းပြီး မှောင်ရိပ်ထဲဝင်ခဲ့သည်။

ဦးဘိုးယွန်းသည် သူ၏ တစ်ရပ်တဲကလေးရှိရာမှ အနောက် ဘက်သို့ လျှောက်ပြီး လေးထပ်ကျောင်း၏ ဝင်ပေါက်တံခါးကို တွေ့ သောအခါ မည်သူမျှ ရှိမနေသော ဘုန်းကျောင်းဝင်းထဲသို့ ဝင်လိုက် သည်။

ထို့နောက် ရှေးက ခမ်းနားကြီးကျယ်လသော ကျောင်း ကြီးကို မှောင်ရိပ်ထဲတွင် တစ်ယောက်တည်း ဖြတ်ကျော်လာခဲ့သည်။ ယောက်က ခြေသံလိုလိုကြားရသဖြင့် ကိုရင်ကြီးသရဲ များလားဟု ထင်ကာ ခေါင်းနပန်း ကြီးသွားသည်။ နောက်မှ စိတ်ကို တင်းပြီး ဆက်လျှောက်ခဲ့ရာ ဘုရားတောင်ကုန်းအနီးသို့ ရောက်လာသည်။

ဘုရားတောင်ကုန်းမှ ကျော်သောအခါ ခေါင်းလောင်းတိုင်





www.burmeseclassic.com

www.burmeseclassic.com



များရှိရာသို့ ရောက်လာသည်။ ခေါင်းလောင်တိုင်များနှင့် ရေချမ်းစင်တန်းကို ဖြတ်ပြီး ဆီးပင်ကလေး တစ်ပင်အောက်သို့ ရောက်လာသည်။ ထိုဆီးပင်အောက်ရှိ မြေကို ပေါက်တူးနှင့် ပေါက်ကြည့်ရာ မြေပျော့ပါသည်။ သို့သော်လည်း ထိုနေရာသည် လူမြင်ကွင်းဖြစ်ပြီး မြေစာများကို တွေ့ရပါက သင်္ကာမကင်းဖြစ်နိုင်သည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် ဆီးပင်အောက်တွင် မတူးဘဲ ထွက်ခဲ့ပြန်ကာ ဘုရားတောင်ကုန်း၏ လက်ယာဘက် မြောက်ဘက် မဟာရံတံတိုင်းအနီးသို့ ရောက်လာသည်။

ထိုမဟာရံတံတိုင်းအနီး သံလုံလောက်အကွာတွင် ဦးဘိုးယွန်းသည် ဝက်သေကို မြှုပ်ရန် မြေကြီးကို စတူးလေသည်။

ထိုနေရာ၌ ဝက်သေကို မြှုပ်ပြီး ပိုနေသော မြေစမြေန များကို မဟာရံတံတိုင်းအပြင်သို့ လွှင့်ပစ်မည်ဟု ဦးဘိုးယွန်းစ စိတ်ကူးမိသည်။

မြေကြီးအနက် တစ်တောင်ခန့်တူးမိသောအခါ ဦးဘိုးယွန်း သည် ဝက်သေကို ပြန်သယ်ပြီး မြှုပ်မည်ဟု စိတ်ကူးမိသည်။ သို့သော် အနံ့ရပြီး ခွေးယက်ပါက သဲလွန်စ ပေါ်လာမည် စိုးရိမ်သဖြင့် ဦးဘိုးယွန်းသည် မြေကြီးကို ဆက်တူးလေသည်။

တူးရင်းမှ ဦးဘိုးယွန်းစိတ်ကူးတစ်မျိုး ရလေသည်။ အကယ် ၍ ပြီးစလွယ်လုပ်လိုက်ပြီး ဝက်သေကို မြှုပ်ထားမုန်း သိသွားပါ သူ အပင်ပန်းခံရကျိုး နပ်မည်မဟုတ်ပေ။





ပင်ပန်းတာ အရေးမကြီး ဝက်သေသော ကိစ္စပေါ်လာပါက အရှက်တကွဲ အကျိုးနည်း ဖြစ်သွားမည်ဟု ဦးဘိုးယွန်း စိတ်ကူးမိသည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် ဝက်သေကို မြှုပ်ရန် နှစ်တောင်ခန့် ရောက်ရာမှ ဆက်ပြီးတူးလေသည်။

ထိုစဉ်က ဦးဘိုးယွန်းသည် မြေကြီးကို နှစ်တောင်ခန့်သာ ပြီးစလွယ် တူးပြီးမြှုပ်လိုက်ပါက ညောင်ရမ်းရွာတွင် သူဌေးကြီး ဦးဘိုးယွန်းဖြစ်လာစရာ အကြောင်းမရှိတော့ပေ။

ဦးဘိုးယွန်းသည် ယခုလိုပင် ဆင်းရဲတစ်လှည့် ငတ်တစ်လှည့် ပြတ်တစ်လှည့် နှင့် သံသရာကြောတွင် မျောနေလေဦးမည်။

ထိုညက ဦးဘိုးယွန်းသည် မြေကြီးကို နှစ်တောင်သာ တူး ၍ ဝက်ကိုမြှုပ်လိုက်ပါက သူ့ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားမည်မဟုတ်ပေ။ ဒုံရင်း၌သာ အမြဲစိုက်ပြီး ဆင်းရဲတွင်းမှ လုမ်းတက်နိုင်မည် မဟုတ်ပေ။

ထိုညက ဦးဘိုးယွန်းသည် မြေကြီးကို လေးတောင်ကျော် ငါးတောင်နီးပါး တူးလိုက်သည်။ ထိုသို့ တူးခြင်းမှာ ဝက်သေကောင်မှ အနံ့မထွက်စေရန် သဲလွန်စ ဖျောက်ဖျက်ရန် မြေကြီးကို နက်နက် တူးခြင်းဖြစ်ပါသည်။

ဦးဘိုးယွန်းသည် ငါးတောင်ခန့်တူးမိချိန်တွင် သူ၏ ပေါက် တူးသည် တစ်စုံတစ်ခုကို သွားထိသလို "တဒုတ်ဒုတ်" နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြည်လေသည်။ ထို့နောက် ပေါက်တူးနှင့် အောက်က အမာခံ ဆီသလို မီးလည်း ပွင့်လေသည်။

ထိုအခါ ဦးဘိုးယွန်းသည် စိတ်ဝင်စားသွားပြီး အသက် မရှူနိုင်တော့ဘဲ မြေကြီးကို ဆက်၍တူးပြီး လက်ညှိုးထိုး ရေနံဆီ မီးခွက်ကို ထွန်းကြည့်ရာ ဦးဘိုးယွန်းသည် မှင်တက်မိသူပမာ ဖြစ် သွားသည်။

ဦးဘိုးယွန်း၏ ပေါက်တူးရိုးနှင့် တဒုတ်ဒုတ် ထိနေသော အရာမှာ သံသေတ္တာကြီးတစ်ခုဖြစ်နေလေသည်။ ဦးဘိုးယွန်းသည် ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်ဘဲ သံသေတ္တာကြီးကို ငေးကြည့် နေမိသည်။

ဦးဘိုးယွန်းသည် သံသေတ္တာကြီးကို ရုပ်လုံးပေါ်အောင် မြေကြီးကို ပိုင်းတူးပြီး သေတ္တာကြီးကို မြေကြီးပေါ်သို့ ဆွဲတင်ရာ အတွင်းမှာ ရတနာပစ္စည်းနှင့်တူသော ပြိုးပြိုးပြက်ပြက် ရောင်ခြည် လက်နေသော ရွှေငွေကျောက်သံပတ္တမြားတွေကို တွေ့ရတော့သည်။

ဦးဘိုးယွန်း ဝမ်းသာအားရဖြစ်ပြီး သံသေတ္တာကြီးကို မြေပေါ်သို့ အားစိုက်တင်ရာ မြေကြီးပေါ်သို့ ရောက်သောအခါ သေတ္တာမှာ ပျက်နေပြီး ဖွင့်ရန် အလွယ်တကူ ကလန့်ဖွင့်၍ ရလေ သည်။

ဦးဘိုးယွန်းသည် မီးအိမ်နှင့် သေတ္တာအတွင်းသို့ ကြည့်ရာ သေတ္တာတွင်း၌ ရတနာပစ္စည်းချည်းဖြစ်နေလေတော့သည်။

❀ မိုးဆမ်းပန်းစာပေ



ထိုညက ဦးဘိုးယွန်းသည် မြေကြီးကို ငါးတောင်နီးပါးခန့် တူးမိသဖြင့် သူ့ဘဝသည် အကြီးအကျယ် ပြောင်းလဲသွားပြီး ရတနာပိုင်ရှင် သူဌေးကြီး ဖြစ်သွားရလေသည်။

ထိုညကစပြီး ဦးဘိုးယွန်း ထိုနေရာမှာပင် ကိုးညတိတိ ဆက်ပြီး ရတနာပစ္စည်းများ ရလေသည်။

ဦးဘိုးယွန်း၏ ကံကြမ္မာမှာ ထူးဆန်းလှ၏။ ရသမျှသော ရတနာပစ္စည်းများမှာ များလွန်းလှသဖြင့် သူ့တစ်ဖက်ရပ် တဲကလေး တွင် ထားမလောက်ပေ။ ထို့ကြောင့် လေးထပ်ကျောင်းကြီး၏ မြေတိုက်ခန်းအောက်တွင် ပြန်တူးပြီး ပြန်၍ မြှုပ်ထားရလေသည်။

❀ ❀ ❀

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃ )

## သူဌေးကြီးဦးဘိုးယွန်း



ဦးဘိုးယွန်းသည် အလွန်ချမ်းသာလာသော်လည်း သူပိုင်ဆိုင်သော ရတနာပစ္စည်း ရွှေငွေ ကျောက်သံပတ္တမြားကို ထားရန် နေရာမရှိဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် သူပိုင်ဆိုင်သော ရတနာပစ္စည်းများကို ထားရန် မြေတိုက်ခန်းပါသော ကြီးမားသော တိုက်အိမ်ကြီးဆောက်ရန် စီစဉ်ရလေတော့သည်။

ဦးဘိုးယွန်းသည် ထိုမျှ ချမ်းသာလာသဖြင့် ရန်ကုန်-မန္တလေး စသော ပြောင်းရွှေ့ရန် အတွေးမျိုး သူ၏ ဦးနှောက်ထဲသို့ တစ်ခါမျှ ဝင်မလာပေ။

ညောင်ရမ်းရွာသားဖြစ်သော ဦးဘိုးယွန်းသည် သူ၏ မွေးရပ်ဇာတိကို ချစ်ခင်သူဖြစ်သဖြင့် ညောင်ရမ်းရွာမှ စွန့်ခွာသွားရန် တစ်ရံတစ်ဆစ်မျှ စိတ်မကူးမိပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးဘိုးယွန်းသည် ညောင်ရမ်းရွာဘွင်ပင် တိုက်အိမ်ကြီး ဆောက်ရန် စီစဉ်လေသည်။

ဦးဘိုးယွန်းသည် ညောင်ရမ်းရွာတွင် နေထိုင်ပါက သူမိုးမပြရန်ကလည်း ကြောက်ရသဖြင့် သေနတ်လက်နက်ရှိသော မြို့မပိုင်သူကြီး ဦးအောင်မြတ်၏ အိမ်ကြီးရခိုင်နှင့် မျက်နှာချင်းဆိုင် မြေနေရာကို ဝယ်ယူလေသည်။

ဦးဘိုးယွန်းသည် အလွန်သိုသိပ်စွာ နေတတ်သာဖြစ်ရာ မြို့မပိုင် သူကြီးဦးအောင်မြတ်အိမ်ရှေ့မှ မြေကွက်ခြံကြီးကို ဝယ်ရာတွင် တောသူတောင်သားပီပီ စာချုပ်စာတမ်း မလိုသဖြင့် ဦးဘိုးယွန်းက အခြားသူဌေးတစ်ဦး၏ ကိုယ်စားလှယ်အဖြစ် ငွေချေလေသည်။

တိုက်အိမ်ကြီး ဆောက်ရာတွင်လည်း ညောင်ရမ်းရွာသား ရန်ကုန်မြို့တွင် ကြီးပွားနေသော သူဌေးကြီးတစ်ဦးက ဦးဘိုးယွန်းအား ကိုယ်စားလှယ်အဖြစ် သူ့တိုက်ကို ဆောက်ခိုင်းသလို ဆောက်လေသည်။

ဦးဘိုးယွန်းသည် မည်သူကမျှ အထင်ကြီးသဖြင့် ဦးဘိုးယွန်း ချမ်းသာလာသည်ကို မည်သူမျှ သတိမထားမိပေ။

ဦးဘိုးယွန်းသည် ငွေကြေးသိန်းပေါင်းများစွာ ချမ်းသာလာသော်လည်း စိတ်ကြီးဝင်ခြင်းမရှိဘဲ အနေအထိုင်မှာလည်း ယခင်ကလိုပင် နေထိုင်ဝတ်စားရာ ဦးဘိုးယွန်း ချမ်းသာသည်ဟု မထင်။





ဦးဘိုးယွန်း သတင်းလွှင့်ထားသလိုပင် ရန်ကုန်မြို့မှ သူဌေးကြီး တစ်ဦးက ဦးဘိုးယွန်းအား တိုက်ဆောက်ခိုင်းသည်ဟုသာ ထင်မှတ်ကြလေသည်။ ဦးဘိုးယွန်းအနေနှင့် မကောင်းတတ်၍ အဝတ်အစားသစ်များ ဝတ်လျှင်လည်း ရန်ကုန်သူဌေးကြီးက ဝယ်ပေးသည်ဟု ညောင်ရမ်းရွာက လူများက ထင်လေသည်။

တိုက်သစ်ကြီးပြီးသောအခါ ဦးဘိုးယွန်းသည် လေးထပ်ကျောင်း မဟာရံတံတိုင်းဘေးရှိ သူ၏ တစ်ဖက်ရပ်တဲကလေးမှ တိုက်သစ်ကြီးပေါ်သို့ ပြောင်းလေသည်။

ထိုအချိန်တွင်လည်း ဦးဘိုးယွန်းက ရန်ကုန်မှ သူဌေးကြီးသည် ညောင်ရမ်းရွာသို့ ပြောင်းမလာနိုင်သေး၍ သူတို့ မိသားစု တိုက်စောင့်သဘောမျိုးနှင့် တိုက်သစ်ကြီးတွင် နေရမည်ဟု သတင်းလွှင့်ပြန်လေသည်။

ဦးဘိုးယွန်း၏ တိုက်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး အဆောင်ဆောင်အခန်းခန်းနှင့် အလွန်ကျယ်ဝန်းရာ ဘုန်းကြီးကျောင်းကြီးနှင့်ပင် တူလေသည်။

ဦးဘိုးယွန်းသည် လေးထပ်ကျောင်းကြီး မြေတိုက်ခန်း တွင် မြှုပ်နှံထားသော ရတနာပစ္စည်းများကို သူ၏ တိုက်သစ်ကြီး မြေတိုက်ခန်းသို့ မည်သူ့ကိုမျှ အကူအညီမတောင်းဘဲ သူကိုယ်တိုင် ထမ်းပိုး၍ ညဘက် လူခြေတိတ်ချိန်၌ ပြောင်းရွှေ့လေသည်။

ဦးဘိုးယွန်း၏ တိုက်ကြီးမြေတိုက်ခန်း၌ နံကပ်ပေါ် နံရံကပ်



www.burmeseclassic.com

www.burmeseclassic.com



ဗိရိုများလည်း ဆောက်ထားလေသည်။

ဦးဘိုးယွန်းသည် သူ၏ တိုက်ကြီးကို ဆောက်ရာတွင် မန္တလေးဘက်မှ လက်သမားနှင့် ပန်းရံဆရာများကိုသာ အသုံးပြု လေသည်။ ညောင်ရမ်းရွာသားများကို တစ်ဦးတစ်ယောက်မျှ အသုံး မပြုသဖြင့် သူ၏ မြေတိုက်ခန်းအကြောင်းကို တော်ရုံတန်ရုံ လူများ မသိနိုင်ပေ။

တိုက်ကြီးပြီးစီးပြီး တိုက်စောင့်အဖြစ် ဦးဘိုးယွန်တို့ မိသားစုတိုက်သစ်ကြီးပေါ် ရောက်နေသော်လည်း မည်သူ တစ်ဦး တစ်ယောက်ကမျှ ဦးဘိုးယွန်းသည် ထိုတိုက်အိမ်ကြီး၏ ပိုင်ရှင်ဟု မယူဆကြသေးပေ။

ရန်ကုန်မြို့မှ သူဌေးကြီးသည် တစ်နေ့နေ့တွင် ညောင်ရမ်း ရွာရှိ သူ၏ တိုက်အိမ်ကြီးသို့ ပြောင်းရွှေ့လာမည်ဟု ညောင်ရမ်း ရွာသားများက မျှော်လင့်နေကြသည်။

တိုက်အိမ်ပိုင်ရှင် ဦးဘိုးယွန်းကိုယ်တိုင် တိုက်အိမ်ပေါ်သို့ ရောက်နေသော်လည်း မည်သူကမျှ ဦးဘိုးယွန်းအား တိုက်အိမ်ပိုင် ရှင်ဟု မထင်ကြပေ။

ဦးဘိုးယွန်းသည် သူ၏ တိုက်အိမ်ကြီးကို အိမ်တက်ဆွမ်း ကျွေးရန် သံဃာတော်အပါး ၅၀ပင့်ဖိတ် ဆွမ်းလုပ်ကျွေးပြီး ရေစက် ချသောအခါမှ ထိုတိုက်အိမ်ကြီး၏ ပိုင်ရှင် အစစ်သည် ဦးဘိုးယွန်း ဖြစ်နေမှန်း ညောင်ရမ်းရွာသူရွာသားများ အံ့သြစွာ သိရလေတော့





သည်။

ဦးဘိုးယွန်းသည် တိုက်အိမ်သစ်တက်ပွဲတွင် အလှူရေစက် ချမှ ဦးဘိုးယွန်းသည် တိုက်အိမ်ပိုင်ရှင် သူဌေးကြီးတစ်ဦးဟု ညောင်ရမ်းရွာသူရွာသားများ အံ့သြစွာ သိရလေတော့သည်။

ဦးဘိုးယွန်းသည် တိုက်အိမ်သစ်တက်ပွဲတွင် အလှူရေစက် ချမှ ဦးဘိုးယွန်းသည် တိုက်အိမ်ပိုင်ရှင် သူဌေးကြီးတစ်ဦ ညောင်ရမ်း ရွာသူရွာသားများ အံ့သြစွာ သိရပြီးနောက် ဦးဘိုးယွန်း ဘာကြောင့် ချမ်းသာလာရသလဲဟူသော မေးခွန်းသည် ညောင်ရမ်းရွာသူရွာ သားများ တစ်ယောက်နှင့်တစ်ယောက် တွေ့တိုင်း မေးသော မေးခွန်း ဖြစ်သည်။

ဦးဘိုးယွန်း ချမ်းသာလာပုံကို ညောင်ရမ်းရွာထဲ၌ ဟိုနား စုစု သည်နားစုစု နှင့်ပြောကြသည်။

ရွာထဲတွင် အပ်ကျတာကအစ သိသည်ဟု ကြွားဝါလေ့ရှိ သော မြို့မသူကြီး ဦးအောင်မြတ်သည် ဦးဘိုးယွန်း ချမ်းသာလာပုံ ကို မသိလိုက်ရသဖြင့် တောက်တခေါက်ခေါက်နှင့် မချင့်မရဲ ဖြစ်နေ သည်။

မြို့မသူကြီး ဦးအောင်မြတ်က "တောက် ဦးဘိုးယွန်းတို့ များ အနေအထိုင် သိုသိပ်လိုက်တာ၊ သူ့တိုက်သစ် ရေစက်ချမှပဲ သူဌေးဖြစ်မှန်း ငါသိရတော့တယ်ကွာ" ဟု ညည်းညူလေသည်။

ဦးဘိုးယွန်းသည် မြို့မရပ်ကွက်တွင် ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်ကြီးပေါ်သို့ ရောက်ပြီး သူဌေးဖြစ်နေသော်လည်း ဦးဘိုးယွန်း ချမ်းသာလာသည်ကို ယုံကြည်ခြင်း မရှိသူများကလည်း ရှိသေးသည်။

"ဦးဘိုးယွန်းဟာ သူဌေးရဲ့ ရုပ်လက္ခဏာ တစ်ခုမှ မရှိဘူး၊ သူ့ရဲ့ကျောပြောင်ကြီးကို ငါအခုထိ မှတ်မိနေတုန်း၊ ဒီကျောကုန်းဟာ တစ်သက်လုံး နေလောင်ခံမယ့် ကျောပြောင်ကွ၊ ဦးဘိုးယွန်း သူဌေး ဖြစ်တာ ဟန်ဆောင်နေတာပဲ ဖြစ်ရမယ်။ တစ်နေ့ကျရင် သူပြောသလိုပဲ ဒီတိုက်အိမ်ကြီးရဲ့ ပိုင်ရှင် သူဌေးကြီးအမှန် ပေါ်လာလိမ့်မယ်" ဟု ဦးဘိုးယွန်း သူဌေးဖြစ်လာသည်ကို မယုံကြည်နိုင်သူ လက်မခံနိုင်သူများက ပြောကြသည်။

ဦးဘိုးယွန်းချမ်းသာလာပုံကို ညောင်ရမ်းရွာထဲ၌ အမျိုးမျိုး ပြောနေကြသည်။

ဦးဘိုးယွန်းသည် အိုင်ယာလန်ထီပေါက်သဖြင့် ချမ်းသာလာသည်ဟု ဆိုကြသည်။

အချို့ကလည်း ဦးဘိုးယွန်းသည် မြင်းပွဲတွင် မြင်းလောင်းသဖြင့် ချမ်းသာလာသည်ဟု ဆိုကြ၏။

အိုင်ယာလန်ထီပေါက်၍ ချမ်းသာလာသည်ဟု ဆိုသူများက ဦးဘိုးယွန်း မြင်းလောင်းပြီး သူဌေးဖြစ်လာသည်မှာ မဖြစ်နိုင် ဦးဘိုးယွန်းသည် မြင်းလောင်းတတ်လောက်အောင် စာတတ်သူ မဟုတ်ဟု ဆိုသူများက ဆိုကြလေသည်။





ဦးဘိုးယွန်း ချမ်းသာလာပုံနှင့်ပတ်သက်၍ အကောင်းထင်ကြသူများက ဥစ္စာစောင့်ကပေးတာ၊ ဝိဇ္ဇာ ဇော်ဂျီတို့က ပေးတာဟု ဆိုသူများက ဆိုကြလေသည်။

ဦးဘိုးယွန်း ချမ်းသာလာပုံနှင့်ပတ်သက်၍ အကောင်း မထင်ကြသူများကမူ ဦးဘိုးယွန်းသည် ညောင်ရမ်းရွာတွင် လူရိုးလူကောင်းတစ်ယောက်ဖြစ်သော်လည်း အခြားနယ်မြေ ဒေသတွင်မူ ဦးဘိုးယွန်းသည် ရာဇဝင်လူဆိုးဓားပြကြီး ဖြစ်ရမည်ဟု ဆိုကြလေသည်။ ယခု ဦးဘိုးယွန်း ချမ်းသာလာပုံမှာ ဓားပြတိုက်ရာမှရသော ဝေစုများကို စုဆောင်းထားသော နေရာမှ ဦးဘိုးယွန်းက မောင်ပိုင်စီးလိုက်၍ ဖြစ်သည်ဟု ဆိုကြသည်။

အဲချို့ကမူ ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးကို ဆောက်ခိုင်းသော ရန်ကုန်မြို့မှ သူဌေးကြီးသည် ညောင်ရမ်းရွာသို့အလာ ဦးဘိုးယွန်းက သတ်လိုက်ပြီး သူဌေးကြီး၏ ရတနာပစ္စည်းများနှင့် တိုက်အိမ်ကြီးကို ဦးဘိုးယွန်းက မောင်ပိုင်စီးလိုက်သည်ဟု ဆိုကြသည်။

ထိုသတင်းစကားများသည် ဦးဘိုးယွန်း၏နားသို့ မြန်ကြားပုံရလေသည်။

ဦးဘိုးယွန်းအား ဆင်းရဲစဉ်က လူရာမသွင်းကြသော်လည်း ချမ်းသာလာသောအခါ လူရာသွင်းပြီး သူ့အကြောင်း ပြောသူများအကြောင်းကို ဦးဘိုးယွန်း သိရသောအခါ ဦးဘိုးယွန်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ရလေသည်။

ထို့ကြောင့် တစ်နေ့တွင် ဦးဘိုးယွန်းသည် ရပ်ရွာမှ သူကြီး ဦးအောင်မြတ်နှင့် သက်ကြီးရွယ်အို လူကြီးသူမများကို သူ့အိမ်သို့ ဖိတ်ကြားပြီး သူချမ်းသာလာပုံကို အတိအကျ ပြေပြလေသည်။

ဦးဘိုးယွန်းက လေးထပ်ကျောင်းဝင်းထဲမှ ၉ညတိတိ သယ်ရသော လှည်း ၉ စီးတိုက် ရတနာများကို သူပိုင်ဆိုင်ကြောင်း ဝန်ခံလေသည်။

ဦးဘိုးယွန်းသည် "ကျွန်တော့်ကို အိုင်ယာလန်ထီပေါက် လို့၊ မြင်းလောင်းလို့၊ ခါးပြတိုက်လို့ ဒီတိုက်ပိုင်ရှင် သူဌေးကြီးကို သတ်လို့ ဆိုပြီး အမျိုးမျိုးစွပ်စွဲပြောဆိုနေတာကို ကြားရတော့ အထင်လွဲပြီး ငရဲကြီးမှာစိုးလို့ ကျွန်တော်ဘာကြောင့် ချမ်းသာလာတယ်ဆိုတာ ရှင်းပြရတာပါ" ဟု စကားပလ္လင်ခံ၍ စပြောသည်။

ထို့နောက် လေးထပ်ကျောင်းဝင်း မဟာရံတံတိုင်းနှင့် ရေချမ်းစင်ကြား မြေကွက်မှာ (၉)ညတိတိ သယ်ရသော ရတနာ ပစ္စည်းများ ရကြောင်းကို ဦးဘိုးယွန်းက ပြောပြလေသည်။

ဦးဘိုးယွန်းက "ဒီပစ္စည်းတွေဟာ တကယ်တော့ ဘုရား ပစ္စည်းတွေပဲ ဘယ်သူမှ မစားထိုက်ဘူး၊ ကျွန်တော်လဲ ဒီပစ္စည်းတွေ နဲ့ သုံးဖို့ ဖြုန်းဖို့ မော်ဖို့ ကြွားဖို့ မဟုတ်ဘူး။ အမှန်တော့ ကျွန်တော် ဟာ မြေပေါ်မှာရှိတဲ့ ဘုရားရတနာသိုက်ကို စောင့်ရတဲ့၊ အသက်ရှင်လျက်ရှိတဲ့ ဥစ္စာစောင့်ပါပဲ၊ ဒီပစ္စည်းတွေနဲ့ ကျွန်တော်





ဘုရားတည်မယ်၊ ကျောင်းဆောက်မယ်၊ ဘုရားဝေယျာဝစ္စ လုပ်သွားမှာပဲ၊ ဒါကြောင့် ဒီပစ္စည်းတွေကို ရယူဖို့ မတရားမကြံ စည်ကြပါနဲ့ ဒုက္ခရောက်ကြလိမ့်မယ်" ဟု လေးလေးနက်နက် ပြော လေသည်။

ဦးဘိုးယွန်းက သူ့စကားကို ဆက်ပြန်သည်။

"ဒီပစ္စည်းတွေရပြီး ကိုးညတိုင်တိုင် ကျွန်တော် အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးက ဦးဘိုးယွန်း ပစ္စည်းဟာ သာသနာပြုဖို့ ပစ္စည်းတွေပဲ မင်းမပိုင်ဘူး၊ သာသနာက ပိုင်တယ်၊ ဒီပစ္စည်းတွေ စောင့်ရှောက်ထိန်းသိမ်းတဲ့ အဖိုးအခ အဖြစ် မင်းသင့်သလို စားသောက်နိုင်တယ်။ ဒီပစ္စည်းတွေနဲ့ ဘုရားတည်ရ မယ် ကျောင်းဆောက်ရမယ်၊ စေတီဟောင်း၊ ပုထိုးဟောင်း၊ ကျောင်း ဟောင်း၊ ဇရပ်ဟောင်းတွေကို ပြုပြင်ရမယ်၊ ဒီပစ္စည်းတွေ မသမာ တဲ့ လူတွေလက်ထဲ ရောက်သွားမှာစိုးလို့ မင်းကို မြေကြီးထဲက ဖော်ပြီး ခဏအပ်ထားတာ" ဟု ဦးဘိုးယွန်းက ညောင်ရမ်းရွာမှ လူကြီးသူမ သူတော်စင်များကို ပြောကြားလေသည်။

ဦးဘိုးယွန်းသည် လူကြီးသူမ သူတော်စင်များကိုသာ ရွေးချယ်၍ ဖိတ်ကြားခြင်းဖြစ်သည်။ အသက်ကြီးပြီး အရက်ခွက် ကိုင်သောက်သူများ၊ မိန်းမရှုပ်သူများ၊ သမ္မာအာဇီဝ လုပ်ငန်း မလုပ် သူများ၊ သူတစ်ပါး၏ စီးပွားဥစ္စာကို မတရားလုပ်ပြီး သိမ်းပိုက်ထား သူများကို လုံးဝဖိတ်ကြားခြင်း မပြုပေ။



www.burmeseclassic.com

www.burmeseclassic.com



ဥဒေ့ သူကြီး ဦးအောင်မြတ်မှာမူ အုပ်ချုပ်ရေး၌ တာဝန်ရှိသူ ဖြစ်သဖြင့် ဦးဘိုးယွန်းက ဖိတ်ကြားလေသည်။

နောက်ဆုံးတွင် ကျန်ပစ္စည်းများသည် ဘုရားရတနာ သိုက်မှ ပစ္စည်းများဖြစ်သဖြင့် ယခုလောလောဆယ် ဦးဘိုးယွန်းက တာဝန်ယူထိန်းသိမ်းထားရသော်လည်း ဗုဒ္ဓဘာသာဝင်အားလုံး နှင့်ဆိုင်သဖြင့် အားလုံးက ဝိုင်းဝန်းပြီး စောင့်ရှောက်ပေးကြပါရန် လူကြီးသူမများအား ဦးဘိုးယွန်းက တောင်းပန်လေသည်။

လူကြီးသူမများက မြေကြီးပေါ်ရှိ ဘုရားရတနာသိုက်ကို စောင့်ရှောက်ရသော အသက်ရှင်လျက်ရှိသော ဥစ္စာစောင့်ဟူသော ဦးသိုက်ယွန်း၏ စကားကို အလွန်သဘောကျကြလေသည်။

အချို့သော လူကြီးများက ဦးဘိုးယွန်း၏ စကားကို ယုံကြည်ပြီး ဦးဘိုးယွန်းသည် ဘုရားရတနာသိုက်မှရသော ရတနာ ပစ္စည်းများနှင့် အမှန်ပင် သာသနာပြုမည်ဟု ယုံကြည်ကြလေသည်။

အချို့ကလည်း ဦးဘိုးယွန်းစကားကို မယုံကြည်ကြပေ။ ဦးဘိုးယွန်းသည် သူပိုင်ပစ္စည်းများကို လူဆိုးသူခိုးများက လုယက် ခိုးယူခြင်း မပြုကြစေရန် ဘုရားနှင့်လှည့်ပြီး တိုက်ပေးသည်။ သူ ပစ္စည်းများကို ဘုရားကိုပင် အစောင့်ခိုင်းသည် ဟု ဆိုကြသည်။

ဦးဘိုးယွန်းသည် ဘုရားရတနာသိုက်ကို အမှန်ပင် စောင့်ရှောက်နေသူလော။ သူပိုင်ပစ္စည်းများကို ဘုရားပိုင် ပစ္စည်း သတင်းလွှင့်ပြီး ဘုရားသို့ ပြန်ပြီး စောင့်ရှောက်ခိုင်းသလော။





ညောင်ရမ်းရွာသားများ ဝေခွဲမရအောင် ဖြစ်နေကြသည်။

မည်သို့ပင်ဖြစ်စေ၊ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲ သောဘဝမှ ဦးဘိုးယွန်းသည် ကြီးမားသော တိုက်အိမ်ကြီးပေါ်တွင် နေပြီး သူဌေးကြီးဖြစ်သွားသော်လည်း ဦးဘိုးယွန်း၏ စိတ်ဓါတ် ပြောင်းလဲခြင်း လုံးဝမရှိပေ။

ယခင်ကလို ကျောပြောင်ကြီးနှင့် မနေတော့သော်လည်း အတွင်း၌ ရှပ်အင်္ကျီ စွပ်ကျယ်အင်္ကျီ လုံးဝ မဝတ်ဘဲ ပင်နီကြမ်း တိုက်ပုံအင်္ကျီကြီးကို မချွတ်တမ်းဝတ်ထားပြီး ခါးတွင် ပုဆိုးကြမ်း အကွက်တုံးကြီး တစ်ခုကိုသာ ဝတ်ထားသည်။

အများသူငှာ မြေပိုင်ရှင် သူဌေးများကဲ့သို့ ပိုးဖဲကတ္တီပါ ဖိနပ်ခြင်း၊ ဘန်ကောက်ပုဆိုး၊ ရွှေတောင်ပုဆိုး၊ မန္တလေးယောပုဆိုး၊ အားဝယ်လုံချည်၊ ရခိုင်လုံချည် ဝတ်ခြင်းမပြုပေ။ အပေါ်ဖုံး အင်္ကျီ များတွင်လည်း အင်္ကျီများတွင်လည်း တာဖက်တာ သက္ကလတ်၊ ရွှေလေးကျစ်ပိုးကို လုံးဝမဝတ်ပေ။

အချို့မြေပိုင်ရှင်ကြီးများသည် ဟန်ဓါတ်ခုတ်သည့် အနေ နှင့် ရွှေကျင်ခတ်ပဝါ၊ ပုသိမ်ပဝါ၊ သင်္ဘောထည် ပိုးပဝါရောင်စုံ တို့ကို ပေါင်းလေ့ရှိသည်။

ဦးဘိုးယွန်းမှာမူ မျက်နှာသုတ်ပဝါကြီးကိုသာ ပေါင်းပြီး အသုံးအတန်းရှိသော အခါမှသာလျှင် ဟံဇားတဘက်ကို ပေါင်းလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းသည် သူကိုယ်တိုင်က မဝတ်သော်လည်း သူဆင်းရဲစဉ် ကူညီမစဖူးသူများနှင့် ပေးကမ်းစွန့်ကြဲသူများကိုမူ သူ့စကားနှင့်အတူ သုံးဆပြန်ပြီး ပေးကမ်းကာ ကောင်းပေ့ ညွန့်ပေ့ ဆိုသော အဝတ်အစားများကို ဝယ်ပြီး နှစ်စဉ် ကန်တော့လေ့ရှိသည်။

ဦးဘိုးယွန်းသည် အစားအသောက်တွင်လည်း သမုတိသံယာတော်များနှင့် သူတော်ကောင်းတို့၏ ထုံးကို နှလုံးမူ၍ စားသောက်လေသည်။ ဦးဘိုးယွန်းသည် အစားအသောက်များကို အရသာခံ၊ စည်းစိမ်ခံ ဇိမ်ယူသည့်အနေနှင့် ဆီးဦးထောပတ်များကို စားသောက်ခြင်း မပြုပေ။

အစားအသောက်စားသောက်ခြင်းမှာ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေးအတွက်သာ စားသောက်ခြင်းဖြစ်ပြီး စည်းစိမ်ယူ အရသာယူသည့် အနေနှင့် စားသောက်ခြင်း မပြုပေ။

ဦးဘိုးယွန်းသည် လွန်စွာ ချမ်းသာလာသော်လည်း အစားအသောက်ကို ချွေတာခြိုးခြံ၍သာ စားသောက်လေသည်။ ဟော့ဟော့ရမ်းရမ်း စားသောက်ခြင်း မပြုပေ။

ဦးဘိုးယွန်းက "ဆင်းရဲစဉ်တုန်းက ငါချမ်းသာရင် ကြက်တစ်ကောင်လုံးကြော်စားမယ်၊ ဝက်ပေါင်ပြီး ဝမ်းတွင်းသားကို ဒီအတိုင်းထိုင်စားမယ်၊ ဆိတ်ခေါင်းဖြုတ်ပြီး မဆလာနိုင်နိုင်နဲ့ ချစ်တီးချက် ချက်စားမယ်လို့ ကြုံးဝါးခဲ့တာ၊ အခု ချမ်းသာလာတော့





ရင်ထဲမှာ အလိုလိုပြည့်နေပြီး ဘာမှ စားချင်သောက်ချင်စိတ် မရှိဘူး" ဟု ဆိုလေ့ရှိသည်။

မှန်သည်။ ဦးဘိုးယွန်းတို့အိမ်၏ အကောင်းဆုံးဟင်းရံမှာ ပဲကြီးနှပ်နှင့်အမဲခြောက်ဖုတ်ဟင်းသာ ဖြစ်သည်။

နောက်ပိုင်းတွင် ဦးဘိုးယွန်းသည် အမဲသားသည် ခြေလေးချောင်းသားဖြစ်ပြီး သားကြီးငါးကြီးထဲတွင် ပါသည် ဆိုက အမဲသားကိုပင် မစားတော့ပဲ ငါးခြောက်ကိုသာ စားတော့သည်။

ဦးဘိုးယွန်းသည် သူများအိမ်တွင်ဖြစ်စေ၊ အလှူအတန်းတွင် ဖြစ်စေ ဟင်းကောင်းကျွေးကောင်းတို့ကို စားသောက်ပြီး သူ့အိမ်တွင်မူ ပဲကြီး၊ ပဲရေပွ၊ ထောပတ်ပဲ၊ ကုလားပဲ တို့ကိုသာ ရက်မပြတ် စားသောက်သည်။

ဦးဘိုးယွန်းသည် ဆင်းရဲစဉ်အခါ ကပ်စေးနှဲသည်ဟု နာမည်မတွင်။ ယခုချမ်းသာလာသောအခါမှ ကပ်စေးနှဲသည်ဟု နာမည်ထွက်လာသည်။ ပိုက်ဆံတစ်ပြားလောက်ကိုပင် မုန့်ဖိုးပေးစရာရှိလျှင် တစ်ယောက်တည်းကို မပေးဘဲ ကလေးနှစ်ယောက်ပြိုင်တူ သူ့အနားသို့ခေါ်ပြီး ရော့ နင်တို့ ဒီတစ်ပြားကို နှစ်ယောက်ခွဲစားကြဟုဆိုကာ မုန့်ဖိုးပေးလေ့ရှိသည်ဟု ဆို၏။

ဦးဘိုးယွန်းသည် ဆင်းရဲစဉ်အခါက မည်သည့် အိမ်သို့မျှ သွားပြီး ရေနွေးကြမ်းသောက်လေ့မရှိပေ။ သူ၏ တစ်ပေါက်ရပ်တဲကလေးထဲမှာသာ တစ်နေကုန် ရေနွေးကြမ်းကျိုပြီး တစ်ခွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက် သောက်လေ့ရှိသည်။

ယခုလို ချမ်းသာလာသောအခါ ဦးဘိုးယွန်းသည် အိမ်တကာသို့ လှည့်လည် အလည်သွားပြီး အိမ်ဦးခန်းမှာ ထိုင်ကာ ရေနွေးကြမ်းကို တစ်အိုးပြီးတစ်အိုး သောက်လေ့ရှိသည်။

အချို့သူများက ဦးဘိုးယွန်းသည် ပိုက်ဆံကုန်မှာစိုး၍ သူ့အိမ်မှာ ရေနွေးအိုးတည်မသောက်ဘဲ အိမ်တကာလှည့်ပြီး ရေနွေးသောက်လေ့ ရှိသည်ဟု ဆိုကြသည်။

ဦးဘိုးယွန်း ရေနွေးကြမ်း ခဏခဏ လာသောက်သဖြင့် လက်ဖက်ခြောက် အကုန်အကျများသော အိမ်များက ဦးဘိုးယွန်း လက်ဖက်ခြောက်ဝယ်လာရန် ကလေးများအား ပြောခိုင်းကြသည်။

သူဌေးဖြစ်မှ ဦးဘိုးယွန်းသည် ရေနွေးကြမ်း "တည်" မသောက်တော့ဘဲ "လည်" သောက်သူဖြစ်လာ၏။ ထို့ကြောင့် လည်း လက်ဖက်ခြောက်ဖိုး အတောင်းခံရခြင်းဖြစ်လေသည်။

ပင်နီဖျင်ကြမ်းအပေါ်ဖုံး အင်္ကျီကိုသာ ဝတ်ထားပြီး ရင်ဘတ်ဟောင်းလောင်းနှင့် လူတကာ အိမ်သို့ ရေနွေးကြမ်းလည် သောက်လေ့ရှိသော ဦးဘိုးယွန်းသည် သူ့အား လက်ဖက်ခြောက် ဖိုးတောင်းသော အိမ်သို့ အကောင်းစား စော်ဘွားနှုတ်ခမ်းမွေး ရွှေဖီမိုးလွှတ် လက်ဖက်ခြောက် သုံးပိဿာစနှဲ့ ဝယ်ပို့လေ့ရှိသည်။

ထိုသို့ လက်ဖက်ခြောက် သုံးပိဿာဝယ်ပို့ရင်း ဦးဘိုးယွန်း က -





"မင်းတို့က လူတစ်ယောက်ကို လက်ဖက်ခြောက်သုံး ပိဿာဖိုးလောက်တောင် တန်ဖိုးမထားဘဲကွ" ဟု ဆိုလေ့ရှိသည်။

ထိုသို့ လက်ဖက်ခြောက်ဝယ်ပို့ပြီးသည့် နောက်ဝယ် ဦးဘိုးယွန်း ထိုအိမ်သို့ မည်သည့်အခါမျှ ရေနွေးသွားမသောက် တော့ပေ။ အကယ်၍ ထိုအိမ်ရှင်က ဦးဘိုးယွန်းအား ရေနွေးကြမ်း သောက်ရန် လာခေါ်လျှင်လည်း ဦးဘိုးယွန်းသည် မလိုက်တော့ပေ။

ဦးဘိုးယွန်းက ထိုအိမ်ရှင်အား "မင်းတို့ တစ်ပဲတန်ကြောင့် တစ်လှည်းတန်ပျက်ရတာပဲ" ဟု ဆိုလေ့ရှိသည်။

ဦးဘိုးယွန်းသည် သူ့အား မငြိုမစူ လက်ဖက်ခြောက်ဖိုး တောင်းဘဲ ရေနွေးကြမ်းတိုက်သော အိမ်ရှင်များကိုမူ လက်ဖက် ခြောက် သုံးပိဿာဖိုးထက်မက ကူညီထောက်ပံ့လေ့ရှိသည်။

ထိုစဉ်အခါက ညောင်ရမ်းရွာတွင် မိတ်ဆွေချင်းစကားပြော ဆောင်မပြောလျှင် "ဟေ့ . . . မင်းကို ဦးဘိုးယွန်းလို လက်ဖက် ခြောက်သုံးပိဿာ ဝယ်ပို့ရမလား" ဟု ကျီစယ်လေ့ရှိသည်။

ဦးဘိုးယွန်းက လက်ဖက်ခြောက်သုံးပိဿာ ဝယ်ပို့ခြင်းမှာ မိတ်ဆွေအဖြစ်မှ ရပ်စဲခြင်း လက္ခဏာ ဖြစ်နေသောကြောင့် မဟုတ် ပေသော။

ဦးဘိုးယွန်းသည် သူဌေးဖြစ်လာပြီးနောက် ပထမဆုံး သော လုပ်ငန်းမှာ ဘုရားကျောင်းကန် တည်ဆောက်ပြုပြင် သော လုပ်ငန်းမဟုတ်ပေ။ လယ်ယာမြေများကို လိုက်လံဝယ်ယူ



www.burmeseclassic.com

www.burmeseclassic.com



သော လုပ်ငန်းဖြစ်သည်။

လယ်ပိုင်ရှင် တစ်ယောက်သည် ချစ်တီးထံ လယ်ပေါင်ရာမှ အပေါင်စာချုပ်အရ လယ်များ ရှုံးတော့မည်ဆိုလျှင် ဦးဘိုးယွန်းက ထိုလယ်များကို ချစ်တီးထံမှ လိုက်ရွေးပေးသည်။ ထိုရွေးပေးပြီးသော လယ်ကို မူလလယ်ပိုင်ရှင်လက်ထဲသို့ ပြန်အပ်ပြီး ဆက်လက်၍ ထွန်ယက်စိုက်ပျိုးစေသည်။

ဦးဘိုးယွန်းသည် မြန်မာ့လယ်ယာမြေထဲသို့ တိုင်းတစ်ပါးသား ချစ်တီးများ လာရောက်ကြီးစိုးပြီး မြန်မာ့လယ်ယာကို လက်ဝါးကြီးအုပ်ထားသည်ကို သဘောမကျပေ။

ဦးဘိုးယွန်းသည် သူ့ကိုယ်သူ မျိုးချစ်စိတ် ရှိကြောင်းနှင့် ချစ်တီးများကို မြန်မာ့မြေပေါ်မှ နှင်ထုတ်ရမည် ဟူသော စကားများကိုမူ သူ၏ တစ်သက်တွင် တစ်ခွန်းတစ်ပါဒမျှ မပြောပေ။ သို့သော်လည်း ချစ်တီးများ မတရားသဖြင့် ကုပ်သွေးဆုပ်နေသည်ကိုမူ ဦးဘိုးယွန်း သူ့နည်းသူ့ဟန်နှင့် ဆန့်ကျင်လေသည်။

ဦးဘိုးယါန်းသည် သူ၏ ငွေကြေးဓန အင်အားနှင့် မြန်မာလယ်သမားများကို ကုပ်သွေးစုပ်နေသောချစ်တီးများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးသည်။

သူဌေးကြီး ဦးဘိုးယွန်းသည် ချစ်တီးရန်ကို ကာကွယ်ရင်း လယ်မြေများကို လိုက်ဝယ်ရင်းမှ တဖြည်းဖြည်း သူကိုယ်တိုင် မြေပိုင်ရှင်ကြီးဖြစ်လာသည်။





ညောင်ရမ်းရွာ တစ်ဝိုက်နှင့် ရှမ်းရွာ၊ နထိုးရွာနှင့် ပျော်ဘွယ်မြို့နယ်တစ်ဝိုက်တို့တွင် ဦးဘိုးယွန်း ပိုင်ဆိုင်သော လယ်မြေများ အမြောက်အမြား ဖြစ်လာသည်။ လက်ညှိုးထိုးမလွဲ ဖြစ်လာသည်။

အချို့သော လယ်သမားများက "မထူးပါဘူးကွာ၊ တို့လယ်မြေတွေ ကုလားချစ်တီးလက်က မြန်မာချစ်တီးလက်ကို ပြောင်းသွားတာပဲ ရှိပါတယ်။ တို့ကတော့ နင်းပြားဘဝကနေ နင်းပြားဘဝပါပဲ" ဟု ဆိုလေသည်။

အချို့ကလည်း "ကုလားချစ်တီးနဲ့ မြန်မာချစ်တီး မထူးပါဘူးကွာ၊ မြန်မာချစ်တီးတွေကလဲ တို့လယ်သမားတွေကို ချစ်လို့ ဆိုပြီး တီးတီးသွားတာပါပဲ"ဟု ဆိုလေ့ရှိသည်။

အမှန်မှာ မြေပိုင်ရှင်ကြီး ဦးဘိုးယွန်းသည် ကုလားချစ်တီးများလောက် မဆိုပါပေ။ ဦးဘိုးယွန်းသည် မြန်မာလူမျိုး ပီပီ အခြားလူများ ကိုယ့်မြန်မာအမျိုးသားချင်း ချစ်သလောက် ချစ်ရာပါသည်။

ချစ်တီးများ မြန်မာ့လယ်ယာမြေထဲ ဝင်လာသည်မှာ သူတို့ကြီးပွားချမ်းသာဖို့ "အတိုး" အတွက်ကိုသာ ရည်စူးခဲ့ပါသည်။ ဦးဘိုးယွန်းမှာမူ မြန်မာပီပီ "အမျိုး" အတွက် ရည်စူးပါသည်။

ဦးဘိုးယွန်း ပိုင်ဆိုင်သော လယ်မြေများတွင် လယ်လုပ်ကြသော သူရင်းငှားများမှာ ဦးဘိုးယွန်း၏ လယ်များ လုပ်နေသည့်ကာလပတ်လုံး သူတို့၏ စားဝတ်နေရေးကို မပူရပေ။ ဦးဘိုးယွန်း



www.burmeseclassic.com

www.burmeseclassic.com



က တာဝန်ယူပါသည်။

လယ်ပျက်ပြီး ရောဂါကပ် ကျရောက်သော သရောကြီးခိုင်းသောကာလများ၌ အခြားလယ်သမားများ ပြောင်းဆန်၊ လူးဆပ်များ စားရသော်လည်း ဦးဘိုးယွန်း၏ လယ်သမားများမှာ သရောကြီးခိုင်းရာတွင် မပါပေ။ ဦးဘိုးယွန်းသည် သူ၏ စပါးကျီထဲမှ စပါးများကို စတီးဘရားသား ပွဲစားများ လက်သို့ မိည့်ဘဲ သူ၏ လယ်သမားများကို လောက်ငအောင် ကျွေးမွေးပါသည်။

ထို့ပြင် ရွာနီးချုပ်စပ်မှ ဆင်းရဲသား လယ်သမားများက ဦးဘိုးယွန်းထံသို့ သွားပြီး စပါးတောင်းလျှင် ဖြစ်စေ၊ ချေးလျှင် ဖြစ်စေ ဦးဘိုးယွန်းက ရက်ရက်ရောရော ထုတ်ပေးပါသည်။ ဦးဘိုးယွန်းသည် လို့လဥဿဟ စိုက်ထုတ်သော်လည်း ကံကြမ္မာကြောင့် ဆင်းရဲသော လူရိုးလူကောင်းများကို အမြဲကူညီသည်။

ပျင်းရိရုံမက အကျင့်စရိုက် မကောင်းဘဲ အရက်သောက်၊ ဖဲရိုက်၊ ခိုးဆိုးချင်သူများကိုမူ ဦးဘိုးယွန်းသည်အကူအညီ ပေးလေ့မရှိပါ။

ဦးဘိုးယွန်းသည် ထိုလူမျိုးကို "ပျင်းကလဲပျင်း၊ မိုက်ကလဲမိုက်တဲ့ လူမျိုးကို ဘိုးယွန်းမပြောနဲ့ သိကြားမင်းကြီး ဆင်းကယ်တောင် မရဘူး" ဟု ဆိုလေ့ရှိပါသည်။

ထိုစကားမှာ ဦးဘိုးယွန်း၏ လက်သုံးစကား ဖြစ်ပါသည်။ ဦးဘိုးယွန်းသည် မြေပိုင်ရှင်ကြီး ဖြစ်လာသောအခါ သူ၏ လယ်ယာ





မြေများကို စီမံခန့်ခွဲရန်အတွက် ညောင်ရမ်းရွာထဲမှ ဦးဘိုးသိန်း၏ သား ကိုစံလှနှင့် ဦးဘကြီး၏သား ကိုကံပေါ်တို့ နှစ်ယောက်ကို ခန့်ထားလေသည်။

ဦးဘိုးသိန်းနှင့်ဦးဘကြီးတို့မှာ ဦးဘိုးယွန်းနှင့် ဆွေနီးမျိုး ်တော်ကြသည်။ ဦးဘိုးသိန်းက ဦးဘိုးယွန်းနှင့် ပို၍ ဆွေမျိုး ်ပြီး ရင်းနှီးသည်။ ဦးဘိုးသိန်းက ဦးဘိုးယွန်ထက် အသက်ကြီး ည်း

ထို့ကြောင့် ဦးဘိုးယွန်းက ဦးဘိုးသိန်းအား "ကိုကြီးသိန်း" ခေါ်သည်။ ဦးဘိုးယွန်းက ဦးဘိုးသိန်းအား အလွန် လေးစား ည်။ ဦးဘိုးသိန်းအား ဦးဘိုးယွန်းက လေးစားခြင်းမှာ ဆွေမျိုး ်တော်ရုံကြောင့်မဟုတ်။ ဦးဘိုးသိန်း၏ လေးစားဖွယ်ကောင်း ာ အနေအထိုင် အပြုအမူ အပြောအဆိုကြောင့် ဖြစ်၏။

ဦးဘိုးယွန်း ဆင်းရဲစဉ်အခါက ဦးဘိုးယွန်းအား မည်သူက ည့်မကြည့်ခဲ့ပေ။ ဦးဘိုးသိန်း တစ်ယောက်သာလျှင် ဦးဘိုးယွန်း ထိုင်သော လေးထပ်ကျောင်း မဟာရံတံတိုင်း နံဘေးရှိ တစ်ဖက် ်တဲကလေးသို့ သွားပြီး စားစရာ သောက်စရာနှင့် အဝတ် းများ ပေးကမ်းသည်။

ထိုသို့ ပေးကမ်းသော်လည်း ဦးဘိုးသိန်း ကိုယ်တိုင်က ယ်ဝချမ်းသာ၍ မဟုတ်။ ဦးဘိုးသိန်းမှာလည်း သာမန် ယ ား တစ်ဦးမျှသာ ဖြစ်သည်။ သို့သော် ဦးသိန်းက ဦးဘိုးယွန်း

www.burmeseclassic.com



အား ဆွေမျိုးတစ်ယောက်ဟု အသိအမှတ်ပြုပြီး နိမ့်ပါးနေချိန်တွင် မရှိရှိတာ ပေးကမ်းစွန့်ကြဲခြင်း ဖြစ်သည်။

မာနကြီးသော ဦးဘိုးယွန်းကလည်း သာမန်အချိန်တွင် ဦးဘိုးသိန်းထံမှ အကူအညီကို မယူ။ ဦးဘိုးသိန်း ပေးကမ်းစွန့်ကြဲသည်ကို လက်မခံပေ။ ဦးဘိုးယွန်းကိုယ်တိုင် ဖြစ်စေ၊ အိမ်သားတစ်ဦးဦးဖြစ်စေ မကျန်းမာသောအခါမှ ဦးဘိုးသိန်း၏ အကူအညီကို လက်ခံလေ့ရှိသည်။

ယခု ဦးဘိုးယွန်းသည် ကြီးမားသော တိုက်အိမ်ကြီးနှင့် ချမ်းသာလာသောအခါ သူဌေးကြီး ဦးဘိုးယွန်းအား ရွာနီးချုပ်စပ်မှ အစ ရွာသားအားလုံး မောင်မောင်ဘာဘာ လုပ်သော်လည်း ဦးဘိုးသိန်းတစ်ယောက်ကမူ ဦးဘိုးယွန်းအား "ဘိုးယွန်းရေ မင်းကချမ်းသာလာပြီဆိုတော့ မင်းအိမ်ကို ငါလာရင် မင်းချမ်းသာလာလို့ ငါက လာပြီး ခစားတယ်လို့ အများက ထင်ကြလိမ့်မယ်၊ အဲဒီတော့ ငါတော့ မင်းအိမ်ကို မလာတော့ဘူး၊ အကြောင်းကိစ္စရှိရင် မင်းသာ ငါ့အိမ်လာခဲ့" ဟု ဆိုလေသည်။

ညောင်ရမ်းရွာ တစ်ရွာလုံးမှ ရွာသူရွာသားများသည် လယ်ယာ ကိစ္စကြောင့်ဖြစ်စေ၊ အလှူအတန်းကြောင့်ဖြစ်စေ တစ်နည်း မဟုတ် တစ်နည်း ဦးဘိုးယွန်းအိမ်သို့ လူတိုင်းလိုလို ရောက်ဖူးကြသည်။ ဦးဘိုးသိန်း တစ်ယောက်မှာမူ ဦးဘိုးယွန်း၏ အိမ်သို့ လုံးဝ မရောက်ဖူးပေ။ ဦးဘိုးယွန်းအိမ်သို့ လုံးဝ မရောက်





ဖူးသူမှာ ညောင်ရမ်းရွာတွင် ဦးဘိုးသိန်း တစ်ယောက်သာ ရှိသည်ဟု ညောင်းရမ်းရွာတွင် ပြောစမှတ်ပြုကြသည်။

ဦးဘိုးသိန်းသည် ဦးဘိုးယွန်း အိမ်တက် ဆွမ်းကျွေးမှအစ ညသည့် အလှူအတန်းမျှ မရောက်ပေ။ ဦးသိန်းနှင့် ဦးဘိုးယွန်းတို့သည် ဥပုသ်နေ့၌ ဘုန်းကြီးကျောင်းတွင် ဖြစ်စေ ဦးဘိုးသိန်း၏ အိမ်တွင် ဖြစ်စေ တွေ့ဆုံကြသည်။

များသောအားဖြင့် ဦးဘိုးယွန်းသည် မကြာခဏ ဦးဘိုးသိန်း အိမ်သို့ စားစရာသောက်စရာ တစ်ခုခုကို ကိုကြီးသိန်း စားဖို့ဟု ဆိုကာ သွားပေးရင်း စားပြောလေ့ ရှိကြသည်။

ဦးဘိုးသိန်းတွင် ကိုစံလှနှင့် ကိုမောင်သိုက်တူသော သားနှစ်ယောက် ရှိရာ ဦးဘိုးသိန်း၏ သားအကြီးဖြစ်သူ ကိုစံလှအား သူ၏ လယ်ပွဲများကို ကြည့်ရှုစောင့်ရှောက်ရန် လစာပေး ခန့်ထားသည်။

ဦးဘိုးယွန်း၏ လယ်ယာများမှာ များပြားလွန်းလှသဖြင့် ဦးဘကြီး၏ သား ကိုကံပေါ်ကိုလည်း ကိုစံလှနည်းတူ ခန့်ထားလေသည်။ ဦးဘကြီးမှာ ဦးဘိုးယွန်းနှင့် ဆွေမျိုးနီးစပ်တော်သည်။ ဦးဘိုးသိန်းလောက် မျိုးဆက်မနီးလှပေ။ ထို့ကြောင့် ဦးဘိုးယွန်းနှင့် ဦးဘကြီးတို့မှာ ဦးဘိုးယွန်းနှင့် ဦးဘိုးသိန်းတို့ လောက် ရင်းနှီးမှု မရှိပေ။

ဆွေမျိုးထဲတွင် ဦးဘိုးယွန်းက ဦးဘိုးသိန်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အလေးစားဆုံးနှင့် အားအထားဆုံးဖြစ်သည်။ မည်သည့် ကိစ္စ မဆို ဦးဘိုးယွန်းသည် သူ၏ ကိုကြီးသိန်းနှင့်သာ ပြေး၍တိုင်ပင်လေ့ရှိသည်။

ဦးဘိုးယွန်းသည် သူ၏ လယ်ယာများကို ကြီးကြပ်ရသော သူ၏ ကိုယ်စားလှယ် ကိုစံလုနှင့် ကိုကံပေါ်တို့ကို ကောင်းမွန်စွာထားသည်။ ကိုစံလုနှင့်ကိုကံပေါ်တို့ လယ်ထဲ ဆင်းရန် မြင်းတစ်ကောင်စီနှင့် ရာလေးစက်ဘီးတစ်စီးစီ ဝယ်ပေးသည်။

ကိုစံလုနှင့် ကိုကံပေါ်တို့မှာ ဇလကောင်းကောင်း ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသကြသည်။ သူတို့နှစ်ယောက်မှာ လုံးတူရုပ်တူဖြစ်၍ ရွာထဲမှ လူပြောင်လူနောက်များက သူတို့အား ဦးဘိုးယွန်း၏ နွားတစ်ရှဉ်းဟု ကျီစယ်ကြသည်။

ဦးဘိုးယွန်းကမူ အိုးခွက်ဝန်းကန်က အစပါသော သူ၏ ခြောက်စထောင် လှည်းယာဉ်ကလေးနှင့်သာ သူ၏ လယ်ထဲသို့ ဆင်းလေ့ရှိသည်။

တစ်ခါတစ်ရံ သူတို့သုံးယောက် လယ်ထဲသို့ အတူဆင်းကြလျှင် ဦးဘိုးယွန်းက လှည်းယာဉ်စီးပြီး ကိုစံလုနှင့် ကိုကံပေါ်တို့ မြင်းကိုယ်စီနှင့် လှည်းယာဉ်၏ ဘေးတစ်ဖက်တစ်ချက်စီမှ လိုက်ရသည်။

လှည်းယာဉ်ကလေးကို မြင်းစီးသမား နှစ်ယောက်က ခြံရံပြီး သွားကြသည်ကို ကြည့်ရသည်မှာ အလွန်ကြည့်ကောင်း





လေသည်။

လှည်းယာဉ်ပေါ်မှ မြေပိုင်ရှင်သူဌေးကြီး ဦးဘိုးယွန်းမှာလည်း ပီတိတွေဖြာပြီး တပြုံးပြုံး ဖြစ်နေလေသည်။

ထိုသို့ ဦးဘိုးယွန်း လှည်းယာဉ်ကြီးစီးပြီး မြေပိုင်ရှင်သူဌေးကြီး စတိုင်မျိုး ဟိတ်ဟန်ထုတ်နေသည်ကို ဦးဘိုးသိန်းက သဘောမကျပေ။

"ဟေ့ . . . ဘိုးယွန်း၊ မင်းက လှည်းယာဉ်ကြောကြော့ စီးပြီး သူခိုးဓားပြတွေ မျက်စိကျအောင် လက်ယပ်ခေါ် နေတာလား၊ ဒီလိုသာ မင်း ဟိတ်ဟန်ထုတ်နေရင် တစ်နေ့ကျရင် မင်းဓားပြတိုက်ခံချင်ခံရ၊ ပြန်ပေးဆွဲ ခံချင်ခံရလိမ့်မယ်" ဟု ဦးဘိုးသိန်း သတိပေးရလေသည်။

ဦးဘိုးသိန်း၏ စကားကို ကြားရသည်နှင့် ဦးဘိုးယွန်းက "ဩန်တော် မှားပါပြီ ကိုကြီးသိန်း" ဟု ဆိုကာ လှည်းယာဉ်ကို ထိုသည့်အခါမှ မစီးတော့ပေ။ ထိုလှည်းယာဉ်ကို ရွာကျောင်းဆရာတော် ခရီးသွားသောအခါမှသာ အသုံးပြုတော့သည်။

ဦးဘိုးယွန်းမှာမူ စက်ဘီးစီးသင်ပြီး စက်ဘီးစီးတတ်သွားသောအခါ ရာလေးစက်ဘီး တစ်စီးနှင့်သာ ရွာနီးချုပ်စပ်ရှိ သူ၏ လယ်ပွဲများရှိရာသို့ သွားလေတော့သည်။ သူ၏ လက်ရုံးများဖြစ်သော ကိုစံလုနှင့် ကိုကံပေါ်တို့ကား သူ၏ စက်ဘီးနောက်မှ လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးလက်သို့ အကြွေးနှင့်ဆုံးတော့မည့် မြန်မာ့လယ်သမားတို့၏ လယ်များကို ဝယ်ရာမှစပြီး ထိုလယ်ပွဲကလေး အထွက်ကောင်းတယ်၊ သည်လယ်ပွဲကလေး အထွက်ကောင်းတယ်နှင့် ဝယ်ခဲ့ရာမှ အစပြုပြီး ယခုအခါ ဦးဘိုးယွန်းသည် မြေပိုင်ရှင်ကြီးလုံးလုံး ဖြစ်နေပေပြီ။

ထိုအခါ ဦးဘိုးယွန်းသည် လှည်းယာဉ်တစ်စီး၊ ရာလေးစက်ဘီးတစ်စီးနှင့် လယ်ထဲတွင် အလုပ်ရှုပ်နေတော့သည်။

သူတို့၏ အရှင်သခင် ဦးဘိုးယွန်းသည် လယ်ထဲ၌ အလုပ်ရှုပ်နေသောအခါ ဦးဘိုးယွန်း၏ လက်စွဲများ ဖြစ်သော ကိုစံလှနှင့်ကိုက်ပေါ် တို့မှာလည်း ယားလျှင်ကုတ်ဖို့ အချိန်မရအောင် ပင်အလုပ်များနေရတော့သည်။

ထိုသို့ မြေပိုင်ရှင်ကြီးဘဝနှင့် လယ်ထဲ၌ အလုပ်များနေစဉ်တစ်ညသ၌ ဦးဘိုးယွန်းသည် အိပ်မက် မက်သည်ဟု ဆို၏။

ဦးဘိုးယွန်း၏ အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးက ဦးဘိုးယွန်းထံသို့ လာပြီး "ဘိုးယွန်း၊ ငါက မင်းကို သာသနာပြုဖို့ပေးတဲ့ ပစ္စည်းတွေကို မင်းက မသမာမှု ပြုနေပါလား" ဟု ဆိုသည်။

ထိုအိပ်မက်ကို မက်ပြီးနောက် ဦးဘိုးယွန်းသည် ကယောင်ချောက်ချားနှင့် အိပ်ရာမှ လန့်နိုးလေသည်။

ထမင်းလုံးတစ္ဆေခြောက်ခံရသလို ဦးဘိုးယွန်းသည် ထိတ်





တုန်လှုပ်ပြီး စိတ်ထဲ၌ အလွန်ချောက်ချားနေလေသည်။

ဦးဘိုးယွန်းသည် တုန်တုန်ယင်ယင် ဖြစ်နေပြီး ခန္ဓာကိုယ် လုံးမှာလည်း ချွေးစေများနှင့် နစ်နေသည်။ ဦးဘိုးယွန်း သည် ၌ မီးလိုပူပြီး အာခေါင်များ ခြောက်ကာ ရေအလွန် ငတ်လေသည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် မနီးမဝေးတွင် အိပ်နေသော သိုင်းချိုကို အိပ်ရာမှ နှိုးပြီး ရေတောင်းသောက်ရလေသည်။

ဦးဘိုးယွန်းသည် သူတို့ အိပ်ခန်းတွင်းရှိ ရေတကောင်းထဲ အေးအေးကို ငွေဖလားနှင့်ထည့်ပြီး သောက်လိုက်ရသော ကတုန်ကယင် ဖြစ်နေသော သူ၏ စိတ်များ ငြိမ်သက်လာ

ဦးဘိုးယွန်းသည် သူ့အား အကြီးအကျယ် တုန်လှုပ်ချောက် သော အိပ်မက်ကို သူ၏ ဇနီး ဒေါ်သိုင်းချိုအား ပြောပြသည်။

"မသိုင်းချိုရေ ငါတို့ အခုလို ပစ္စည်းတွေရလာတာ ဘုရား င်းကန်တည်ဆောက်ပြီး သာသနာပြုဖို့လို့ အစက ငါပြော မဟုတ်လား၊ ငါလဲ လယ်သမားတွေကို ချစ်တီးနှိပ်စက်တာ င်လို့ လယ်တွေ လျှောက်ဝယ်ရင်းက မြေပိုင်ရှင် ဖြစ်လာတယ် လေးတင် ငါ့အိပ်မက်မက်တယ်၊ သာသနာပြုဖို့ ပေးတဲ့ ပစ္စည်း ဘာဖြစ်လို့ မသမာမှု ပြုနေရသလဲတဲ့၊ မှန်တာ ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ငါလဲ မြေပိုင်ရှင်ကြီးဘဝနဲ့ သာသနာပြုဖို့ မေ့လျော့နေမိတယ် ရှေ့အဖို့ဆိုရင် ငါဘုရားကျောင်းကန် ဆောက်ရတော့မယ်" ဟု ဆိုလေသည်။

ဒေါ်သိုင်းချိုက "ကောင်းတာပေါ့တော်၊ ဟိုတုန်းက ရှင် မြေပိုင်ရှင်ကြီး၊ အခုတော့ ဘုရားဒကာ ကျောင်းဒကာ ဖြစ်ရ မှာပေါ့" ဟု ဆိုလေသည်။

ဒေါ်သိုင်းချိုမှာ အရာရာကို အကောင်းဘက်ကသာ တတ်ပြီး ကိုယ်သက်သာသလိုသာ လှည့်နေတတ်သူ ဖြစ် ဦးဘိုးယွန်း၏ တုန်လှုပ်ချောက်ချားမှုကို ဒေါ်သိုင်းချို၏ စကာ သက်သာရာ ရစေသည်။

မြေပိုင်ရှင်ကြီးဘဝတွင် တပည့်လက်သား အစုံအလင် သာယာ ပျော်မွေ့နေသော ဦးဘိုးယွန်းသည် အိပ်မက်က သတိ ၍ သူသည် မြေပိုင်ရှင်ကြီးဘဝနှင့်သာ ယစ်မူးနေနေမိသော အ ကို သတိရမိလေသည်။

မြေပိုင်ရှင်ဘဝမှ ဘုရားဒကာ ဖြစ်တော့ ပိုကောင်း ပေါ့ဟူသော ဒေါ်သိုင်းချို၏ စကားကို ဦးဘိုးယွန်း ကြားရ အခါ ဦးဘိုးယွန်းသည် ဒေါ်သိုင်းချိုအား ကျေးဇူးတင်မိပေသည်

အိပ်မက်ကြောင့် တုန်လှုပ်ချောက်ချားနေသော ဦးဘိုးယ မှာ သူ့ဇနီး၏ စကားကြောင့် တုန်လှုပ်ချောက်ချားစရာ မဟုတ် သူ့အဖို့ ပို၍ ဂုဏ်တက်စရာ အဖြစ်ဟုသာ မြင်သွားလေသည်





ဦးဘိုးယွန်းက အိပ်မက်အကြောင်းကို ပြန်တွေးနေရင်းမှ သက်ပြင်းကိုချပြီး သူ့ဇနီး ဒေါ်သိုင်းချိုအား ချီးကျူးလေသည်။

"အိမ်း မင်းကတော့ ကောင်းသလိုသာ လှည့်တွေးတတ်တာပဲ ငါ့မှာသာ မင်းလိုစိတ်မျိုးရှိရင် ဘယ်လောက်ကောင်းမလဲ မသိုင်းချိုရယ်" ဟု ဦးဘိုးယွန်းက ဆိုလေသည်။

ဒေါ်သိုင်းချိုက "လူမှန်ရင် ပူပန်ရတာတော့ ရှိတာပေါ့ရှင်၊ ဒါပေမယ့် အမြဲပူပန်နေလို့ ဖြစ်မလား၊ အဲဒီပူပန်မှုက ကိုယ့် ကိုယ်ပဲ ပြန်ပြီး လောင်ကျွမ်းသွားမှာပဲ မဟုတ်လား" ဟု ဆိုလေသည်။

မှန်ပါသည်။ ဒေါ်သိုင်းချိုသည် ကုန်းကောက်စရာ မရှိအောင် ဆင်းရဲစဉ်ကတည်းက ပူပန်စရာမှန်သမျှကို သိပ်တွေးခဲ့သူ မဟုတ်ပေ။ စားစရာမရှိအောင် ဆင်းရဲခဲ့သည်ကိုပင် ချက်ပြုတ်စရာ အလုပ်မများ၍ ပို၍ သက်သာသေးဟု ဆိုကာ ကြံဖန်ဖန် အကောင်းဘက်က လှည့်တွေးကာ ဒေါ်သိုင်းချိုသည် စိတ်ဖြေတတ်သူဖြစ်သည်။

လေးထပ်ကျောင်း မဟာရံတံတိုင်းကို အဖိချပြီး နေရစဉ် က ဦးဘိုးယွန်းနှင့်ဒေါ်သိုင်းချိုတို့ တဲကလေးမှာ ကြမ်းခုနစ်ချောင်း သာရှိခဲ့သည်။ ရှိခဲ့သော ကြမ်းခုနစ်ချောင်းမှာ ဆွေးမြေ့ပြီး ကျိုးကျ သွားလျှင်လည်း ဒေါ်သိုင်းချိုက နားပူနားဆာ လုပ်တတ် သူမဟုတ် ပေ။

ကြမ်းခုနစ်ချောင်းအိမ်နှင့်နေရပြီး ကြမ်းခြောက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုးသွားလျှင်ပင် ဒေါ်သိုင်းချုသည် ကျေးငှက်များ သစ်ကိုင်း တါင်းနားသလို နေမည့်သူများလားဟု ဦးဘိုးယွန်း တွေးထင်မိ၏။

ဒေါ်သိုင်းချုသည် ဝတ်စရာမရှိသဖြင့် လူလာလျှင် ပုတ်ထဲဝင်ပုန်းနေရလျှင်ပင် ဝတ်စရာမရှိလျှင် လျှော်စရာ သက်သာတာပေါ့ဟု တွေးမည့်သူဟု ဦးဘိုးယွန်း ထင်၏။

ယခုလို ချမ်းသာလာသောအချိန်တွင် ဒေါ်သိုင်းချုသည် ဝမ်းသာစရာ စကားတစ်ခွန်းပြောဖူး၏။ ထိုစကားမှာ "ချမ်းသာလာတော့ ကောင်းတာပေါ့ရှင်၊ ဒီနေ့ ငါဘာနဲ့ စားရမလဲ ဆိုတာ မပူရတော့ဘူး" ဟူ၍ဖြစ်၏။

မှန်ပါသည်။ ဦးဘိုးယွန်းသည် လှည်းကိုးစီးတိုက် ရတနာများရပြီး ချမ်းသာလာသော်လည်း ဒေါ်သိုင်းချုမှာ သိပ် ပျော်ရွှင်ပုံမရ။ မော်ကြွားဝါကြွားဖို့ အလုပ်ကိုလည်း ဒေါ်သိုင်းချု ဘယ်သောအခါမှ မလုပ်ခဲ့ပေ။

နှစ်ပေါင်းများစွာ နားပေါက်ဟောင်းလောင်းနှင့် နေရာမှ ယခုလို ချမ်းသာလာသောအခါ ဒေါ်သိုင်းချု၏ နားပေါက် အတွင်းသို့ စိန်အိုးစည် နားကပ်တစ်ရံ ရောက်လာသည်ကိုသာ ထူးထူးခြားခြား တွေ့ရသည်။

အခြား ထူးထွေဆန်းပြားသော လက်ဝတ်ရတနာများကို ဒေါ်သိုင်းချု၏ ခန္ဓာကိုယ်ပေါ်တွင် မတွေ့ရပေ။ ဦးဘိုးယွန်းသည် သိန်းပေါင်းများစွာ ချမ်းသာလာသော်လည်း ဒေါ်သိုင်းချုမှာ ချမ်း





သာလာပုံ မရပေ။ သူပြောသလိုပင် သူတို့ချမ်းသာလာခြင်းမှာ စားဖို့သောက်ဖို့ မပူမပင် နေရခြင်းသာ ထူးခြားလာသည်ဟု ဆိုရပေမည်။

ဒေါ်သိုင်းချုသည် ချမ်းသာလာသော်လည်း ဆင်းရဲစဉ်အခါက ဝတ်ပြတ်ခဲ့သည်ကို အတိုးချပြီး ဟင်းကောင်း ကျွေးကောင်းများ ချက်စားလိုက်မည်ဟု ကြိမ်းဝါးပြီး အိုးကြီးစရည်းကြီးများနှင့် ချက်ပြုတ်ကြော်လှော်ပြီး စားနေသူ မဟုတ်ပေ။

ဒေါ်သိုင်းချုအဖို့ ဟင်းကောင်း ကျွေးရုံသည် ပဲရေပဟင်းနှင့် လက်ပံပွင့်ပြုတ်တို့ နှမ်းနိုင်နိုင်နှင့် သုပ်ထားသော ဟင်းသာဖြစ်ပါ၏။

ဦးဘိုးယွန်းကမူ ယောက်ျားပီပီ အစားအသောက် မက်ချင်သေးသည်။ ဆင်းရဲတုန်းက အစားအသောက် ငတ်ပြတ်ခဲ့သည်ကို အတိုးချပြီး ဟင်းကောင်း ကျွေးရုံများကို ပျော်ဘွယ် ဈေးသို့ဖြစ်စေ၊ သာစည်သို့ဖြစ်စေ တကူးတကမှာပြီး ချက်ပြုတ်စားလေ့ ရှိ၏။

ထိုသို့ ဦးဘိုးယွန်းက ဟင်းကောင်းကျွေးကောင်းများ ချက်ပြုတ် စားသော်လည်း ဒေါ်သိုင်းချုကား ဟက်ဟက်ပက်ပက် မြိန်မြိန်ရှက်ရှက်မစားလှပေ။ ဇနီးအပေါ် စေတနာထားရှာသော ဦးဘိုးယွန်းက "စားစမ်းပါ သိုင်းချုရဲ့၊ ငါတို့ ငတ်တာ အတိုးချပြီး စားစမ်းပါ" ဟု ဆိုကာ တိုက်တွန်းလေသည်။

ထိုအခါ ဒေါ်သိုင်းချုက "ရှင့်ဝက်သားနှပ်နဲ့ ကြက်သားဆီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဟင်းက ကောင်းသလို ကျပ်ရဲ့ ပဲရေပွနဲ့ လက်ပံပွင့်သုတ်ကလဲ မညံ့ပါဘူးတော်၊ စားကြည့်ပါဦး" ဟု ဆိုလေ့ရှိသည်။

ဒေါ်သိုင်းချို အစားအသောက် မမက်မောပုံကို ကြည့်ပြီး တစ်ခါတစ်ရံ ဦးဘိုးယွန်းက သံသယရှိလေသည်။

ဦးဘိုးယွန်းက "သိုင်းချိုရယ် နင်ဒီလို ခြိုးခြံချွေတာ စားနေတာ ဟင်းကောင်းကျွေးကောင်းကို တကယ်ပဲ မကြိုက်လို့လား၊ ချက်ရပြုတ်ရမှာ ပျင်းလို့လား" ဟု မေးမြန်းလေသည်။

ဦးဘိုးယွန်းကမူ သိုးသားရလျှင်လည်း နှပ်စားရမှ၊ ယုန်သားရလျှင်လည်း ကင်စားရမှ ကျေနပ်ပေသည်။

ဦးဘိုးယွန်းသည် ဟင်းကောင်း ကျွေးကောင်း ချက်လျှင် မီးဖိုရှေ့တွင် ခွေးတလုံးလုံးနှင့် သူကိုယ်တိုင် ချက်ပြုလေ့ရှိသည်။ ဒေါ်သိုင်းချိုကို မချက်ခိုင်းပေ။

ဦးဘိုးယွန်းက သူတို့ ဆင်းရဲစဉ်အခါက ခါးစည်းပြီး အတူ ခံခဲ့ရသော ဇနီးဖြစ်သူ ဒေါ်သိုင်းချိုနှင့် သမီးဖြစ်သူ မသက်ဖူးတို့ကို ကောင်းပေ့ဟူသမျှသော အစားအစာများကိုစားချင်၏။ ညွှန့်ပေ့ ဟူသမျှသော အဝတ်အစားများကို ဝတ်စေချင်၏။

ရိုးရိုးနှင့်အေးအေး နေတတ်သော ဒေါ်သိုင်းချိုက ကောင်းတာလည်း မစား။ ညွှန့်တာလည်း မဝတ်၊ မူလ လက်တောင်း ခွေးတံဆိပ် ခေတ်ပြားဟောင်းကြီးဟုသာ ဆိုကြ၏။

ဒေါ်သိုင်းချိုမှာ ချမ်းသာခြင်း အရသာကို ထူးထူးကဲကဲ

❀ မိုးဆမ်းပန်းစာပေ



...မကြည့်ဘဲ ရိုးရိုးကြီး လုပ်နေသလောက် သူတို့သမီး မသက်ဖူး ...မှ သူ့အဖေချမ်းသာသမျှ သူ့တစ်ယောက်တည်း သုံးစွဲဖို့ဟု ...င်နေတော့သည်။

ဦးဘိုးယွန်း ရတနာပစ္စည်းများရပြီး ချမ်းသာလာချိန်တွင် ...က်ဖူး၏ အသက်မှာ (၁၄)နှစ် အရွယ်ဖြစ်သည်။ ဦးဘိုးယွန်း ...ည် ညောင်ရမ်းရွာလယ်ရှိ မြို့မရပ်ကွက်တွင် တိုက်အိမ်ကြီး ...ာက်လုပ်ပြီး တိုက်သစ်တက်ချိန်တွင် မသက်ဖူး၏ အသက်မှာ ...၅) နှစ်မှ (၁၆) နှစ်သို့အကူး အပျိုပေါက်စအရွယ် ဖြစ်လေသည်။

ဆင်းရဲသော သူများသည် ငတ်မွတ်သော ဘေးဒဏ်နှင့် ...ူ ပညာမတတ်သော ဘေးဒဏ်ကိုပါ ပူးတွဲခံစားရလေသည်။ ...ိုးယွန်းနှင့်ဒေါ်သိုင်းချိုတို့မှာ ဆင်းရဲသဖြင့် မသက်ဖူးသည် ပညာ ...တ်ခဲ့ပေ။ ငယ်စဉ်က လေးထပ်ကျောင်းဆရာတော်ဘုရားကြီး ...န်တော်မမူမီကသာ မသက်ဖူး တစ်နှစ်နီးပါးလောက် သင်ပုန်း ... သင်ခဲ့ရသည်။

ဆရာတော် ပျံလွန်တော်မူပြီးနောက် လေးထပ်ကျောင်းကြီး ... သံယာမဲ့နေရာ မသက်ဖူးတို့မှာ စာမသင်ရတော့ပေ။

ဦးဘိုးယွန်းသည် သူ၏ သမီးမသက်ဖူး စာမသင်ခဲ့ရ ...ကို ယူကျုံးမရ ဖြစ်ခဲ့ရလေသည်။ ညောင်ရမ်းရွာ၌ မူလတန်း ...င်းရှိသော်လည်း ဦးဘိုးယွန်းသည် ဆင်းရဲလွန်းသဖြင့် ...က်ဖူးကို ကျောင်းမထားနိုင်ခဲ့ပေ။

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်း ချမ်းသာလာသောအခါ ပထမဆုံး စဉ်းစား သည်မှာ သူ့သမီးကလေး မသက်ဖူးအား ပညာသင်ကြားပေး ရန်ဖြစ်သည်။ သို့သော် မသက်ဖူးမှာ ပညာသင်ရန် အရွယ်လွန်နေ ပြီဖြစ်သည်။

ဦးဘိုးယွန်းသည် သူကိုယ်တိုင် ရဟန်း (၅)ဝါ ရခဲ့ပြီး စာပေ၌ တီးမိခေါက်မိသော်လည်း လောကဓာတ်ပညာအရာ ရောက်ကြောင်းကို နားလည်သဘောပေါက်သည်။ ထို့ကြောင့် သူ့ သမီး မသက်ဖူးကို လောကဓာတ်ပညာ တတ်စေချင်သည်။ ခေတ်ပညာတတ် အမျိုးသမီးကလေး တစ်ဦးအဖြစ် သူ့သမီး မသက်ဖူးကို လောကကြီးအလယ်၌ တင့်တယ်စေချင်သည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် မသက်ဖူးကို ပညာသင်စေ ချင်သည်။ မသက်ဖူးမှာ အသက်ကြီးမှ စာသင်ရမှာကို ရှက်သဖြင့် ဦးဘိုးယွန်းသည် အိမ်တွင် ဆရာမခေါ်ပြီး မသက်ဖူးကို စာသင်စေ သည်။

ဦးဘိုးယွန်း၏ ရည်ရွယ်ချက်မှာ အိမ်တွင် ဆရာမခေါ် စာသင်ပေးပြီး အခြေခံရလျှင် အလွတ်ပညာသင်ကျောင်းသို့ ပို့၍ စာသင်ပေးရန် ဖြစ်သည်။

မသက်ဖူးက အိမ်တွင် ဆရာမ စာသင်သည်ကိုသာ လက်ခံ ပြီး အလွတ်ပညာသင်ကျောင်းသို့သွားပြီး စာသင်ရန်ကိုမူ စိတ်မ စားလှပေ။





အသက်ဖူးသည် အပျိုတော်ဝင်လာပြီဖြစ်၍ စာသင်ရန် အစား အလှပြင်ရန် ဝါသနာပါလာသည်။

ရွှေငွေစိန်ကျောက် လက်ဝတ်ရတနာများကို ပျော်ဘွယ်နှင့် ရမည်းသင်းမှ ပန်းထိမ်ဖိုများ၏ လက်ရာကို သဘောမကျဟု ဆိုကာ မန္တလေးအထိတက်ပြီး ရတနာပစ္စည်းများ ပြုလုပ်သည်။

အဝတ်အစားဆိုလျှင်လည်း ပေါ်သမျှ အဆင်ဆန်း မှန်သမျှ မသက်ဖူး၏ ခါးပေါ်သို့ ရောက်နေပြီဖြစ်သည်။

မသက်ဖူးအတွက် ပဒုမ္မာ၊ ရှန်ထည်၊ သရက်ထည်လုံချည်၊ တိုဘရက်ကိုး ဘရိုကိတ် စသော အထည်များကို ဝယ်ပေးရသူများ မှာ ကိုစံလှနှင့်ကိုကံပေါ်တို့ ဖြစ်သည်။

သူတို့ ပျော်ဘွယ်မြို့သို့ ကိစ္စနှင့်သွားပြီဆိုလျှင် ရိုးကုမ္ပဏီ ကိုယ်စားလှယ်ထံတွင် ရောက်နေသမျှ အဆင်ဆန်း အထည်ဆန်း များ နမူနာများကို မသက်ဖူးထံ ယူလာရသည်။ မသက်ဖူးက ပျော်ဘွယ်ရှိ ကိုယ်စားလှယ်များထံမှတစ်ဆင့် ရိုးကုမ္ပဏီ၊ မက်ဆင့် ကုမ္ပဏီ၊ ဘရတ်ဒလေး စသော ကုမ္ပဏီများသို့ အဝတ်အထည် များကို မှာကြားလေသည်။

ထိုကုမ္ပဏီများ၏ ကိုယ်စားလှယ်များက မသက်ဖူး လိုချင် သော အထည်အဆန်း အဆင်ဆန်းများကို ညောင်ရမ်းရွာရှိ အိမ် တိုင်ရာရောက် ပို့ပေးသည်။ ထို့ပြင် ညောင်ရမ်းရွာရှိ မသက်ဖူး တို့ တိုက်အိမ်ကြီးသို့ ရောက်ဖူးသော ပျော်ဘွယ်၊ သာစည်နှင့် မိတ္ထီလာ



www.burmeseclassic.com

www.burmeseclassic.com



တို့မှ အရောင်းကိုယ်စားလှယ်များသည် သူတို့ကုမ္ပဏီမှ အသစ်အဆန်း ပေါ်တိုင်း ညောင်ရမ်းရွာရှိ မြေပိုင်ရှင် သူဌေးသမီး မသက်ဖူးအား လာရောက်ပြသပြီး စပ်ဟပ်ကြသည်။

မသက်ဖူးသည် ထိုသို့ ရန်ကုန်မြို့ရှိ အထည်တိုက်ကြီးများနှင့် ဆက်သွယ်ပြီး အဝအစတ်ထည်များကို ဝယ်ယူရုံနှင့် အားမရသေးပေ။ သူဌေးသမီး မသက်ဖူးသည် ညောင်ရမ်းရွာ အရောက် စက်ဘီးနှင့် ရောက်လာသော တရုတ်လူမျိုး အထည်သည်များထံမှလည်း အထည်များကို ဝယ်ယူသေးသည်။

ထိုသို့ စက်ဘီးနှင့် အထည်လိုက်ရောင်းသော တရုတ်ကြီးများသည် ပါးစပ်က မြန်မာလို "ပိုးဖျင် ပိုးဖျင်" ဟု အော်ပြီး ညောင်ရမ်းရွာထဲသို့ ရောက်လာလေ့ရှိ၏။ တရုတ်ကြီးများသည် သူတို့၏ တရုတ်ပိုး၊ ဖဲဖျင်စသော အထည်များကို အထုတ်ကြီး ထုပ်ပြီး စက်ဘီးကယ်ရီယာ နှံပေါ်တွင် တင်ပြီး စက်ဘီး တစ်စီးနှင့် ရွာရိုးကိုးပေါက် "ပိုးဖျင် ပိုးဖျင်" ဟု အော်ကာ ရောင်းလေသည်။

ပိုးဖျင်ရောင်းသော တရုတ်ကြီးများသည် ရွှေသွားပေါ်အောင် ပြုံးကာ အလွန်သဘောကောင်းဟန်ရှိ၏။ ဈေးဝယ်သူများ ဈေးဆစ်သမျှကိုလည်း လျှော့ပေးလေ့ရှိ၏။ ထို့ကြောင့် မြန်မာများက ထိုပိုးဖျင်တရုတ်များကို သဘောကောင်းသည်ဟု ထင်ကာ ဝယ်ယူအားပေးလေ့ရှိ၏။ အမှန်မှာ ပိုးဖျင်ရောင်းသည့် တရုတ်များသည် ဈေးနှုန်းသက်သာစွာရသောနေရာမှ ပိုးထည် ပစ္စည်း





များကို ဝယ်ယူခဲ့ပြီး မတန်တဆ ဈေးတင်ကာ မြန်မာများက ဈေးဆစ်၍ လျှော့ပေးသော နည်းပရိယာယ်ကို သုံးကာ မြန်မာများ၏ အိပ်ကပ်ထဲမှ ငွေကို နှိုက်ယူသွားခြင်းသာ ဖြစ်ပါသည်။

ထိုပိုးဖျင်တရုတ်များကဲ့သို့ "ကာဗုဝါလား" ခေါ် ကုလားလူမျိုး အထည်သည်များလည်း ရှိသေး၏။ ထို ကာဗုဝါလား ခေါ် ကုလားလူမျိုး အထည်သည်များမှာ အာဖဂန်နစ္စတန် ခေါ် နိုင်ငံမှ ပထန်ကုလားမျိုးများဖြစ်၏။ ပထန်ကုလား လူမျိုးများသည် အရပ်အလွန်မြင့်၏။

ထိုပထန် ကုလားကြီးများသည် တရုတ်ပိုးဖျင်ရောင်းသူများကဲ့သို့ စက်ဘီးမစီးပေ၊ တစ်ရွာဝင် တစ်ရွာထွက် ခြေကျင်လျှောက်၏. သူတို့သည် ကြီးမားသော အထည်ထုတ်ကြီးကို ထမ်းရန် ရှည်လျားသော ဝါးရင်းတုတ်ကဲ့သို့ တုတ်ရှည်ကြီးများကို သွားလေရာ ယူဆောင်လာလေ့ရှိ၏။

ကာဗုဝါလား ပထန်ကုလားများသည် ထိုတုတ်ရှည်ကြီးများကို အထည်ထုပ်ထမ်းရန်လည်း အသုံးပြု၏။ လမ်းခရီးတွင် ဆိုးသူခိုးများက လုယက်လျှင်လည်း ထိုတုတ်ရှည်ကြီးများနှင့် ခုခံကာကွယ်လေ့ရှိ၏။

ထို ပထန်ကုလားကြီးများသည် တုတ်ရှည်သိုင်းကိုလည်း တတ်သည်ဟု ဆို၏။ ပထန်ကုလားကြီးများမှာ အရပ်အမောင်း အလွန်ကောင်းပြီး သတ္တိလည်း အလွန်ကောင်း၏ လူတိုး ၃ ၄



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုမူ သူတို့ တုတ်ရှည်သိုင်းနှင့် ခုခံကာကွယ်လေ့ ရှိ၏။

ထိုကာဗုဝါလား ပထန်ကြီးများသည် သူတို့ အထည်ရောင်းရာတွင် အကြွေးလည်း ပေးလေ့ရှိသည်ဟု ဆို၏။ သူတို့ အကြွေးပေးထားသူများသည် သူတို့အကြွေးကို မပေးဘဲ သေဆုံးသွားပါက သင်္ချိုင်းကုန်းထိလိုက်ပြီး အကြွေးတောင်းသည်ဟု ဆိုကြ၏။

သူတို့၏ တုတ်ရှည်ကြီးများနှင့် သူ့အကြွေးမပေးဘဲ သေဆုံးသွားသူ၏ သင်္ချိုင်းမြေပုံသို့သွားကာ ထိုတုတ်ရှည်ကြီးများနှင့် ထောက်ကာ နောင်ဘဝတွင် သူ့အကြွေးလာပေးရန် အကြွေးတောင်းသည်ဟု ဆိုသည်။

ထို့ကြောင့် ထိုခေတ်ထိုအခါက လူကြီးသူမများ အကြွေးယူထားသူများကို ငါတို့တော့ ပထန်ကုလားလို သင်္ချိုင်းကုန်းအထိ အကြွေးလိုက်တောင်းမှာဟု ပြောလေ့ရှိသည်ဟု ဆို၏။

ထိုတရုတ်ပိုးဖျင်ရောင်းသူများက ဧကဘီးနှင့်လည်းကောင်း ကာဗုဝါလားခေါ် ပထန်ကုလားများက ရှာရိုးကိုးပေါက် ခြေကျင်မလျှောက်ကာသူတို့ အထည်များကို ရောင်းချနေချိန်တွင် ကျွန်ုပ်တို့ မြန်မာပိုးကုန်သည်များက မြို့ကြီးပြကြီးများတွင် ပိုးထည်တိုက်ကြီးများဖွင့်ကာ ပိုးကုန်သည်များ လုပ်ကြကုန်၏။

ထိုမြန်မာ ပိုးကုန်များအား မြန်မာအချင်းချင်းက ဝံသာနု စိတ်ဓာတ်နှင့် အားပေးဝယ်ယူကြရာ ထိုခေတ်က ပိုးထည်တိုက်ဖွင့်





သော လုပ်ငန်းမှာ စီးပွားရေး လမ်းအဆင်ပြေကာ မြန်မာ လူမျိုးတို့၏ ဂုဏ်ဆောင်သော မျက်နှာ အလွန်ပွင့်သည့် လုပ်ငန်းဖြစ်၏။

ထို့ပြင် ထိုခေတ်အခါတွင် မိန်းမနောက်ပိုး အလွန်သန်သော ကာလသားများကိုလည်း "ပိုးကုန်သည်" ဟု ကာလသားအချင်းချင်း ကျီစယ်ပြီး နောက်ပြောင်ခေါ်လေ့ရှိ၏။

မသက်ဖူးကား မြို့ကြီးပြကြီးရှိ ပိုးတိုက်များမှ ပိုးထည်များကိုလည်း ဝယ်၏။ ဧကဘီးနှင့်လာရောင်းသော ပိုးဖျင်တရုတ်ကြီးထံမှလည်း တရုတ်ဖဲဖျင်နှင့် ပိုးထည်များကိုဝယ်၏။ ကာဗုဝါလားခေါ် ပထန်အထည်သည်ကြီးများထံမှလည်း အိန္ဒိယပြည်ဖြစ် အထည်ဆန်းများကို ဝယ်လေ့ရှိ၏။

ထိုသို့ မသက်ဖူး အဝတ်ဆန်းပေါ်တိုင်း ဝယ်နေသည်ကို ဦးဘိုးယွန်းသည် တစ်ခွန်းတစ်ပါဒမျှ မပြောပေ။ သူတို့ ဆင်းရဲစဉ်အခါက သူ၏ သမီးကလေး မသက်ဖူးသည် ဂါကယာခေါ် ဂါဝန်အကျီ တစ်ထည်ကိုသာ ဝတ်ဆင်ခဲ့ဖူးသည်။

ဂါဝန်အကျီတစ်ထည်ဟောင်း၍ တစ်ထည်လဲစရာမရှိပေ။ ကလေးပီပီ ဆော့ကစားရင်း ဂါဝန်အကျီ ရေစိုသွားလျှင် နေလှန်းပြီးမှ ဂါဝန်ပြန်ဝတ်ပေးရသည်။ ဂါဝန်အကျီ လျှော်ဖွတ်သော ရက်များဆိုလျှင် အကျီကို ချွတ်လျှော်နေစဉ် အကျီ မခြောက်အခါး မသက်ဖူးကလေးကို စောင်ကြမ်းပတ်၍ ထားရသည်။

ယခုချမ်းသာလာချိန်တွင် မသက်ဖူးသည် အတိုးချပြီး

www.burmeseclassic.com



အဝတ်အထည်များ ဝတ်သည်ကို ဦးဘိုးယွန်းသည် မတားမြစ်ရက်ပေ။

ဦးဘိုးယွန်းသည် စည်းကမ်းရှိသူဖြစ်ရာ ငွေကြေး သုံးစွဲရာတွင် အသုံး မဟုတ်ပဲ အဖြုန်း ဖြစ်မည်ကိုပင် စိုးရိမ်လှ၏။

သို့သော် သမီးကလေး မသ်ကဖူး စိတ်မချမ်းမသာ ဖြစ်မည်စိုး၍ အသုံးနှင့်အဖြုန်း ခွဲခြားသိရန် ပြောမထွက်ပေ။

ဒေါ်သိုင်းချုံကသာ ရယ်သလို မောသလိုနှင့် "ငါတို့ သမီး မသက်ဖူးက ဒီလောက်အဝတ်အထည်တွေ ဝယ်နေတာ သူဝတ်ဖို့ မဟုတ်ပါဘူး ငါတို့ ညောင်ရမ်းရွာမှာ အထည်ဆိုင် ဖွင့်ဖို့ဖြစ်မှာပါ" ဟု ကျီစယ်လေ့ရှိ၏။

မသက်ဖူးက သူ့အမေ၏ ရင်ခွင်ကို ခေါင်းနှဲ့ထိုးကာ "ဘာလဲ မေမေက သမီးဝတ်တာစာတာ မကြိုက်လို့လား" ဟု နှုတ်ခမ်းစူပြီး မေးလေ့ရှိ၏။

ဒေါ်သိုင်းချုံက "သမီးရယ် . . . သမီးဝတ်သမျှ အဝတ်တွေက မေမေတို့ညောင်ရမ်းရွာမှာ ပွဲထိုင်သွားရင် ဝတ်ရမယ့် အဝတ်အစားတွေချည်းပဲ မေမေတို့ ညောင်ရမ်းရွာမှာ ပွဲနေပွဲထိုင်ထသိပ်ရှိတာမှ မဟုတ်တာဘဲ၊ သမီးဝတ်တဲ့ အဝတ်အစားတွေ အလကားနေရင်း ဆွေးချင်ဆွေးသွား၊ ဒါမှမဟုတ် သမီး အိုးမင်းရင့်ရော်တဲ့ အဘွားကြီးအရွယ်ထိ ဝတ်လို့စားလို့ ရတယ်" ဟု ဆိုလေသည်။





မသက်ဖူးက "အဝတ်အထည်တွေကို ဝတ်ချင်လို့ သမီးက ဝတ်တာမှ မဟုတ်ဘဲ မေမေရဲ့၊ အဝတ်အထည်တွေက လှလို့ သမီးက ချစ်လို့ ဝတ်တာမေမေရဲ့" ဟု ဆိုလေသည်။

မသက်ဖူးသည် ရုပ်ဆင်း ရူပကာ လှပတင့်တယ်သူဖြစ်ရာ သူ၏ ခါးပေါ်သို့ တင်သမျှ အထည်များသည် ဝတ်သမျှ ယဉ်ဆင်သမျှ ဆန်းကာ လှချင်တိုင်းလှနေလေသည်။

ထို့ကြောင့်ပင်လျှင် မသက်ဖူး၏ ခနဂုဏ်သတင်းနှင့် အလှဂုဏ်သတင်းမှာ ညောင်ရမ်းရွာနီးချုပ်စပ်တွင်သာမက ပျော်ဘွယ်၊ သာစည် စသော မြို့များ၌ပင် ထင်ပေါ်ကျော်ကြားလေသည်။

ဦးဘိုးယွန်းမှာ ချမ်းသာသော်လည်း ပေါင်းသင်းဆက်ဆံရေး၌ ခေတ်မီသူမဟုတ်ဘဲ အသွားအလာလည်း နည်းသည်။ ထို့ကြောင့် မသက်ဖူးမှာလည်း မြို့ကြီးပြကြီးများသို့ အသွား အလာ နည်းသည်။

ညောင်ရမ်းရွာသို့လည်း မြို့မှလူများ အရောက်အပေါက် နည်းပါးကြသည်။

ထို့ကြောင့် မသက်ဖူးမှာ ရှက်ပုန်းသီးအလှနှင့်သာ ညောင်ရမ်းရွာ၌ ကျေနပ်နေရသည်။

မသက်ဖူး အဝတ်အစား အသစ်အဆန်းများကို ခုံမင်လှသလို ဒါမျိုးတွေ မကြိုက်သော မိခင်ကြီး ဒေါ်သိုင်းချုံက မသက်ဖူး အဝတ်ကောင်း အစားကောင်းဝတ်လျှင် ဝါးလုံးခေါင်းထဲ လသာနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုတတ်သည်။

မသက်ဖူးမှာ အချိန်တန် အရွယ်ရောက်လာပြီး အချစ်စိတ်များ လန်းဆန်းနိုးကြားလာသော်လည်း ညောင်ရမ်းရွာ ကလေး၏ ရွက်ပုန်းသီးဘဝတွင်ပင် အချိန်ကုန်နေသည်။

မသက်ဖူးသည် အရွယ်ရောက်လာပြီ ဖြစ်သော်လည်းယခု အချိန်အထိ ရည်းစားသနာဟူ၍ မရှိသေးပေ။

ညောင်ရမ်းရွာထဲတွင် မသက်ဖူး စိတ်ဝင်စားနေသော လူငယ်တစ်ယောက်ကား ရှိသည်။ ထိုသူငယ်ကား မုဆိုးကြီး ဦးသခ်၏သား မောင်နန္ဒဖြစ်သည်။

မောင်နန္ဒနှင့် မသက်ဖူးတို့သည် လေးထပ်ကျောင်းတွင် အတူတက်ခဲ့ဖူးကြသော ငယ်သူငယ်ချင်းများ ဖြစ်သည်။ လေးထပ်ကျောင်းဆရာတော်ကြီး မဖုံလွှန်မီက စာအံဘက် ဖြစ်ခဲ့သည်။

မောင်နန္ဒကလည်း မသက်ဖူး ဆင်းရဲပါးရှားစဉ် ကာလကပင် စိတ်ဝင်စားခဲ့ပုံရသည်။

မသက်ဖူးတို့နေသော လေးထပ်ကျောင်းအနီးသို့ တေးသံပေးကာ ရောက်ခဲ့ဖူးသည်။

မောင်နန္ဒသည် အဖိုးတော်ဝင်စ ကုမ္မာရီအရွယ်ကတည်းက မသက်ဖူးကို စိတ်ဝင်စားပုံပြခဲ့သည်။

တူရိယာဝိုင်းဖွဲ့ပြီး မသက်ဖူးရှိရာသို့ အရောက်လှမ်းခဲ့သည်။ ယခုလို မသက်ဖူးတို့ ချမ်းသာပြီး မြို့မရပ်ကွက်တွင် တိုက်





အိမ်ကြီးဆောက်၍ နေသောအခါ လသာညတိုင်း မောင်နန္ဒသည် မယ်ဒလင် ဘင်ဂျိုအစုံအလင်နှင့် ရောက်လာတတ်သည်။

မောင်နန္ဒနှင့်ပတ်သက်ပြီး ဒေါ်သိုင်းချို့မှာ မည်သို့သဘောထားရှိသည်ကို မသက်ဖူးမသိ။ ဒေါ်သိုင်းချို့ကို တီးခေါက်ပြီးလည်း မကြည့်ခဲ့ပေ။

ဦးဘိုးယွန်းကမူ မောင်နန္ဒကို သဘောမကျကြောင်း ပြတ်ပြတ်သားသား ပြသခဲ့သည်။ မောင်နန္ဒတို့ မျက်နှာတွင် ပေါ်ပေါ်ဒါလူပြီး မြို့သားစတိုင်ဖမ်းကာ ဂီတာလုလင်လုပ်နေသည်ကို ဦးဘိုးယွန်း သဘောမကျပေ။

ဦးဘိုးယွန်းသည် မောင်နန္ဒအား သူ့ဖခင်မုဆိုးကြီး ဦးသခ်ကဲ့သို့ပင် ကျားကျားလျားလျားနှင့် သူရသတ္တိရှိသော ယောက်ျားကြီးတစ်ယောက် ဖြစ်စေချင်သည်။

ဦးဘိုးယွန်းသည် သူကိုယ်တိုင်က ထောင်ထောင်မောင်းမောင်းနှင့် အရပ်အမောင်းကောင်းသူဖြစ်ရာ ကျားကျားလျားလျားရှိသူများကိုသာ သဘောကျသည်။

မောင်နန္ဒလို ဖြူဖြူနွဲ့နွဲ့နှင့် ချောသူများကို ဦးဘိုးယွန်းက မိန်းမချောချောသည်ဟု ဆိုကာ နှာခေါင်းရှုံ့လေ့ရှိသည်။

ထို့ကြောင့် လသာသောညတိုင်း ချောင်းပေါက်မတတ် သူ့အိမ်ရှေ့သို့ သီချင်းလာဆိုသော မောင်နန္ဒတို့ တူရိယာ လူပင်များကို ဦးဘိုးယွန်းက ဆန့်ကျင် အနှောင့်အယှက်ပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် မောင်နန္ဒတို့အဖွဲ့ သူ့အိမ်ရှေ့ ဖြတ်သွား ချိန်တွင် ခွေးနှင့်ရှူးတိုက်လေ့ရှိသည်။

တစ်ခါတစ်ရံ ဦးဘိုးယွန်းသည် မောင်နန္ဒတို့အဖွဲ့ မကြ ခဏသီဆိုလေ့ရှိသော သီးချင်းများကို မောင်နန္ဒရောက်မလာ ဓာတ်စက်ဖွင့်ပြီးထားလေ့ရှိသည်။ မောင်နန္ဒတို့အဖွဲ့ သူ့အိမ် ရှေ့ သို့ရောက်ချိန်တွင် သူတို့ သီဆိုမည့် သီချင်းကို ဓာတ်ပြား အော်မြည်နေသဖြင့် မောင်နန္ဒတို့အဖို့ ခိုးလုခုလု ဖြစ်ရလေသည်။

မသက်ဖူးကြားစေရန် သီချင်းလာဆိုသော မောင်နန္ဒ သီချင်းကို ဓာတ်ပြားဖွင့်ရာ မောင်နန္ဒတို့မှာ ဆက်ဆိုရကောင်းမလာ ပြန်လှည့်ရကောင်းမလားနှင့် အိုးနင်းခွက်နင်းဖြစ်ရလေသည်။

ဦးဘိုးယွန်းမှာ လူရွှတ်ကြီး တစ်ဦးဖြစ်သည်။

တစ်ခါက မောင်နန္ဒတို့အဖွဲ့သည် ယခုလို သီချင်းလာ ချိန်တွင် ဦးဘိုးယွန်းသည် သူ့ခြံထဲမှထွက်ပြီး မောင်နန္ဒတစ်ယော တည်းကို ရွေးခေါ်ကာ သူ့ခြံထဲ ဥယျာဉ်ထဲ၌ [illegible]သော ခုံတ ပေါ်သို့ ခေါ်သွားလေသည်။

မောင်နန္ဒမှာ ကြောက်ကြောက်ရွံ့ရွံ့ အိုးတိုးအတန့် ဦးဘိုးယွန်းတို့ခြံထဲပါသွားလေသည်။ မောင်နန္ဒက ဦးဘိုးယွန်းသည် သူ့ကို ရိုက်လွှတ်မည်ဟု ထင်နေရှာသည်။

မောင်နန္ဒနှင့်အတူပါလာသော ဂီတသမားများကလည်း ဦးဘိုးယွန်းသည် မောင်နန္ဒကို ရိုက်မောင်း ပုတ်မောင်းလုပ်





ကြိမ်းမောင်းလိမ့်မည်ဟုထင်နေသည်။ ထို့ကြောင့် ဂီတသမား များသည် မောင်နန္ဒကို ခေါ်သွားသော ဦးဘိုးယွန်း၏ ခြံအတွင်း သို့ တစေ့တစောင်းကြည့်နေသည်။

အကယ်၍ ဦးဘိုးယွန်းက မောင်နန္ဒအား ရိုက်ပါကလည်း သူတို့ ဝင်ဖန်မည်ဟု စိတ်ကူးပြီး ဦးဘိုးယွန်း၏ ခြံအနီးအနား မယောင်မလည်ရှိနေကြသည်။

ဦးဘိုးယွန်းသည် မောင်နန္ဒအား ရိုက်ဖို့ဝေးစွ နင်ပဲ ငဆပင် မပြောပေ။

ဦးဘိုးယွန်းသည် မောင်နန္ဒအား ခုံတန်းလျားပေါ် သေသေ ချာချာ ထိုင်ခိုင်းသည်။ ဦးဘိုးယွန်းကမူ ခုံတန်းလျားတွင် မထိုင်ဘဲ မတ်တပ်ရပ်ပြီး စကားပြောပေသည်။

ဦးဘိုးယွန်းသည် မောင်နန္ဒ၏ မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်ပြီး

"မင်းနာမည် ဘယ်သူလဲကွ"

အမှန်မှာ ဦးဘိုးယွန်းသည် မောင်နန္ဒ၏ နာမည်ကို သိပြီး ဖြစ်သည်။

မောင်နန္ဒက ဦးဘိုးယွန်းကို ကြောက်ရွံ့နေသဖြင့် ထစ်ထစ် ငေါ့ငေါ့နှင့် ဖြေသည်။

"ကျွန် ကျွန်တော် နာ နမည် မောင် မောင် မောင် နန္ဒ ပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းက လေသံမာမာနှင့်

"မင်း စကားထစ်တတ်သလားကွယ့်"

" မ မထစ်ပါဘူးခင်ဗျား၊ ဦး ဦး မင်းကို ကြောက်လို့ပါ"

"လူလူချင်းပဲကွာ၊ ကြောက်စရာမလိုပါဘူး၊ ငါကလဲ မင်း အန္တရာယ်ပြုဖို့ ဒီကို ခေါ်တာ မဟုတ်ပါဘူး၊ အကြံပေးချင် လို့ ငါ့သမီးကို ရအောင်လို့ အကြံပေးချင်လို့"

"ခင်ဗျာ"

ဦးဘိုးယွန်း၏ စကားကို ကြားရသောအခါ မောင်နန္ဒသည် အလွန်ပင် အံ့သြသွားပြီး အာမေဋိတ်သံ ထွက်သွားသည်။

ဦးဘိုးယွန်းက

"မင်း နားလေးနေသလားကွယ်၊ ငါပြောတာကို မကြား ဘူးလား"

မောင်နန္ဒက ပျာပျာသလဲ အဖြေပေးလိုက်သည်။

"ကျွန်တော် နားမလေးပါဘူးခင်ဗျာ၊ ဦးမင်းရဲ့ စကား အံ့သြသွားလို့ပါ"

"ဩော် ငါစကားပြောတာ လောကြီးသွားတယ်၊ မင်း မေးရဦးမယ် မင်း ငါ့အိမ်ရှေ့မှာ သီချင်းလာဆိုနေတာ ငါ့သမီး ကြိုက်လို့မဟုတ်လား"

ဦးဘိုးယွန်းက ယခုလို ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်း ရှင်းရှင်း မေးလိုက်သောအခါ မောင်နန္ဒ အဖြေရအလွန်ကျပ်သွားသည်။





"မဟုတ် မဟုတ်ပါဘူးခင်ဗျာ၊ လသာလို့ သီချင်းလျှောက် ဆိုတာပါ"

"လသာတာနဲ့ သီချင်းလျှောက်ဆိုတယ်ဆိုတာ ပင်ပန်းလှ ပါတယ်ကွာ၊ အချိန်လဲကုန်တယ်၊ သူများကိုလဲ အနှောင့်အယှက်ပေး ရာရောက်ပါတယ်၊ လသာရင် တချို့ခွေးတွေ လကို မော့ကြည့်ပြီး အူသလို မင်းတို့လဲ အူပါလားကွယ့်၊ ဘာဖြစ်လို့ သီချင်းလျှောက် ဆိုနေရသလဲ"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒ ကျွဲမြီးတိုသွား သည်၊ သို့သော်လည်း သူသည် ဦးဘိုးယွန်းအား စကားပင် မာမာ မပြောရဲပေ။

ထို့ကြောင့် မောင်နန္ဒသည် ဘာစကားမျှ မပြောဘဲ ဦးဘိုးယွန်းကိုသာ စိတ်ဆိုးမာန်ဆိုးနှင့် မော့ကြည့်လိုက်သည်။

ဦးဘိုးယွန်းက

"ငါပြောတာ မဟုတ်ဘူးလားဟေ့၊ လသာလို့ သီချင်းဆိုရင် လကို မော့ကြည့်ပြီး အူပါဆိုတာ မမှန်ဘူးလားဟေ့"

မောင်နန္ဒက ဒေါသဖြစ်စွာနှင့် နှုတ်ဆိတ်နေသည်။

ဦးဘိုးယွန်းက

"မင်းသီချင်းဆိုရမှာတော့ မရှက်ဘူး၊ အူရမှာတော့ ရှက်နေ သလားကွယ့်"

မောင်နန္ဒက ဒေါသထွက်လွန်းသဖြင့် စကားတစ်ခွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကျယ်ကျယ် ပြောမိသည်။

"ကျွန်တော်က လူပဲခင်ဗျာ၊ ဘာဖြစ်လို့ အူရမှာလဲ"

ဦးဘိုးယွန်းက မခံချိမခံသာအောင် ပြောလေသည်။

"လူထဲမှာ အူတဲ့လူတွေ အများကြီးရှိပါတယ်ကွာ၊ အူလူး ပတ်ကလဲ့ဆိုတဲ့ ကုလားစကားလိုပေါ့၊ ခပ်အူအူနမူးနထိုင်းနဲ့ နေချင်သလိုနေ၊ ပြောချင်သလိုပြောနဲ့ အူတူတူ အတာတနဲ့ ခွကျတဲ့ လူဆိုတာ မင်း မကြားဖူးဘူးလားကွယ့်"

မောင်နန္ဒက မခံချိမခံသာ လေသံနှင့်

"ကျွန်တော်ကတော့ ဒီလောက်တောင် မအူပါဘူးခင်ဗျ"

"ဒီလောက်တောင် မအူဘူးဆိုရင်လဲ ငါမေးတာကို မင်းအဖြေပေးလေ၊ မင်းအခုလို လာသာတဲ့ညတိုင်း ငါ့တိုက်ရှေ့ လာပြီး သီချင်းဆိုနေတာ ငါ့ သမီးကို ကြိုက်လို့ မဟုတ်လားကွ"

ဦးဘိုးယွန်းက အဖြေရခက်သော ခွတီးခွကျ မေးခွန်းကိုပင် မေးမြန်းပြန်လေသည်။

မောင်နန္ဒက အဖြေပေးရမည်ကို ရှက်ရွံ့လှသဖြင့် နှုတ်ဆိတ် နေပြန်သည်။

ဦးဘိုးယွန်းက သခွတ်ပင်က မီးတကျီကျီလုပ်ပြီး မေးပြန် သည်။

"ငါမေးတာ ဖြေလေကွာ၊ မင်း အခုသီချင်းလာဆိုနေတာ ငါ့သမီးကို ကြိုက်လို့မဟုတ်လား"





မောင်နန္ဒက မဖြေရဲသဖြင့် အဖြေမပေးပေ။

ဦးဘိုးယွန်းက

"မင်း ငါမေးတဲ့ မေးခွန်းကို မဖြေရသေးဘူးနော်၊ ဘာလဲ ...တ်လို့လား၊ ယောက်ျားပဲကွ၊ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်း ရှင်းရှင်း ...ါ့ သမီးရှင်ဖြစ်တဲ့ ငါကတောင် မရှက်ရဘူး၊ မင်းက ရှက်နေရသေး ...း၊ မင်းတို့လို ယောက်ျား မပီသတဲ့ လူတွေက ဒီလိုပဲ၊ ရှက်သလို ...သလိုနဲ့"

ထိုစကာကို ကြားရသောအခါ မောင်နန္ဒသည် ဒေါသဖြစ် ...ကော ရှက်သောစိတ်များ ပျောက်လွင့်သွားလေသည်။

မောင်နန္ဒက ဒေါသဖြစ်ဖြစ်နှင့် ပြောမိပြောရာ ပြောချ ...တ်ပါသည်။

"ဟုတ်တယ်၊ ဦးမင်းရဲ့သမီးကို ကျွန်တော်ငယ်ငယ်ကလေး ...ည်းက ကြိုက်နေတယ်"

"အေး . . အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောမှပေါ့၊ ဒါမျိုးမှ ...ာ ကြိုက်တယ်၊ ရှက်သလိုရွံ့သလိုနဲ့ မပွင့်တပွင့် မြုံစိစိ ...နေတာမျိုးကို မကြိုက်ဘူး"

မောင်နန္ဒက ဦးဘိုးယွန်းကို အမြင်ကတ်သဖြင့် ခပ်ရွဲ့ရွဲ့ပင် ...လိုက်သည်။

"ဟုတ်တယ် ဦးရဲ့သမီးကို ကျွန်တော်ကြိုက်နေတယ် ခင်ဗျ"

ထိုစကားကို ကြားရသောအခါ ဦးဘိုးယွန်းသည်



www.burmeseclassic.com

www.burmeseclassic.com



လက်ကာပြီး

"နေပါဦး . . . နေပါဦး ကြိုက်တာတော့ ဟုတ်ပါပြီ ငါ့သမီးကို ရရင် မင်းဘာလုပ်ကျွေးမလဲ"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒသည် ငိုင်ကျသွားသည်။

မောင်နန္ဒ အဖြေရခက်နေသည်။ မောင်နန္ဒသည် မသက်ဖူးကဲ့သို့ပင် ပညာမတတ်ရှာပေ။ မောင်နန္ဒမှာ ပုဆိုးတစ်ယောက်၏ သားဖြစ်ရာ ပစ္စည်းဥစ္စာလည်း မရှိရှာပေ။

အခြားသော ကာလသားများကဲ့သို့ လယ်လုပ်ရန်လည်း မောင်နန္ဒသည် ဝါသနာမပါပေ။ အကယ်၍ သူရင်းငှားအဖြစ် လယ်လုပ်ခွင့်ရလျှင်ပင် ဖြူဖြူနွဲ့နွဲ့နှင့် ဂီတသမားဖြစ်နေသော မောင်နန္ဒသည် လယ်လုပ်နိုင်မည် မထင်ပေ။

မောင်နန္ဒသည် အရွယ်ရောက်လာပြီဖြစ်သော်လည်း ယခုအချိန်ထိ မောင်နန္ဒ အလုပ်မလုပ်ဖူးသေးပေ။ သူ့အဖေ ဦးသန်ပစ်၍ရသော သားကောင်များကို ဖျက်ပြီး ပျော်ဘွယ်၊ သာစည်စသော မြို့များသို့ တက်ရောင်းသော အလုပ်ကိုသာ မောင်နန္ဒ လုပ်ဖူးသည်။

မောင်နန္ဒ၏ အဖေ ဦးသန်ကလည်း မောင်နန္ဒကို ချစ်သည်။ သားဖြစ်သူ အရွယ်ရောက်လာပြီ ဖြစ်သော်လည်း အလုပ်မလုပ်သည်ကို တစ်ခွန်းတစ်ပါဒမျှ မပြောပေ။





ဦးသန်က မောင်နန္ဒအား သူ့ခြေရာနင်းပြီး သူ့လို မုဆိုးဖြစ်စေချင်သည်။ သို့သော် သားဖြစ်သူ မောင်နန္ဒက ဖအေကိုပင် အားမနာဘဲ သူများအသက်ကို သတ်ရသော အသက်မွေးဝမ်းကြောင်းမှုကို မပြုလိုဟု ငြင်းဆန်သည်ကိုလည်း ဘာမျှမပြောပေ။

မောင်နန္ဒမှာ ပညာမတတ်သူဖြစ်သဖြင့် အလုပ်ကြမ်းတစ်ခုခုကိုတော့ လုပ်ရပေမည်။,

သို့သော် မောင်နန္ဒက ပင်ပင်ပန်းပန်း အားစိုက်ခွန်စိုက်လုပ်ရမည့်အလုပ်ကို ယောင်၍မျှ စိတ်မကူးမိပေ။

အမှန်မှာ မောင်နန္ဒသည် ရင်ထဲက မသက်ဖူးအပေါ် မေတ္တာသက်ဝင်မိသော ခံစားချက်ကြောင့် မသက်ဖူးအား ဂီတသံထား၍ နောက်ပိုးနေသော်လည်း မသက်ဖူးကို လက်ထပ်ရန်အထိမှာ စိတ်ကူး မရှိသေး။ အဆင်သင့်မရှိသေးပေ။

အိမ်ထောင်ပြုရန် ပြင်ဆင်စိတ်ကူးထားခြင်း မရှိသေးသော မောင်နန္ဒကို ဦးဘိုးယွန်းက "ငါ့သမီးကိုရရင် မင်းဘာလုပ်မလဲ" ဆိုသော မေးခွန်းနှင့် နှိပ်စက်လိုက်ရာ မောင်နန္ဒခမျာမှာ မည်သို့မျှ အဖြေမပေးနိုင်ဘဲ ခွေးအကြီး လည်းနင်းသလို ဖြစ်နေပေသည်။

ဦးဘိုးယွန်းသည် မေးခွန်းတစ်ခုကို နှစ်ခါ ထပ်မေးရန် ဝါသနာပါ၍လား သူ၏ မေးခွန်းကို မောင်နန္ဒက မဖြေသေး၍လား သဖြင့် မေးခွန်းတစ်ခု ထပ်မေးပြန်သည်။

"ပြောလေကွာ မင်းငါ့သမီးကိုရရင် ဘာလုပ်ကျွေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းက "နွားထုံကြိမ်တို့" သလို မေးနေသော်လည်း မောင်နန္ဒက ဖြေကြားရန် အဖြေ မစဉ်းစားတတ်သေးပေ။ ထို့ကြောင့် မောင်နန္ဒသည် သူ၏ စိတ်ကူးထဲ ပေါက်ရာကို ပြောချလိုက်သည်။

"ဦးမင်းရဲ့ သမီးကို လုပ်ကျွေးနိုင်ဖို့ ကျွန်တော် ထိထိုးထားတယ် ခင်ဗျ"

မောင်နန္ဒ၏ ခွကျကျနှင့် အူကြောင်ကြောင် နိုင်လှသော စကားကို ကြားရသောအခါ ဦးဘိုးယွန်းသည် ဘဝင်မကျဘဲ စိတ်ထဲ အချဉ်ပေါက်သွားလေသည်။

"ဘာပြောတယ်ကွ၊ ငါ့သမီးကို လုပ်ကျွေးဖို့ ထိထိုးထားဟုတ်လား၊ နေပါဦး၊ မင်းဟာ ထိထိုးဖို့ ငွေနှစ်ကျပ်တောင် ရှာနိုင်ရဲ့လား"

ဦးဘိုးယွန်းက မောင်နန္ဒကို မကျေနပ်စွာနှင့် နှိပ်နှိပ်နယ်နယ် ပြောလိုက်သည်။

ဦးဘိုးယွန်း ပြောမယ်ဆိုလျှင်လည်း ပြောစရာပင်။ မောင်နန္ဒမှာ သူ့အဖေတောတက်ပြီး ပစ်လာသော ယုန်သား ဆတ်သားများကို မြို့တက်ပြီး ရောင်းတတ်သော်လည်း သူကိုယ်တိုင်၏ အစွမ်းအစနှင့်မူ ငွေတစ်ကျပ်ပင် ရှာနိုင်သူ မဟုတ်ပါ။

ယခု အသက် (၁၈)နှစ် အရွယ်ရောက်လာသည်အထိ မောင်နန္ဒကိုယ်ပိုင် အစွမ်းအစနှင့် ငွေငါးမူးသာ ရှာဖွေနိုင်စွမ်း





သည်။ မောင်နန္ဒသည် သူ့အဖေပစ်လာသော သားကောင်၏ သားကို ပျော်ဘွယ်မြို့တွင် သွားရောင်းရင်း ပျော်ဘွယ်ဈေးထဲမှ ဝက်ထောင်မှူးနှင့် ခင်မင်ခဲ့လေသည်။

ပျော်ဘွယ်ဈေးအတွင်းမှ ဝက်ထောင်မှူးက မောင်နန္ဒတို့ ညောင်ရမ်းရွာတွင် ဝယ်လိုက်ဝယ်ရာတွင် မောင်နန္ဒက ဝက်မွေးသူအား ခေါ်လာခဲ့သည်။

ထိုဝက်မွေးသူနှင့် ဝက်ထောင်မှူးတို့ အရောင်းအဝယ် ဖြစ်ကြရာ မောင်နန္ဒအား ဝက်ကို ပြသပေးသော "မျက်လုံးခ" ဟုခေါ်တတ် ပွဲခသဘောမျိုး ဝက်ထောင်မှူးက ငွေငါးမူးပေးဖူးသည်။

ထိုငွေငါးမူးကို ရပြီးနောက် ထိုငွေငါးမူးနှင့် မတန်ရအောင် မောင်နန္ဒ စိတ်မချမ်းမသာ ဖြစ်ရလေသည်။ အဘယ်ကြောင့် ဆိုသော် ဝက်ထောင်မှူးသည် သူတို့ ညောင်ရမ်းရွာမှ ဝက်ကို ဝယ်သွားပြီးနောက် နောက်တစ်နေ့တွင် ဝက်ကိုသတ်ပြီး အသား ရောင်းလိုက်သောအခါ သူ့ပယောဂကြောင့် ဝက်တစ်ကောင် သေရသောကြောင့် ဖြစ်သည်။

ထိုအချိန်မှစပြီး မောင်နန္ဒသည် ငွေရှာသော အလုပ်ကို စိတ်ပျက်လာရာ ယခုတိုင်အောင်ပင် သူ့ဖခင်ကြီး ငရဲ ကြောက် အော့မကြောက် အမဲလိုက် ရှာကျွေးနေသည်ကို ထိုင်စားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးတွင် ငွေငါးမူးသာ ရှာနိုင်ခဲ့သော မောင်နန္ဒအား ညောင်ရမ်းရွာမှ အချမ်းသာဆုံး မြေပိုင်ရှင်သူဌေးကြီး ဦးဘိုးယွန်းက သူ့သမီးကိုရလျှင် ဘာလုပ်ကျွေးမည်နည်းဟု မေးမြန်းနေရာ မောင်နန္ဒမှာ မည်သို့ ဖြေရမည်ကို စဉ်းစားမရအောင်ပင် ဖြစ်နေလေသည်။

ယခု မောင်နန္ဒက ဦးဘိုးယွန်း၏ သမီးကို လုပ်ကျွေးနိုင်ရန် ထီးထိုးထားသည်ဟု ပြောရာ ဦးဘိုးယွန်းကလည်း ထီထိုးဖို့ ငွေနှစ်ကျပ်တောင် ရှာနိုင်ရဲ့လားဟု ခွကျကျပင် ပြန်မေးနေသည်။

ထိုမေးခွန်းကိုမူ မောင်နန္ဒက လွယ်ကူချောမောစွာ ဖြေဆိုလိုက်နိုင်ပါသည်။

"ငွေနှစ်ကျပ်ကတော့ ဦးရယ် ဘယ်လိုရှာရှာ ရပါတယ် တောထဲသွားပြီး မျှစ်ချိုး မှိုရှာတဲ့ လူတွေတောင် ငွေနှစ်ကျပ် တော့ ရနိုင်ပါတယ်"

"နို့ မင်းကတော့ တောထဲသွားပြီး မှိုချိုးမျှစ်ရှာလုပ်ရဲ့လား ငါသိသမျှတော့ မင်းက ဂီတသမားလိုလို ဘာလိုလိုနဲ့ ဟိုအလှူမှာ လတ်လျားလတ်လျားနဲ့၊ ဒီအလှူမှာ ယောင်တောင် ပေါင်တောင်နဲ့ မင်းအခုလို တယောက်လိုက်ထိုး သီချင်းလိုက်ဆိုနေတာ ပိုက်ဆံ ဘယ်လောက်ရလို့လဲကွ"

ထိုစကားကို ကြားရသောအခါ အနုပညာသမားဖြစ်သူ မောင်နန္ဒသည် ဒေါသ ထောင်းခနဲဖြစ်သွားသည်။ ဦးဘိုးယွန်းသည်





အနုပညာကို ငွေကြေးနှင့်တိုင်းတာပြီး စော်ကားလိုက်သဖြင့် မောင်နန္ဒသည် အနုပညာသမားပီပီ ဦးဘိုးယွန်းအပေါ် အနုပညာဒေါသများ ဖြစ်သွားလေသည်။

အလွန်ပင် သည်းခံတတ်သော မောင်နန္ဒသည် သူ၏ အနုပညာကို ထိခိုက်လာသဖြင့် ဆတ်ဆတ်ထိ မခံဘဲ တုံ့ပြန်လေတော့သည်။

"ဒီမှာ ဦးမင်းခင်ဗျာ၊ ကျွန်တော်တို့ အနုပညာသမားဆိုတာ ငွေကြေးကို မမက်မောပါဘူး ခင်ဗျ၊ အနုပညာကိုပဲ ကိုးကွယ်ပါတယ်၊ ဒါကြောင့် အနုပညာနဲ့ ပတ်သက်လာရင် ငွေကြေးစကားကို မပြောစေချင်ပါဘူး၊ ငွေကြေးကိုသာ အဓိကထားတဲ့ လူတွေကိုလဲ အနုပညာသမားက အထင်မကြီးပါဘူး ခင်ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့အနုပညာကို ငွေကြေးနဲ့ တိုင်းတာမရလို့ပါ"

ထိုစကားကို ကြားရသော ဦးဘိုးယွန်းသည် မောင်နန္ဒအား လှောင်သလို ပြုံးကြည့်ပြီး

"သာစည်က မမြရင်လဲ အနုပညာသမားပါပဲကွယ်၊ လေဘာတီ မမြရင်ဆိုပြီး မြန်မာပြည်တစ်ပြည်လုံး အနုပညာသမားအဖြစ်နဲ့ ဟိုးဟိုးကျော်နေတာပဲ အဲဒီလို ဟိုးဟိုးကျော်နေတဲ့ အနုပညာသမားဟာ ငွေကြေးကိုလဲ သောက်သောက်လဲရနေတာပဲ"

ဦးဘိုးယွန်းက ထိုသို့ ပြောလိုက်သောအခါ မောင်နန္ဒသည် ဘာ ဆက်ပြောရကောင်းမလဲဟု စဉ်းစား၍ မရအောင် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ လေဘာတီမမြရင်မှာ သူတို့ ညောင်ရမ်းရွာနှင့် မ
မဝေးရှိ သာစည်နယ်မှ မဟုတ်ပါလော။

သူတို့ သာစည်နယ်ကား နယ်နယ်ရရ မဟုတ်ပါ
လေဘာတီ မမြရင်ကဲ့သို့သော အလုပဂေး အနုပညာသမား တစ်
ထွန်းပေါက်ခဲ့သလို တောပုန်းကြီး စံဖဲကဲ့သို့ အင်္ဂလိပ်အစိုးရက
ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ရာဇဝင်လူကြီး ပေါ်ပေါက်
သည်။

မမြရင်တဲ့သို့ အနုအလှများ ပွင့်ဖူးခဲ့သလို တောပုန်း
ကဲ့သို့ ဗြိတိသျှ အင်ပါယာကို အန်တုခဲ့သော သတ္တိကောင်
သူရဲကောင်းများက ကြွမ်းဆိုသမျှ ထိပ်ခေါင်ဟု ဆိုရလေအော
ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းပြခဲ့သည်။

အကြမ်းအရမ်းနှင့်အနုအလှတို့သည် သာစည်နယ်
ဟိုးဟိုးကျော်ခဲ့သည်။

မောင်နန္ဒက ဘာမျှ မဖြေသောအခါ ဦးဘိုးယွန်း
စကားကို ဆက်ပြန်သည်။

"ဘာလဲကွ၊ အနုပညာသမား စစ်စစ်ဆိုတာ ငွေမမက်
ပေါ့ ဟုတ်လား၊ အဲဒီ အနုပညာသမားက ပါးစပ်ပေါက်မပါရင် ထ
ကောင်းတာပေါ့ကွာ၊ အနုပညာသမားမို့ ငွေမမက်ဘူးဆိုပြီး အပေ
အသင်းတွေဆီက ငွေလက်ဖြန့်တောင်းနေရင် သူများကို ဒုက္ခပေ
သလို ဖြစ်တတ်တယ်ကွ"





ဦးဘိုးယွန်း၏ စကားကို မောင်နန္ဒက သဘောကျခြင်း
မရှိလှပေ။ သို့သော်လည်း ဦးဘိုးယွန်းမှာ အနုပညာအကြောင်းကို
နားလည်နိုင်စွမ်း ရှိမည်ဟု မထင်သဖြင့် လေကုန်ခံပြီး ချေပခြင်း
နှုတ်လှန်ထိုးခြင်း မပြုတော့ဘဲ နေလိုက်သည်။

ထိုအခါ ဦးဘိုးယွန်းက သူ၏ စိတ်ကူးပြဌာန်းချက်ကို ပွင့်
ပွင့်လင်းလင်း ပြောလိုက်သည်။

"ငါကတော့ကွာ ငါ့သမီးကို ဘယ်တော့မှ အနုပညာ သမား
နဲ့ မပေးစားဘူးလို့ ဆုံးဖြတ်တယ်ကွ၊ သဘင်သားမြေး ပေါ့သွပ်
သွေးမို့ ဒေဝဋ္ဌရာကို ပဋ္ဌသိခ်နတ်သားနဲ့ မပေးစားချင်တဲ့ စိတ်မျိုး
ကြောင့်တော့ မဟုတ်ဘူးကွ"

ဦးဘိုးယွန်း၏ စကားကို ကြားရသောအခါ မောင်နန္ဒ အံ့ဩ
သွားသည်။ ဦးဘိုးယွန်း၏ စကားမှာ မောင်နန္ဒအား သဘော မကျ
ကြောင်း ပြောင်ပြောင်တင်းတင်းပင် ကြေညာခြင်းဖြစ်လေသည်။

ဦးဘိုးယွန်းက ပြတ်ပြတ်သားသားပင် သူ့စကားကို
ဆက်ပြန်၏။

"ငါတို့မှာ ပိုက်ဆံချမ်းသာလို့ ပိုက်ဆံချမ်းသာတဲ့ လူကိုလဲ
ငါမလိုချင်ဘူး၊ ငါ့သမီးကိုရဖို့ မင်း ထီလဲမထိုးနဲ့၊ ထီးထိုးလို့ မင်းထီ
ပေါက်ရင်လဲ ငါတို့ ချမ်းသာတာကို မီမှာ မဟုတ်ဘူး၊ အဲဒီတော့
မင်းထီပေါက်ရင်လဲ အပိုပဲ၊ ရှင်းရှင်းပြောရရင် ငါတို့လိုချင်တာ ဂုဏ်ပဲ
ဘာဂုဏ်လဲဆိုတော့ ပညာဂုဏ်၊ ငါတို့မှာ ဆင်းရဲလို့ ငါ့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ပညာသင်မပေးခဲ့ရဘူး၊ ငါကိုယ်တိုင်လဲ ပညာမတတ်ဘူး အဲဒီတော့ ငါ့သမီးရဲ့ ယောက်ျားကို ပညာတတ်ကြီး ဖြစ်စေချင်တယ် အဲဒီတော့ မင်းဒီရွာက ထွက်သွားပြီး ပညာတတ်ကြီး ဖြစ်အောင် လုပ်၊ ဥပမာကွာ နောက် (၁၀)နှစ် (၁၅)နှစ်အတွင်းမှာ မင်း ဘီအေ ဝိဇ္ဇာဘွဲ့ရအောင် လုပ်ပြီး ပြန်လာခဲ့၊ ငါ့သမီးနဲ့ ပေးစားမယ်"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒသည် သိပ်ဝမ်း သာအားရ ဖြစ်သွားပြီး

"ဒီလိုဆိုရင် ကျွန်တော် ရန်ကုန်ကိုသွားပြီး ပညာသွားသင် မယ် ဦးမယ်က ကျွန်တော့်ရဲ့ ပညာသင်ကြားရေး စရိတ်ကို တာဝန် ယူမလား"

မောင်နန္ဒ၏ မေးခွန်းကို ကြားရသောအခါ ဦးဘိုးယွန်း သည် ဒေါပွသွားပြီး

"ဘာပြောတယ်ကွ၊ ငါက မင်းရဲ့ ပညာသင်ကြားရေး စရိတ်ကို ထောက်ပံ့ရမယ် ဟုတ်လား၊ ဘာလို့ ထောက်ပံ့ရမှာလဲ မင်းဟာမင်း ကိုယ်ထူးကိုယ်ချွန်ပြီး ပညာသင်ပေါ့၊ မင်း ပညာတတ် ဖြစ်အောင် ငါက ဘာဖြစ်လို့ထောက်ပံ့ရမှာလဲ၊ ငါက သမက်ငုံ ဝယ်ရမှာလား"

မောင်နန္ဒက ခေါင်းကို ခါယမ်းလိုက်ပြီး

"ဒီလိုဆိုရင် ဘယ်လွယ်မလဲဗျ၊ ကျွန်တော် ပညာတတ် ဘယ်လိုဖြစ်မှာလဲ"





"ဟုတ်ပါတယ်၊ မင်းဘယ်တော့မှ ပညာတတ်ဖြစ်လာမှာ မဟုတ်ပါဘူး၊ မင်းက ကိုယ်ထူးကိုယ်ချွန်နိုင်တဲ့ အရည်အချင်း ရှိတာမှ မဟုတ်ဘဲ၊ မင်းသာ ပညာလိုလားရင်လဲ အခုလောက် ဆိုရင် ဆယ်တန်းလောက် အောင်ထားမှပေါ့၊ အခုတော့ မင်းဟာ ပညာ သင်ချင်စိတ်လဲ ရှိပုံမရပါဘူး၊ မင်းလဲ ပညာတတ်ကြီးဖြစ်လာမှာ မဟုတ်ဘူး၊ မင်းပညာတတ်ဖြစ်ဖို့ဆိုတာ အဏ္ဏဝါကုန်ခြောက် ယုန် ထောက်လို့မီမှပဲ ဖြစ်မှာ"

ဦးဘိုးယွန်းက စိတ်ပါလက်ပါ ပျစ်ပျစ်နှစ်နှစ်ကြီး ပြောချ လိုက်ရသည်။ မောင်နန္ဒမှာလည်း အကြီးအကျယ် စိတ်ပျက် သွား လေသည်။

ဦးဘိုးယွန်းကလည်း မောင်နန္ဒအပေါ် အကြီးအကျယ် စိတ်ပျက်သွားပုံရပြီး မောင်နန္ဒကို သေသေချာချာ စူးစိုက်ကြည့်ကာ ခေါင်းကို ခါယမ်းလိုက်လေသည်။

ဦးဘိုးယွန်းသည် မောင်နန္ဒအပေါ် စိတ်ပျက်သွားပုံမှာ ပြောပြရန် အချက်အလက် ရှာမရလောက်အောင်ပင် ဖြစ်သွားပုံ ရလေသည်။ ဦးဘိုးယွန်းသည် စကားမပြောတော့ဘဲ နှုတ်ဆိတ် သွားလေသည်။

မောင်နန္ဒကလည်း ဦးဘိုးယွန်းကို မနှစ်မြို့သော အမူအရာ နှင့် ငိုင်ပြီး ကြည့်နေမိသည်။

အတန်ကြာသောအခါ ဦးဘိုးယွန်းက မောင်နန္ဒကို မျက်



www.burmeseclassic.com

www.burmeseclassic.com



စောင်းထိုးကြည့်လိုက်ပြီး -

"နောက်ဆုံး ငါအကြံတစ်ခုရတယ်၊ ငါတို့ ညောင်ရမ်းရွာသားချင်း ကိုယ့်ရွာသားချင်း အခွင့်အရေးပေးတဲ့အနေနဲ့ မင်းကို ငါ အကြံကောင်းတစ်ခုပေးမယ်"

"မင်း ဒီညောင်ရမ်းရွာမှာ မနေနဲ့တော့၊ ရမည်းသင်း သွားပြီး ပုလိပ်ထဲသွားဝင်ချည်၊ မင်းက ဘာပညာမှ မရှိတော့ ဝင်ဝင်ချင်း ပုလိပ်အမှုထမ်းပဲ ရမှာပဲ၊ ဒါပေမယ့် ပုလိပ်ထဲမှာ မင်း အလုပ်ကြိုးစားလုပ်ပြီး နောက် ၁၅ နှစ်လောက်ကြာရင် ရာဇဝတ်အုပ်ဖြစ်အောင်လုပ် ရာဇဝတ်အုပ်ဖြစ်ရင် ခြောက်လုံးပြူးခါးထိုး ဆင်းပရောင်းစလွယ်သိုင်းဝတ်ပြီး မင်း ဒီရွာပြန်လာခဲ့ ငါ့ သမီးနဲ့ ပေးစားမယ်"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒသည် စိတ်အားတက်ကြွသွားသည်။ ထိုကိစ္စမှာ မောင်နန္ဒအတွက် ဖြစ်နိုင်သော ကိစ္စဖြစ်၍ သူသည် စိတ်ဝင်စားပြီး ခုံတန်းလျားတွင် ထိုင်နေရာမှ ရုတ်တရက် ထလိုက်သည်။

"ဟာ ဟုတ်ပြီ ဦးမင်းပြောတာ နေရာကျလိုက်တာ၊ ကျွန်တော် ပုလိပ်ထဲဝင်ပြီး ရာဇဝတ်အုပ် ဖြစ်အောင် လုပ်မယ်"

ဦးဘိုးယွန်းကလည်း သဘောကျသော လေသံနှင့် ပြန်ဖြေလိုက်သည်။

"အေး ကောင်းတယ် ကောင်းတယ်၊ ဆက်သာလုပ်ကွာ"





ထို့နောက် မောင်နန္ဒက သူ့စိတ်ထဲတွင် မရှင်းမလင်း နေသော အချက်ကို ဦးဘိုးယွန်းအား မေးမြန်းလေသည်။

"ဒါနဲ့ နေပါဦးခင်ဗျား၊ ကျွန်တော် နောက် ၁၅ နှစ်အတက် ဝတ်အုပ်ဖြစ်အောင် ကြိုးစားပါ့မယ်၊ အခု ကျွန်တော့် အသက် နှစ်ဆိုတော့ နောက် ၁၅နှစ်ဆိုရင် ကျွန်တော့်အသက် ၃၃နှစ် ပါ။ အဲဒီအရွယ်ထိ ဦးရဲ့သမီး မသက်ဖူးက ကျွန်တော့်ကို င့်နေမှာလား ခင်ဗျား"

ဦးဘိုးယွန်းက မတ်တတ်ရပ်နေသော်လည်း သူ့ထက် န်ငယ် အရပ်ပုနေသော မောင်နန္ဒကို သဘောမကျသလို ကြည့်လိုက်ပြီး

"ဒါတော့ ငါဘယ်သိမှာလဲကွ၊ ငါ့ဘက်သာ မင်းကို သဘော နိုင်တဲ့ အချက်ကို ပြတာ၊ မင်းနောက် ၁၅နှစ်အတွင်းမှာ ပုလိပ် ထမ်းဘဝကနေ ကြိုးစားလို့ ရာဇဝတ်အုပ်ဖြစ်လာရင် ငါ့သမီး မင်းနဲ့ပေးစားဖို့ မင်းကို တာဝန်ယူတယ်၊ ငါ့သမီးကတော့ သူ ဘောကျတာတွေ့ရင်လဲ သူယူချင်ယူမှာပေါ့၊ မင်းကို သဘောကျ သူ စောင့်ချင်စောင့်မှာပေါ့၊ ဒါကတော့ ငါနဲ့ ဘာဆိုင်လဲ၊ တာက မင်းကို ငါသဘောတူနိုင်မယ့်အချက်ကို လျှော့လျှော့ ပေါ့ စဉ်းစားပေးတာ၊ အမှန်ကတော့ ငါ သဘောအကျဆုံးက ရှိ ရာထူးရာခံရှိတဲ့သူကို လိုချင်တာ၊ ငါတို့ ငွေရှိတော့ ငွေ လူကို ရှာချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်း၏ စကားကို ကြားရသောအခါ မောင်နန္ဒသည် စိတ်ပျက်လက်ပျက် ဖြစ်သွားပြန်ပြီး ခုံတန်းလျားတွင် ပြန်ထိုင်ပြန်သည်။

မောင်နန္ဒ၏ နှုတ်မှလည်းလေသံသဲ့သဲ့နှင့်

"ဒါဆိုရင် ဦးဟာက ဘယ်ဖြစ်နိုင်မှာလဲ၊ ကျွန်တော် ရာဇဝတ်အုတ်ဖြစ်ဖို့ ကြိုးစားနေပြီး နောက်ပိုင်းက စိတ်ချရတာမှ မဟုတ်ဘဲ"

"အေး ဟုတ်တယ်၊ ဒါတော့ ဟုတ်တယ်၊ မင်းအတွက် ဘယ်အရာမှ ဖြစ်နိုင်မှာ မဟုတ်ဘူး၊ ကဲကွာ ငါ့ခြံထဲမှာ ထိုင်နေ လို့လဲ အပိုပဲ၊ မင်းပြန်တော့ ငါပြောချင်တဲ့ စကားလုံးကုန်ပြီ အရာရာမှာ အရှုံးပေးချင်စိတ်ဝင်နေတဲ့ ညှဲ့ဖျင်းတဲ့ စိတ်ဓာတ်ဟာ ကူးစက်တတ်လို့ ငါ့ကိုပါ ကူးစက်သွားမှာစိုးလို့ မင်းငါ့ခြံထဲက မြန်မြန်ယွန်းပေတော့"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒကလည်း ဒေါသ ထောင်းခနဲ ထွက်သွားကာ ဦးဘိုးယွန်း၏ စကားကို ချက်ချင်းပင် ချေပလေသည်။

"ကျွန်တော်ရဲ့ ညှဲ့ဖျင်းတဲ့စိတ်ဓာတ် ဦးကို ကူးစက်ရအောင် ဦးကကော ဘယ်တုန်းက တော်ခဲ့ဖူးလို့လဲ၊ ဦးဟာ ကံကောင်းလို့ ရွှေအိုးတွေ ကောက်ရပြီး၊ သူဌေးဖြစ်တာပဲ၊ ဦးက ကြိုးစားလို့ တော်လို့ သူဌေးဖြစ်တာမှ မဟုတ်ဘဲ၊ ဦးက ကံကောင်းတာပဲ တော်တာ





မဟုတ်ဘဲ၊ ကံကောင်းတာကို တော်တယ်လို့ ကိုယ့်ကိုယ်ထင်နေရင် စိတ်ကြီးဝင်တတ်တယ်၊ ဦးလဲ သတိထားဦး၊ ဒီလိုစိတ်ကြီး ဝင်တာမျိုးဟာ ရောဂါပိုးလို ကူးစက်မြန်လို့ ဦးရဲ့ခြံထဲက ကျွန်တော် သွားပါတော့မယ်"

"အေး . . . အေး မြန်မြန်သွား"

မောင်နန္ဒသည် ဘာမှ မပြောတော့ဘဲ သူ၏ ထီးယောင်ကလေးကို ပိုက်ကာ လရောင်အောက်မှ ဦးဘိုးယွန်း၏ ခြံထဲမှ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားလေသည်။

ထိုအချိန်တွင် ဦးဘိုးယွန်းတိုက်ကြီး၏ အပေါ်ထပ် ပြတင်းပေါက် တစ်ခုအနီးမှ မိန်းမပျိုတစ်ယောက်သည် မောင်နန္ဒ၏ ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

## ဘုရားဒကာ ဦးဘိုးယွန်း



သာသနာပြုရန်ပေးသော ငွေကို မသာမာမှု ပြုနေရ သားဟု ဦးဘိုးယွန်း အိပ်မက်မက်ပြီးနောက် ဦးဘိုးယွန်းသည် သူ၏ သယာ ကိစ္စများကို လုပ်ငန်းလုပ်ကိုင်ရာတွင် သစ္စာအလွန်ရှိသော ိစ်လုနှင့်လွှဲထားလိုက်သည်။

ဦးဘိုးယွန်းနှင့် ကိုကံပေါ်တို့ကမူ သာသနာပြု လုပ်ငန်း ရန် စီစဉ်ကြလေသည်။

ဦးဘိုးယွန်း၏ လက်စွဲ တပည့်နှစ်ယောက်ဖြစ်သော လုနှင့်ကိုကံပေါ်တို့ နှစ်ယောက်ကို ညောင်ရမ်းရွာမှ လူများ ဘိုးယွန်း၏ "နွားတရှဉ်း" ဟု နောက်ပြောင်ခေါ် ကြသည်ကို ရွာသားများ ကြားရသောအခါ ပြုံးစိစိ ဖြစ်ကြသည်။

ထိုသို့ နောက်ပြောင်ခေါ်သော စကားသည် ဦးဘိုးယွန်း



www.burmeseclassic.com

www.burmeseclassic.com



နားသို့ ပြန်ကြားရသောအခါ ဦးဘိုးယွန်းသည် စိတ်မကောင်း ဖြစ်ရလေသည်။

ဦးဘိုးယွန်းသည် ကိုစံလုနှင့် ကိုကံပေါ် တို့အပေါ် သံယောဇဉ် အလွန်ကြီးသည်။ ကိုစံလုမှာ သူ၏ အစ်ကိုဝမ်းကွဲ ဦးဘိုးသိန်း၏ သားဖြစ်သဖြင့် ဦးဘိုးယွန်း၏ တူတော်ပေသည်။

ကိုကံပေါ်မှာမူ ဦးဘိုးယွန်း၏ ဆွေနီးမျိုးစပ်ဖြစ်သည်။ ဦးဘကြီး၏ သားဖြစ်သဖြင့် ကိုကံပေါ်သည်လည်း သူနှင့် ဆွေမျိုးရိပ် မကင်းပေ။

ကိုစံလုရော ကိုကံပေါ်ပါ ဦးဘိုးယွန်းအပေါ် အလွန် ကောင်းရှာလေသည်။

ကိုစံလုမှာ အရက်မသောက်၊ ဖဲမရိုက်တတ်ဘဲ ငွေရေး ကြေးရေးကအစ အလွန်စိတ်ချရသည်။ ဦးဘိုးယွန်းသည် ကိုစံလု အား ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး အမျိုးမျိုး စမ်းသပ်ခဲ့ဖူးသည်။ ဦးစံလုသည် အလွန်သစ္စာရှိသည်။ ဒေါင်ဒေါင်မြည်အောင် သစ္စာ ရှိသည်။ ဦးဘိုးယွန်း၏ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး ကိုစံလု သည် တစ်ပဲတစ်ပိုင်မျှ ကိုယ်ကျိုးမသုံး၊ အလွဲသုံးစား မလုပ်ပေ။

ကိုကံပေါ်ကမူ ကိုစံလုလောက် စိတ်မချရပေ။ ကိုကံပေါ် သည် အချိန်အားလျှင် အရက်ကလေးတမြမြနှင့် ဖြစ်တတ်ပြီး ဖဲဝိုင်း ဂျင်ဝိုင်းဆိုလျှင်လည်း အလွတ်မပေးဘဲ ထိုင်တတ်သည်။

ငွေရေးကြေးရေးနှင့် ပတ်သက်လျှင်မူ ကိုကံပေါ်သည်





သစ္စာ မရှိလှပေ။ လစ်လျှင်လစ်သလို ကိုကံပေါ်သည် သူ့အတွက် လစ်ထား၊ ဝှက်ထားတတ်သည်။ သို့သော်လည်း ငွေရေးကြေးရေး ထိခိုက်လောက်အောင် ပြောပလောက်အောင်ကား ခိုးဝှက် သိုမှိုခြင်း မရှိပေ။

ကိုကံပေါ်သည် သူ အရက်ကလေး သောက်ရလောက် အောင်၊ ဖဲဝိုင်း ဂျင်ဝိုင်း ထိုင်ရလောက်အောင် မစို့မပို့ ကြေးများကို လစ်လျှင်လစ်သလို လုပ်တတ်သည်။

ကိုကံပေါ်သည် ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး စိတ် မချရသော်လည်း ဦးဘိုးယွန်းသည် ကိုကံပေါ်အား လက်မလွှတ် နိုင်အောင်ပင် ကိုကံပေါ်ကလည်း ဦးဘိုးယွန်းအပေါ် ကောင်းခဲ့ သည်။

ကိုကံပေါ်က ဦးဘိုးယွန်း၏ မစို့မပို့ ငွေရေးကြေးရေးကို အလွဲသုံးစား လုပ်နေမှန်း သိသော်လည်း ဦးဘိုးယွန်းက မသိချင် ဟန်ဆောင်ခဲ့သည်။

နောင်တွင် မသိမသာ သဘောမျိုးဖြင့် ငွေရေးကြေးရေး ကိစ္စအဝဝကို ကိုစံလုအား ဦးဘိုးယွန်းက လွှဲပေးလိုက်သည်။

ကိုစံလုနှင့်ကိုကံပေါ်တို့အား လက်စွဲတပည့်များအဖြစ် ရခဲ့သည်မှာ ဦးဘိုးယွန်း ကံကောင်းခြင်းပင် ဖြစ်သည်။

ကိုစံလုနှင့်ကိုကံပေါ်တို့ နှစ်ယောက်စလုံးသည် ဦးဘိုးယွန်း အပေါ် သူ့နည်းသူ့ဟန်နှင့် သစ္စာရှိကြသူများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစံလှက ဦးဘိုးယွန်း၏ ငွေရေးကြေးရေးအပေါ် သစ္စာရှိသည်။ ဦးဘိုးယွန်းနစ်နာမည့် ကိစ္စဆိုလျှင် ပျောက်ပွန်းပင် မခံပေ။

ကိုကံပေါ်ကလည်း ဦးဘိုးယွန်း၏ အသက်အန္တရာယ်နှင့် ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်ရာတွင် အလွန်စိတ်ချရသည်။ ကိုကံပေါ်သည် ဦးဘိုးယွန်းအတွက်ဆိုလျှင် သူ၏ အသက်ကို ပေးရန် ဝန်လေးမည့်သူ မဟုတ်ပေ။

ကိုစံလှက ဦးဘိုးယွန်း၏ ငွေရေးကြေးကို စောင့်ရှောက်ရာတွင် သစ္စာရှိ၏။ ကိုကံပေါ်က ဦးဘိုးယွန်း၏ ခန္ဓာကိုယ်ကို စောင့်ရှောက်ရာတွင် သစ္စာရှိ၏။

ကိုကံပေါ်သည် သူရသတ္တိလည်း အလွန်ရှိ၏။ လုပ်ရဲကိုင်ရဲသလို သတ်ရဲဖြတ်ရဲလည်းရှိ၏။ ကိုကံပေါ်နှင့် အတူခရီးသွားရလျှင် ဦးဘိုးယွန်း၏ အသက်နှင့် ကိုယ်ခန္ဓာမှာ လုံခြုံစိတ်ချရသည်။ ကိုကံပေါ်သည် ဦးဘိုးယွန်း ဘေးအန္တရာယ် မဖြစ်စေရန် မအိပ်မနေ စောင့်ရှောက်နေ၏။

ဦးဘိုးယွန်းအား ရန်မူမည့်သူဆိုလျှင် သူက လက်ဦးအောင် လုပ်ပစ်ကိုင်ပစ်တတ်သည်။ ဦးဘိုးယွန်း၏ ဘေးအန္တရာယ်ဟူသမျှကို ကိုကံပေါ်က ရှင်းပေးတတ်သည်။

ဦးဘိုးယွန်း၏ အသက်နှင့်ကိုယ်ခန္ဓာ လုံခြုံရေးအတွက်မူ ကိုစံလှက စိတ်မချရပေ။ ကိုစံလှသည် အလွန်ကြောက်တတ်သည်။ ကိုစံလှက ကိုယ်ကံပေါ်ကဲ့သို့ သတ္တိနည်းနည်းကလေးမျှ ရှိသူ





မဟုတ်။ အရေးအကြောင်းကြုံလျှင် ဦးဘိုးယွန်းဖြစ်ချင်တာဖြစ် စွန့်ပစ်ထားခဲ့ပြီး ကိုစံလှက ဦးအောင် ပြေးတတ်သည်။

ကိုစံလှသည် သူ့ အသက်အန္တရာယ်မှ လွဲလျှင် မည်သူ့ အသက်အန္တရာယ်ကိုမှ ဂရုစိုက်သူ မဟုတ်ပေ။

ကိုစံလှသည် ထိုသို့ အကြောက်ကြီးသူဖြစ်၍လည်း နောင်တွင် ဦးဘိုးယွန်းတို့ မိသားစု၌ ဘေးအန္တရာယ် ကျရောက်ချိန်တွင် အလုပ်မှ ထွက်သွားပြီး ဦးဘိုးယွန်းတို့ နေအိမ်သို့ ခြေဦးပင် မလှည့်တော့ပေ။

ဦးဘိုးယွန်းသည်သူ၏ တပည့်များဖြစ်သော ကိုစံလှနှင့် ကိုကံပေါ်တို့အကြောင်းကို အစင်းသိဖြစ်နေသဖြင့် ဒူးနေရာဒူး ဆော်နေရာတော် ဆိုသလို သူ့နေရာနှင့်သူ တာဝန်ချထားလေသည်။

ဦးဘိုးယွန်းသည် ကိုကံပေါ် မပါလျှင် ညောင်ရမ်းရွာ အပြင်သို့ပင် မထွက်။

ယခုလည်း မြေယာလုပ်ငန်းကို ဘေးဖယ်ထားပြီး သာသနာပြုလုပ်ငန်းကို လုပ်မည်ဆိုသောအခါ လယ်ယာလုပ်ငန်းကို ကိုစံလှနှင့် လွှဲထားပြီး သူနှင့်ကိုကံပေါ်တို့က သာသနာပြု လုပ်ငန်း လုပ်ကိုင်ရန် တာဝန်ခွဲလိုက်သည်။

ဦးဘိုးယွန်းတို့ ပထမဆုံးလုပ်သော အလုပ်မှာ လေးထပ်ကျောင်း ပြန်ပြင်ရန်နှင့် လေးထပ်ကျောင်း၏ သံယာ[illegible]တော် ကင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



နေသော ကိစ္စကို သံဃာပင့်ရန်ပင်ဖြစ်၏။

လေးထပ်ကျောင်း ပြုပြင်ရန်ကိစ္စမှာ ဦးဘိုးယွန်းအတွက် အခက်အခဲမရှိပေ။ ပျော်ဘွယ်မြို့မှ လက်သမားဆရာကြီးနှင့် ရဇည်းသင်းမှ ပန်းရံဆရာတစ်ဦးနှင့်တိုင်ပင်ပြီး ပြုပြင်ရန်ပင်ဖြစ်သည်။

လေးထပ်ကျောင်း၌ ကျောင်းထိုင်ရန် သံဃာပင့်ရသော ကိစ္စမှာမူ မလွယ်ပေ။

ဦးဘိုးယွန်းသည် လေးထပ်ကျောင်းတွင် ကျောင်းထိုင်ပင့်သံဃာတော်ရှာရန် လှည်းယာဉ်တစ်စီးနှင့် ထွက်ရလေသည်။

အမှန်မှာ ညောင်ရမ်းရွာထဲ၌ ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသေးသည်။ ထိုနှစ်ကျောင်းအနက် ရွာဦးကျောင်းမှာ သံဃာများရွာဦးကျောင်း ဆရာတော်ဘုရားကြီးမှာလည်း တန်ခိုးကြီးမားသည်။

ထို့ကြောင့် ညောင်ရမ်းရွာဦးကျောင်း ဆရာတော်ဘုရားကြီးသည် လေးထပ်ကျောင်းကို စောင့်ရှောက်ထားရပြီး ထိုလေးထပ်ကျောင်းတွင် ကျောင်းထိုင်ရန် သူ၏ တပည့်လက်သား သံဃာများထဲမှ လေးထပ်ကျောင်းကို စေလွှတ်ဖူးသည်။

ရွာဦးကျောင်းမှ ဆွမ်းစားကျောင်း ဆရာတော်ဟုခေါ်သော ဆွမ်းစားကျောင်းကို ကြီးကြပ်ရသော သက်ကြီးဝါကြီး ရဟန်းကြီးတစ်ပါးကို လေးထပ်ကျောင်းတွင် ကျောင်းထိုင်ရန် ရွာဦးကျောင်းဆရာတော်ကြီးက စေလွှတ်ပေးဖူးသည်။

ထိုဆွမ်းစားကျောင်းဆရာတော်သည် လေးထပ်ကျောင်း





တွင် ကျောင်းထိုင်ပြီး (၄)လခန့် အကြာတွင် တစ်ခါတည်း လူဝတ်လဲသွားလေသည်။

ထို့နောက်တွင် သက်ကြီးဝါကြီး ရဟန်းကြီးများကို မစေလွှတ်တော့ဘဲ ရွာဦးကျောင်း၌ ရဟန်းငယ်များကို စာချပေးနေ သောဘာတတ်ပေတတ် ရဟန်းငယ်တစ်ပါးကို လေးထပ်ကျောင်းတွင်ကျောင်းထိုင်ရန် ရွာဦးကျောင်း ဆရာတော်ဘုရားကြီးက စေလွှတ်ခဲ့ဖူးသည်။

ထိုရဟန်းငယ်သည် သူ၏ ဇာတိရွာကို ပြန်ကြွသွားရာမှ ညောင်ရမ်းရွာရှိ လေးထပ်ကျောင်းသို့ ပြန်ကြွမလာတော့ပေ။

ညောင်ရမ်းရွာထဲမှ ဘုန်းကြီးကျောင်း နှစ်ကျောင်းမှာ လေးထပ်ကျောင်းနှင့်စာလျှင် အလွန်သေးငယ်ပြီး ကျောင်းဝင်းမှာလည်း ကျဉ်းမြောင်းလှသည်။

လေးထပ်ကျောင်းကြီးမှာ မြန်မာဘုရင်ရှိစဉ် ရှေးခေတ်ကတည်းက တည်ဆောက်ခဲ့သော ပြာသာဒ်၊ စုလစ်မွန်းချွန်နှင့် ခန့်ညားကြီးကျယ်လှသော ကျောင်းကြီးရခိုင်ဖြစ်သည်။

ထိုလေးထပ်ကျောင်းကြီးမှာ ကျယ်ဝန်းလှပြီး မဟာရံတိုင်း ဘုရားစေတီနှင့် အလွန်ထည်ဝါလှပသည်။ လေးထပ်ကျောင်းကြီးသည် ညောင်ရမ်းရွာ၏ ကျက်သရေကို ဆောင်သောကျောင်းကြီးဖြစ်သည်။

လေးထပ်ကျောင်း ဆရာတော်ဘုရား ပျံလွန်တော်မူပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ကိုရင်ကြီးအား ရဟန်းငယ်က ဓားနှင့်ထိုးသတ်ပြီးနောက် ထိုကျောင်းမှာ ကျောင်းထိုင်မည့်သူ ရှာမရဘဲ ဖြစ်သွားလေသည်။

ကျက်သရေရှိပြီး ခန့်ညားထည်ဝါလှသော လေးထပ်ကျောင်းကြီး စည်ပင်စေရန် ညောင်ရမ်းရွာသူကြီး ဦးအောင်မြတ်၊ ဦးဘိုးယွန်းနှင့် ကျောင်းဆရာကြီး ဦးသိန်းမောင်တို့က ရွာဦးကျောင်းနှင့် ရွှေကျင်ကျောင်းတို့မှ သံဃာများအားလုံး စုပေါင်းပြီး လေးထပ်ကျောင်းတွင် သီတင်းသုံးရန် လျှောက်ထားဖူးသည်။

ရွာဦးကျောင်းနှင့် ရွှေကျင်ကျောင်းတို့မှ သံဃာများအားလုံးသာ လေးထပ်ကျောင်းတွင် သီတင်းသုံးပါက ကျောင်းကြီးမှာ အလွန်စိုပြည် သာယာသွားပေမည်။

အဘယ်ကြောင့်ဆိုသော် ရွာဦးကျောင်းတွင် သံဃာ (၁၅)ပါးခန့် ရှိပြီး ရွှေကျင်ကျောင်းတွင် သံဃာ (၅)ပါးရှိရာ စုစုပေါင်း သံဃာအပါး (၂၀)ခန့် လေးထပ်ကျောင်း၌ စုပေါင်း သီတင်းသုံးနိုင်မည် ဖြစ်သည်။

ညောင်ရမ်းရွာသားများနှင့် ရပ်ရွာလူကြီးများက ထို အကြောင်းနှင့် ပတ်သက်ပြီး ရွာဦးကျောင်း ဆရာတော်ဘုရားနှင့် ရွှေကျင်ကျောင်း ဆရာတော်တို့အား လျှောက်ထားဖူးသည်။

အဆောက်အဦးချင်းယှဉ်၍ လေးထပ်ကျောင်းနှင့် ရွာဦးကျောင်းမှာ ဆင်နှင့်ဆိတ်တမျှ ခြားနားသည်။

ရွှေကျင်ကျောင်းဆိုလျှင် တောရကျောင်းသာသမျှသာ





ဖြစ်ပြီး ပင်မကျောင်းမနှင့် ဆွမ်းစားဇရပ်နှစ်ခုသာ အဆောက်အဦးဟူ၍ ရှိသည်။ ကျောင်းနေသံဃာ (၅)ပါးလျှင်၊ တစ်ပါးလျှင် တစ်ကျောင်းစီ ကမ္မဋ္ဌာန်းကျောင်းလေးများ၌ သီတင်းသုံးကြလေ ပြီး ကျောင်းမကြီးမှာ ညဘက် ဘုရားဝတ်တက်၊ အာပတ်ဖြေသောအခါနှင့် အလှူအတန်းရှိသောအခါတွင်သာ အသုံးပြုသည်။

ရွှေကျင်ကျောင်းဆရာတော် ကိုယ်တိုင် ကျောင်းမကြီးတွင် သီတင်းမသုံးဘဲ ဝါးကျောင်းသာသာ ကမ္မဋ္ဌာန်းကျောင်းကလေး၌သာ တစ်ပါးတည်း သီတင်းသုံး၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းကျောင်းကလေးများကို စွန့်ပြီး လေးထပ်ကျောင်းတွင် သီတင်းသုံးရန်သာ လျှောက်ထားလျှင် ဖြစ်နိုင်မည်ဟု ရွာသူရွာသားများက ထင်ကြ၏။

အချို့သော ရွာသားများကမူ ရွာဦးကျောင်းနှင့် ရွှေကျင်ကျောင်း နှစ်ကျောင်းပေါင်းပြီး လေးထပ်ကျောင်းတွင် သီတင်းသုံးလျှင် ကျောင်းထိုင်ဘုန်းကြီး ရွေးချယ်သော ပြဿနာ ဖြစ်လာ မည်ဟု ဆိုသည်။

ဝါစဉ်အရဆိုလျှင် ရွာဦးကျောင်း ဆရာတော်က ဝါကြီးသည်။ သက်ကြီးဝါကြီးမထေရ်ကြီးဖြစ်သည်။ ရွှေကျင်ကျောင်း ဆရာတော်က ဝါငယ်သော်လည်း စာတတ်သည်။ မန္တလေး ... သီဟစာချတန်း အောင်ခဲ့သော မဟာစရိယ တစ်ဦးဖြစ်သည်။

သို့သော်လည်း သံဃာလောက၌ ဝါစဉ်ကသာ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



၍ ရွာဦးကျောင်း ဆရာတော်က လေးထပ်ကျောင်းတွင် ကျောင်းထိုင်ဆရာတော် လုပ်ပါက ဘာပြဿနာမျှ မရှိနိုင်ဟု ထင်ကြသည်။

*ပထမဆုံးဖိတ်ခေါ်သော ရွှေကျင်ဆရာတော်ကို တီးခေါက်ပြီး လျှောက်ထားကြည့်ရာ လေးထပ်ကျောင်းမှာ ကျောင်းကြီးဖြစ်သည်မှာ မှန်သော်လည်း သူ၏ ဝါးကျောင်းသာသာ ကျောင်းလောက် မမက်ဟု ဆိုပြန်၏။ ရွှေကျင်ဆရာတော်က "အိမ်ကြီးလျှင် မီးဆာ၊ ကျောင်းကြီးလျှင် သံသရာ" ဟု ဆိုပြီး သူ၏ ဝါးတဲကျောင်းကလေးမှာ ကမ္မဋ္ဌာန်းရိပ်သာ ဖြစ်နေ၍ လေးထပ်ကျောင်းသို့ မတက်နိုင်ပါဟု ဆို၏။

ရွာသူ ရွာသားများကမူ ရွှေကျင်ဆရာတော်သည် ယခုအခါ ရွှေကျင်ကျောင်းတွင် ကျောင်းထိုင်ဖြစ်ပြီး လေးထပ်ကျောင်းသို့ ရောက်သွား၍ ကျောင်းထိုင် မဟုတ်တော့မည် စိုး၍ လေးထပ်ကျောင်းသို့ မပြောင်းလိုခြင်းဟု ထင်ကြ၏။

ရွာဦးကျောင်း ဆရာတော်ကို လျှောက်ထား စုံစမ်းသောအခါ ရွာဦးကျောင်းနှင့် ရွှေကျင်ကျောင်းမှာ ဂိုဏ်းချင်းမတူ၍ တစ်ကျောင်းတည်း သီတင်းသုံးရန် မဖြစ်နိုင်ဟု ဆိုပြန်၏။ ရွာဦးကျောင်းမှာ သုဓမ္မာဂိုဏ်းဖြစ်ပြီး ရွှေကျင်ကျောင်းမှာ ရွှေကျင်ဂိုဏ်းက ဖြစ်နေ၏။

ရွာဦးကျောင်းနှင့် ရွှေကျင်ကျောင်းတို့ ကျောင်းနှစ်ကျောင်း ပေါင်းပြီး လေးထပ်ကျောင်းသို့ ပြောင်းရွှေ့ရန် သီတင်းသုံးရန် ကိစ္စမှာ





ဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ဦးဘိုးယွန်းသည် လှည်းယာဉ်တစ်စီးနှင့် လေးထပ်ကျောင်းတွင် ကျောင်းထိုင်ရန် သံဃာ ဒေ့ရှာထွက်တော့၏။

သူကြီး ဦးအောင်မြတ်၊ ကျောင်းဆရာဦးသိန်းမောင်[illegible]သော ညောင်ရမ်းရွာ၏ မျက်နှာဖုံးများကမူ လေးထပ်ကျောင်းပေါ်[illegible] သံဃာကပ်လှူရန်ကိစ္စကို လက်လျှော့ရန် ဦးဘိုးယွန်းအား [illegible]တ်တွန်းကြသည်။

ဦးဘိုးယွန်းက ခေါင်းအလွန်မာသည်။ ဤမျှ ကြီးမားခန့်[illegible]ညီသော လေးထပ်ကျောင်းကြီးတွင် သံဃာကင်းမဲ့နေသည်ကို [illegible]ိုးယွန်းက မခံချင် ဖြစ်နေ၏။

ထို့ကြောင့် ဦးဘိုးယွန်းသည် လေးထပ်ကျောင်းပေါ် [illegible]သာတင်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်အစိုးရမင်းများသည် [illegible]အညီတောင်းရန် သူတို့ ညောင်ရမ်းရွာကို ပိုင်ဆိုင်အုပ်ချုပ်[illegible] သာစည်မြို့သို့ ရောက်သွား၏။

ဦးဘိုးယွန်းက သာစည်မြို့ပိုင်မင်းကို အကူအညီတောင်း[illegible]ည်တစ်နယ်လုံးမှ သူကြီးများ အကူအညီဖြင့် လေးထပ်ကျောင်း[illegible] ကျောင်းထိုင်မည့် ဆရာတော်ကို ရှာဖွေမည်ဟု စိတ်ကူးမိ[illegible]

သာစည်မြို့ မြို့ပိုင်မင်းရုံးတော်သို့ ရောက်လာသောအခါ [illegible]ယွန်းသည် သူတွေ့နေကျ မြို့ပိုင်ကြီးကို မတွေ့ရပဲ မြို့ပိုင်



www.burmeseclassic.com

www.burmeseclassic.com



လူငယ် လူသစ်တစ်ယောက်ကိုသာ တွေ့ရလေသည်။

ထိုမြို့ပိုင်လူငယ် လူသစ်၏ နာမည်မှာ ကိုသိုက်ဖေဟု ဆို၏။ ကိုသိုက်ဖေသည် အသက် အစိတ်ခန့်သာရှိသေးပြီး ရန်ကုန် တက္ကသိုလ်ကြီးမှ ဝိဇ္ဇာဘွဲ့ရပြီးနောက် သာစည်မြို့သို့ လက်ထောက် မြို့ပိုင်အဖြစ် ပြောင်းလာရပြီး မူလကရှိနေသော မြို့ပိုင်ကြီး ပြောင်း ရွှေ့သွားနိုက် မြို့ပိုင်ကြီးအသစ်ရောက်မလာမီ သာစည်မြို့ပိုင် လုပ်နေရသူ ဖြစ်သည်။

လက်ထောက်မြို့ပိုင် ကိုသိုက်ဖေသည် အသားဖြူဖြူ အရပ်ပုပုနှင့် ဖြစ်၍ ဦးဘိုးယွန်း လေးစားလောက်သူ လူထဲတွင် မပါပေ။ ဦးဘိုးယွန်းက သူကဲ့သို့ပင် အရပ်ထောင်ထောင်မောင်း မောင်း ဗလကောင်းကောင်းနှင့် လူမျိုးသာလျှင် ယောကျ်ားပီသသည် ဟု ထင်နေသူဖြစ်၏။

ယခု မြို့ပိုင် ကိုသိုက်ဖေက အသားဖြူပြီး လူဗလကလေး မျှသာ ဖြစ်ရာ ဦးဘိုးယွန်းသည် မြို့ပိုင် ကိုသိုက် ဖေကို တွေ့တွေ့ချင်း သဘောမကျနိုင်ပေ။

သို့သော် မြို့ပိုင် ကိုသိုက်ဖေမှာ တက္ကသိုလ်ကျောင်းကြီးမှ ဝိဇ္ဇာဘွဲ့ရခဲ့ပြီး မြို့ပိုင်ဟူသော ရာထူးရာခံ ရှိနေသော မင်းပျိုမင်း လွင် ပညာရှိတစ်ယောက် ဖြစ်နေလေသည်။

ကိုသိုက်ဖေမှာ ယခု အသက်အစိတ်ခန့် အရွယ်တွင်ပင် မြို့ပိုင်ဖြစ်နေပေရာ မကြာမီ နယ်ပိုင် အရေးပိုင်များဖြစ်ပြီး တိုင်း





...ကြီးဘဝနှင့် ပင်စင်သွားနိုင်သည်ကို ဦးဘိုးယွန်း တွေးမိ၏။

ကိုသိုက်ဖေလို လူမျိုးမှသာ ဦးဘိုးယွန်း သဘောကျသော ...ာရှိဖြစ်ပြီး ဂုဏ်အလွန်ရှိသော ဧရာမ ရာထူးရာခံကြီးကို ...ဆိုင်ကားသူ ဖြစ်ပေသည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် မြို့ပိုင် ကိုသိုက်ဖေအား ...ာယဗလသေးသဖြင့် အထင်သေးမိသော်လည်း ပညာဉာဏ်ကြီး ...း ရာထူးရာခံကြီးသဖြင့် အထင်မကြီးဘဲ မနေနိုင်ပြန်ပါ။

နောက်ပိုင်းတွင် ဦးဘိုးယွန်းသည် မြို့ပိုင်ကိုသိုက်ဖေအား ...ာယဗလသေးသည်ကို အထင်မသေးနိုင်တော့ဘဲ ပညာဉာဏ် ...ပြီး ရာထူးကြီးသည်ကိုသာ အထင်ကြီးမိတော့၏။

ထိုခေတ် ထိုအခါက မင်းစိုးရာဇာ ခေတ်ဖြစ်ရာ ကိုသိုက်ဖေ ...ဘုရားထူးခံ မြို့ပိုင်တစ်ယောက်ကို မဆိုထားဘိ။ ဦးအောင်မြက် ...သို့ တိုက်သူကြီး တစ်ဦးသည်ပင်လျှင် အလွန်ပင် ဘုန်းတန်ခိုး ...ာနှင့် အလွန်ပြည့်စုံပေ၏။

ထိုခေတ် ထိုအခါက မင်းစိုးရာဇာဖြစ်ရသည်မှာ အလွန် ...ာ်ရှိပြီး သူတို့နှင့် သိကျွမ်းရသည်ပင် လာဘ်ကြီးတစ်ပါးကဲ့သို့ ...ာ်ရှိ၏။

ဦးဘိုးယွန်းသည် သူတို့ညောင်ရမ်းရွာ လေးထပ်ကျောင်း ...ဿယာကင်းမဲ့နေသော ကိစ္စကို မြို့ပိုင်ကိုသိုက်ဖေအား တင်ပြလေ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်ဖေမှာ မြို့ပိုင်ဝါး မဝသေးသူဖြစ်ရာ သာသ
ကိစ္စကြီးကိုပင် သူ၏ တာဝန်ဝတ္တရားဟု ထင်မှတ်ကာ ဦးဘိုးယွန်
အလိုဆန္ဒအတိုင်း လေးထပ်ကျောင်းတွင် ကျောင်းထိုင်မည့် ရဟ
တော်အား ကူညီရှာဖွေပေးရန် သူ၏ လက်အောက်ရှိ မြို့သူကြ
တိုက်သူကြီး၊ ရွာသူကြီး၊ ရွာခေါင်းတို့ထံ အကူအညီတောင်းသေ
စာများ ထုတ်ဆင့်လေသည်။

ထို့ပြင် မြေပိုင်ရှင် ဦးဘိုးယွန်းနှင့် မြို့ပိုင် ကိုသိုက်
တို့သည် သာရည်နယ်အတွင်းရှိ ရွာများသို့ အတူတကွ ကျော
ထိုင် ပုဂ္ဂိုလ်အရှာထွက်ကြ၏။

ထိုစဉ်က ကျောင်းထိုင်ပုဂ္ဂိုလ်အရှာထွက်ရင်း ဦးဘိုးယွ
သည် ပန်းဖျားဖျားကာ လှည်းယာဉ်ဆွဲသော နွားသိုးကြီးတစ်ကော
မှာ ပိုးထိပြီး ဆုံးပါးရလေသည်။

ကျောင်းထိုင် ပုဂ္ဂိုလ် အရှာထွက်ရင်း မြေပိုင်ရှင်ကြ
ဦးဘိုးယွန်းနှင့် မြို့ပိုင် ကိုသိုက်ဖေတို့မှာ ခင်မင်ရင်းနှီးသွားကြလေ
သည်။

ဦးဘိုးယွန်းသည် မည်မျှပင် အပင်ပန်းခံပြီး ကျောင်းထို
ပုဂ္ဂိုလ် အရှာထွက်ခဲ့သော်လည်း လေးထပ်ကျောင်း၌ ကျောင်းထို
မည့် အာဇာနည် ပုဂ္ဂိုလ် မပေါ်ခဲ့ပေ။

အချို့ ရဟန်းမှာ မြို့ပိုင်နှင့် မြေပိုင်ရှင်ကြီးတို့၏ အပြေ
ကောင်းမှုကြောင့် ညောင်ရမ်းရွာသို့ ရောက်လာ၏။ လေးထ





ျောင်းတွင် ကျောင်းထိုင်ရန် ရောက်လာသော ရဟန်းတော်များ
က် မည်သူမျှ လေးထပ်ကျောင်းတွင် (၃) လပြည့်အောင်
ျောင်းမထိုင်သွားကြပေ။

နောက်ဆုံးတွင် ဦးဘိုးသိန်းက မြေပိုင်ရှင် ဦးဘိုးယွန်းအား

"ဘိုးယွန်းရယ်၊ မင်းရဲ့ လေးထပ်ကျောင်းမှာ ကျောင်းထိုင်
ယ့် ပုဂ္ဂိုလ်မရှိရင်လဲ နေပါစေတော့ကွာ၊ လေးထပ်ကျောင်းမှာ
ျောင်းထိုင်မယ့် ပုဂ္ဂိုလ်မရှိတာနဲ့ တို့ညောင်ရမ်းရွာမှာ သာသနာ
ကွယ်သွားပါဘူး" ဟု ဆိုလေ၏။

ဦးဘိုးယွန်းက

"ဟုတ်တယ် ကိုကြီးသိန်း၊ နှစ်ရာ့ရှစ်ဆယ့်ရှစ်သွယ်သော
ည်းသိက္ခာပုဒ်ကို စောင့်ထိန်းရတဲ့ သမုတိသံဃာတစ်ပါးရဖို့
ာ လွယ်တာမဟုတ်ပါလားလို့ အခုမှ ကျွန်တော် စဉ်းစားမိ
ယ်" ဟု ဆိုလေ၏။

ထို့နောက် ဦးဘိုးယွန်းက ဆက်၍

"ကျွန်တော်တို့ ညောင်ရမ်းရွာမှာ သီတင်းသုံးနေတဲ့
ယ်တော်တွေကို အခုမှ ပိုပြီး ကြည်ညိုလာမိတယ်" ဟု ဆိုပြန်
ည်။

ဦးဘိုးသိန်းက ဦးဘိုးယွန်း၏ အတွင်းသဘောကို သိသူပီ

"အေးပေါ့ကွာ၊ မင်းက ခန့်ညားကြီးကျယ်တဲ့ လေးထပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းကြီးထဲမှာ ကျောင်းဆောက်လှူပြီး ကျောင်းဒယကာ ဘွဲ့ခံချင်တယ် မဟုတ်လား၊ မင်းလှူဒါန်းတဲ့ ကျောင်းကြီးကို ရှေး ဘုရင်မင်းမြတ်တွေ တည်ဆောက်ခဲ့တဲ့ လေးထပ်ကျောင်းကြီးန မှာ တည်ဆောက်ပြီး ရှေးဘုရင်တွေလိုပဲ မင်းက လှူဒါန်းနိုင်တယ် လို့ 'ဟိတ်' လုပ်ချင်တယ် မဟုတ်လား၊ ကျောင်းဆောက်တယ် ဆိုတာ ဘယ်မှာပဲ ဆောက်ဆောက် ပါကွာ၊ ရွှေကျင်ကျောင်းဝင်းထဲ ကမ္မဋ္ဌာန်းတစ်ပါး ကျောင်းကလေးတွေ အများကြီး ဆောက်လှူ စမ်းပါ၊ ကျောင်းဆောက်တယ်ဆိုတာ အကြီးကြီးဆောက်မှ မဟုတ် ဘူး၊ ကမ္မဋ္ဌာန်းတစ်ပါး ကျောင်းလေးတွေဟာ တရားအားထုတ်ပြီ ဓုတင်ကျင့်တဲ့ ရဟန်းတော်အတွက် သိပ်ပြီး အသုံးဝင်တာပေါ့ကွာ ဟုဆိုလေသည်။

ဦးဘိုးသိန်းက ဆက်လက်၍

"ပြီးတော့ ကျောင်းအကြီးကြီး ဆောက်ချင်တယ်ဆိုရင် ရွှာဦးကျောင်းဝင်းထဲမှာ ဆောက်စမ်းပါကွာ၊ လေးထပ်ကျောင်း ဝင်းထဲမှာ ကျောင်းဆောက်မှ ကုသိုလ်ရတာ မဟုတ်ပါဘူး တကယ် လိုအပ်တဲ့နေရာမှာ ကျောင်းဆောက်တာ အကောင်းဆုံးပါ ပတ္တမြားခဲကို မီးရဲရဲတောက်အောင် ဖင်ဘူးတောင်း ထောင်ပြီး မီးမှုတ် မနေစမ်းပါနဲ့၊ ပတ္တမြားခဲလား မီးခဲလား ဆိုတာ ခွဲခြားသိရမှာပေါ့" ဟု ဆိုလေ၏။

ထိုအချိန်မှစပြီး ဦးဘိုးယွန်းသည် ကိုဏ်ပေါ် ၏ အကူအည

ရွှေကျင်ကျောင်းဝင်းထဲတွင် ကမ္မဋ္ဌာန်းတစ်ပါး တိုက်ကျောင်း လေး (၁၀)ကျောင်းဆောက်ပြီး ရွာဦးကျောင်းဝင်း၌ ကျောင်း ကြီးတစ်ကျောင်းနှင့် မွှာရုံတစ်ခု ဆောက်လုပ်လေတော့သည်။

မျှားမကြာမီပင် ဦးဘိုးယွန်းသည် ဘုရားကြီးကုန်း၌ ဘုရား တစ်ဆူ၊ ရွှေဂူကြီးကုန်း၌ ဘုရားတစ်ဆူတည်လေသည်။

ရွှေဂူကြီးကုန်း ဘုရားထီးတော်ပွဲကို ညောင်ရမ်းရွာရှိ ရွာဦး ကျောင်းမှာ ဆရာတော်ကြီး ဦးသူရိယကိုယ်တိုင်ကြီးမှူးသည်။ ဘုရား ထီးတော်တင်ပွဲ၌ ဦးဘိုးယွန်းသည် သူတို့ သာစည် နယ်သူ လေဘာတီမမြရင်၏ အငြိမ့်ကို မန္တလေးသို့ တက်ငှားလေ သည်။

ဘုရားထီးတင်ပွဲရက်တွင် ညောင်ရမ်းရွာသို့ ရွာနီးချုပ်စပ် သာမက ပျော်ဘွယ်၊ သာစည် စသော မြို့များမှ ပွဲကြိုက်သူ များပါ လေဘာတီ မမြရင်၏ အငြိမ့်ပွဲကို ကြည့်ရန် လာကြသည်။

သာစည်မြို့မှ လက်ထောက်မြို့ပိုင် ကိုသိုက်ဖေလည်း လေဘာတီ မမြရင်၏ ပွဲကြည့်ရန် ဦးဘိုးယွန်း၏ ဧည့်သည်တော် အဖြစ် ညောင်ရမ်းရွာသို့ ရောက်လာပါသည်။

လက်ထောက်မြို့ပိုင် ကိုသိုက်ဖေသည် ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးသို့ လာရောက်တည်းခိုစဉ် ဦးဘိုးယွန်း၏ ရှုမငြီးသော ချမ်းရတနာ မသက်ဖူးကို တွေ့သွားလေသည်။

ထိုအချိန်တွင် မသက်ဖူးမှာ အသက် ၁၉နှစ်မှ အသက်

www.burmeseclassic.com



(၂၀)သို့ ကူးစ လှသွေးကြွယ်ကာ နတ်မိမယ်တမျှ လှပနေချိန် ဖြစ်သည်။

လက်ထောက်မြို့ပိုင် ကိုသိုက်ဖေသည် မသက်ဖူးကို ရှေးဘဝပေါင်းများစွာက ရေစက်ချ ချစ်ပန်းကိုက်ဖူးသော ဖူးစာရှင်ကို ပြန်တွေ့လိုက်ရသလို ကြက်သီးမွေးညင်းများ ထမိသည်ဆို၏။

ကိုသိုက်ဖေသည် မသက်ဖူးကို ပထမဆုံးအကြိမ် မြင်ရဖူးသော အခိုက်၌ပင် လွန်စွာ သဘောကျမိတော့၏။

မသက်ဖူးမှာ ရုပ်အဆင်းကလည်း တင့်တယ်ပြန့်၊ ငွေကြေးဓနဥစ္စာကလည်း ချမ်းသာပြီး ဝတ်စားဆင်ယင် ဖြီးလိမ်း ပြင်ဆင်တတ်သဖြင့် ချောချင်တိုင်းချော၊ လှချင်တိုင်းလှနေရာ ကိုသိုက်ဖေအဖို့ သဘောခွေ့ပြီး မနေသာတွေ့စရာ ဖြစ်နေတော့၏။

မောင်နန္ဒ တယောထိုးသည်ကို ချောင်းကြည့်ပြီး အဖေဦးဘိုးယွန်းက ခြံထဲမှ မောင်းထုတ်လိုက်သောအခါ စိတ်မချမ်းမသာဖြစ်ခဲ့ရသော မသက်ဖူးမှာလည်း လက်ထောက် မြို့ပိုင် ကိုသိုက်ဖေကို တွေ့ရသောခဏ၌ပင် ဤလူကား သူများထက် ခေါင်းတစ်လုံးကျော်ကာ ပညာလည်းတတ်၏။ ရာထူးရာခံမှာလည်း မင်းစိုးရာဇာဖြစ်နေ၍ ဤလူမျိုးနှင့်သာ ဖူးစာဆုံရလျှင် နတ်ဖက်သည်ထက်ပင် ဟန်ကျဦးမည်ဟူသော အတွေးမျိုးပေါက်၏။

ထို့ကြောင့် ဦးဘိုးယွန်း၏ ရွှေဂူကြီးကုန်း ဘုရားထီးတင်ပွဲသည် လက်ထောက်မြို့ပိုင် ကိုသိုက်ဖေနှင့် ဘုရားဒကာကြီး





ဦးဘိုးယွန်း၏ သမီးမသက်ဖူးတို့အား ဖူးစာဆုံပေးသည့်ပွဲတော ဖြစ်ရတော့သည်။

နောင်တွင် ညောင်ရမ်းရွာသူရွာသားများက

"ဘုရားဒကာကြီး ဦးဘိုးယွန်းက လေးထပ်ကျောင်းပေါ်တင်ဖို့ သံဃာရှာတယ် ရှာတယ်နဲ့ လက်စသတ်တော့ သူ့သမီးဖို့ သမက်သွားရှာနေတာကိုး"

ဟု ဦးဘိုးယွန်း၏ နောက်ကွယ်တွင် ပြောကြ ဆိုကြ ပြောင်ကြ-လှောင်ကြ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

## စာပို့လုလင်ဆောင်ရန်



ရှေးယခင်က ညောင်ရမ်းဘူတာ၌ သာစည်လော်ကယ် ရထားတစ်စီးသာ ရပ်သည်။ မန္တလေး စာပို့ မီးရထားသည် ရွာသိမ် ရွာငယ် ဘူတာငယ်လေးမျှသာ ဖြစ်သော ညောင်ရမ်းဘူတာမှာ မရပ်ပေ။

သို့သော် တစ်နေ့တွင် **မန္တလေးမှလာသော** စာပို့ရထားသည် ထူးထူးခြားခြားပင် ညောင်ရမ်းဘူတာ၌ ရပ်တန့်လေသည်။ ထိုသို့ မန္တလေး စာပို့ရထား ညောင်ရမ်းဘူတာ၌ ထူးထူးခြားခြား ရပ်သည်ကို ညောင်ရမ်းဘူတာနှင့် **အနီးဆုံးဖြစ်သော** ဈေးရွာရပ်နှင့် ကုလားရွာရပ်မှ လူတိုင်း **တွေ့ကြရ၏**။

သူတို့ စိတ်ထဲတွင် **ရန်ကုန်**ဘက်မှလာသော မန္တလေး စာပို့ရထား **ညောင်ရမ်းဘူတာ**၌ တောင်ဘက်ရှိ အနီးဆုံးဘူတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ရှမ်းရွာဘူတာ၌ ရောက်နေသဖြင့် ရထားအလဲ မချိုး သောကြောင့် တစ်ခါမျှ မရပ်ဖူးသော မန္တလေး စာပို့ရထားသည် ညောင်ရမ်းဘူတာ၌ ရပ်သည်ဟု ထင်ကြသည်။

ထို့ကြောင့် ဈေးရပ်နှင့် ဘုလားရွာရပ်မှ လူများသည်ရှမ်း ရွာ ဘူတာဘက်ရှိ အလဲတိုင်ကိုမျှော်မှန်းကြည့်ကြသည်။ ရှမ်း ရွာဘက် မှ အလဲတိုင်သည် အလဲချိုးထားခြင်း မရှိပေ။ ထို့ကြောင့် ညောင်ရမ်း ဘူတာ၌ ရထားဆိုက်ခြင်းမှာ ရထားချင်း ဆုံချင်သောကြောင့် ရထား ရပ်ခြင်း မဟုတ်ဘဲ တမင်တကာ ရထားရပ်ခြင်း ဖြစ်ကြောင်း သိရ လေသည်။

-မန္တလေး စာပို့ရထားရပ်ပြီး မကြာမီတွင် ဂါတ်ဗိုလ်တွဲမှ လက်ဆောက်မြို့ပိုင် ကိုသိုက်ဖေ ဆင်းလာသည်ကို ညောင်ရမ်း ရွာသူရွာသားများ အံ့သြစွာ တွေ့ရလေသည်။

ရွှေဂူကြီးကုန်း၌ ကျင်းပသော ဘုရားထီးတင်ပွဲတွင် ကိုသိုက်ဖေသည် ညောင်ရမ်းရွာ၌ ခုနစ်ရက်ခုနစ်လီ နေသွားပြီး ကတည်းက မြို့ပိုင် ကိုသိုက်ဖေသည် ညောင်ရမ်းရွာနှင့် ရင်းနှီးပြီး ဖြစ်သည်။

ယခု ကိုသိုက်ဖေ မန္တလေး စာပို့ရထားကို ညောင်ရမ်း ဘူတာတွင် ရပ်ပြီး ညောင်ရမ်းရွာသို့ လာသော ကိစ္စမှာ ဟိုးလေး တကျော်ဖြစ်သွားသည်။

"သာစည်က မြို့ပိုင်က ဘယ်တုန်းကမှ မရပ်တဲ့ မန္တလေး





စာပို့ရထားကိုတောင် ရပ်ပြီး တို့ ညောင်ရမ်းရွာက အမျိုးသမီးကို လှည့်ပျိုလာလှည့်တယ်" ဟု ညောင်ရမ်းရွာသူ ရွာသားများက ပြော ကြသည်။

ရွှေဂူကြီး ဘုရားထီးတင်ပွဲမှ စပြီး မြို့ပိုင် ကိုသိုက်ဖေသည် ကြာခဏ ညောင်ရမ်းရွာသို့ ရောက်လာသည်။ ပထမတွင် ရှေး ခေတ်က ပုလိပ်အရာရှိများ၊ မြို့ပိုင်နယ်ပိုင်များ၊ သူကြီးများ တော နက်သို့သွားလျှင် မြင်းစီးလေ့ရှိသဖြင့် ကိုသိုက်ဖေကလည်း ညောင်ရမ်းရွာသို့ မြင်းစီးပြီး လာလေ့ရှိ၏။

ညောင်ရမ်းနှင့် သာစည်မြို့မှာ (၇)မိုင်မျှသာ ဝေးသဖြင့် ကိုသိုက်ဖေအဖို့ မြင်းစီးရသည်မှာ မပင်ပန်းလှပါ။ သို့သော် အစိုးရ က ထုတ်ပေးထားသော ဂရစ်ဖင်ခေါ် မြင်းကြီးများမှာ ဒေါက် ကောင်း အလျားကောင်းသဖြင့် ကိုသိုက်ဖေလို လူဗလံသာသာ ကာယဗလရှိသူ အဖို့ မြင်းကြီးကို နိုင်အောင်ထိန်းရန် မလွယ်လှပေ။

ကိုသိုက်ဖေမှာ မြင်းစီးလည်း မကျွမ်းကျင်လှသဖြင့် မြင်းကြီးက ဗွေဖေါက်ပါက မြင်းပေါ်က ပြုတ်ကျပြီး ဒဏ်ရာရကာ အရှက်တကွဲအကျိုးနည်းဖြစ်နိုင်သည်။ ထို့ကြောင့် ကိုသိုက်ဖေ သည် ညောင်ရမ်းရွာသို့ မြင်းစီးလာရမည်ကို မဝံ့ရဲပေ။

မသက်ဖူးကို လာရောက် နောက်ပိုးနေသော ကိုသိုက်ဖေ အဖို့ မသက်ဖူးရှိနေသော ညောင်ရမ်းရွာတွင် မြင်းက ဗွေဖောက် ပြီး သူ့ကို ခါချပါက အရှက်ကွဲရမည်ကို အကြီးအကျယ် စိုးရိမ် မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်ဖေသည် ညောင်ရမ်းရွာသို့ စက်ဘီးစီးပြီး လာရန် စိတ်ကူးမိပါသေးသည်။ သို့သော် မြို့ပိုင်ကြီး တစ်ယောက် လုပ်ပြီး စက်ဘီးစီးရမည်ကိုလည်း ကိုသိုက်ဖေ ရှက်နေပြန်ပါသည်။

ထို့ကြောင့် ကိုသိုက်ဖေသည် သာစည်ဘူတာ ရုံပိုင်ကြီးမှ တစ်ဆင့် မန္တလေး စာပို့ရထားမှ ဂါတ်ဗိုလ်များနှင့် မိတ်ဖွဲ့ပြီး သူ ညောင်ရမ်းသို့ ရောက်လျှင် ဂါတ်ဗိုလ်ကြီးက မန္တလေး စာပို့ ရထားကို ရပ်ပေးသည်။

ကိုသိုက်ဖေအဖို့ ညောင်ရမ်း ရွာသူရွာသားများ၏ အထင်ကြီးမှုကို ခံရလေသည်။ တောသူတောင်သားများအဖို့ ကိုသိုက်ဖေအား အထင်ကြီးမည် ဆိုလျှင်လည်း အထင်ကြီးစရာပင်။ သူတို့ ညောင်ရမ်းဘူတွင် ဘယ်တုန်းကမှ ရထားမရပ်ခဲ့ဖူးရာ ယခု ကိုသိုက်ဖေလာမှ မန္တလေး စာပို့ရထားသည် ရပ်နေသည် မဟုတ်ပါလား။

နောင်တွင် ကိုသိုက်ဖေသည် ညောင်ရမ်းရွာသို့ မန္တလေး စာပို့ရထားနှင့် လာနိုင်ရန် ညောင်ရမ်းရွာ၌ မန္တလေး စာပို့ရထား ဆိုက်ပေးရန် အစိုးရဌာနအနေနှင့် စာတင်သည်ဟု သိရသည်။

ထန်းသီးကြွေခိုက ကျီးနင်းခိုက် ဖြစ်လေသလော မသိ။ ကိုသိုက်ဖေ စာတင်ပြီးနောက် မကြာမီပင် မီးရထားဘုတ် အဖွဲ့က ညောင်ရမ်းဘူတာ၌ မန္တလေး အစုန်အဆန် ရထားကို တစ်မိနစ်စီ ရပ်ပေးလေသည်။





ထိုအခါ ညောင်ရမ်းရွာသူ ရွာသားများသည် သူတို့ ရွာတွင် ရထားရပ်ပေးအောင် ပြုလုပ်ပေးသော ကိုသိုက်ဖေအား အလွန် ကျေးဇူးတင်ကြသည်။ ထို့ပြင် ညောင်ရမ်းဘူတာ ရထားရပ်အောင် လုပ်ပေးနိုင်သော ကိုသိုက်ဖေကိုလည်း ညောင်ရမ်း ရွာသူရွာသား များက ပို၍ အထင်ကြီးကြပြန်သည်။

သို့နှင့် ကိုသိုက်ဖေသည် သာစည်မြို့မှ အချိန်အားသည် နှင့် ညောင်ရမ်းရွာသို့ ချောင်းပေါက်မတတ် ရောက်လာသည်။ သာစည်မြို့ပိုင်ဖြစ်သူသည် သာစည်မြို့နယ်အတွင်း တောရွာများ သို့ အုပ်ချုပ်ရေး၊ အခွန်တော် ရရှိရေး ကိစ္စများအတွက် တောဆင်း ရသည်ဖြစ်ရာ ကိုသိုက်ဖေသည် ညောင်ရမ်းရွာသို့ မကြာခဏ တော ဆင်းလေတော့၏။

မသက်ဖူးက ကိုသိုက်ဖေလာလျှင် ပျာပျာသလဲ ကြိုတတ် ပြီး မလာလျှင်လည်း မျှော်တော်ဇောနှင့် မောနေတတ်သည်။ ကိုသိုက်ဖေနှင့် မသက်ဖူးတို့မှာ တစ်ယောက်ကိုတစ်ယောက် မမြင် ရလျှင် မနေနိုင်လောက်အောင် သံယောဇဉ်တုံတင်မိသည်။

မြေပိုင်ရှင် ဘုရားဒကာကြီး ဦးဘိုးယွန်းမှာလည်း ကိုသိုက်ဖေအား နဂိုကပင် ပညာရှင် မင်းစိုးရာဇာဟု သဘောကျ ရာ ကိုသိုက်ဖေက သူ့သမီး မသက်ဖူးအပေါ် တိမ်းညွတ်စွဲလန်း နေပုံကိုပြရာ ဦးဘိုးယွန်းမှာ သဘောအကျကြီး ကျနေလေသည်။

ကိုသိုက်ဖေလို မင်းစိုးရာဇာ အရာရှိ အရာခံတစ်ဦးနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



သမီးသာ အိမ်ထောင်ကျခဲ့လျှင် သူ့အတွက် အလွန်ဂုဏ်ရှိမည်မှာ ဦးဘိုးယွန်း ယူဆမိလေသည်။

ဦးဘိုးယွန်းက သူ့ကို သဘောကျနေကြောင်း ကိုသိုက်ဖေ ရိပ်စားမိသောအခါတွင် ကိုသိုက်ဖေသည် မသက်ဖူးကို လက်ထပ်ယူရန်အတွက် လူငယ်ချင်း ရင်းနှီးအောင် မကြိုးစားတော့ဘဲ သူကြီး ဦးအောင်မြတ်မှတစ်ဆင့် ဦးဘိုးယွန်းကို နားဖောက်လေသည်။

ထိုသို့ လူငယ်ချင်း မချဉ်းကပ်တော့ဘဲ လူကြီးများကို ချဉ်းကပ်သောနည်းမှာ ပိုပြီး မြန်ဆန်ပြီး ပိုပြီး ထိရောက်မည်မှာ ကိုသိုက်ဖေ ယူဆသည်။

မသက်ဖူးအား ကိုသိုက်ဖေက တိုက်ရိုက်တီးတိုးတောင်းဆိုရမည့်အစား မသက်ဖူး၏ မိဘများ ကိုယ်တိုင်အား တိုက်ရိုက်ကြည့်ခိုင်းခြင်းလည်း ဖြစ်ပါ၏။

ဦးဘိုးယွန်းနှင့်ဒေါ်သိုင်းချိုတို့က သူတို့ သမီးလေး မသက်ဖူးအား တီးခေါက်ကြည့်ရာ မသက်ဖူးကိုယ်တိုင်က ကိုသိုက်ဖေအပေါ် ငြင်းပယ်စရာ မရှိကြောင်း သိရသည်။

မသက်ဖူးက ကိုသိုက်ဖေအား သဘောကျနေသည်မှာ မှန်သော်လည်း လူငယ်ချင်း မေတ္တာသက်ဝင် ချစ်ခင်ကြောင်း မပြောဘဲ လူကြီးများကတစ်ဆင့် ကမ်းလှမ်းသည်ကိုမူ မသက်ဖူး မခံချင်ပေ။

ထို မခံချင်စိတ်ကပင်လျှင် ကိုသိုက်ဖေနှင့် မသက်ဖူး





ကြားတွင် တစ်သက်တာ အနှောင့်အယှက်ကြီးအဖြစ် မသက်ဖူး ...ထားရလေသည်။

မသက်ဖူး၏ စိတ်ထဲတွင် ကိုသိုက်ဖေသည် သူ့အား မြေပိုင်နှင့် ဘုရားဒကာကြီး၏ သမီးအဖြစ်သာ လက်ထပ်လိုခြင်း ဖြစ်သည်။ ...သိုက်ဖေက မချစ်ဟူသော အစွဲအလမ်းကြီးပြီး ကိုသိုက်ဖေက ချစ်ဟူသော အစွဲအလမ်းကြီးနေလေတော့သည်။

ကိုသိုက်ဖေနှင့်မသက်ဖူးတို့သည် လူကြီးများ၏ စီမံချက်ကြောင့် နောင်တွင် အကြင်လင်မယားဖြစ်သွားကြ သော်လည်း ထိုသို့ အစွဲအလမ်းကြီးသည် သူတို့နှစ်ယောက်ကြားတွင် ပြဿနာ ...တစ်ခုဖြစ်သွားရလေသည်။

ထိုအစွဲအလမ်းသည် သူတို့နှစ်ယောက်အား အနေနီး ...က်နှင့် ဝေးကွာစေသည်။ အိမ်ထောင်ရှင်များ ဖြစ်ကြပြီး ...ယောဇဉ် နှောင်ဖွဲ့မည်ကြံတိုင်း ထိုအတားအဆီးက သူတို့ ...ယောက်ကို အမြဲတစေ ခြားနားချက်ကြီးအဖြစ် ဟန့်တား နှောင့် ...က်နေလေ၏။

ထို့ကြောင့် မသက်ဖူးက သူ့အား ကိုသိုက်ဖေက မေတ္တာ ...က်ဝင် ချစ်ခင်ကြောင်း တိုက်ရိုက်မပြောဘဲ လူကြီးများက တစ်ဆင့် ...ပ်ကြောင်းလမ်းပြီး လက်ထပ်ရန် ကြိုးစားသည်ကို မကျေနပ် ...ခြင့် သူတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းသော ညမှာပင် ...သိုက်ဖေအား မသက်ဖူး မေးမြန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းစဉ် မိတ္တလာမြို့ နယ်ပိုင် ဝန်ထောက်နှင့် သာစည်မြို့မှ မြို့ပိုင်ကြီးဆိုသူတို့သည် ကိုသိုက်ဖေ၏ လူကြီးမိဘများအဖြစ် ပါလာလေသည်။

ခါတိုင်းဆိုလျှင် ကိုသိုက်ဖေသည် မသက်ဖူး၏ တိုက်အိမ် ကြီးတွင် တည်းခိုပါလျက် စေ့စပ်ကြောင်းလမ်းသော နေ့က မသက်ဖူးတို့ အိမ်ရှေ့တည့်တည့်ရှိ သူကြီး ဦးအောင်မြတ်အိမ်ကြီး တွင် သူ၏ အထက်အရာရှိများနှင့် အတူ တည်းခိုလေသည်။

မသက်ဖူးသည် ထိုကိစ္စကို ရှင်းချင်သဖြင့် မခွင့်အရှေ့ ကျားချောင်းသလို ချောင်းနေမိသည်။ ထိုညက ဦးအောင်မြတ် အိမ်တွင် နယ်ဝန်ထောက်မင်းနှင့် မြို့ပိုင်ကြီးတို့သည် မုဆို ဦးသ ရလာသော ချေသားနှင့် အရက်သောက်နေကြရာ မသက်ဖူး ကိုသိုက်ဖေအား စကားပြောခွင့် မသာပေ။

နောက်တစ်နေ့ သာစည်သို့ပြန်ရန် မီးရထားသို့ ဆင်း ရောက်မှ မသက်ဖူးအား လာနှုတ်ဆက်သော ကိုသိုက်ဖေ မေးခွင့်ရလေသည်။

အသားဖြူဖြူ အရပ်ပုပုနှင့် ကိုသိုက်ဖေသည် ထိုစဉ် မျက်နှာဖြူ အရာရှိများ ဝတ်စားသလို ကာကီဘောင်းဘီတို စပို အဝါနှင့် ကာကီရောင်ဖော့ဦးထုပ်ကို ဆောင်းပြီး မသက်ဖူးတို့ သို့ ရောက်လာသည်။

ကိုသိုက်ဖေသည် ခြေထောက်တွင် ရှူးဖိနပ်စီးထား သ





နပ်စီးပြီး အိမ်ထဲသို့ မဝင်လိုသဖြင့် တိုက်တံခါးဝ အင်္ကတေခုံကပင် နှုတ်ဆက်လေသည်။

ကိုသိုက်ဖေရောက်လာစဉ်က အိမ်အပေါ်ထပ်တွင် ဘုရား န်းအိုးလဲနေချိန်ဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်သိုင်းချိုက မသက်ဖူး အား လှမ်းခေါ်မှ မသက်ဖူးသည် အိမ်အောက်ထပ်သို့ ဆင်းလာ ခဲ့သည်။

မသက်ဖူးသည် ကိုသိုက်ဖေအား ခြံဝသို့ လိုက်ပို့သလို အိမ်ထဲမှ ကိုသိုက်ဖေနှင့်အတူ ဆင်းလိုက်ခဲ့သည်။

နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် တွေ့ရသောအခါ သက်ဖူးက ကိုသိုက်ဖေအား "အစ်ကိုကြီး" ဟု ခပ်တိုးတိုးခေါ် လိုက်သည်။

အစ်ကိုကြီးဟု ခေါ်သည်မှာ ယခုလို စေ့စပ်ကြောင်းလမ်း ပြီး မဟုတ်ပေ။ ကိုသိုက်ဖေ ပထမဆုံးအကြိမ် ညောင်ရမ်းရွာသို့ ရောက်လာပြီး လေဘာတီမမြရင်၏ အငြိမ့်ကို ကြည့်စဉ် ကတည်းက ထက် အသက် (၅) နှစ်လည်းကြီးပြီး မင်းစိုးရာဇာ ဂုဏ်ပါဝါ ပြည့်စုံသော ကိုသိုက်ဖေအား အစ်ကိုကြီးဟု ခေါ်ခဲ့သည်။

ကိုသိုက်ဖေက မသက်ဖူးအား ကရုဏာ သက်သော လုံးအစုံနှင့် စိုက်ကြည့်ရင်း ပြုံးယောင်သမ်းကာ

"ဘာလဲ မသက်ဖူး ပြောလေ၊ ဘာလဲ ညောင်ရမ်းကို ခဏ လာပါလို့ ပြောမလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုလည်း မသက်ဖူးက မကျေနပ်သလို ခေါင်း ယမ်းလိုက်ပြီး

"အောင်မယ်လေး မပြောပါဘူးနော်၊ အစ်ကိုကြီးဘာသာ လာချင်လာပေါ့၊ မလာချင်လဲ နေနိုင်ပါတယ်ရှင်၊ ကျွန်မ ပြောချ တာက ဒါမဟုတ်ပါဘူး"

"ဒါဖြင့်ရင်ဘာလဲ ဆိုလေ"

"အစ်ကိုကြီး ကျွန်မကို ချစ်လို့စေ့စပ်တာလား၊ ပိုင်ဆို ချင်လို့ စေ့စပ်တာလား"

မသက်ဖူးက လေးလေးနက်နက် မေးခြင်း ဖြစ်သော်လည် ကိုသိုက်ဖေက သတိပြုမိဟန် မတူပေ။ အလေးအနက် မထားလို့ လားမသိ၊ ခပ်ပေါ့ပေါ့ပင် အဖြေပေးလိုက်သည်။

"နှစ်ခုစလုံးပေါ့ အသက်ရယ်"

"မဟုတ်ဘူး အစ်ကိုကြီး ဖြေတာ ပေါ့ပျက်ပျက်နဲ့ ကျွန် ကဖြင့် ဒီကိစ္စကို အသေအချာ သိချင်လို့ နေတော့တာပဲ အစ်ကိုကြ ရဲ့"

"ဘာများ အရေးကြီးလို့လဲကွယ်"

ကိုသိုက်ဖေ စကားမှားသွားပြန်သည်။ ထိုစကားကိုလည် မသက်ဖူးက သဘောမကျပြန်ပေ။

"အစ်ကိုကြီးအဖို့တော့ ဒီကိစ္စဟာ ဘယ်အရေးကြီးမ ကျွန်မအဖို့တော့ အသက်သေခဲတမျှ အရေးကြီးတယ်လို့ ဆိုရ





ယ် အစ်ကိုကြီးရဲ့"

"ဘာများတုံးမို့လဲ အသက်ရဲ့"

"ကျွန်မ အစ်ကိုကြီးကို မေးခဲ့ပါသော်ကော၊ အစ်ကိုကြီး ကျွန်မကို အခုလို လူကြီးစုံရာနဲ့ လာပြီး စေ့စပ်တာ မေတ္တာ သက်ဝင် ချစ်ခင်လို့လား၊ ဒါမှမဟုတ်ရင် ကျွန်မကို ပိုင်ဆိုင်ချင်လို့လား"

"နှစ်ခုစလုံးလို့ ဖြေခဲ့သားပဲ အသက်ရဲ့"

"ဒီလိုဆိုရင် မေတ္တာသက်ဝင် ချစ်ခင်တာများလဲ ပါတယ် ပေါ့ဟုတ်လား"

"ဟုတ်ပ"

"ဒီလိုဆိုရင်လဲ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးနဲ့ မသက်ဖူး ဟာ ရင်းနှီးနေတာပဲ၊ ကျွန်မကို တိုက်ရိုက် ပြောပါလားရှင်၊ ဘာဖြစ် လို့ ဖေဖေတို့ မေမေတို့ကနေတစ်ဆင့် တီးခေါက်ပြီးမှ ကျွန်မကို စေ့စပ်ရတာလဲရှင်"

"သြော် ... အသက်ရယ်၊ ဒီကိစ္စကို မသက်ဖူးက အစ်ကိုကြီး ကို မကျေမနပ်ဖြစ်နေတယ် ထင်ပါရဲ့၊ ဟုတ်စ"

"ဟုတ်တယ် ဆိုပါတော့"

"ဒီမှာ အသက်ရယ် အစ်ကိုကြီးက အသက်ကို တစ်သက် နှယ်ကိုးတာမို့ လူကြီးတွေတစ်ဆင့် အသိပေးရတာပေါ့"

"ကျွန်မတော့ အစ်ကိုကြီးရဲ့ စကားကို လက်မခံနိုင်ဘူး အစ်ကိုကြီးရဲ့ စကားဟာ နားဝင်ချိုပါရဲ့၊ ဒါပေမယ့် ရသာချို ကင်း



www.burmeseclassic.com

www.burmeseclassic.com



နေတယ်လို့ ထင်မိပါတယ် ရှင်"

"ဘာဖြစ်လို့ ရသာချိုကင်းရမှာလဲ"

"ရသာချိုကင်းမှာပေါ့ အစ်ကိုကြီးရဲ့ အစ်ကိုကြီးက ကျွန်မကို မေတ္တာသက်ဝင် ချစ်ခင်တဲ့အကြောင်း မပြောဘဲ ငါ့ရဲ့ ရာထူး အာဏာ ဂုဏ်ပါဝါနဲ့ ပြောရင် ရလိမ့်မယ်ဆိုပြီး မိဘတွေဆီက တစ်ဆင့် ပြောတာကိုး"

"ရေခွေးနဲ့ပဲ ဖျန်းဖျန်း ရေအေးနဲ့ပဲ ဖျန်းဖျန်း မီးသေဖို့က လိုရင်းပဲ မဟုတ်လား"

"အင်းလေ ဟုတ်ပါတယ် မီးသေဖို့ မီးသေဖို့ ဟုတ်တာပေါ့ အစ်ကိုကြီးကတော့ အစစအရာရာ မီးသေစေချင်တာပေါ့ အစ်ကိုကြီးတို့က အာဏာပိုင် တန်ခိုးရှင်တွေကိုး"

အစပထမတွင် ကိုသိုက်ဖေမှာ ပေါ့ပေါ့တန်တန် သဘောထားခဲ့သော်လည်း မသက်ဖူးမှာ ထိုကိစ္စကို လေးလေးနက်နက် သဘောထားပြီး သူ့အား စကားနာ ထိုးနေကြောင်း ကိုသိုက်ဖေ သတိပြုမိသည်။

ကိုသိုက်ဖေသည် မသက်ဖူး၏ ငယ်ရွယ်ပျိုမျစ် လှပတင့်ရွှန်းသော မျက်နှာကလေးကို မျက်လုံးမှေး၍ ကြည့်ရင်း ပြုံးယောင်သန်းနေသော သူ့မျက်နှာသည် တည်သွားလေသည်။

ကိုသိုက်ဖေ အံ့ဩသော လေသံနှင့်

"ဩော် . . . မသက်ဖူးက ဒီကိစ္စကို တော်တော် စိတ်ဆိုး





...တာကိုး"

"စိတ်ဆိုးနေတာမဟုတ်ဘူး စိတ်ထိခိုက်နေတာ အစ်ကို ... စိတ်ထိခိုက်နေတာ"

"ဆိုစမ်းပါဦး မသက်ဖူးရယ်၊ ဘာများ စိတ်ထိခိုက်စရာ ရှိလဲ၊ ...အစ်ကိုကြီးမှာလဲ ချစ်လို့ကြံမိတာ မဟုတ်လား"

"စိတ်ထိခိုက်ရတာပေါ့ရှင်၊ အစ်ကိုကြီးက ကျွန်မကို ...ဘာပန်းကလေးလို သဘောထားပြီး ငါချိုးချင် ချိုးမယ်၊ ပန်ချင် ...မယ် ဆိုပြီး ပြုမူတာ မဟုတ်လား"

"အစ်ကိုကြီး ပန်ဆင်ခွင့်တောင်းခဲ့သားပဲ"

"အစ်ကိုကြီး ပန်ဆင်ခွင့်တောင်းတာ ပန်းသခင် ဥယျာဉ်...ဆိုရှင့် မူလပိုင်ရှင် ပန်းပင်ကို အစ်ကိုကြီး ပန်ဆင်ခွင့် တောင်းလို့ ..."

"ပန်းသခင်နဲ့ ပန်းပင်နဲ့ဟာ အတူတူပဲပေါ့"

"ဘယ်မှာ တူမှာ တူနိုင်မှာလဲရှင်၊ ပန်းပင်ဟာ ပန်းပင်ပဲ၊ ...ပန်းသခင်ဟာ ပန်းသခင်ပဲပေါ့"

"ဒါဖြင့် မြတ်ပန်းတော်ဝင် ပန်းသဇင်လေးကို အစ်ကိုကြီး ...တောင်းပါတယ်ဗျ ကျေနပ်ပါတော့ ဟုတ်လား"

"အစ်ကိုကြီးရယ် ပန်းပင်ကိုချိုးပြီးမှ ပန်းဖိုးကို လျော်မယ် ...စိတ်မကူပါနဲ့၊ ပန်းပင်ကို မချိုးမီ ခွင့်ပန်မှ တရားနည်းလမ်း ...တော့မှာပေါ့၊ အထူးသဖြင့် အစ်ကိုကြီးတို့လို မင်းစိုးရာဇာ တွေက



www.burmeseclassic.com

www.burmeseclassic.com



ငါလုပ်ရင်ဖြစ်တယ် ဖြစ်ရမယ်ဆိုတဲ့ အနိုင်ကျင့် စိတ်ကြီးက ဝင်နေတယ်၊ အဲဒါက အစ်ကိုကြီးတို့ အုပ်ချုပ်ရေးမှာတော့ ကောင်းမလား မသိဘူး၊ အုပ်ချုပ်ရေးမှာလဲ ကောင်းမယ် မထင်ပါဘူး၊ အိမ်ထောင်ရေးမှာတော့ အဲဒီ စိတ်ကြီးဝင်နေတာ မကောင်းဘူးရှင့်"

မသက်ဖူး လေးလေးနက်နက် ပြောနေသောအခါ ကိုသိုက်ဖေမှာလည်း ပေါ့ပေါ့တန်တန်တွေးပြီး ပေါ့ပေါ့တန်တန် ပြောစရာ မရတော့ပေ။

"အေးပါကွယ်၊ မသက်ဖူး စိတ်တိုင်းကျအောင် အဲဒီ ငါကြီးကောင်းဆိုတဲ့ စိတ်ဓာတ်မျိုး ငါလုပ်ရင် ဖြစ်ရမယ်ဆိုတဲ့ နိုင်လိုမင်းထက် စိတ်မျိုးကို ခဝါချပြီး ဈာပန လုပ်လိုက်ပါ့မယ်"

ကိုသိုက်ဖေက တောင်းပန်သော လေသံချင့် ပြောသဖြင့် မသက်ဖူးရဲ့ စိတ်ကလေး ပျော့သွားရှာသည်။

မသက်ဖူးသည် ကိုသိုက်ဖေ၏ အပြုအမူ အပြောကြောင့် သူ့စိတ်မှာ ထိခိုက်မိသော်လည်း သူ့ကြောင့် ကိုသိုက်ဖေ စိတ်ထိခိုက်မည်ကို စိုးရိမ်သဖြင့် သူ့စကားများကို ရပ်ဆိုင်းလိုက်သည်။

မသက်ဖူး၏ ရင်ထဲတွင်မူ ပြောစရာ စကားလုံးများက အပြည့်ရှိနေသေးသည်။ သို့သော် မသက်ဖူးသည် စိတ်ဆင်ရိုင်းနှင့်





စကားမှန်တိုင်းကို ပညာဉာဏ်နှင့် ချုပ်လိုက်ပါသည်။

ကိုသိုက်ဖေကမူ မသက်ဖူးဖွင့်ပြောမှ သူသည် မသက်ဖူးနှင့် ချစ်ကျွမ်းတဲ့တင်အောင် မပြုလုပ်ဘဲ လူကြီးစုံရာနှင့် နားဖောက်မိသော အမှားကို သတိပြုမိသွားသည်။

သို့သော် ထိုကိစ္စမှာ သိပ်အရေးကြီးလှသည်ဟု ကိုသိုက်ဖေ ယခုတိုင် မထင်မြင်သေးပေ။ တစ်နေ့ကျလျှင် ထိုကိစ္စကို မသက်ဖူး မေ့သွားလိမ့်မှာပါဟု ကိုသိုက်ဖေ ယုံကြည်နေသည်။

ထိုစကားကို မသက်ဖူး ပြောသည်မှာပင် အမှန်ပင် စိတ်ရင်းရှိ၍ ပြောခြင်းမျိုး မဟုတ်ဘဲ ဟန်လုပ်၍ ပြောနေသည်ဟု ကိုသိုက်ဖေ ထင်မိ၏။

ကိုသိုက်ဖေက သူလို ငယ်ငယ်ရွယ်ရွယ်နှင့် ရာထူးကြီးကြီး ရထားသော မင်းမျိုးမင်းလွင်တစ်ယောက်ကို စေ့စပ်ကြောင်းလမ်းသဖြင့် မသက်ဖူးသည် စိတ်ထဲကျိတ်၍ ဝမ်းသာနေမည်ဖြစ်ပြီး ယခုလို ပြောဆိုခြင်းမှာ မိန်းမတို့ မာယာအရသာလျှင် သူ့ကိုယ် သူ ဟန်ဖိုးထားလေဟန်နှင့် ပြောသည်ဟု ထင်မြင်နေမိ၏။

ကိုသိုက်ဖေ ထင်မည် ဆိုပါကလည်း ထင်စရာပင်။ ထိုခေတ်က သူတို့ မြို့အုပ်တို့ နယ်ပိုင်တို့ဆိုသည်မှာ ပျိုတိုင်းကြိုက်သော နှင်းဆီခိုင်ဖြစ်သည်။

ထိုခေတ်က သမက်ရောင်းဈေး၌ အိုင်စီအက်စ် ခေါ် အိန္ဒိယ ပဋိညာဉ် ဝန်ထမ်းဆိုလျှင် မည်မျှ ဘီစီအက်စ် ခေါ် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံဝန်ထမ်းဆိုလျှင် ငွေမည်မျှ စသည်ဖြင့် ဦးဘိုးယွန်းကဲ့သို့ မြေပိုင်ရှင်သူဌေးကြီးများက ငွေပေး၍ သမက်ဝယ်ကြသည်။

အချို့ဆိုလျှင် ခြံလျှောက်ပြီး သမက်မွေးသည်ဟုပင် ပြောကြရသော အဖြစ်မျိုးရှိသည်။ ပညာဉာဏ်ထူးချွန်သော လူငယ်များကို ဘွဲ့ရပြီး အစိုးရ ရာထူးရာခံ ရသည်အထိ ပညာသင်ပေးကာ သမက်ဝယ်ခဲ့ကြသည်။

မြေပိုင်ရှင် ဦးဘိုးယွန်းက ကိုသိုက်ဖေအား ပညာသင်ပေးခဲ့ခြင်းမရှိပဲ ယခုလို ရာထူးရာခံရှိမှ မသက်ဖူးနှင့် ပေးစားရန် စီစဉ်သော ကိစ္စမှာမူ သမက်ဝယ်ခြင်းကား မဟုတ်ပါပေ။

သို့သော်လည်း ဦးဘိုးယွန်း၏ ဓနအင်အားနှင့် ကိုသိုက်ဖေ၏ ရာထူးဂုဏ်ရှိန်တို့ အလဲအလှယ် ပြုကြခြင်းပင် ဖြစ်သည်။ ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့မှာ အရောင်းအဝယ်ပြုခြင်း မဟုတ်ဘဲ ကုန်ချင်းဖလှယ်ခြင်းသာ ဖြစ်သည်။

ကိုသိုက်ဖေလို ရာထူးရာခံရှိသော လူများအနက် သူတို့ ချစ်ခင်နှစ်သက်သော အမျိုးသမီးများကို ဆင်းရဲသည်ဖြစ်စေ၊ ဆွေဂုဏ်မျိုးဂုဏ်နုံချာသည်ဖြစ်စေ နှလုံးသားကို ဦးစားပေးပြီး လက်ထပ်သူများလည်း ရှိပါသည်။ သို့သော်လည်း ရှားပါးပါသည်။ ကိုသိုက်ဖေလို ရာထူးရာခံ ရှိသူများသည် သူတို့၏ ရာထူးဂုဏ်ရှိန်နှင့် တန်းတူညီသော ငွေကြေးချမ်းသာ ကြွယ်ဝသူများ၏ သားသမီးများကိုသာ အိမ်ထောင်ဖက်ပြုရန် ပထမဆုံး စဉ်းစားလေ့ရှိပါသည်။





သူတို့သည် ပညာပါရမီရှိသည့် အလျောက် ယခုဘဝတွင် ထူးရာခံကို ရခဲ့ရာ ရာထူးအလျောက် နေရထိုင်ရသော အခွင့် ရေး စည်းစိမ်အပြင် ယောက္ခမမှ ပေးအပ်ချီးမြှင့်မည့် အပိုစည်း ကိုလည်း ခံစားချင်ကြသေးသည်။

သူတို့၏ ပညာဉာဏ်နှင့် ရာထူးဂုဏ်သိန်သည် ညီးစိမ် မျိုးကိုခံစားထိုက်သည်ဟု သူတို့က ယူဆထားပုံရပါ၏။

ထို့ကြောင့် ရာထူးရာခံရှိသော သူများသည် ချစ်စရာ ာင်းသော အိမ်ထောက်ဖက်ထက်၊ ပိုက်ဆံချမ်းသာသော ာက္ခမများကို ရှာဖွေလေ့ရှိကြ၏။

အချို့ဆိုလျှင် ယောက္ခမ၏ ဓနဥစ္စာကို မက်မောလွန်း ာကြောင့်သူတို့ရသော အိမ်ထောင်ဖက်များမှာ ရုပ်ဆိုး အကျည်း ပြီး ပညာမဲ့များဖြစ်ကြ၏။

ကိုယ်၏ အိမ်သူသက်ထား ဇနီးမယားမှာ ရုပ်ရည် ရူပက င့်တယ်သော်လည်း သူတို့ ဂရုမစိုက်ကြပေ။ သူတို့ ဦးစားပေး ည်မှာ ရုပ်ရည်ထက် ဓနဥစ္စာဖြစ်သည်။ ထို့ကြောင့် အရာရှိ ာခံများမှာ သူ့တို့ဇနီးမယားများကို ချောင်ထိုးပြီး တော်သင့်ရာ ည်တင့်တယ်သော မိန်းမပျိုကို အငယ်အနှောင်း ထားကြခြင်း ုရပါ၏။

ထိုသို့ ယောက္ခမ၏ ဓနဥစ္စာနှင့် သမက်၏ ရာထူးဂုဏ် ို့ အလဲအလှယ်ပြုကြရင်း တွက်သားမကိုက်ဘဲ လိမ့်လိမ့်လဲ

www.burmeseclassic.com



လဲ ဖြစ်သွားရသူများလည်း ရှိ၏။

အချို့သော အရာရှိ အရာခံများမှာ ယောက္ခမ၏ စည်းစိမ် ဥစ္စာကို မက်ပြီး သူတို့သမီးကို လက်ထပ်ယူခဲ့ရသော်လည်း သူတို့နှင့် လက်ထပ်ပြီးမှ ယောက္ခမဖြစ်သူသည် ကုန်ရှုံးပြီး ဆင်းရဲသွားသဖြင့် အိမ်ပေါ်တင် ကျွေးထားရသည်လည်း ရှိ၏။

အချို့မှာမူ သမက်ဖြစ်သူမှာ ရာထူးရာခံရှိသဖြင့် ဂုဏ်ပါ၍ လုပ်ချင်သောကြောင့် သမီးဖြစ်သူနှင့် ပေးစားလိုက်၏။ သမီးဖြစ်သူနှင့် ပေးစားပြီးမှ သမက်ဖြစ်သူသည် အစိုးရပြစ်ဒဏ်ခံရပြီး အလုပ်ပြုတ်သွားသဖြင့် သမက်ကို အိမ်ပေါ်တင်ကျွေးထားရသော ယောက္ခမများလည်း ရှိ၏။

ကိုသိုက်ဖေအဖို့မှာမူ အရတော်လေစွဟု ဆိုရပေမည်။ ဦးဘိုးယွန်း၏ ဓနဥစ္စာမှာ ကုန်သည်ပွဲစားကဲ့သို့ ကုန်ရှုံးလျှင် တစ်ခေါက်နှင့်ဆင်းရဲသွားမည့် လက္ခဏာမျိုးမဟုတ်ပေ။ ဦးဘိုးယွန်း၏ စည်းစိမ်ဥစ္စာမှာ ဆယ်သက်စားမကုန်ဟု ဆိုကြ၏။

ထို့ပြင် မသက်ဖူးမှာ ဖြူဖြူနွဲ့နွဲ့နှင့် ရုပ်ရည်ချောမောသူ ဖြစ်ရာ လူပုံအလယ်တွင် ပွဲတက်မယားအဖြစ် တင့်တယ်သူ ဖြစ်သည်။ ထို့ပြင် မသက်ဖူး၏ ရုပ်ရည်ရူပကာမှာ မင်းကတော် စိုးကတော် ရုပ်မျိုးဖြစ်၏။ တောမှာနေသော်လည်း တောမဆန် မြို့ဟန် ပေါက်နေ၏။

ကိုသိုက်ဖေနှင့်မသက်ဖူးတို့မှာ နှစ်ယောက်စလုံး အလှ





ကြပြီး အရပ်ပုပုံမှာလည်း နတ်ဖက်သည့် ဖူးစာဟု ဆိုရပေမည်။

ထိုနေ့က မိတ္ထီလာမှ ကိုသိုက်ဖေ၏ ဆရာ နယ်ပိုင်ဝန်ထောက်မင်းနှင့် သာစည် မြို့ပိုင်ကြီးတို့ ပြန်သွားကြရာ ဘူတာရုံသို့ ဦးဘိုးယွန်းက ဆင်းပို့ပါသည်။

မသက်ဖူးကမူ မိန်းကလေးတို့၏ ဣန္ဒြေအရ ကိုသိုက်ဖေအား ဘူတာရုံသို့ ဆင်းမပို့ပါ။

ကိုသိုက်ဖေနှင့် မသက်ဖူးတို့ စေ့စပ်ပြီးနောက်တွင် ညောင်ရမ်းရွာထဲ၌ အတန်ကြာ မကြားရသော ကာလသားတစ်စု၏ သီချင်းဆိုသံများ ဂီတသံနှင့်အတူ ညဘက်တွင် ပြန်ကြားရလေသည်။

ဦးဘိုးယွန်းက မောင်နန္ဒအား သူ့ခြံထဲမှ မောင်းထုတ်ပြီးနောက် ညောင်ရမ်းရွာထဲ၌ ဂီတသံ အတန်ငယ် ဆိတ်နေခဲ့သည်။ ယခု မသက်ဖူး မြို့ပိုင်ကိုသိုက်ဖေနှင့် စေ့စပ်ပြီးနောက်ပိုင်းတွင် ညအချိန်များ၌ ဂီတာ၊ မယ်ဒလင်၊ ဘာဂျာ၊ တယောထိုးသံများ ပြန်ကြားရခြင်း ဖြစ်သည်။

ညောင်ရမ်းရွာ၏ ညချမ်းချိန်ခါများကို ဂီတသံများ လွှမ်းမိုးနေသည်။ သို့သော် တေးသံများကမူ ပြောင်းလဲ ခြားနားသွားကြသည်။

ယခင်က သီဆိုသော သီချင်းများမှာ ရွှေစံပယ်ရုံ၊ ဆွတ်ခူးနှံခက်ပါဘိ၊ သက်ဝေ၊ ရွှေပြောင်ပြောင် စသော အချစ်သီချင်း



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်သည်။ ယခုသီဆိုသော သီချင်းများမှာ မုဒုလက္ခဏာ သူယောနန္ဒီ၊ ပဒုမပေါင်တို၊ တာနောယက္ခ၊ သစ္စာမရှိသော မိန်းမ များအကြောင်း စပ်ဆိုထားသော သီချင်းများ ဖြစ်လေသည်။ ယခု နောက်ပိုင်း သီချင်းဆိုသံများမှာ တစ်ခါတစ်ရံ အရက်မူးသံကြီးက ကပ်ပါလာသေးသည်။

ညဘက်အချိန်မတော် မသက်ဖူးတို့ တိုက်ကြီးအရှေ့တွင် သီချင်းလာဆိုသူများအနက် မောင်နန္ဒတစ်ယောက်ပါလာသည်မှာ ယုံမှား သံသယ ဖြစ်ဖွယ်မလိုပါ။ တစ်ခါတစ်ရံ အာလေး လျှာလေး အရက်မူးသံကြီးနှင့် မောင်နန္ဒ၏ အသံကို မသက်ဖူး ကြားရသည်။

ယခင်အချိန်များက မောင်နန္ဒတို့ မသက်ဖူးတို့၏ တိုက်အိမ် ကြီးရှေ့တွင် သီချင်းလာဆိုလျှင် မသက်ဖူးသည် အိမ်အပေါ်ထပ် ပြတင်းပေါက်နားရပ်ကာ မောင်နန္ဒအား ချောင်းကြည့်ခဲ့ဖူးသည်။

မောင်နန္ဒသည် ရုပ်ရည်ချောမောသူ ဖြစ်၍ မသက်ဖူး သည် စိတ်ဝင်စားခဲ့ဖူးသည်။

ဦးဘိုးယွန်းက မောင့်နန္ဒအား သူ့ခြံထဲသို့ ခေါ်ကာ မောင်နန္ဒအား စကားပြောစဉ်က မသက်ဖူးသည် စိုးရိမ်တကြီး နှင့် ချောင်းကြည့်ခဲ့သည်။ ဦးဘိုးယွန်းက မောင်းထုတ်လိုက်၍ ခြံထဲမှ မောင်နန္ဒ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားသော အခါ မသက်ဖူး သည် စိတ်မချမ်းသာစွာနှင့် မောင်နန္ဒ၏ ကျောပြင်ကို ငေးကြည့် ရင်း ကျန်ရစ်ခဲ့ဖူးသည်။





ယခုညများတွင် မောင်နန္ဒ သီချင်း လာဆိုသောအခါ မသက်ဖူးသည် ထ၍ မကြည့်တော့ပါ။ မသက်ဖူးသည် ချစ်သူကို မျှော်ကိုးပြီး ချစ်စိတ်ဆန်းကြယ်နေသော အရွယ် မဟုတ်တော့ပြီ။ မသက်ဖူးသည် မြို့ပိုင်တစ်ယောက်နှင့် လက်ထပ်ရန် စေ့စပ်ထား သော မင်းကတော်၊ စိုးကတော်လောင်း တစ်ယောက် ဖြစ်နေပြီ။

မသက်ဖူးသည် မောင်နန္ဒ၏ တယောသံသကို စိတ်ဝင် စားခဲ့သော်လည်း ယခုတော့ ထိုအသံကို မကြားချင်တော့ပေ။ ယခုလို ဂီတသံပေးပြီး သီချင်း လိုက်ဆိုသော အလုပ်မှာ လူကြီး သူကောင်း တစ်ယောက်၏ အပြုအမူဟုလည်း မသက်ဖူး မထင် တော့ပေ။ မသက်ဖူးအဖို့ ထိုတေးသံများက နားဝင်ပီယံ မဖြစ်တော့ ပေ။

တစ်ခုတော့ရှိပါသည်။ ယခင်အချိန်အခါများက မောင်နန္ဒ သီဆို တေးဖွဲ့ခဲ့သော အသံများမှာ ချစ်တေးသံများ ဖြစ်၍ ချစ်သူ အား ရည်စူးပြီး သီဖွဲ့ခဲ့သော သီချင်းများဖြစ်သည်။ ယခုမူ သစ္စာ ဖောက်ခဲ့သူများကို စိတ်နာကြည်းစွာဖြင့် သီဆိုနေသော သီချင်းများ ဖြစ်ရာ မသက်ဖူး၏ နားထဲ၌ နားဝင်ပီယဖြစ်ဖွယ် မရှိခြင်းလည်း ဖြစ်နိုင်ပါ သည်။

မသက်ဖူးသည် မောင်နန္ဒတို့ တီးဝိုင်းအဖွဲ့၏ အသံကို ကြားသောအခါ စိတ်ဆိုး မာန်ဆိုးနှင့် နားကိုပိတ်ကာ အိပ်ရာထဲ ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မသက်ဖူးသည် ဂီတသမား မောင်နန္ဒသည် မသက်ဖူးအား စိတ်နာနာနှင့် သူယောနန္ဒီနှင့်ပဒုမပေါင်တို တို့နှင့် ပုံနှိုင်းရုံမျှနှင့် ပြီးဆုံးသွားလိမ့်မည်ဟု မျှော်လင့်လေသည်။

အမှန်အားဖြင့် မောင်နန္ဒသည် မသက်ဖူးအား သစ္စာပျက်သူ၊ ဂုဏ်မက်သူဟု စွပ်စွဲနေခြင်းမှာလည်း မရောင်ရာကို ဆိုလူးနေခြင်းသာ ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် မသက်ဖူးနှင့် မောင်နန္ဒတို့သည် သစ္စာဆိုထားသော ချစ်သူများ မဟုတ်ပေ။

ငယ်စဉ်အခါက လေးထပ်ကျောင်းတွင် ပညာအတူ သင်ခဲ့ဖူးသည်၊ သင်ပုန်းကြီး အတူတက်ခဲ့ဖူးသည်။ ကြီးပြင်းလာသော အခါ တစ်ရွာတည်းသားချင်းဖြစ်၍ မကြာခဏဆုံတွေ့ခဲ့ဖူးရုံသာ ရှိသည်။

ရွာဦးကျောင်း ဥပုသ်ဇရပ်တွင်ဖြစ်စေ၊ ရွှေဂူကြီးဘုရားပွဲတော်တွင် ဖြစ်စေ ဆုံတွေ့ကြသောအခါ စကားပြောဖူး ဆိုဖူးကြသည်။ ရင်းရင်းနှီးနှီးကား မရှိလှပ။

ထိုစဉ်အခါများက မောင်နန္ဒက မသက်ဖူးအား တိမ်းညွတ်ချစ်ခင်နေသော လက္ခဏာများ ပြခဲ့သော်လည်း မောင်နန္ဒသည် ချစ်ရေးဆိုရန် တုံ့နှေးခဲ့သည်။

ထိုစဉ်ကာလများကသာ မောင်နန္ဒသည် ချစ်ရေးဆိုခဲ့လျှင် မသက်ဖူးကလည်း တုံ့ပြန်ရန် ဝန်လေးလှမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မောင်နန္ဒမှာ ရုပ်ရည်ချောမွေ့ပြီး ထိုခေတ်က





မိန်းမပျိုများ သဘောကျလေ့ ရှိသော ဂီတသမားတစ်ဦးဖြစ်သောကြောင့်ပင်။

ထိုခေတ်က ကျေးလက်များ၌ ယခုလို ဂီတာ၊ မယ်ဒလင်၊ ဘယော၊ ဘင်ဂျိုစသော ခေတ်ပေါ် ဂီတများကို တီးခေတ်သီဆိုတတ်သူများသည် မျက်နှာပွင့်လန်းကြသည်။ အပျိုကလေးများက ထိုဂီတသမားများကို စိတ်ဝင်စားကြသည်။ အကယ်၍ အလှူပွဲ၊ မင်္ဂလာပွဲများနှင့် ထိုဂီတ တီးဝိုင်းအဖွဲ့သားများက တေးသီချင်းများ သီဆိုလျှင်ပင် သူ့ကို စောင်းဆိုသလိုလို၊ ငါ့ကို စောင်းဆိုသလိုနှင့် မိန်းမပျိုကလေးများက စိတ်ကူးယဉ်တတ်လေသည်။

ထို့ကြောင့် ညောင်ရမ်းရွာတွင် မောင်နန္ဒမှာ မျက်နှာပွင့်ဘန်း ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်ခဲ့သည်။ ထိုအချိန်ကသာ မောင်နန္ဒက ချစ်ရေးဆိုခဲ့လျှင် မသက်ဖူးကလည်း လက်ခံမိမည်သာ ဖြစ်သည်။

ယခုမူ မောင်နန္ဒသည် တစ်ရွာတည်းသားဖြစ်ပါလျက် တွေ့ခါမနေချင်း ခြားနားမှုကြောင့် နီးပါလျက် အလာနှောင်းသွားပေပြီ။

ထို့ပြင် မောင်နန္ဒနှင့် မြို့ပိုင် ကိုသိုက်ဖေတို့မှာ အရည်အချင်းချင်း ဂုဏ်ဒြပ်ချင်း ကွာလှသည်။ မည်မျှ ကွာခြားသနည်းဆိုသော် မြင်းမိုရ်တောင်နှင့် ခြတောင်ပို့ကဲ့သို့ ကွာခြားလှ၏။

ထို့ကြောင့် မောင်နန္ဒသည် ကိုသိုက်ဖေနှင့် လက်ပြိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မသက်ဖူးအား မလုံ့ဝံ့ဟု မသက်ဖူးထင်မိသည်။ မသက်ဖူးက မောင်နန္ဒသည် ကိုယ့်အရည်အချင်းကို ကိုယ်သိပြီး နောက်ဆုတ်သွားလိမ့်မည်ဟု ထင်မိပြီး အရေးမစိုက်ခဲ့ပေ။

သို့သော် ညနေစောင်းတစ်ခုတွင် မသက်ဖူးသည် အဖော်မိန်းကလေးတစ်ယောက်နှင့်အတူ ရွှေဂူကြီးဘုရားသို့ သွားကာ ဘုရားဆီမီးနှင့် ပန်းရေချမ်းများ သွားကပ်လေသည်။

ဘုရားရင်ပြင်ပေါ်ရှိ သော့ကြာထောင့်၌ မသက်ဖူးသည် ဆီမီးများ ထွန်းညှိနေသည်။

ထိုစဉ်တွင် မည်သည့်အချိန်က အလစ်ချောင်းနေသည် မသိ မောင်နန္ဒသည် ရွှေဂူကြီးဘုရား ရင်ပြင်သို့ ဘွားခနဲ ရောက်လာသည်။ မောင်နန္ဒ၏ မျက်လုံးများသည် ရဲရဲနီနေသည်။ အရက်သေစာ သောက်စားထားဟန်တူသည်။ လျှာလေး အာလေးနှင့် စကားပြောလည်း မူမမှန်ဖြစ်နေသည်။

မောင်နန္ဒကို တွေ့လိုက်သည်နှင့် မသက်ဖူးနှင့် လိုက်လာသော မဝိုင်းဆိုသော မိန်းကလေးသည် ခြေလှမ်းတုံ့သွားပြီး နောက်သို့ ခပ်ယိုင်ယိုင်နှင့် ဆုတ်သွားသည်။

မသက်ဖူးကို တွေ့သည်နှင့် မောင်နန္ဒသည် သရော်သော စကား ပြောတော့သည်။

"ဘယ်လိုလဲ မမ မင်းကတော်ရဲ့ ခင်ဗျားက မင်းကတော် ဖြစ်တော့မှာ ဆိုတော့ ပျော်နေတာပေါ့လေ"





ရုတ်တရက်သော် မသက်ဖူးသည် လွန်စွာ ထိတ်လန့်သွားသည်။ သို့သော် မိမိက ကြောက်ရွံ့ထိတ်လန့်နေပုံပြပါက မောင်နန္ဒ ပြီး အတင့်ရဲလာမည် စိုးရိမ်သဖြင့် မသက်ဖူးသည် ရင်ထဲက ထိတ် နေသော်လည်း မျက်နှာက ထိတ်လန့်ပုံ မပေါ်အောင် ဣန္ဒြေ ဆောင်ထားလိုက်သည်။

မသက်ဖူးသည် ဆီမီးများကို ဆက်လက်ထွန်းညှိနေသော် သည်း လက်များက တုန်ယင်နေသဖြင့် ဖယောင်းတိုင်ကို တော် တော်နှင့် မီးမစွဲဘဲ ဖြစ်နေသည်။ ဖယောင်းတိုင်များကို မီးထွန်း နေရင်း ကျရောက်နေသော အကျဉ်းအကျပ်ထဲမှ လွတ်မြောက်ရန် ည်းစားနေသည်။

တစ်ချိန်တည်းမှာပင် အရက်မူးနေသော မောင်နန္ဒအား အလိုက်သင့် လိုက်ပြောရမည်ဟု မသက်ဖူး နားလည် လိုက်သည်။

မသက်ဖူးက ရင်းနှီးကျွမ်းဝင်လေဟန် ပရိယာယ်ဆောင်

"အေး ငါမင်းကတော်ဖြစ်မှာကို နင် ဝမ်းမသာဘူးလား၊ ယ့် ညောင်ရမ်းရွာသူတစ်ယောက် မင်းကတော် ဖြစ်မှာကို နင် မ်းသာမှာပေါ့ ဟုတ်လား"

ထိုအခါ မောင်နန္ဒသည် အရက်မူးသောကြောင့် သက်ဖူး၏ စကားကို သဘောမကျ၍လော မသိ မျက်နှာကြီး ရှုံ့



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ ငါက ညောင်ရမ်းရွာသူ မင်းကတော် ဖြစ်တာကို ဘာဖြစ်လို့ ဝမ်းသာရမှာလဲ၊ ငါ့ရင်ထဲမှာတော့ မီးတောက် ကို ယမကာရေစင်နဲ့ ပက်ဖျန်းနေတာ သိရဲ့လား"

မောင်နန္ဒ ဗလုံးဗထွေး မှုးယစ်သံကြီးနှင့် ပြောလိုက်သည်။

မသက်ဖူးက ကြောက်ရွံ့စိတ်ကို မောင်းထုတ်လိုက်ပြ တမင်ဝင် ဟန်ဆောင်၍ ပြုံးလိုက်ကာ ရင်းနှီးသော လေသံနှင့် ပြောလေသည်။

"နင်ကလဲ ရယ်စရာကောင်းလိုက်တာ၊ ဘာဖြစ်လို့ နင့်ရဲ့ ရင်ထဲမှာ မီးတောက်နေရတာလဲ"

မောင်နန္ဒက အရက်မူးလွန်းသဖြင့် ကြို့ထိုးလိုက်ပြီး စကား မပီမသ ဆိုပြန်သည်။

"အေ . . ငါ့ရဲ့ အချစ်ကို မြို့ပိုင်ဆိုတဲ့ ပါဝါနဲ့ပြပြီး လုယူ သွားလို့ပေါ့ဟ"

ထိုစကားကို ကြားရသောအခါ ရင်းနှီးဟန် ပြုံးရွှင်ဟ ဟန်ဆောင်ထားသော မသက်ဖူးသည် မခံချင်စိတ်ကလေး ပေါ် ပေါက်သွားသည်။

"ဘာပြောတယ်၊ နင့်ရဲ့ အချစ်ကို လုယူသွားတယ် ဟု လား၊ ငါက နင့်ကို ဘယ်တုန်းက ချစ်တယ် ပြောခဲ့လို့လဲ၊ ပြီးတော့ လဲ နင်က ငါ့ချစ်သူမှ မဟုတ်ဘဲ"

"မလိုပါဘူးဟာ၊ နင်က ငါ့ကို ချစ်စရာ မလိုပါဘူး၊ ငါ





နင့်ကို ချစ်နေတယ်ဆိုရင် ပြီးနေတာပဲ နင့်ကို ငါချစ်တယ်၊ ငါ့ရဲ့ ချစ်သူပေါ့၊ ငါ့ရဲ့ ချစ်သူကို မြို့ပိုင် ကိုသိုက်ဖေက ရာထူးပြပြီး ခေါ်ပြ ဘိုက်သွားတာပဲ၊ အေ့"

"ဒါကတော့ နင်က သူ့လို မြို့ပိုင်ဖြစ်အောင် မကြိုးစားဘဲ ဒါလဲ နင့်ကို ယူမယ့်အစား မြို့ပိုင်ကို ယူချင်တာပေါ့"

"အေ့ ဟုတ်ပါတယ်၊ ဟုတ်ပါတယ် မြို့ပိုင်ကိုသိုက်ဖေက ညာရော ရာထူးရော ငါ့ထက်သာပါတယ်၊ ငါ့ မငြင်းဝံ့ပါဘူး၊ အသွေးတဲ့ ကျောက်က ပတ္တမြားကို မငြင်းဝံ့ပါဘူး ဒါပေမယ့် အေ့ နင့်ကို ငါချစ်တာကတော့ မြို့ပိုင် ကိုသိုက်ဖေထက် သာပါတယ်"

"ကိုသိုက်ဖေကလဲ ငါ့ကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာပါ"

"အားကြီး ဟုတ်လိမ့်မယ် အေ့၊ နင့်အဖေ ချမ်းသာလို့ နင့် ကိုချစ်တာ သိရဲ့လား၊ နင်သာ လေးထပ်ကျောင်းဘေးမှာ အဖီ ချပြီး နေတုန်းက သက်ဖူးဆိုရင် ကိုသိုက်ဖေက သူ့မိန်းမ ထဘီ လျှော် ပေးဖို့ နင့်ကို အိမ်ဖော်အဖြစ်ပဲ ခိုင်းမှာ၊ အခုတော့ နင်က ချမ်းသာ နေလို့ နင့်ကို ချစ်တာ သိရဲ့လား၊ ငါကသာ နင့်ကို ဟိုလေးထပ် ကျောင်းဘေးမှာ အဖီချပြီးနေတုန်းကတည်းက ချစ်တာပဲ အခု မြို့မ ဆင်ကွက်မှာ တိုက်ကြီးနဲ့ နေလဲ ချစ်တာပဲ"

"ဒါကတော့ သူဟာ မြို့ပိုင်တစ်ယောက်ပဲ ငါ့ကို မယူ ငွေ ပိုက်ဆံရှိတဲ့ မိန်းမတစ်ယောက်ကို ယူမှာပဲ"

ထိုစကားသည် မသက်ဖူး အယောင်ယောင် အမှားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အပြောမှားသွားခြင်းဖြစ်သည်။ ထိုစကားသွား စကားလာအရှ
မောင်နန္ဒက နင်း၍ လိုက်ပြောလာပေသည်။

"ဟုတ်တယ် ကိုသိုက်ဖေက ဘယ်မိန်းမဆို ပိုက်ဆံရှိရင် ယူမှာပဲ နင့်မှသာ မဟုတ်ဘူး ငါကတော့ နင့်တစ်ယောက်တည်းကိုချစ်တာ၊ နင်တို့ ပိုက်ဆံချမ်းသာသွားလို့သာ လူကို မချစ်ဘဲ ငွေကိုချစ်တယ်လို့ အထင်ခံရမှာစိုးလို့ ငါ လက်နှေးနေတာ ငါကတော့ နင်တို့ ဆင်းရဲ ဆင်းရဲ ချမ်းသာ ချမ်းသာ သုံးရာသီ ချစ်သွားမှာပါ"

"တော်စမ်းပါဟာ နင့်ဟာက တို့ညောင်ရမ်း ငါးရက်ဈေးမှာလာရောင်းတဲ့ ဆေးကြော်ငြာပါ။ ငါဟာ မကြာခင် လက်ထပ်တော့မယ့်မိန်းကလေးပါ။ နင်လာပြီး မနှောင့်ယှက်ပါနဲ့ ငါ သူကြီးဦးအောင်မြတ်ကို တိုင်လိုက်ရင် နင် ထိပ်တုံးနဲ့ ညားနေဦးမယ်"

"နင်က လက်မှ မထပ်ရသေးဘဲ ငါ ပြောခွင့်ရှိပါသေးတယ်။ နင်ကလဲ မြို့ပိုင်မိန်းမတောင် မဖြစ်သေးဘူး၊ ငါ့ကိုဥပဒေနဲ့ ကိုင်ပေါက်ပြီး ခြိမ်းခြောက်နေပြန်ပါပြီ၊ ငါ့ နင့်အတွက် ဆိုရင်ထိပ်တုံးတင်မကဘူး၊ စက်တိုင်တက်ရင်လဲ တက်ရပါစေဟ တွေ့လား"

ပြောပြောဆိုဆို မောင်နန္ဒသည် ဘယ်အချိန်က ဝှတ်ထားမှန်းမသိသော ဓားမြှောင်ကို ရှမ်းဘောင်းဘီထဲ ခါးကြားညှပ်ထားရာမှ ဆွဲထုတ်လိုက်သည်။





ထို့နောက်တွင် သန်မာ ဖျတ်လတ်သော လက်ကြီးနှင့်
သက်ဖူး၏ လက်ကို ဖမ်းဆွဲလိုက်ပြီး

"လာ နင် အခု ငါ့နောက်ကိုလိုက်ခဲ့၊ မလိုက်ရင် နင့်ကို
သေထိုးပြီး ငါကိုယ်ငါ သတ်သေလိုက်မယ်၊ ငါ့အတွက်တော့
ဘူးတော့ဘူး ချစ်သူနဲ့လွဲရရင် သေပွဲဝင်ရတာက ကောင်းဦးမယ်"

မသက်ဖူးသည် ကြောက်ရွံ့ထိတ်လန့်သွားပြန်ကာ
ောင်နန္ဒအား တောင်းပန်လေသည်။

"မလုပ်ပါနဲ့ဟာ ငါရှိကြီးခိုးပါရဲ့ ငါတို့ တစ်ရွာတည်း သား
ခင်နှမတွေပါ၊ ငါ့အရှက်တကွဲ အကျိုးနည်း မဖြစ်အောင် နင်
တောင် ကာကွယ်စောင့်ရှောက်ရမှာပါဟာ"

"ဒါဟာ တခြားရွာကိုသွားပြီး ပွဲကြည့်တာ မဟုတ်ဘူးဟ၊
ကို ငါက ဘာဖြစ်လို့ စောင့်ရှောက်ရမှာလဲ၊ နင့်ကို ငါခေါ်မသွားရင်
ိုင် ကိုသိုက်ဖေက နင့်ကို ခေါ်သွားမှာပဲဟေ့ လာ လိုက်ခဲ့"

"ငါ ရှိကြီးခိုးပါရဲ့ဟာ နင် ငါ့ကို ခေါ်မသွားပါနဲ့ဟာ"

မသက်ဖူး၏ အသံမှာ ငိုသံရောစွက်လာပြီး ကြောက်ရွံ့
ကြောင့် အသံတိမ်ဝင်သွားသည်။

မောင်နန္ဒသည် သရဲမရဲစီးနေသော လေသံနှင့်

"မလိုချင်ဘူး၊ ငါ့ရင်ထဲမှာ အချစ်သွေးတွေ ဆူဝေနေပြီ၊
မြေပြိုကျလဲ အချစ်သွေးကိုသောက်ရမှ ငါကျေနပ်နိုင်မယ်၊
ရော နင် မလိုက်ရင် နင့်ကို သတ်ပစ်ပြီး နင့်ရဲ့ သွေးကို



www.burmeseclassic.com

www.burmeseclassic.com



သောက်ရမှ၊ ချစ်သွေးကို သောက်ရမှ"

မောင်နန္ဒ၏ မျက်နှာကြီးသည် နီရဲနေပြီး ဘီလူးသဘက်ဆဖွယ် ကြမ်းတမ်းခက်ထရော်နေသည်။ အရက်တန်ခိုးကြောင့် အရှက်အိုးကွဲကာ ဆင်ခြင်တုံးတရားလည်း ကင်းမဲ့နေပုံရသည်။ မောင်နန္ဒ၏ အမူအရာမှာ သူပြောလျှင် ပြောသည့်အတိုင်း လုပ်မည့် အမူအရာမျိုး ဖြစ်နေသည်။

မသက်ဖူးက မောင်နန္ဒ၏လက်ထဲမှ ရုန်းကြည့်သည်။ ရုန်း၍ မရပေ။ အရက်မူးနေသော်လည်း မောင်နန္ဒ၏ လက်ထဲမှ ရုန်းထွက်ရန် မလွယ် ဖြစ်နေသည်။

မသက်ဖူး ရုန်းနေသည်ကို သိရတော့ မောင်နန္ဒက မသက်ဖူး၏ လက်ကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်လေသည်။

ယခုကဲ့သို့ မောင်နန္ဒနှင့်မသက်ဖူးတို့ ဝရုန်းသုန်းကားဖြစ်နေသည်ကို မသက်ဖူးနှင့်အဖော်လိုကလာသော မဝိုင်းဟူသော ကလေးမလေးသည် ကြောက်ကြောက်ရွံ့ရွံ့ မျက်လုံးကြီး အဝိုင်းသားနှင့် ကြည့်နေသည်။

မဝိုင်းသည် ရွှေဂူကြီးဘုရားရင်ပြင်မှ ထွက်ပြေးပြီး လူကြီးများကို သွားတိုင်လိုသော်လည်း မသက်ဖူးကို ထားခဲ့ရမည်ကို စိတ်မချနိုင်သဖြင့် ဘာလုပ်ရကောင်းမလဲဟု စဉ်းစားနေသည်။

မဝိုင်းသည် မူးယစ်ရမ်းကားပြီး မသက်ဖူး၏ လက်ကို ဆွဲနေသော မော[illegible] ကြောက်ဆုပ်သော မျက်လုံးအစုံနှင့် ကြည့်





နေသည်။

မသက်ဖူးကလည်း မောင်နန္ဒ၏ အပြုအမူကို အော့နှလုံးနာမိသည်။

မောင်နန္ဒသည် မသက်ဖူးအား လူငယ်သဘာဝ ချစ်မိကြိုက်မိသည်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ယခုကဲ့သို့ သက်ထပ်ရန် စေ့စပ်ပြီးသော အချိန်သို့ ရောက်မှ မူးယစ်သောက်စားပြီး အနိုင်ကျင့်သည်မှာ လမ်းမမှန် နည်းမကျဟု မသက်ဖူး ဆင်သည်။

မှားနေပြီဖြစ်ကြောင်း ရှင်းပြလျှင်လည်း အရက်ကြောင့် ဖြစ်ပေါ်လာသော မောဟတရား၏ ပိတ်ပင်တားဆီးထားမှုကြောင့် မောင်နန္ဒသည် အမှားကို မြင်မည် မဟုတ်။ အမှန်ကို ပြင်နိုင်သော အတွေးမျိုးလည်း မောင်နန္ဒ၏ ဦးနှောက်ထဲသို့ ဝင်လာရန် ခဲယဉ်းပေဦးမည်။

ထို့ကြောင့် မသက်ဖူးသည် လူမိုက်ကို အချိုသတ်၍ ကိုယ်ပြဿနာကိုယ် ရှင်းရမည်ဖြစ်ကြောင်း နားလည်လိုက်သည်။

ထိုအချိန်တွင် ဘာလုပ်ရကောင်းမလဲဟု မျက်လုံးအဝိုင်းသားနှင့် ကြည့်နေသော မဝိုင်းသည် ရွာသို့ပြန်ပြေးပြီး လူကြီးများကို တိုင်ကြားခြင်းသာလျှင် ပြဿနာကို ဖြေရှင်းရာတွင် အကောင်းဆုံးသော နည်းလမ်းဟု ဆုံးဖြတ်ပြီး ရွှေဂူကြီးဘုရား ရင်ပြင်ပေါ်မှ တဖြည်းဖြည်း ဆုတ်ခွာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြံအစည်ကို မသက်ဖူးက ရိပ်မိလေသည်။

မဝိုင်းသာ ရွာသို့ပြန်ပြေးပါက ရွာသားများသည် တုတ်ဓား လက်နက် ရရာကိုင်စွဲ ဝိုင်းလာကြပြီး တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ကြမည်။

ထိုအခါမျိုးတွင် အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့သော မောင်နန္ဒက လက်နက်အားကိုးနှင့် သူ့ကိုလည်း အန္တရာယ်ပြုနိုင်သည်။

ရွာသားများ၏ လက်ချက်ကြောင့် မောင်နန္ဒလည်း အန္တရာယ် ကျရောက်နိုင်သည်။

ထို့ပြင် ဤကိစ္စကို ရွာသူရွာသားများ သိသွားပါက အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်သွားနိုင်သည်။

ထို့ကြောင့် မသက်ဖူးက မဝိုင်း၏ အကြံအစည်ကို ရိပ်မိပြီး ဟန့်တားလိုက်သည်။

"ဟေ့ ဝိုင်းကလေး၊ ဘယ်သွားမလို့လဲ၊ ဘယ်မှမသွားနဲ့ မမနားမှာပဲနေ"

မဝိုင်းကလေးက မောင်နန္ဒ နောက်ကွယ်မှနေပြီး မောင်နန္ဒ အရက်မူးနေပြီး ရမ်းကားနေဟန်ကို လုပ်ပြပြီး မောင်နန္ဒကို လက်ညှိုးထိုးကာ လူကြီးများကို သွားတိုင်မည့် အမူအရာ လုပ်ပြသည်။

မသက်ဖူးသည် သူသည် မောင်နန္ဒ လက်ခုတ်တွင်းသို့ ရောက်နေပြီး အကျဉ်းအကျပ် ကျနေသည်ကို သိရှိသည်။ သို့သော်





…သည်း ကျားသနားမှန္တားချမ်းသာရမည့် အခြေအနေဆိုးထဲ ရောက် …ကြောင်းလည်း သဘောပေါက်သည်။ သို့သော် သူသည် ဤစိုး …ကြောင့်ကြဖွယ်ဖြစ်သော ဝိပ္ပဋိသာရီအဖြစ်မှ မာယာပညာဖြင့် …်းထွက်နိုင်မည်ဟု သူ့ကိုယ်သူ ယုံကြည်စိတ်ချမိသည်။

မသက်ဖူးက ခေါင်းခါလိုက်ပြီး

"နေပါစေ ဝိုင်းကလေး၊ မမနဲ့ သူနဲ့ဟာ တစ်ရွာတည်းသား …တွပဲ သူ့အရက်မူးလာလို့ဖြစ်တာ မမ သူ့ကို စိတ်မဆိုးပါဘူး ဘယ်သူ့ …ကိုမှ သွားမပြောစမ်းပါနဲ့"

မောင်နန္ဒသည် စောစောက မသက်ဖူးနှင့်အတူပါ …လာသော မဝိုင်းကလေးကို မြင်ကောင်းမြင်မည် ဖြစ်သော်လည်း …ရပြုမိဟန် မတူပေ။ ယခု မသက်ဖူးက မဝိုင်းကလေးကို စကား …သံမ်းပြောမှ မဝိုင်းကလေးကို သတိပြုမိဟန်တူသည်။

မောင်နန္ဒသည် မဝိုင်းကို တွေ့သောအခါ မျက်လုံးတစ် လုံး …ားတစ်နားအဖြစ် သက်သေအရာ၌ တည်နိုင်သဖြင့် ကလေး …အရွယ်ဖြစ်သော်လည်း မလေးစားဖွယ်လုပ်၍ မဖြစ်ကြောင်း သတိ …ရဟန်နှင့် ကိုယ်ရှိန်သတ်လိုက်သည်။

စောစောက ဘယ်သူမှ မရှိလေဟန်နှင့် မသက်ဖူး၏ …လက်ကို ဆုပ်ကိုင်ပြီး ဓားမြှောင် တယမ်းယမ်းလုပ်နေသည်မှာ အ …ိုက်အတန့်အားဖြင့် ငြိမ်သက်သွားသည်။

အကယ်၍ မသက်ဖူးအား မောင်နန္ဒက အန္တရာယ်ပြုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကလေးက သက်သေအရာတည်ရာ ဝိုင်းကလေးကိုပါ ရှင်းမ ရမည်ဖြစ်ကြောင်းကိုလည်း သတိပြုမိလိုက်သည်။

သို့သော်လည်း ထိုအချိန်က မောင်နန္ဒ၏ စိတ်ထဲမှာ တုန်တိုက်တိုက် ကျားကိုက်ကိုက်ဖြစ်နေရာ ဝိုင်းကလေးကိုလည်း မစိုက်နိုင်ဘ ရှိနေ၏။

မောင်နန္ဒက ပဝိုင်းကလေးကို မျက်ထောက်နကြီးနှင့် ကြည့်လိုက်ပြီး

"ဒီကောင်မလေး ဘာလာရှုပ်နေတာလဲ သွားစမ်း၊ သွား သူကြီး ဦးအောင်မြတ်နဲ့ ဘုရားဒကာ ဦးဘိုးယွန်းကို သွားပြောချေ မြို့ပိုင်ကတော်ကို ငါ ဓားနဲ့ထောက်ပြီး ခိုးသွားတယ်လို့ သွားပြော"

ဝိုင်းကလေးက 'ဘယ်နှယ့်ရှိစ' ဟူသော အမူအရာနှင့် မသက်ဖူးအား ကြည့်၏။ မသက်ဖူးက မသွားနှင့်ဟူသော အမူအရာနှင့် ခေါင်းခါ၏။

မောင်နန္ဒသည် မသက်ဖူးဘက်သို့ လှည့်လိုက်ပြန်က

"ကဲ အချိန်မရှိဘူး၊ သွားမယ် ငါခေါ်ရာကို လိုက်ရင် လိုက် မလိုက်ရင်တော့ နင့်ကို ဓားနဲ့ထိုးသတ်ပြီး နင့်ရဲ့ ဝိညာဉ်ကို ခေါ်သွား ရမှာပဲ၊ ငါ့ မြို့ပိုင် ကိုသိုက်မေလို မဟုတ်ဘူးဟ၊ လူချင်းမပေါင်းရလို့ ဝိညာဉ်ချင်း ပေါင်းရရင်လဲ ပျော်ရွှင်နေမှာပါ"

မောင်နန္ဒက မသက်ဖူးကို ခြိမ်းခြောက်လိုက်ပြန်သည်။ မသက်ဖူးက မျက်ထားတည်လိုက်ပြီး -





"ဘယ်လိုဖြစ်နေတာလဲ လိုက်မှာပေါ့ဟ တကယ်တော့ ငါလဲ ကိုယ့်ထက် အသက်ကြီးတဲ့ ဒီမြို့ပိုင်ဆိုတာကြီးကို မလိုချင် ပါဘူးဟာ၊ မိဘတွေက အတင်းပေးစားလို့ပါ"

မသက်ဖူးက မောင်နန္ဒသဘောကျစေရန် အလိုက်သင့် ပြောလိုက်သည်။

အမှန်မှာတော့ မြို့ပိုင် ကိုသိုက်ဖေသည် မသက်ဖူးထက် အသက် (၅)နှစ်သာ ကြီးသည်။

မသက်ဖူးက ကိုသိုက်ဖေသည် သူ့ထက် အသက်ကြီး သဖြင့် သူမကြိုက်နိုင်ကြောင်း ပြောသည်ကို မသိသားဆိုးဝါး လူရည် လည်သော မောင်နန္ဒက ကိုသိုက်ဖေဘက်ကပင် လိုက်ပြောနေ သေးသည်။

"တကယ်တော့ ကိုသိုက်ဖေဟာ မြို့ပိုင်သာ ဆိုပေမယ့် အသက်သိပ်မကြီးသေးပါဘူးဟ၊ နှစ်ဆယ်ကျော် အစိတ်လောက် ရှိနေဦးမှာပါ"

"အသက်ကြီးပါတယ်ဟာ၊ သူက ပင်ပင်ပန်းပန်း လုပ်ကိုင် စားရလို့ နုနေတာပါဟာ၊ တကယ်လို့ ကိုသိုက်ဖေက ငါ့ထက် အသက်ငယ်နေမယ်ဆိုရင်တောင် ငါတော့ မလိုချင်ပေါင်"

မသက်ဖူး၏ စကားကို မောင်နန္ဒသည် စိတ်ဝင်စားသွားပုံ ရသည်။ စောစောက ကဲ့သို့ အကြမ်းပတမ်း မလုပ်တော့ဘဲ ငြိမ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နန္ဒက စိတ်ဝင်စားစွာနှင့်

"နင်က မြို့ပိုင်ကို မလိုချင်ဘူး ဟုတ်လား၊ ငါတော့ မ

ဝေါင်"

မသက်ဖူးက ရွှေဂူကြီးဘုရားသို့ လက်အုပ်ချီလိုက်ပြီး

"ကျိန်ဆိုရင် ငါကျိန်ဝံ့ပါတယ်၊ တကယ်ပါ မြို့ပိုင် ကိုသိုက်ဖေကို ငါ မလိုချင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူနဲ့ ယူ ဟိုနယ် ဒီနယ် လျှောက်ပြောင်းပြီး သျှောင်နောက် ဆံထုံးပါရမှာ ငါက ဟောဒီ ညောင်ရမ်းရွာက ဘယ်ကိုမှ မသွားချင်ဘူး၊ ကို မွေးဖွားကြီးပြင်းလာတဲ့ ညောင်ရမ်းရွာက တစ်ဖဝါးမှ မခွာချင်ဘူး"

မောင်နန္ဒက မသိသားဆိုးဝါးစွာနှင့်

"တစ်ရွာမပြောင်းရင် သူကောင်းမဖြစ်တဲ့ဟ"

မသက်ဖူးက

"ခုနစ်ရွာပြောင်းရင် စလောင်းတောင်မကျန်ဘူးတဲ့ဟ"

"သေချင်တဲ့ကျား တောပြောင်းပါဟ"

"အေး နင်ပြောသလို ငါ့ဖြစ်မှာစိုးလို့၊ ငါ ကိုယ့်ရ ကိုယ့်ရွာက ဘယ်ကိုမှ မပြောင်းချင်တာ၊ တကယ်တော့ ငါဟာ ကိုယ့်ရွာသားနဲ့ ကိုယ် လက်ထပ်ပြီး တို့ပျော်တဲ့ ဟောဒီညောင်ရမ် မြေက ဘယ်မှ မခွာချင်ဘူးဟာ ဒီရွာမှာပဲ တို့မွေးဖွားကြီးပြင်းလာ ပြီး ဒီရွာမှာပဲ ခေါင်းချသွားချင်တယ်ဟာ ဒါကြောင့် ငါက ဒီညောင် ရမ်း ရွာသားကိုပဲ ယူချင်တယ်၊ တို့ ညောင်ရမ်းရွာက မြန်မာရာဇ





ာ ထည်ဝါခဲ့တဲ့ ရွာပါ၊ ဘုန်းနဲ့ကံနဲ့ ဂုဏ်ဒြပ်ထည်ခဲ့တဲ့ ညောင်ရမ်း ဒါကြောင့် ငါဟာ ညောင်ရမ်းသားကိုပဲ လက်ထပ်ချင်ပါတယ်"

"ရွာနားက မြက် ရွာနွားမစားဘူးတဲ့"

"မြက်ကောင်းရင် စားပါတယ်ဟ၊ မြက်မကောင်းလို့ စားတာ နေမျာပါ၊ ငါကော့ ကိုယ့်ညောင်ရမ်းရွာသားကိုပဲ က်ထပ်ချင်ပါတယ်ဟာ"

ထိုအခါ မောင်နန္ဒက အားတက်လာပြီး

"ဒီလိုဆိုရင်လဲ တစ်ခါတည်း လိုက်ခဲ့ဟာ၊ တို့ ထွက်ပြေး ကြမယ်"

မသက်ဖူးက မောင်နန္ဒကို သွေးတိုးစမ်းသည့်အနေနှင့် းလိုက်သည်။ အယုံသွင်းလိုက်ခြင်းလည်း ဖြစ်သည်။

"ငါတို့ ဘယ်ကို ပြေးကြမလဲဟ"

မောင်နန္ဒ သာစည်နယ် အရှေ့ရှမ်းရိုးမ တောင်စွယ် တောင်တန်း မှိုင်းညို့များဆီသို့ လက်ညိုးထိုးပြပြီး

"ဟိုဟာ တို့သာစည်နယ်က တောပုန်းကြီး စံဖဲကျက်စား ခဲ့တဲ့ ဥစ္စာစောင့်တောင်တို့ စစ်စီးရေတောင်တို့ ဘိုးသာနှိုင်းတောင် ဘက်ကို ပြေးကြမယ်၊ အဲဒီမှာ ငါသိချင်းလျှောက်ဆိုခဲ့လို့ ငါ့အသိ တွေချည်းပဲဟ"

"အေး ငါလိုက်ခဲ့မယ်၊ ဟိုကျရင် နင် ငါ့ကို ကြွင်ကြွင်နာ ာ ဆက်ဆံပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဟာ ငါ နင့်ကို ငယ်ငယ်ကတည်းက ချစ်ခဲ့ရတာ ပါ၊ လေးထပ်ကျောင်းမှာ သင်ပုန်းကြီး တက်ကတည်းက ချစ်ခဲ့ရတာ ပါ"

"အေးပါဟာ ငါလဲ အတူတူပါပဲ"

"ဒါဆိုရင်လဲ နေမဝင်ခင် တို့သွားကြစို့ ရထားလမ်းအတိုင်း ပြေးမယ်"

"နေပါဦးဟ အခုနေပြေးရင် ငါ့မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒါက အရေးမကြီးဘူး ထားပါဟာ နင့်အတွက် ငါ ပူမိတာပါ အခုနေ နင့်နောက်ကို ငါလိုက်ခဲ့ရင် မပိုင်းကလေး ရှာပြန်ပြီး နင်က ငါ့ကို ဓားနဲ့ထောက်ပြီး ခေါ်သွားတယ်ဆိုရင် နင်ဒုက္ခရောက်လိမ့်မယ်၊ နင့်ကို ပုလိပ်က ဖမ်းပြီး မြို့ပိုင်ကိုသိုက် က နှိပ်စက်လိမ့်မယ်"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒသည် ငိုင်သွားသည်။ အရက်လည်း အမူးပြေစပြုပြီဖြစ်ရာ မသက်... ပြောသည်မှာ သူ့အတွက် စေတနာပါကြောင်းကိုလည်း မောင်နန္ဒ သတိထားမိလေသည်။

သို့သော် မောင်နန္ဒမှာ ချစ်စိတ်များ မွှန်နေသဖြင့် ရှေ့... ကိုတွေးပြီး ပူပန်ဟန်မရှိသော လေသံနှင့် ပြောလေသည်။

"ဒါကတော့ နောင်ခါလာ နောင်ခါချေး၊ ပြီးတော့ ငါဒီ... ညှင်းဆဲမခံရအောင် နင့်သဘော တစ်ခုပေါ်မှာ တည်တယ် ...င်တယ်"

"ငါကတော့ နင့်ကို ညှင်းဆဲတာ မခံနိုင်ပေါင်၊ ဒါကြောင့် ... ငါတို့ အခုရွှာပြန်ပြီး ညဥ့်သန်းခေါင်ကျရင် တို့ခြံနောက်ဖေးက ...င်လာစောင့်နေ၊ ငါနင်နဲ့ ခိုးရာလိုက်ပြေးပြီဆိုတာရယ်၊ ဘယ်သူ ...မှ ခြိမ်းခြောက်လို့ မဟုတ်ဘဲ ငါ့သဘောနဲ့ငါ နင့်ကိုကြိုက်လို့ ...လိုက်ခဲ့တယ်ဆိုတာရယ် ငါစာရေးထားခဲ့မယ် ဒါက နင့်ကို ဘယ်သူ ... လက်ဖျားနဲ့ မတို့ရဲအောင် စီစဉ်ရတာပါ"

မောင်နန္ဒ ခေါင်းခါလိုက်ပြီး

"ဟင့်အင်း နင် ဘယ်မှ မသွားနဲ့တော့၊ တို့ တစ်ခါတည်း ...ဘာဒီ ရွှေဂူကြီးဘုရားကပဲ စထွက်မယ်၊ ငါတော့ စိုင်သေနဲ့ စိုင်ရှင် ...သေချာတဲ့ စိုင်သေပဲ ယူတော့မယ် စိုင်ရှင်ကို မယူချင်ဘူး၊ ဖြစ်ချင် ...ဖြစ်ဟာ"

"နင် ငါ့ကို ချစ်ရင် ဒီလို မိုက်မိုက်ကန်းကန်း မလုပ်နဲ့ဟာ၊ ...အေးအေး ဆေးဆေးဖြစ်နိုင်ရက်သားနဲ့ ဘာဖြစ်လို့ လူမိုက်အားကိုး ...ဆိုးလုပ်ရပ်ကို လုပ်ချင်ရတာလဲ နင်စဉ်းစားကြည့်လေ၊ ငါ့ကို ဓား ...ထောက်ပြီး ခိုးပြေးသွားတယ်ဆိုပြီး ပုလိပ်က ဖမ်းသွားပြီဆိုရင် နင်နဲ့ ...ငါနဲ့ ကွဲကြမှာပဲ၊ ပြန်ပေါင်းရဖို့ဆိုတာ ဖြစ်နိုင်မလား၊ ဘယ်နည်းနဲ့ ...ဆို ဖေဖေတို့က ခွဲတော့မှာပဲ ငါပြောတာက နင်နဲ့ငါနဲ့ ဘဝဆုံး ...အိုင်ပေါင်းရဖို့ ရေရှည်အတွက် စဉ်းစားတာပါ၊ နင်လဲ စဉ်းစား ကြည့်လေ"




www.burmeseclassic.com

www.burmeseclassic.com



မသက်ဖူး ပြောသော စကားများ နည်းလမ်းကျနေသဖြင့် မောင်နန္ဒ တွေဝေသွားသည်။

ထိုအချိန်တွင် မသက်ဖူးက စကားဆင့်လုံးများ ပစ်သွင်းလိုက်သည်။

"လက်ဖက်ကောင်း စားချင်ရင် တောင်တက်နေ့ရတယ် ဆိုတာလိုပဲ၊ အေးအေးဆေးဆေးနဲ့ စဉ်းစားပြီး ဖြည်းဖြည်း လုပ်ရတာတယ်ဟာ၊ အခုနေ နင့်နောက်ကို ငါလိုက်ခဲ့ရင်လဲ ဖြစ်တာပဲ ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ ခဏပဲပေါင်းရမယ် ထင်တာပဲ ပုလိပ်က တို့ကို ဖမ်းမိတာနဲ့ ငါတို့နှစ်ယောက် ကွဲကိန်းဆိုက်မှာပဲ အဲဒီတော့ နင် စဉ်းစားလေ၊ တို့နှစ်ယောက် တစ်ခဏ ပေါင်းချင်တာလား၊ တစ်ဘဝ ပေါင်းချင်တာလား"

မသက်ဖူး၏ စကားများသည် မောင်နန္ဒ၏ နားထဲသို့ ဝင်သွားပြီ ဖြစ်သည်။ တစ်ခဏ ပေါင်းချင်တာလား တစ်ဘဝ ပေါင်းချင်တာလားဟူသော မေးခွန်းသည် မောင်နန္ဒ၏ အသည်းနှိုင်ကို ဆွဲကိုင်လှုပ်လိုက်သလို ထိရောက်သွားလေသည်။

သို့သော် မောင်နန္ဒက ဇွတ်တရွတ်လုပ်ချင်သော စိတ်က မကုန်ခန်းသေးပေ။

"အိုဟာ ဟိုသီချင်းထဲကလိုပေါ့ တစ်နာရီတည်း ချစ်ပါရစေ ဆိုတာ၊ နင့်ကို ငါ တစ်နာရီတည်း ချစ်ရရင်လဲ ငါ့ ဘဝဟာ ပြည့်စုံသွားမှာပါ၊ အဲဒီတော့ မထူးပါဘူးဟာ တို့ ဒီနေရာကပဲ ပြေးမယ်





င် အိမ်မပြန်နဲ့တော့"

ထိုစကားကို ကြားရသော ဆိုနိုင်ခက်ခဲသော မောင်နန္ဒကို သက်ဖူးက စိတ်ပျက်သလို သက်ပြင်းကလေး မသိမသာချမိသည်။

သို့သော် မသက်ဖူးသည် လွယ်လွယ်နှင့် လျှော့မပေးဘဲ စကားကို ပြန်ဆက်သည်။

"တစ်နာရီတည်း ချစ်ပါရစေ ဆိုရင် နင် ငါ့ကို တကယ်ချစ် ာ ဘယ်ဟုတ်မလဲဟာ၊ ဒီလိုဆိုရင် နင်ဟာ ငါ့ကို ခဏပန်းနဲ့ ာရရုံ ကြံချင်တာပေါ့၊ နင့်ရဲ့အချစ်ဟာ သံသယဖြစ်စရာ ကောင်းနေပြီဟာ၊ နင်ဟာ ငါ့ကို တကယ်ချစ်တယ်၊ တစ်သက် ရွယ်ကိုးတယ်ဆိုရင် ဒီလို မျက်စိကန်း တစ္ဆေ မကြောက်တဲ့ အစည်မျိုး မကြံစည်ပါနဲ့ဟာ ငါပြောတာကိုလဲ နင် သေသေ ာ စဉ်းစားပါဦး၊ ပထမ အချက်က နင့်မှာ ဘယ်လို အန္တရာယ်မှ မကျစေချင်တဲ့ စေတနာရယ်၊ ဒုတိယအချက်က ဝ တစ်သက်လုံး ပေါင်းဖော်ရဖို့ ပြောနေတာပါ၊ နင်ပြောသလို ထပြီးသွား ချစ်ရာမရောက်ဘဲ နှစ်ရာ ရောက်မယ့်ကိန်းမျိုး မှာဟ"

"မထူးပါဘူးဟာ ဘုန်းကြီးနှစ်ပါး ဘုရားဖူးသွားသလိုပါပဲ ဇာရွေးပြီး ဘုရားဖူးထွက်တဲ့ ဘုန်းကြီးရော ပြဿဒါး နေ့မှာ ထွက်တဲ့ ဘုန်းကြီးရော လှေမှောက်တော့ အတူတူပါပဲ"

"အဲဒါက ရက်ရာဇာနဲ့ ပြဿဒါး ရွေးရတာဟာ အခု ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာက တစ်သက်တာ ပေါင်းရဖို့နဲ့ ခဏတာ ပေါင်းရဖို့ ရွေးချယ်ရ မှာဟ ဘုန်းကြီးနှစ်ပါး ဘုရားဖူးသွားတာနဲ့ မတူဘူးဟနော်"

ထိုစကားကို ကြားရသောအခါ မောင်နန္ဒငိုင်ကျသွား ပါသည်။ မသက်ဖူး၏ လိမ္မာရေးချားရှိသော စကားများသည် မောင်နန္ဒ၏ မိုက်မိုက်ကန်းကန်း လုပ်ရပ်များကို အောင်နိုင်စ ပြုပြီ ဖြစ်ပါသည်။

မောင်နန္ဒ၏ ဦးနှောက်နှင့် ခန္ဓာကိုယ် သွေးကြောထဲတွင် ပျံ့နှံ့နေသော အရက်၏ မူးယစ်သောဓာတ်များလည်း ကုန်ခမ်း ပျောက်လွင့်စေပြုပြီ ဖြစ်ပါသည်။

မောင်နန္ဒသည် မှန်ကန်စွာ စဉ်းစားတွေးခေါ်တတ်ပြီ ဖြစ်သည်။ မသက်ဖူးပြောသည်မှာ ထုံးနှံစည်းကျ မှန်ကန်ကြောင်း ကိုလည်း မောင်နန္ဒ တွေးမိပါ၏။ မသက်ဖူး ပြောသမျှကိုလည်း လိုက်နာချင်စိတ် ပေါက်မိပါ၏။

"နင်ပြောတာတွေကတော့ ဟုတ်ပါတယ်၊ နည်းလမ်းကျပါ တယ်ဟာ ဒါပေမယ့် နင့်ကို ငါမယုံဘူးဟ"

ထိုစကားကို ကြားရသောအခါ မသက်ဖူးက သူသည် မောင်နန္ဒကို ချစ်ခင်ကြောင်း လှည့်ပတ်နိုင်ပြီ ဖြစ်သော်လည်း မောင်နန္ဒ၏ ယုကြည်မှုကို မရနိုင်သေးကြောင်း သဘောပေါက်ကာ သက်ပြင်းမောကြီး ချလိုက်သည်။

သို့သော် မသက်ဖူးက စိတ်ရှည် ဇွဲကြီးသည်။

မိုးဆမ်းပန်းစာပေ



"ဘာလဲ နင်က ငါ့ကို မယုံဘူး ဟုတ်လား နင်က ငါ့ကို ဘာဖြစ်လို့ မယုံတာလဲ"

"ဘာ မယုံရမှာလဲဟ နင်က ကြက်မကြီးက ကြက်ကလေး တွေကို လှည့်စားသလို ဒီက ပြန်သွားပြီး ဒီညသန်းခေါင်မှာ ခိုးရာ လိုက်မယ်ဆိုတာဘော၊ နင်က ငါ့နောက်ကို မလိုက်တော့ဘူ ဆိုရင် ဘယ်ဇိုလုပ်မလဲ"

"ဒီလိုဆိုရင် ငါရဲ့ စိန်နားကပ်နဲ့ လည်တုံကိုဖြုတ်ယူထား လိုက်ဟာ၊ တကယ်လို့ နင့်နောက်ကို ငါ ခိုးရာမလိုက်ဘူးဆိုရင် အဲဒီ ပစ္စည်းတေ နင် အပိုင်ယူလိုက်"

ပြောပြောဆိုဆို မသက်ဖူးက သူ၏ ဝင်းဝါသော လည်တိုင် တွင် ဆွဲထားသော ပတ္တမြား လည်တုံကလေးကို ချွတ်ရန် ဟန်ပြင် လိုက်သည်။ မောင်နန္ဒက မသက်ဖူး၏ လက်ကို ဖမ်းဆွဲပြီး တားဆီး လိုက်သည်။

မောင်နန္ဒက မသက်ဖူးအား သရော်ပြုံး ပြုံးပြပြီး

"ဘယ်လိုလဲ မြို့ပိုင်ကတော်ကြီးရဲ့ ကျွန်တော့်ကို အမှုပို ကြီးအောင် လုပ်တာလား ခင်ဗျား ဒီကနေ ညောင်ရမ်းရွာထဲကိုလဲ ရောက်ရော သူကြီးဦးအောင်မြတ်ကို တိုင်ပြီး ရွှေဂူကြီးဘုရားကုန်း ပေါ်မှာ ကျွန်မကို ဓားထောက်ပြီး လုပါတယ်လို့ တိုင်မလို့ မဟုတ် လား၊ ဒါမှမဟုတ်ရင်လဲ မြို့ပိုင်ကတော် ဖြစ်ချင်လို့ ကျွန်တော့်ကို လာဘ်ထိုးတာလား"

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မသက်ဖူးက ခေါင်းကလေးကို ခါယမ်းပြီး သူ့ရင်ဘတ်ကို သူ့လက်နှင့် ဖိကာ ဟန်ပါပါ ငြင်းဆန်လေသည်။

"မဟုတ်ရပါဘူးဟယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ နင့်ကို အမှုဆင်ဖို့ နေနေသာ နင်အမှုဖြစ်မှာစိုးလို့ အခုလောက် လေကုန်ခံပြီး ငါပြောနေတာပါ၊ နင်မယုံရင်လဲ ကဲ . . . လာ ငါတို့ သွားကြမယ်"

မသက်ဖူးက ရွှေဂူကြီးဘုရားပေါ်မှ ဆင်းရန်ပင် ပြင်ဆင် လိုက်သည်။

သို့သော် ထူးထူးဆန်းဆန်းပင် မောင်နန္ဒက နေရာမရွေ့ ဘဲ ရပ်မြဲရပ်နေသည်။

အချိန်မှာ နေဝင်စပြုပြီ။ ရွှေဂူကြီးဘုရားဝန်းကျင်၌ မှောင်ရိပ်သမ်းစ ပြုပြီ။

မသက်ဖူးက လူရိပ်လူခြည်ပြတ်သော ရွှေဂူကြီး ဘုရား စွန့်ခွာပြီး လူသူနီးသော တစ်နေရာသို့ ပရိယာယ်ဆင်၍ သွားလိုပြီ ထို့ကြောင့် မသက်ဖူးကပင် စတင်၍ ခေါ်လိုက်သည်။

"လာလေ . . . တို့သွားကြမယ်"

မောင်နန္ဒက ခေါင်းလောင်းတိုင်ကို မှီပြီး ရပ်နေရာမှ တစ်ဖဝါးမှ စွန့်မခွါဘဲ မသက်ဖူးကိုသာ မြတ်နိုးတွယ်တာသော အကြည့်နှင့် ကြည့်နေမိသည်။

မောင်နန္ဒသည် အရက်မူးပြေစ ပြုနေဟန်ရှိသည်၊





စောစောကလို မျက်ထောင့်နီကြီးနှင့် မဟုတ်တော့ပေ။ သို့သော် မျက်လုံးမျှားကမူ ပေကလပ် ပေကလပ်နှင့် ဖြစ်နေရာ ကလေးဝယ် တစ်ယောက်လိုပင် သနားစရာကောင်းနေသေးတော့သည်။

မောင်နန္ဒက မသက်ဖူးအားကြည့်ပြီး လှိုက်လှိုက်လှဲလှဲ ပြုံးလေသည်။ မောင်နန္ဒ၏ အပြုံးကို မသက်ဖူးက နားမလည်နိုင်ပေ။ ထို့ပြင် မောင်နန္ဒ၏ အပြုအမူကိုလည်း မသက်ဖူး နားမလည် နိုင်ပေ။

မောင်နန္ဒက သူ့ကို ဓါးနှင့်ထောက်ပြီး သူခေါ်ရာ လိုက်ရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ယခုသူက လိုက်ပါမည်ဟု ဆိုသော အခါ မောင်နန္ဒသည် နေရာမှ မရွေ့ဘဲ ခေါင်းလောင်းတိုင် တိုင်မှီကာ ကျောက်တိုင်ကြီးလို ရပ်နေသည်ကို အံ့ဩစွာ တွေ့နေရ သည်။

မောင်နန္ဒက တုန်ယင်လှိုက်လှဲသောအသံနှင့် ပြောလိုက် သည်။

"ငါ့ နင့်ကို ဒုက္ခမပေးရက်တော့ပါဘူး သက်ဖူးရယ်၊ နင့်ကို ဓါးထောက်ပြီး ခေါ်သွားမယ်လို့ ခြိမ်းခြောက်မိတာကိုလဲ ငါ တောင်းပန်ပါတယ်၊ တကယ်တော့ ငါဒီလိုလုပ်ဖို့ အကြံအစည်မျိုး မရှိပါဘူး၊ ငါတို့ဟာ တောသားတွေပါ။ စိတ်နှလုံးဖြူစင်ပြီး ရိုးသား ပါတယ်၊ ငါသောက်မိတဲ့ သူရာရေကြောင့် ငါ့ မှောက်မှားပြီး မလုပ်သင့် မလုပ်ထိုက်တာ လုပ်မိပါပြီ ပြီးတော့လေ ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



မသက်ဖူးက‌ဲ မောင်နန္ဒ၏ စကားကို ကြားရသောအ
အလွန်လည်း အံ့ဩသွားလေသည်။ အလွန်လည်း စိတ်ဝင်စ
သွားသည်။

ထို့ကြောင့် မောင်နန္ဒ နောက်ဆက်ပြောမည့် စကား
စိတ်ဝင်စားစွာနှင့် စကားထောက်ပေးလိုက်သည်။

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ . . . ငါ နင့်ကို သိပ်ကြောက်သွားတယ်ဟ"

"ဟင် ဘာဖြစ်လို့ သိပ်ကြောက်သွားတာလဲ နင်က ငါ့
စားပြ ခြိမ်းခြောက်လို့ ငါက ကြောက်ရမယ့်ဟာများ နင်က ငါ့
သိပ်ကြောက်သွားရတယ်လို့"

"သိပ်ကြောက်တာပေါ့ဟ နင်က မြို့ပိုင်ကတော်တော
မဖြစ်သေးဘူး သိပ်ပြီး ပရိယာယ်တွေ သုံးပြီး ငါ့ရဲ့ ဘေးရန်က လွတ်
ကြိုးစားတာလေ ဒါဟာ ညောင်ရမ်းရွာသူ တစ်ယောက်ရဲ့ စရိုက်
မှ မဟုတ်ဘဲဟ၊ နင့်မှာ တောသူစရိုက် လုံးဝ မရှိတော့ဘူး၊ မာယာ
ပရိယာယ်တွေ များတဲ့ မြို့သူမြို့သား တစ်ယောက်လို စကားပြော
သိပ်ကောင်းတာကိုး၊ တကယ်လို့ နင့်မှာ တောသူစရိုက်ရှိရင် နင်ဟာ
ရိုးရိုးသားသား နင့်ရင်ထဲရှိသမျှ မခံချင်စိတ်နဲ့ ငါ့ကို ရန်တွေ့မယ်
ကျိန်ဆဲမယ်၊ နင်ပဲငဆ ပြောမယ်၊ အခုတော့ နင်က ငါ့ကို သဘော
ကျသယောင် ငါ့နောက်ကို လိုက်တော့မယ့်ဟန်နဲ့ ငါ့ကို ထော
ချောက်ဆင်တယ်၊ နင့်ကို သန်းခေါင်ယံအချိန်မှာ ငါလာခိုးရင် နင်





ဝိုင်းဖမ်းဖို့ နင်က ငါ့ကိုကျုံးသွင်းသလို စကားပရိယာယ်နဲ့ ကျုံးသွင်းတယ် ငါသိပ်ကြောက်သွားတယ် သက်ဖူး၊ နင့်ကို ငါ သိပ်ကြောက်သွားတယ်"

မသက်ဖူးသည် ခေါင်းငုံ့သွားပြီး မောင်နန္ဒ ပြောသမျှကို တုံ့ပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

မောင်နန္ဒက ခံစားမှုအပြည့်အဝနှင့် ဆက်၍ ပြောပြန်သည်။

"ငါ သိပါတယ်ဟာ၊ နင်ဟာ မြို့ပိုင် ကိုသိုက်ဖေကို စွန့်ပြီး ငါ့နောက်ကို ဘယ်လိုက်နိုင်ပါ့မလဲ၊ ဒါပေမယ့် နင်က လိုက်မယ့်ဟန်ပြင်ခဲ့တယ်၊ ဒါတွေက ပရိယာယ်တွေပေါ့၊ တကယ်လို့ နင့်ပရိယာယ်ကိုယုံပြီး ငါ နင့်ကို လွှတ်လိုက်ရင်ပဲဖြစ်ဖြစ် နင်က အငြိုးတကြီးနဲ့ ငါ့ကို ကလဲ့စားချေမှာ ငါသိပ်ကြောက်သားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ အပြုအမူဟာ ရိုးသားတဲ့ တောသူရဲ့ အပြုအမူမျိုး လုံးဝမရှိဘူး၊ အဲဒီတော့ နင့်ကို ငါမခေါ်ရဲဘူး၊ နင့်ကို မရလို့ မျက်ရည်ကျနေတာပဲ ကောင်းပါတယ်ဟာ၊ နင့်ကို အရယူမိလို့ မုဒိမ်းသမားဘဝနဲ့ ထောင်ထဲမှာ အရိုးမဆွေးချင်တော့ပါဘူး၊ တကယ်လို့ နင်နဲ့ မြို့ပိုင်ကိုသိုက်ဖေနဲ့ လွဲသွားရင် နင် ငါ့ကို တစ်သက်လုံး ကျေမှာ မဟုတ်ဘူးဆိုတာ ငါရိပ်မိပါတယ်"

မောင်နန္ဒ ပြောသမျှ မသက်ဖူး ကြံစည်ထားသည်နှင့် တိုက်ဆိုင်နေသဖြင့် မသက်ဖူးသည် ဘာမျှ မချေပဝံ့တော့ပေ။

မသက်ဖူးသည် နှုတ်ဆိတ်နေရာမှ အတန်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မောင်နန္ဒအား တောင်းပန်လိုက်သည်။

"ငါ သွားပါရစေတော့ဟာ"

"အေးပါ၊ သွားရမှာပါ ကျွန်တော်မျိုး ညောင်ရမ်းရွာသားပေမွှားက မင်းဘဏ္ဍာကို မစော်ကားဝံ့ပါဘူး၊ နင့်ကို ငါ နောက်ဆုံးပြောချင်တာကတော့ ငါဟာ အရက်ကြောင့် စိတ်ရိုင်းဝင်မိပေမယ့် တောသားတို့ရဲ့ ရိုးဂုဏ်ကိုတော့ မဖျက်ခဲ့ပါဘူးဟာ၊ ငါတို့ တောသားတွေဟာ ရိုးသားပါတယ်၊ နင်လဲ တောရဲ့စရိုက်ကို မဖျောက်ပါနဲ့ဟာ မြို့ပိုင်ကတော်ကြီး ဖြစ်သွားပေမယ့်လဲ အင်မတန်ရိုးသားတဲ့ တောရဲ့စရိုက်ကို မစွန့်လိုက်ပါနဲ့ဟာ"

မသက်ဖူးက အားအင်ချည့်နဲ့နေသော လေသံနှင့် မပွင့်တပွင့် ပြောလိုက်သည်။

"အေးပါဟာ ငါ ကြိုးစားပါမယ်"

"ကဲ . . သွားပါတော့ဟာ၊ နင့်ကို ငါ တကယ်ချစ်လို့ ကြံမိတာပါ၊ ငါရဲ့ အပြုအမူဟာ နင့်အပေါ်မှာ ရိုင်းစိုင်းသွားတယ် ဆိုရင် ငါ့ကို ခွင့်လွှတ်ပါဟာ"

မသက်ဖူးသည် အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီဖြစ်၍ ဝမ်းသာကြည်နူးသွားပြီး မောင်နန္ဒအား နှုတ်ဆက်လိုက်သည်။

"ငါ သွားတော့မယ်နော်"

"အေး . . . သွားပါ၊ သွားနိုင်ပါပြီဟာ"

မသက်ဖူးသည် အဖော်ခေါ်လာသော မဝိုင်းကလေး၏





သက်ကို ဆွဲပြီး ရွှေဂူကြီးဘုရားပရဝဏ်အတွင်းမှ တိတ်ဆိတ်စွာ ထွက်သွားလေသည်။

မောင်နန္ဒသည် မဟာရံတံတိုင်းမှ ကျော်ပြီး ရွှေဂူကြီးဘုရား၏ ညောင်ရမ်းရွာဘက်သို့ လျှောက်သွားသော မသက်ဖူး၏ ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်လေသည်။

မောင်နန္ဒသည် မသက်ဖူးအား မြင့်မြတ်သော စွန့်လွှတ်မှုနှင့် စွန့်လွှတ်လိုက်သဖြင့် မသက်ဖူးက သူ့ကို တစ်သက်လုံး ကျေးဇူးတင်သွားလိမ့်မည်ဟု ထင်သည်။

သို့သော် မသက်ဖူး၏ တုံ့ပြန်ပုံမှာ ရာဇဝင်ရိုင်းလှသည်။

ထိုညက မောင်နန္ဒ အိမ်ပြန်ရောက်သောအခါ ဆယ်အိမ်ခေါင်းက လာခေါ်ပြီး သူကြီးဦးအောင်မြတ်အိမ်သို့ ခေါ်သွားလေသည်။ ထိုညက မောင်နန္ဒအား သူကြီး ဦးအောင်မြတ်အိမ်တွင် ထိပ်တုံးခတ်ထားပြီး နောက်တစ်နေ့တွင် မောင်နန္ဒအား သာစည်ထိတ်တဲသို့ ပို့လိုက်တော့သည်။

ထို့နောက် မောင်နန္ဒအား ကာလွန်ဖျက်ဆီးမှု၊ လုယက်မှု ကြံစည်မှုတို့ဖြင့် အမှုဖွင့်လေသည်။

ထိုကိစ္စကို ဖုံးကွယ်ထားသည်ကို မြို့ပိုင်ကိုသိုက်ဖေ သိသွားပါက မင်္ဂလာပွဲပျက်မည် စိုးရိမ်သဖြင့် မောင်နန္ဒအား အရေးယူရခြင်းဖြစ်သည်ဟု နောက်ပိုင်းတွင် မောင်နန္ဒ သိရလေသည်။

မောင်နန္ဒသည် မသက်ဖူးအား သက်ညှာပြီး လွှတ်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အရက်တန်ခိုးကြောင့် အရိုင်းစိတ်ဝင်မိသော မောင်န
ကိုမူ မသက်ဖူးက ခွင့်မလွှတ်နိုင်ခဲ့ပေ။

မောင်နန္ဒသည် ထောင် (၂)နှစ်ကျပြီး ကြိမ်ဒဏ် အချက်
(၂၀)ပါ အပိုဆု ရရှိသွားလေသည်။

နောင်တွင် မောင်နန္ဒသည် ထောင်မှ လွှတ်ခဲ့သော်လည်း
ညောင်ရမ်းရွာသို့ ပြန်မလာတော့ပေ။



# အခန်း ( ၆ )

## ဝရမ်းပြေး



www.burmeseclassic.com

www.burmeseclassic.com

မူလက မြို့ပိုင် ကိုသိုက်ဖေနှင့် မသက်ဖူးတို့၏ မင်္ဂလာပွဲကို ခပ်ဖြည်းဖြည်းမှ ကျင်းပရန် စီစဉ်ထားကြသည်။

လူကြီးစုံရာနှင့်စေ့စပ်ထားပြီးဖြစ်၍လည်း မင်္ဂလာပွဲကို ခပ်အေးအေးသာ သဘောထားခဲ့သည်။

သို့သော် မောင်နန္ဒ ရွှေဂူကြီးဘုရားတွင် ဓားထောက်ပြီး အတင်းခိုးပြေးရန် ကြံစည်သောအမှု ဖြစ်ကတည်းက ကိုသိုက်ဖေသည် မသက်ဖူးအား စိတ်မချနိုင်တော့ပေ။

မသက်ဖူးတို့ဘက်မှလည်း ယခုလ အရှက်တကွဲ အကျိုးနည်းဖြစ်ရသဖြင့် ကိုသိုက်ဖေက စိတ်ပျ [illegible] ၄ားမည်ကို စိုးရိမ်သည်။





ထို့ကြောင့် မသက်ဖူးကို စိတ်မချနိုင်သော ကိုသိုက်ဖေနှင့် ကိုသိုက်ဖေကို လက်လွှတ်မခံနိုင်သော မသက်ဖူးတို့၏ မင်္ဂလာပွဲသည် ခပ်မြန်မြန်ပင် ကျင်းပဖြစ်ကြသည်။

စောစောက ခမ်းခမ်းနားနားကျင်းပရန် စီစဉ်ထားသော မင်္ဂလာပွဲကို သိပ်ပြီး အကျယ်ချဲ့မနေတော့ဘဲ ခပ်ကျဉ်းကျဉ်းပင် ကျင်းပလိုက်ကြသည်။

မင်္ဂလာပွဲတွင် လေဘာတီ မမြရင်၏ အငြိမ်နှင့်ဧည့်ခံရန် ...က စီစဉ်ထားသော်လည်း ထိုအစီအစဉ်ကို ဖျက်လိုက်ကြသည်။

မင်္ဂလာပွဲကျင်းပခဲ့ပြီး နောက်တစ်ညတွင် ကိုသိုက်ဖေနှင့် ...က်ဖူးတို့သည် ခြံရှေ့ခုံတန်းတွင်ထိုင်ပြီး လေညင်းခံနေကြသည်။ ...ခင်စမို့ တီတီတာတာ ချစ်စကားများ ပြောဆိုခွန်းပြုနေကြသည်။

ထိုအချိန်တွင် မသက်ဖူးတို့ တိုက်အိမ်ကြီး၏ ရှေ့တည့်...ရှိ သူကြီး ဦးအောင်မြတ်၏ အိမ်သို့ ရွာသားအချို့ ဝင်လိုက် ...လိုက်လုပ်နေကြသည်။ အချို့မှာ ဟိုနားစုစု၊ သည်နားစုစုနှင့် ...တစ်ခုကို အရေးတကြီး တိုင်ပင်နေကြဟန် ရှိသည်။

ထိုရွာသားများထဲတွင် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးအချို့ ...ပါလေသည်။ အချို့က လက်နှိပ်ဓာတ်မီးပါလာပြီး အချို့က ...ဆောင်းကို ကိုင်ထားကြသည်။

သူတို့ ဦးဘိုးယွန်း၏ အိမ်ကြီးကို ပြူတစ်ပြူတစ်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၊ ခြံထဲသို့ ဝင်မည်ပြုလိုက်နှင့်ဖြစ်နေသည်။ တစ်ချို့သည် ခြံဝသို့ ရောက်ပြီးမှ ခြံထဲသို့ မဝင်ရဲဘဲ ပြန်လှည့်သွားကြပြန်သည်။

ညနေခင်း လေညင်းခံရန် ခုံတန်းလျား၌ မသက်မဖူးနှင့် ယှဉ်တွဲထိုင်နေသော မြို့ပိုင် ကိုသိုက်ဖေသည် သူကြီးဦးအောင်မြတ် အိမ်၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို အတိုင်းသား မြင်နေရသည်။

သူကြီး ဦးအောင်မြတ်သည် သူ့အိမ်၌ ရှိပုံမပေါ်ပေ။ သူကြီးဦးအောင်မြတ်သည် မင်္ဂလာပွဲသို့ လာရောက်ချီးမြှင့်ကြသော မိတ္ထီလာအရေးပိုင် နယ်ပိုင်ဝန်ထောက်နှင့် ပုလိပ်ဘက်၊ သစ်တော ဘက်မှ အရာရှိများ တည်းခိုနေသော ညောင်ရမ်းဗိုလ်တဲတွင် ရောက် နေပုံရသည်။

ယနေ့ည ညောင်ရမ်းဗိုလ်တဲ၌ မြို့ပိုင် ကိုသိုက်ဖေ၏ မင်္ဂလာပွဲသို့ လာရင်း မပြန်ကြသေးသော အစိုးရအရာရှိများကို ဧည့်ခံရင်း သူကြီးဦးအောင်မြတ် ဗိုလ်တဲ၌ သောက်စားနေပုံရသည်။ ယမန်နေ့ မင်္ဂလာပွဲညက ထိုညောင်ရမ်း ဗိုလ်ဘဲမှာပင် မြို့ပိုင် ကိုသိုက်ဖေ၏ ဘက်ချလာနိုက်ခေါ် လူပျိုည ကျင်းပခဲ့သေးသည်။

ထိုညောင်ရမ်းဗိုလ်တဲမှာ တောပုန်းကြီးစံဖဲ လက်ထိပ်ချွတ် ပြီး ပုလိပ်များ လက်ထဲမှ ထွက်ပြေးခဲ့သဖြင့် မိတ္ထီလာနယ်တွင် နာမည်ကြီးနေသော ဗိုလ်တဲဖြစ်သည်။

လက်ထပ်ပြီးစ မြို့ပိုင် ကိုသိုက်ဖေသည် သူကြီး ဦးအောင်မြတ်၏ အိမ်ရှေ့၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသော လူ





ဘာဖြစ်နေသည်ကို သိချင်သဖြင့် ခြံဝသို့ထွက်ပြီ မေးမြန်းစုံစမ်း လေသည်။

ထိုအခါ ဆယ်အိမ်ခေါင်းတစ်ယောက်က သာစည် အချုပ်မှ အချုပ်ဖေါက်ပြေးလာသော ဝရမ်းပြေးတစ်ယောက် လူသူမနေသော ဓလေးထပ်ကျောင်းဝင်းထဲ ရောက်နေသည်ဟု သတင်းရကြောင်း မြို့ပိုင်ကိုသိုက်ဖေအား ပြောပြလေသည်။

မြို့ပိုင်ကိုသိုက်ဖေက ထိုဆယ်အိမ်ခေါင်းကို ညောင်ရမ်း ဗိုလ်တဲသို့ လိုက်သွားပြီး သူကြီးဦးအောင်မြတ်အား တိုင်ကြားရန် ပြောလေသည်။

ထိုအခါ ရာအိမ်မှူး အဘိုးကြီးက ယနေ့ညနေပိုင်း ညောင်ရမ်ဗိုလ်တဲတွင် နယ်ပိုင်ဝန်ထောက်နှင့် မုလိပ်အင်စပက် တော်တို့က အမဲလိုက်ချင်သည်ဆိုသဖြင့် သူကြီးဦးအောင်မြတ်က ရွာထဲမှ လှည်းဆင့်ပြီး ရှမ်းရိုးမ တောင်ခြေရွာများဆီသို့ ထွက်သွား ပြီဖြစ်ကြောင်း ကိုသိုက်ဖေအား ရှင်းပြလေသည်။

သူကြီးမရှိသဖြင့် ရွာဆူနေသော အခြေအနေကို ကိုသိုက်ဖေ ရိပ်စားမိလိုက်သည်။

ကိုသိုက်ဖေက ဓလေးထပ်ကျောင်းတွင် ရောက်နေသော ဝရမ်းပြေးအကြောင်း စုံစမ်းရာ ယခင်နှစ်အနည်းငယ်က ပျော်ဘွယ် နယ်တွင် သောင်းကျန်းခဲ့သော နဂါးဆိုသော လူဆိုးကြီးဟု ဆိုရ သည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးသည် မန္တလေးထောင်တွင် ထောင်ကျနေကြောင်း ရွာသားများက ကြားသိရပြီး ယခုအခါ လူသူကင်းမဲ့သော လေးထပ်ကျောင်းအတွင်းသို့ မည်သို့မည်ပုံ ရောက်နေသည်ကို သူတို့ စဉ်းစား မရပေ။

ညောင်ရမ်းရွာသားအချို့သည် နွားပွဲမှ နွားသွားရောင်းပြီးအပြန် လေးထပ်ကျောင်းအနီးမှ ဖြတ်သန်း၍ ရွာထဲသို့ ဝင်လာစဉ် လူသူကင်းမဲ့သော လေးထပ်ကျောင်းအနီး၌ မသင်္ကာဖွယ်ကောင်းသော လူတစ်ယောက်ကို တွေ့ရလေသည်။

ထိုလူအား ချောင်းမြောင်းကြည့်ရှုသူ ရွာသားများထဲတွင် ပျော်ဘွယ်နယ်မှ ရာဇဝင်လူဆိုးကြီး နဂါးကို မှတ်မိသော ရွာသားအချို့ ပါဝင်ပေသည်။ သူတို့၏ သတင်းပေးချက်အရ လေးထပ်ကျောင်းထဲတွင် ခိုးအောင်းနေသူမှာ သာမန်လူမဟုတ်ဘဲ နဂါးမှန်း သိရခြင်းဖြစ်သည်။

ထိုအခါ မြို့ပိုင် ကိုသိုက်ဖေက နဂါးမှန်းသိရင်လည်း ဘာဖြစ်လို့ သူကြီးဦးအောင်မြတ်အား အချိန်ကုန်ခံပြီး စောင့်နေရသလဲ၊ သွားဖမ်းပါလားဟု ဆယ်အိမ်ခေါင်းနှင့် ရာအိမ်မှူးတို့အား ပြောလေသည်။

ဆယ်အိမ်ခေါင်းနှင့် ရာအိမ်မှူး၂က နဂါးမှာ သေနတ်ပါသည်ဟု ထင်မြင်ရသဖြင့် သူတို့ သွားမဖမ်းရဲဘဲ သူကြီးဦးအောင်မြတ်ထံလာရာ သူကြီး ဦးအောင်မြတ်မှာ အမဲလိုက်သွားနေသဖြင့်





သူတို့ အခက်အခဲတွေ့နေရကြောင်း မြို့ပိုင် ကိုသိုက်ဖေအား ပြောပြလေသည်။

ရှင်းရှင်းဆိုရလျှင် လေးထပ်ကျောင်းတွင် လာရောက်ပုန်းအောင်းနေသော နဂါးထံတွင် သေနတ်ပါမည်ဟု ယူဆပြီး ရွာသားများက သွားမဖမ်းရဲသဖြင့် မြို့ပိုင် ကိုသိုက်ဖေအား လာရောက်သတင်းပို့ခြင်းဖြစ်သည်။

မြို့ပိုင်ကိုသိုက်ဖေမှာ ခြောက်လုံးပြူး သေနတ်တစ်လက်ရှိသည်။ ဘုရားဒကာ ဦးဘိုးယွန်းထံတွင်လည်း လိုင်စင်နှင့်ကိုင်ဆောင်သော နှစ်လုံးပြူးသေနတ်တစ်လက် ရှိသည်။

ထိုသေနတ် (၂)လက်သာရပါက ရွာသားများသည် ဝရမ်းပြေးကြီး နဂါးကို သွားရောက် ဖမ်းဆီးဝံ့ပါသည်။ သို့သော်လည်း မြို့ပိုင်ကိုသိုက်ဖေက သူ၏ ခြောက်လုံးပြူးကို ပေးလိုက်မည်မဟုတ်သလို ဦးဘိုးယွန်းကလည်း သူ၏ နှစ်လုံးပြူးသေနတ်ကို ငှားရမ်းမည်မဟုတ်ပေ။

ဦးဘိုးယွန်းသည် သူ၏ နှစ်လုံးပြူးသေနတ်ကို မည်သူ့ကိုမှ မငှားပေ။ ရွာတွင် အုပ်ချုပ်ရေးတာဝန်ရှိသူ သူကြီးဦးအောင်မြတ်ကိုယ်တိုင် ဦးဘိုးယွန်း၏ နှစ်လုံးပြူးကို ငှားဖူးသည်။ သို့သော် ဦးဘိုးယွန်းက သူ၏ နှစ်လုံးပြူးသေနတ်ကို မငှားပေ။

ထို့ကြောင့် ရွာသားများသည် ဝရမ်းပြေးဖမ်းရန် အခက်အခဲဖြစ်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဝရမ်းပြေးဖမ်းရန်အတွက် မြို့ပိုင်ကိုသိုက်ဖေအား
တိုင်ကြားပြီးဖြစ်ရာ ဝရမ်းပြေးဖမ်းရန် တာဝန်သည် မြို့ပိုင်
ကိုသိုက်ဖေ၏ ပခုံးပေါ်သို့ ပြောင်းသွားပြီဖြစ်သည်။

အမှန်မှာ မြို့ပိုင်ကိုသိုက်ဖေသည် ခွင့်ယူထားပြီး မသက်ဖူ
အား လာရောက် လက်ထပ်ခြင်းဖြစ်သည်။ အစိုးရတာဝန်အ
ဆိုလျှင် ကိုသိုက်ဖေ၌ မည်သည့်တာဝန်မျှ မရှိပေ။ ကိုသိုက်ဖေ သည်
ခွင့်ခံစားနေသူသာဖြစ်ရာ တာဝန်မှ ကင်းငြိမ်းနေသည်။

သို့သော် ထိုခေတ်က မြို့ပိုင်နယ်ပိုင်သည် အုပ်ချုပ်ေ
ပိုင်း၌ တာဝန်ရှိသူများဖြစ်ရာ ပုလိပ်အလုပ်မျိုးကိုလည်း ကိုယ်နှ
မဆိုင်ဟု သဘောမထားပေ။ ယခုလို တရားခံဖမ်းရန် ဓားပြဖ
ရန် ကြံလျှင်ကြံသလို ဖိဖိစီးစီးလုပ်ပေးသည်။ ငါက မြို့ပိုင်နယ်ပိုင်
မို့ ပုလိပ်အလုပ်နှင့်မဆိုင်ဟု သဘောမထားပေ။

ပုလိပ်အဖွဲ့က စုံစမ်းနေသော ဓားပြမှု၊ လူသတ်မှု၊ နိုး
တို့တွင် တရားခံမပေါ်သေးပါက မြို့ပိုင်နယ်ပိုင်တို့က ကြံလျှင် ကြံ
သလို ဝင်ရောက်စုံစမ်းပေးသွားသည်။ ထို့ပြင် တစ်ခါတစ်
တရားခံဖမ်းရာတွင် လည်းကောင်း ယခုလို ဝရမ်းပြေးဖမ်းရာတွ
လည်းကောင်း မြို့ပိုင်နယ်ပိုင်များကိုယ်တိုင် ပ င်ပြီး ကိုယ်ထိလ
ရောက် ဖမ်းဆီးပေးလေ့ရှိသည်။

မြို့ပိုင် နယ်ပိုင်များသည် ထိုသို့ တရားခံ ဖမ်းပေးရသေ
အလုပ်ကို လုပ်ရရုံမျှမက တရားသူကြီးအဖြစ် တရားစီရင်သေ





အလုပ်ကိုလည်း လုပ်ရရုံမျှမက တရားသူကြီးအဖြစ် တရားစီရင်
သော အလုပ်ကိုလည်း လုပ်ရသည်။ အခွန်တော်ငွေများကိုလည်
ကောက်ခံရသေးသည်။ ထို့ပြင် မြို့နယ်တစ်ခု၏ ဘဏ်လုပ်ငန်
ဖြစ်သော ငွေတိုက်ကိုလည်း လုပ်ကိုင်ကြရသေးသည်။

ယခု မြို့ပိုင်ကိုသိုက်ဖေမှာ ညောင်ရမ်းရွာတွင် မသက်ဖူ
နှင့် လာပြီး လက်ထပ်ရင်း ဝရမ်းပြေးဖမ်းရန် ကြုံကြိုက်နေခြင်းဖြ
သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဆွမ်းခံရင်း ငှက်သင့်သည်ဟု
ဆိုရပေမည်။

ရွာသားများက မယားရခါစ ဖြစ်ပြီး ခွင့်ခံစားနေသူ မြို့ပိုင်
ကိုသိုက်ဖေသည် မည်သို့ ဆုံးဖြတ်မည်နည်းဟု စိတ်ဝင်စားစွာနှင့်
စောင့်နေကြသည်။

အမှန်မှာ ကိုသိုက်ဖေ ငြင်းဆန်မည်ဆိုပါက ငြင်းဆန်ရန်
အခွင့်အရေးကိုသိုက်ဖေတွင် ရှိပါသည်။ ကိုသိုက်ဖေသည် ချစ်စ
ဆဲစကြင်နာစ မယားရခါစဖြစ်ပြီး ခွင့်ခံစားနေသူဖြစ်သည်။

သို့သော် ကိုသိုက်ဖေက သူဦးဆောင်ပြီး လေးထပ်ကျောင်း
တွင် ရောက်နေသော ဝရမ်းပြေးကို ဖမ်းဆီးမည်ဟု ခိုင်မာစွာ ဆုံး
ဖြတ်လေသည်။

ထိုအခါ ရွာသားများက ဝမ်းသာအားရ သူကြီးအိမ်မှ
မောင်းကိုထုပြီး လူစုမည်ဟု ပြင်ဆင်လေသည်။ ကိုသိုက်ဖေက
မောင်းတီးပြီး လူစုပါက ဝရမ်းပြေး ရိပ်မိသွားမည်စိုး၍ မောင်းတီး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပြီး လူမစုဘဲ တိုးတိုးတိတ်တိတ် တစ်ဦးချင်းလိုက်ခေါ်ကာ လှူ
နိုင်းလေသည်။

ကိုသိုက်ဖေ၏ ဆုံးဖြတ်ချက်ကို သဘောမကျသူများမှာ သူ့ဇနီး ပုပုနွေးနွေး မသက်ဖူးနှင့် ယောက္ခမကြီး ဦးဘိုးယွန်းတို့ ဖြစ်သည်။

ဦးဘိုးယွန်းသည် သမက်ကို စိတ်မချသဖြင့် ဝရမ်းပြေးဖမ်းဖို့ လိုက်မသွားရန် တားဆီးသည်။ မသက်ဖူးကလည်း ကန့်ကွက်သည်။ မသက်ဖူးက ဝရမ်ပြေး၏ သတင်းကို လာပေးသော ရွာသားများကို မကျေနပ်သည့်ဟန် ပြောဆိုပြီး ကိုသိုက်ဖေအား ဝရမ်းပြေးဖမ်းရန် လိုက်မသွားဖို့ ကန့်ကွက်လေသည်။ ကြက်တူရွေးတော်တော်မှယ်တော်က တကဲကဲ ဆိုသကဲ့သို့ မသက်ဖူးဖြစ်နေသည်ကို ရွာသားများက ကျိတ်ပြုံးကြသည်။

ဦးဘိုးယွန်းက သူ့သမက်ကို ရွှေလိုဥထားချင်ဟန်နှင့် ဝရမ်းပြေးဖမ်းမသွားရန် ဟန့်တားပြီး သူ့သမက်ကို မလိုက်စေချင်သဖြင့် သူတစ်ခါမျှ မငှားဖူးသော သူ၏ နလုံးပြူးသေနတ်ကိုပင် ထုတ်ငှားလေသည်။

မြို့ပိုင် ကိုသိုက်ဖေက ယခုကိစ္စမှာ သူမသိလျှင် သူ့မှာ တာဝန်မရှိသော်လည်း ယခုလို့ဝရမ်းပြေးတစ်ယောက် ညောင်ရမ်းရွာကို ရောက်နေသည်ကို သူသိပါလျက် မဖမ်းဆီးပေးလျှင် သူ့မှာ တာဝန်မရှိသော်လည်း မင်းမှုထမ်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်





သည်ဟု ကိုသိုက်ဖေက ဆိုလေသည်။

ကိုသိုက်ဖေအား ဟားမရသောအခါ ဦးဘိုးယွန်းသည် သူ့သမက်ကို စိတ်မချဘဲ သူ၏ ကိုယ်ရံတော် လက်စွဲများဖြစ်သော ကိုက်ပေါ် ဦးဘကြီးနှင့် ကိုတူးရိုးတို့ကို ကိုသိုက်ဖေနှင့်အတူ ထည့်ပေးရန် သူတို့အိမ်များသို့ အခေါ်လွှတ်သည်။

ကိုစံလှမှာ ကြောက်တတ်သူပီပီ ဦးဘိုးယွန်း၏ အိမ်သို့ရောက်သည်နှင့် သူ နေမကောင်းကြောင်း ကိုသိုက်ဖေနှင့် လိုက်မသွားနိုင်ကြောင်း တဖွဖွပြောလေသည်။

ဦးဘိုးယွန်းကလည်း ကိုစံလှအကြောင်း သိပြီးဖြစ်၍ ကိုသိုက်ဖေနှင့် ထည့်မပေးချေ။

သတ္တိကောင်းသော ကိုက်ပေါ်ကမူ အရက်ရှိန်ကလေးကသည်း ကြွနေပြီဖြစ်၍ သူတစ်ယောက်တည်းပင် လေးထပ် ကျောင်းထဲဝင်ကာ ဝရမ်းပြေးနဂါးကို အရှင်ဖမ်းပြမည်ဟု ဆိုပြီး နွားချည်သောကြိုးကို တောင်းလေသည်။

ရွာသားများက အရက်တန်ခိုးဖြင့် လေလုံးထွားနေသော ကိုက်ပေါ်အား ဘိဘိသနဲ့ဟုခေါ်သော ဝရမ်းပြေးကို အရှင်မဖမ်းပါနဲ့ ခါးဆွဲထားပါရစေဟု နောက်ပြောင်ကျီစယ်ကြလေသည်။

မြို့ပိုက် ကိုသိုက်ဖေက လေးထပ်ကျောင်း၏ အနေအထားကို ရွာသားများထံ မေးမြန်းစုံစမ်းပြီး ဝရမ်းပြေးကို နိုင်ပင်ပိုင်တတ်ဆိုဖမ်းဆီးရန် စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင် ကိုသိုက်ဖေ၏ ဝရမ်းပြေးဖမ်းဆီးပုံမှာ နေရာကျလှသည်။ အုပ်ချုပ်ရေးသမား မြို့ပိုင်တစ်ယောက်က ဉာဏ်ကောင်းကောင်းနှင့် လူဆိုးအားဖမ်းဆီးပြလိုက်ပုံကို လူတိုင်းက ချီးကျူးကြလေသည်။

ကိုသိုက်ဖေ လူဆိုးဖမ်းပုံမှာ ညောင်ရမ်းရွာထဲတွင် ဓားပြဝင်တိုက်ဟန် နှစ်လုံးပြူးသေနတ်ကို မိုးပေါ်ထောင်ဖေါက်ပြီး ဓားပြများက အိမ်ရှင်များကို အော်ဟစ်ဆဲရေးသံကို ပြုစေသည်။

ထို့နောက် ရွာသားများက မောင်းထုလူစုပြီး ဓားပြများနောက်သို့ လိုက်ဟန်ပြုစေသည်။

ထို့နောက် လူဆိုးဓားပြများဟန်ဆောင်ထားသော ကိုသိုက်ဖေ၊ ကိုကံပေါ်၊ ဦးဘကြီးနှင့် ကိုတူးရိုးတို့က ရွာသားများနောက်က ဆဲရေးတိုင်းထွာပြီး လိုက်လာသဖြင့် လေးထပ်ကျောင်းထဲဝင်ပြေးဟန်ဆောင်လေသည်။

သန်းခေါင်ကျော်လောက်တွင် လေးထပ်ကျောင်းထဲတွင် ပုန်းအောင်းနေသော ဝရမ်းပြေးနဂါးသည် မြို့ပိုင် ကိုသိုက်ဖေတို့ကို တကယ်ပင် လူဆိုးများဟု ထင်သွားပြီး သူပုန်းအောင်းနေသောနေရာမှ ထွက်လာကာ လာရောက်ဆက်သွယ်လေသည်။

ထိုအခါ မြို့ပိုင် ကိုသိုက်ဖေနှင့် ကိုကံပေါ် ဦးဘကြီးနှင့် ကိုတူးရိုးတို့က ဝရမ်းပြေး နဂါးကို ကြက်ကလေး ငှက်ကလေး ဖမ်းသလို ဖမ်းလိုက်လေ၏။





နဂါးကိုကြိုးချည်ပြီး လေးထပ်ကျောင်းထဲမှ ထွက်လာသောအခါ လေးထပ်ကျောင်းအပြင်ဘက်တွင် ရွာသားများ တုတ်ဓားဆက်နက် အစုံအလင်ဖြင့် လေးဖက်လေးတန်က ဝိုင်းထားသည်ကို နဂါးတွေ့ရသည်။

အကယ်၍နဂါးသည် ကိုသိုက်ဖေတို့အား ခုခံပြီး ထွက်ပြေးပါကလည်း လေးဖက်လေးတန်က ဝိုင်းထားသော ရွာသားများ၏လက်တွင်းက လွတ်နိုင်မည် မဟုတ်ပေ။

ထိုညက နဂါးအား သူကြီးဦးအောင်မြတ်၏ ထိပ်တုံးတွင်ခတ်ပြီး ဖမ်းချုပ်ထားလေသည်။ နဂါးအား စောင့်ကြပ်ရန် ကိုကံပေါ်နှင့် ရွာသားများကို တာဝန်ပေးလေသည်။

နဂါးကို ဖမ်းဆီးမိသော ကိစ္စနှင့်ပတ်သက်ပြီး အောင်သေအောင်သား စားသည့်အနေနှင့် ကိုကံပေါ်သည် တစ်ညလုံးအရက်ကို သောက်ရင်း ထိပ်တုံးခတ်ခံနေရသော နဂါးကို ရိုက်နှက်လေသည်။ နဂါးကို ရိုက်သူများထဲတွင် ကိုကံပေါ်၊ ဦးဘကြီးနှင့် ကိုတူးရိုး တို့ ပါဝင်လေသည်။

နဂါးကို စစ်ဆေးရာမှ နဂါးသည် မန္တလေး ထောင်ထဲတွင် သူတသ်မှုနှင့် ရောက်နေသော လေးထပ်ကျောင်းတွင် ကိုရင်ကြီးကို သတ်ခဲ့သော ဦးပဉ္စင်းကလေး ဦးတေဇောတာသနှင့် ဆုံးလေသည်။

ဦးတေဇောဘာသက လေးထပ်ကျောင်းဝင်းထဲတွင် ဘာနာပစ္စည်းများရှိသော နေရာကို မြေပုံဆွဲပေးလေသည်။ ထိုမြေပုံ



www.burmeseclassic.com

www.burmeseclassic.com



အရ နဂါးသည် ရတနာသိုက်တူးရန် လေးထပ်ကျောင်း အတွင်းသို့ လာရောက်ခိုအောင်းနေခြင်းဖြစ်သည်။

နဂါးထံမှ ဖမ်းမိသော ရတနာပစ္စည်းများ ထားရာကို ပြသောမြေပုံကို မြို့ပိုင် ကိုသိုက်ဖေထံမှတစ်ဆင့် ဘုရားဒကာ ဦးဘိုးယွန်း တွေ့သွားလေသည်။

အဘယ်ကြောင့်ဆိုသော် မြေပုံထဲ၌ ရတနာပစ္စည်းများရှိသည့်နေရာကို ပြသောနေရာသည် ဦးဘိုးယွန်း (၉)ညတိုက် ရတနာပစ္စည်းများ တူးဖော်ရရှိသောနေရာနှင့် တစ်ထပ်တည်း တူနေသောကြောင့် ဖြစ်သည်။

အဓိပ္ပာယ်မှာ ဦးဘိုးယွန်း တူးဖော်ရရှိခဲ့သော ရတနာပစ္စည်းများကို ဦးဘိုးယွန်းထက် ဦးစွာစောပြီး လူအချို့က သိရှိထားပုံရသည်။ ထိုသိရှိသောလူထဲတွင် ဦးပဥ္စင်းကလေး ဦးတေဇောဘာသာလည်း ပါဝင်ပုံရသည်။

ထို့ပြင် ထိုရတနာပစ္စည်းများ တွေ့သောနေရာမှာ မူလနေရာမဟုတ်ဘဲ တခြားတစ်နေရာမှ တွေ့ရသော ပစ္စည်းများကို ထိုနေရာသို့ ရွှေ့ပြောင်းပြီး မြှုပ်နှံထားခြင်းလည်းဖြစ်နိုင်သည်။

ဦးဘိုးယွန်းကိုယ်တိုင် လိုနေရာမှ ရတနာပစ္စည်းများကို မဟာရံတံတိုင်းဘေးရှိ သူ၏ အဖိုချထားသော ဟဲကလေး အောက်တွင် နေရာရွှေ့ပြောင်းပြီး မြှုပ်နှံခဲ့ဖူးသည် မဟုတ်ပါလော။

ညောင်ရမ်းရွာထဲတွင် ဦးဘိုးယွန်း တိုက်အိမ်ကြီးဆောက်သောအခါမှသာ မြေတိုက်ခန်း နံကပ်အခန်းများတွင် ထိုရတနာပစ္စည်းများကို ဒုတိယအကြိမ် ပြောင်းရွှေ့ထားခြင်းဖြစ်သည်။

ဦးဘိုးယန်းသည် ရတနာမြေပုံကို ကြည့်ပြီး တုန်လှုပ်ချောက်ချားနေသည်။


ဦးဘိုးယွန်း ရတနာပစ္စည်းများကို တူးဖော်ရရှိသောနေရာသည် မူလနေရာမဟုတ်ဘဲ အခြားတစ်နေရာတွင် တွေ့သော ရတနာပစ္စည်းများကို ပြောင်းရွှေ့ထားသော နေရာသာ ဖြစ်ပါက ထိုရတနာပစ္စည်းများ၏ ပိုင်ရှင်တစ်ယောက် ကေန်ရှိရမည်ဟု ဦးဘိုးယွန်းတွေးမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄ )

## မြို့ပိုင်ကိုသိုက်ဖေ



မြို့ပိုင်ကိုသိုက်ဖေသည် အလုပ်မှ အပြီးအပိုင် ထွက်ခဲ့ပြီး ညောင်ရမ်းရွာတွင် အမြဲနေထိုင်ရန် ပြန်လာသည်ဟု ကြားသိရသောအခါ ညောင်ရမ်းတစ်ရွာလုံး အံ့ဩမဆုံးကြပေ။

ထိုအံ့ဩမဆုံးဖြစ်ရသူများထဲတွင် မသက်ဖူးသည် ထိပ်ဆုံးမှ ပါဝင်လေသည်။

သူ့ကို လုံးဝ တိုင်ပင်ခြင်း၊ နှီးနှောခြင်း မပြုဘဲ ကိုသိုက်ဖေသည် လူတကာမက်မောရသော မင်းစိုးရာဇာ မြို့ပိုင်ဘဝမှ နုတ်ထွက် လိုက်သည်ကို မသက်ဖူးသည် မယုံနိုင်အောင် ဖြစ်ရပြီး အိပ်မက်များပင် မက်နေသလားဟု ထင်မိသည်။

မင်းဖြစ်မင်းဒဏ်ထိပြီး အလုပ်ပြုတ်ခဲ့ရသည်ကို ရှက်သဖြင့် ကိုသိုက်ဖေက အလုပ်မှ နုတ်ထွက်ခဲ့သည်ဟု ပြောသည်ပင်ပြီး အစည်ကို လူလွှတ်ပြီး မသက်ဖူးက စုံစမ်းခိုင်းသည်။ အချို့သော



www.burmeseclassic.com

www.burmeseclassic.com



အစိုးရအမှုထမ်းများသည် အလုပ်ပြုတ်ခဲ့သည်ကို ပြောရမှာ ရှ
သဖြင့် အလုပ်ထွက်ခဲ့သည်ဟု ယခုလို လိမ်ညာပြီး ပြောလေ့ရှိ သေ
သာကေကိုလည်း မသက်ဖူး ကြားဖူး၍ ယခုလို သာစည်ကို လှလ
စုံစမ်းခိုင်းခြင်းဖြစ်သည်။

ကိုသိုက်ဖေသည် အလုပ်မြုခဲ့ခြင်းမဟုတ်။ အလုပ်ထွက်
သည်မှာ အမှန်အကန်ပင်ဖြစ်သည်။

ကိုသိုက်ဖေ ဘာကြောင့် အလုပ်က နုတ်ထွက်ခဲ့သည်
မည်သူမျှ စဉ်းစားမရပေ။ မသက်ဖူးလည်း စဉ်းစားမရ။ ဘု
ဒကာကြီး ဦးဘိုးယွန်းလည်း စဉ်းစား၍မရ။

သာစည်မြို့မှ ဦးဘိုးယွန်းနှင့် ရင်းနှီးသော ဘိလစ်စာ
ကြီး ဦးသက်ထွန်း၏ ဆင်ခြေကမူ ကိုသိုက်ဖေ မြို့ပိုင်အလု
နုတ်ထွက်သွားသည်မှာ သာစည်မြို့သို့ မြို့ပိုင်ကြီးအသစ်
ယောက်ပြောင်းလာ၍ ကိုသိုက်ဖေ ရှက်ပြီးအလုပ်မှ နှုတ်ထွက်သွ
သည်ဟု ထင်မြေးပေးလေသည်။

ကိုသိုက်ဖေသည် သပြုသီးမြို့အုပ်ခေါ် လက်ထောက်
ပိုင်သာဖြစ်သည်။ သို့သော်သာစည်သို့ ပြောင်းရွှေ့လာရမည
မြစ်ဝကျွန်းပေါ်မှ မြို့ပိုင်ကြီးတစ်ယောက်သာ သာစည်သို့ မပြော
လိုသဖြင့် ဆေးရုံတက်လိုက်ရာ သာစည်တွင် မြို့ပိုင်ကြီးနေ
လစ်လပ်နေသဖြင့် ကိုသိုက်ဖေသည်မြို့ပိုင်ကြီးရာထူးသို့ ခေ
လုပ်ကိုင်ရလေသည်။





ထိုအခါ သာစည်တစ်နယ်လုံးက ကိုသိုက်ဖေအား မြို့ပိုင်
ကြီးဟုထင်ပြီး ခေါ်ဝေါ် ဆက်ဆံလေသည်။ ယခုအခါ ကသာခရိုင်
မြို့ပိုင်ကြီးတစ်ယောက်ကို သာစည်သို့ ပြောင်းရွှေ့လိုက်ရာ ~~သာစည်~~
~~မြို့ပိုင်ကြီးသည် ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်ရာ~~ ကိုသိုက်ဖေက
မြို့ပိုင်ကြီးရာထူးကို ပြန်လွှဲပေးရပြီး သူ၏ မူလ လက်ထောက်
မြို့ပိုင်ရာထူးကိုသာ တာဝန်ထမ်းဆောင်ရမည်ဖြစ်လေသည်။

သာစည်တစ်နယ်လုံးက မြို့ပိုင်ကြီးဟု ခေါ်ဝေါ်အထင်
ခံပြီးမှ ယခုလို လက်ထောက်မြို့ပိုင်ရာထူးသို့ ပြန်ဆင်းရသည်ကို
ကိုသိုက်ဖေ ရှက်သွားသလားမသိဘူးဟု ဘိလစ်စာရေးကြီး
ဦးသက်ထွန်းက ထင်ကြေးပေးလေသည်။

အမှန်မှာ ထိုကိစ္စမှာ ရှက်စရာကိစ္စမဟုတ်။ အစိုးရ
အမှုထမ်းလောကတွင် ယခုလို ခေတ္တတာဝန်ထမ်းဆောင်ရသော
ကိစ္စများမှာ ဒုန္နဲ့ဒေးပင်ဖြစ်ပါ၏။

ဦးသက်ထွန်းက ကိုသိုက်ဖေ အလုပ်မှ ထွက်သွားသည်ကို
မြော်လှသဖြင့် တဖျစ်တောက်တောက်နှင့် ယူကျုံးမရစွာ ပြောပုံ
ရာ ကိုသိုက်ဖေသည် ဘီအေအောင်ပြီးသားဖြစ်ရာ မကြာမီကပင်
နယ်ပိုင်ဝန်ထောက်ရာထူး ရနိုင်ပါလျက် အလုပ်ထွက်သွားသည်ကို
သူ့ စိတ်မှ နှမြောပါသေးရဲ့လားဟူ၍ ဖြစ်သည်။

* မင်းကတော်ဖြစ်ရသည်မှာ ဘာမျှ မကြာသေးသော
မသက်ဖူးသည် ကိုသိုက်ဖေ၏ အပြုအမူကို မချိတင်ကဲ ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



တို့အား "ဖေဖေနှင့်မေမေ" ဟု ခေါ်လေသည်။

မြို့သားဖြစ်သော ကိုသိုက်ဖေကမူ ဦးဘိုးယွန်းအား "အဘ" ဟုခေါ်ပြီး ဒေါ်သိုင်းချို့အား "အမေ" ဟုခေါ်လေသည်။

ကိုသိုက်ဖေ မြို့ပိုင်ဘဝက အလုပ်က ထွက်လာသည့်အတွက် အထိအနာဆုံး ခံစားရသူမှာ မသက်ဖူးပင် ဖြစ်ပါသည်။

မသက်ဖူးသည် ငွေကြေးပြည့်စုံချမ်းသာပြီဖြစ်ရာ ဂုဏ်ကို အလွန်မက်မောလေသည်။ ယခု ဘီအေအောင်ပြီးသော မြို့ပိုင်တစ်ယောက်နှင့် လက်ထပ်ရသောအခါ ထိုခေတ်က ထုံးစံအတိုင်း အရှင်လတ်လတ် မင်းကတော်ဖြစ်ရပါသည်။

ထိုခေတ်က-မင်းကတော်ဆိုလျှင် အလွန်ဂုဏ်ရှိသည်။ လူအချင်းချင်းက မင်းကတော်ဟု အခေါ်ခံရသည်မှာလည်း နားအရသာ အလွန်ရှိသည်။

မသက်ဖူးသည် ကိုသိုက်ဖေ နောက်သို့လိုက်ပြီး သျှောင်နောက်ဆံထုံးပါလာသော မြန်မာပြည်အနှံ့ ခြေဆန့်ပြီး မင်းကတော်ဘဝအရသာကို ဝဝကြီးခံစားလိုက်မည်ဟု အားခဲထားရာ ယခု ကိုသိုက်ဖေက အလုပ်ကထွက်လာသဖြင့် မင်းကတော်ဘဝမှ မဆတ်တငံ့နှင့် ရာထူးလျော့ရလေသည်။

မသက်ဖူးသည် တွေးမိတိုင်း ကိုသိုက်ဖေအား စိတ်ဆိုးသည်။ ကျိတ်မနိုင်ခဲမရနှင့်ဒေါပွသည်။ သို့သော် ကိုသိုက်ဖေက "မင်းကိုမခွဲနိုင်လို့" ဟူသော စကားတစ်ခွန်းတည်းနှင့် အပြေပြေ





…းရာ မသက်ဖူးမှာ သဘောကျရမလိုလို၊ ကျေနပ်ရမလိုလို ဖြစ်နေ…သည်။

သို့သော် မသက်ဖူးသည် ကျေလည်း မကျေနပ်နိုင်၊ …သဘောလည်း မကျနိုင်ပေ။ ကိုသိုက်ဖေသည် သူ၏ဘဝကို …ဘာသာ ဖျက်ဆီးရုံမျှမက မသက်ဖူး၏ မင်းကတော်ဘဝကိုပါ …က်ဆီးပစ်သည်ဟု မသက်ဖူးထင်သည်။ ထို့ကြောင့် မသက်ဖူးသည် …သိုက်ဖေအား တစ်သက်လုံး ခွင့်မလွှတ်နိုင်သော စိတ်ဝေဒနာကို …းရလေသည်။

မသက်ဖူး၏ နေရာမှ ကြည့်မည်ဆိုလျှင်လည်း မှန်ပါ၏။ …သက်ဖူးသည် ယခုမှ နုပျိုသော ဘဝကို စခါစရှိပါသေးသည်။ …သက်ဖူးသည် ယော်ရွယ်သူပီပီ ဂုဏ်ပကာသနကို မက်မော…တသည်မှာ မဆန်းပါ။ မသက်ဖူးက သူ၏ အနာဂတ် ကာလ… ရာထူးဂုဏ်ရှိန် ကြီးမြတ်သော မင်းကြီးကတော် ဘဝမျိုးအထိ …မှန်းတမ်းတခဲ့ပါသည်။

သို့သော် ထိုအနာဂတ် မျှော်မှန်းချက်မှာ စလုံးရေ မစရ…းမီမှာပင် ပျက်စီးခြင်းသို့ လျှောကျသွားပေပြီ။

မှန်ရာကို ပြောရလျှင် မသက်ဖူးတို့မှာ ဆယ်သက်စား…န်အောင် ချမ်းသာသဖြင့် ငွေမလိုပါ။ ရွှေမလိုပါ။ စည်းစိမ်ဥစ္စာ…။ မသက်ဖူးတို့ အလိုရှိသည်မှာ ဂုဏ်သာဖြစ်ပါသည်။

မသက်ဖူးတို့သည် ဂုဏ်ကိုအလိုရှိသဖြင့် မြို့ပိုင် ကိုသိုက်ဖေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ဆက်ခဲ့ခြင်း ဖြစ်သည်။ မသက်ဖူးသည် မြို့ပိုင်ကတော် ဘဝနှင့် မော်လိုက်မည် ကြွားလိုက်မည်ဟု စိတ်ကူးယဉ်ပြီး သူ့အ ဦးဘိုးယွန်းအား အော်စတင်ကားကလေးတစ်စီး ဝယ်ပေးရန် ပူဆာခဲ့သည်။ ဦးဘိုးယွန်းကလည်း တစ်ဦးတည်းသောသမီး အော်စတင်ကား ဝယ်ပေးရန် သဘောတူပြီးဖြစ်ပါသည်။

ထို့ကြောင့် မသက်ဖူးသည် သူ့ဘဝရှေ့ရေးသည် ပျော် စရာ ကောင်းလိမ့်မည်ဟု ထင်ပြီး အကြီးအကျယ် စိတ်ကူးယဉ် မိသည်။

မသက်ဖူးသည် သူဝတ်ဆင်ရန်အတွက် စိန်တစ်ဆင် ပတ္တမြားတစ်ဆင်စာ၊ နီလာတစ်ဆင်စာ ပစ္စည်းများ ပြုလုပ်ရာ မန္တလေးပန်းထိမ်လက်ရာကို သဘောကျသဖြင့် မန္တလေးမြို့ တက်ပြီး လက်ဝတ်လက်စား အထည်ပစ္စည်းများကို လုပ်စဉ်က မန္တလေးသို့ ရောက်ဖူးသည်။

မသက်ဖူးသည် မွေးဖွားကြီးပြင်းလာပြီးမှ ယခုအသ အရွယ်ရောက်သည်အထိ ညောင်ရမ်းရွာမှလွဲပြီး ဘယ်မှမသွား ပါ။ မန္တလေးတစ်မြို့သာ ရောက်ဖူးသည်။

မန္တလေးမြို့သို့ ရောက်စဉ်က မန္တလေးမြို့၏ ကြီးကျယ် နားပုံကို ကြည့်ပြီး မသက်ဖူး အလွန်ပျော်ရွှင်ခဲ့သည်။ မန္တလေးမြို့ နတ်ဘုံနတ်နန်းတမျှ ပျော်ရွှင်ဖွယ်ကောင်းပြီး စည်းကားပုံကို ကြ ကာ ညောင်ရမ်းရွာတွင် နေရသည်ကို မသက်ဖူး စိတ်ပျက်ခဲ့သ



မြို့ပိုင်ကိုသိုက်ဖေနှင့် လက်ထပ်ပြီး မြန်မာပြည်အနှံ့ ခဲ့ဆန့်ပြီး ပျော်လိုက်ပါးလိုက်မည်ဟု မသက်ဖူး စိတ်ကူးခဲ့သည်။ အောက်မြန်မာပြည်မှ ရန်ကုန်မြို့တော်ကြီးသည်လည်း အလွန် ည်ကားသည်ဟု မသက်ဖူးကြားဖူးရာ ရန်ကုန်မြို့တော်ကြီးကိုလည်း ောက်ဖူးချင်သည်။ အလွန်တန်ခိုးကြီးသော ရန်ကုန်မြို့မှ ရွှေတိဂုံ ရားကြီးကိုလည်း မသက်ဖူး ရှိခိုးပူဇော်ချင်သည်။

ယခု ကိုသိုက်ဖေ၏ လုပ်ပုံကြောင့် မသက်ဖူး အကြံအစည် သမျှ ပျက်စီးရလေပြီ။ ဤပျင်းရိဖွယ်ကောင်းသော ညောင်ရမ်း ာကလေးတွင်ပင် တစ်သက်လုံး အရိုးထုတ်ရတော့မည့်ကိန်းမျိုး င်နေသည်။

မသက်ဖူးသည် တွေးမိတိုင်း ကိုသိုက်ဖေအား ဒေါသဖြစ်မိ သည်။ သူ၏ ကြံစည်တွေးတောပြီး စိတ်ကူးယဉ်ခဲ့သမျှကို သိုက်ဖေ ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။

ကိုသိုက်ဖေ အလုပ်ထွက်ခဲ့သည်ကို မသက်ဖူးက စိတ်ဆိုး သာ လက္ခဏာကိုပြရာ ကိုသိုက်ဖေက "ကျုပ်က မြို့ပိုင် မဟုတ်ပေ ဘုရားဒကာ၊ ကျောင်းဒကာ မြေပိုင်ရှင် သူဌေးကြီးရဲ့ သမက် ပ" ဟု ခပ်တည်တည်နှင့် ပြောလေ့ရှိသည်။

ဘုရားဒကာ၊ ကျောင်းဒကာ မြေပိုင်ရှင် သူဌေးကြီး၏ က် ကိုသိုက်ဖေသည် အလုပ်မှထွက်လာပြီး ဘာမှ မလုပ်ဘဲ နေ့လုံးစားလိုက်သောက်လိုက်နှင့် နေပြီး တစ်နေကုန် အိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး တချောက်ချောက်နှင့် မအိပ်ပဲ စာဖတ်သလို ဘုရားရှိ ခိုးသလို၊ ပရိတ်ရွတ်သလို၊ ကမ္မဋ္ဌာန်းထိုင်သလိုနှင့် အချိန်ကုန်ေ သည်။

နောင်တွင် သိရသည်မှာ ကိုသိုက်ဖေသည် ယခုလို တစ်ည လုံးမအိပ်ဘဲ တချောက်ချောက်နှင့် နေခြင်းမှာ သူ့အသက်ကို ရန်ရှာ မည် စိုးရိမ်၍ ဖြစ်သည်ဟု ဆို၏။

ယောက်ျားစင်စစ်ဖြစ်ပြီး အလွန်ဂုဏ်ရှိသော ရာထူးကို ပိုင်ဆိုင်ထားပါလျက် သူမို့လို့ အလုပ်မလုပ်ဘဲ ယောက္ခမအိမ်တွင် အရှက်မရှိဘဲ ထိုင်စားနေသည်ဟု လူအချို့က မကြားတကြား ပြောလျှင် ကိုသိုက်ဖေက "ဘာမှမလုပ်ဘဲ ထိုင်စားရတာလောက် ဇိမ်ရှိတာ ဒီလောကကြီးမှာ ဘာရှိမလဲ" ဟု ဆိုလေ့ရှိ၏။

ကိုသိုက်ဖေသည် မြို့သားတစ်ယောက် ဖြစ်သော်လည် လူပျင်းတစ်ယောက်လို နေထိုင်ပြီး ရေမချိုးခြင်းပင်ဖြစ်သည် သက်ဖူးက အသန့်အရှင်းကြိုက်သဖြင့် နေ့စဉ် ရေမှန်မှန်ချိုးရ က်တွန်းရာ ကိုသိုက်ဖေက "ဘာအလုပ်မှ လုပ်တာမှ မဟုတ်ဘေ ကျုပ်က ချွေးထွက်တာမှ မဟုတ်ဘဲ၊ ရေချိုးစရာ မလိုပါဘူး" ဟု ပြန်ပြောလေ့ရှိသည်။

တစ်ခါတစ်ရံ ကိုသိုက်ဖေက "ရေချိုးရမှာကြောက်ပ ကျုပ်က ဘာအလုပ်မှ မလုပ်ဘဲ ယောက္ခမလုပ်စာ ထိုင်စားနေတာ ဗျ" ဟု လည်း ပြောလေ့ရှိသည်။





မသက်ဖူးက ချွေးမထွက်လည်း သန့်ရှင်းရေးအတွက် တစ်နေ့တစ်ကြိမ် ရေချိုးရန်ပြောရာ ကိုသိုက်ဖေက "ရေချိုးတယ် ဆိုတာ မသန့်ရှင်းတဲ့လူတွေ ချိုးတာဗျ၊ ကျုပ်က အမြဲ သန့်ရှင်း နေတဲ့လူပဲ ရေချိုးစရာ မလိုပါဘူး" ဟု ခွတီးခွကျ ပြန်ပြောလေသည်။

ကိုသိုက်ဖေ၏ အပြုအမူများမှာ တစ်နေ့တစ်ခြား ထူးဆန်း လာလေသည်။

ကိုသိုက်ဖေနှင့် ပတ်သက်ပြီး အထူးဆန်းဆုံး အချက် တစ်ချက်မှာ ကိုသိုက်ဖေအား သူ့ဇာတိကို မေးလျှင် မော်လမြိုင် မြို့ဟု ပြောသည်။

သို့သော်လည်း ယခုအချိန်ထိ ကိုသိုက်ဖေထံသို့ မော်လ မြိုင်မှ ဆွေမျိုး တစ်ယောက်တလေမှ လိုက်လာခြင်းမရှိပေ။ ထို့အတူ ကိုသိုက်ဖေကလည်း မော်လမြိုင်မြို့သို့ အလည်အပတ်သွားရန် ဝင်စိတ်မကူးပေ။

ကိုသိုက်ဖေနှင့် မသက်ဖူးတို့ လက်ထပ်စဉ်က ကိုသိုက်ဖေ မှ မိဘဆွေမျိုးများ တစ်ယောက်မှ မလာပဲ မိတ္ထီလာနယ်ပိုင် ဝန်ထောက်ကသာလျှင် ကိုသိုက်ဖေ၏ မိဘအဖြစ် တောင်းရမ်းပြီး လက်ထပ်ခဲ့ခြင်းဖြစ်သည်။

စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုသကဲ့သို့ ကိုသိုက်ဖေနှင့် မသက်ဖူးတို့ လက်ထပ်စဉ်တုန်းက ကိုသိုက်ဖေ၏ ဘက်မှ မိဘ အသိုက်အဝန်း ဆွေမျိုးညာတကာတို့ပါ လာကြရန် တာဝန် ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျက်ကွက်ခဲ့သည်ကို ယခုမှ မသက်ဖူးစဉ်းစားမိခဲ့သည်။ ထိုစဉ်တုန်းက ကိုသိုက်ဖေမှာ ရာထူးရာခံနှင့် ကြီးမြတ်သော ဂုဏ်ရှိသူ ဖြစ်ရာ ကိုသိုက်ဖေ၏ ပျက်ကွက်မှုကိုမ ညသူမျှ ဂရုမစိုက်မိပေ။

ထိုစဉ်တုန်းက ဘုရားဒကာ ဦးဘိုးယွန်းက "လက်ထပ်ပွဲကို မောင်သိုက်ဖေရဲ့ မိဘတွေ မလာဘူးလားကွယ့်" ဟု မေးမြန်းစုံစမ်းရာ ကိုသိုက်ဖေက "ကျွန်တော့်မိဘတွေက ကျွန်တော် ငယ်ငယ်ကတည်းက ပီနန်ကအပြန် စက်လေမှောက်ပြီး ဆုံးသွားပြီ" ဟု ဆိုသည်။

"ကျွန်တော့်ကို စာသင်ပေးခဲ့တဲ့ ဦးလေးကလဲ မော်လမြိုင်နဲ့ ပီနန်ကို ကုန်ကူးရေလို့ မော်လမြိုင်မှာ မရှိဘူး၊ ဒါကြောင့် ကျွန်တော့်ရဲ့ လက်ထပ်ပွဲကို မတတ်နိုင်ဘူး" ဟု ကိုသိုက်ဖေက ရှင်းပြသည်ကို ဦးဘိုးယွန်းရော မသက်ဖူးပါ အသာတကြည် လက်ခံခဲ့ပါသည်။

ယခုမှ ကိုသိုက်ဖေသည် မော်လမြိုင်သား မော်လမြိုင်ဇာတိဟု ဆိုလင့်ကစား မော်လမြိုင်နှင့် မည်သို့မျှ အဆက်အသွယ်မရှိသော ဥတစ်လုံးတစ်ကောင်ကြွက် တစ်ယောက်မျှသာ ဖြစ်ကြောင်း သိရသည်။

မသက်ဖူးက သွေးတိုးစမ်းသည့်အနေနှင့် မော်လမြိုင်သို့ ဆွေပြမျိုးပြသွားရန် ကိုသိုက်ဖေအား ပြောသော်လည်း ကိုသိုက်ဖေ





က "ဆွေပြမျိုးပြသွားစရာ မလိုပါဘူးကွာ၊ ကျုပ်အဖြစ်က သိပ်ဆိုးခဲ့ပါတယ်၊ မင်းကိုပြဖို့ ကျုပ်ရဲ့ မိဘသင်္ချိုင်း မှတ်တိုင်တောင် မော်လမြိုင်မှာ မရှိပါဘူး၊ ကျုပ်မိဘတွေရဲ့ သင်္ချိုင်းက မာလာယုရေလက်ကြားမှာပါ ဒါကြောင့် ကျုပ်တို့ မော်လမြိုင်မြို့ဟာ မြန်မာပြည်မှာ အသာယာဆုံးနဲ့ အလှအပဆုံးမြို့ ဖြစ်ပေမယ့် ကျုပ်အဖို့ အလွန်စိတ်နာစရာကောင်းခဲ့တာပေါ့" ဟု ဆိုလေသည်။

မသက်ဖူးက "ရှင့်မှာ စာသင်ပေးခဲ့တဲ့ ဦးလေးတစ်ယောက်ကျန်သေးတယ်ဆို" ဟု မေးမြန်းရာ ကိုသိုက်ဖေက "အေး . . . ဦးလေးလဲ ဆွေမျိုးတို့ရဲ့ ဝတ္တရားအတိုင်း ကျုပ်ကို စာသင် ပေးရလို့ ခံသွားရှာပြီ အခုတော့ မော်လမြိုင်နဲ့ ပီနန်ကူးတဲ့ စက်လှေကြီးတစ်စင်းမှာ ပဲ့နင်းလုပ်နေရတာ၊ မော်လမြိုင်ကိုသွားရင် ဦးလေးနဲ့ တွေ့ပဲ ဦးလေးရဲ့မိန်းမ အဒေါ်နဲ့ပဲ တွေ့မှာ အဒေါ်ကလဲ ဦးလေးက ငါ့ကို ဘီအေအောင်အောင် စာသင်ပေးရမလားဆိုပြီး နေ့တိုင်းဆိုင်ပြီး ကျိန်ဆဲနေတာ၊ တော်ပြီ ကျုပ်အမျိုးအကြောင်းကို ဒီတစ်ခါနောက်ဆုံးပဲပေး" ဟု ပြန်ဖြေလေသည်။

မှန်ပါသည်။ နောင်တွင်ကိုသိုက်ဖေသည် သူ့ဆွေမျိုးများ၊ အကြောင်းနှင့်ပတ်သက်ပြီး စကားအစပ်မခံတော့ပေ။

ကိုသိုက်ဖေသည် သူ့ဆွေမျိုးများကို သေခန်းရှင်ခန်းပြတ်သားပုံရသည်။ နောင်တွင် ညောင်ရမ်းရွာ၌ ကိုသိုက်ဖေ သေဆုံးသွားသည့်အချိန်အထိ မော်လမြိုင်ဘက်မှ ကိုသိုက်ဖေ၏ ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်တစ်မြီးမှ လိုက်မလာပေ။

ကိုသိုက်ဖေ၏ ပြောပုံ ဆိုပုံအရ ဆိုလျှင် သူ့မှာ စက်လှေပဲ့နင်းကြီးဖြစ်သော ဦးလေးတစ်ယောက်သာလျှင် သူတို့ဆွေမျိုးထဲတွင် ကျန်ရစ်ပုံရသည်။ ပီနန်သွား စက်လှေမှ ပဲ့နင်းကြီးသာ စက်လှေနစ်ပြီး သေဆုံးသွားပါက ကိုသိုက်ဖေတို့၏ ဆွေမျိုးများ မှာ စာရင်းပြတ်သွားပြီး လူ့လောကတွင် ကျန်ရစ်တော့မည် မဟုတ်ပေ။

ယခု ကိုသိုက်ဖေ နေထိုင်ပုံမှာလည်း သူ့မှာ ဆွေမျိုး လုံးဝမရှိသလို နေထိုင်ခြင်းဖြစ်သည်။

ကိုသိုက်ဖေမှာ ဆွေမျိုး အသိုက်အဝန်းနည်းသူဖြစ်၍ အပေါင်းအသင်းဆက်ဆံရေး ကောင်းလိမ့်မည်ဟု မသက်ဖူးက ယူဆခဲ့သော်လည်း ကိုသိုက်ဖေမှာ ဆက်ဆံရေး ကောင်းသူ မဟုတ်ပါ။ ကိုသိုက်ဖေသည် ညောင်ရမ်းရွာတွင် မသက်ဖူးတို့ တိုက်အိမ်ကြီးတွင်သာ တစ်နေကုန် ခြေကန်အိပ်နေပြီး ဘယ်မှ မသွားပေ။

ပျင်းရိစရာ ကောင်းလောက်အောင် အေးချမ်းတိတ်ဆိတ်နေသော ညောင်ရမ်းရွာထဲ၌ လူအများနှင့်အသိအကျွမ်း ဖွဲ့ကာ သွားလာလည်ပတ်ပြီး အပျင်းဖြေသင့်သော်လည်း ကိုယ်သိုက်ဖေသည် ယုတ်စွအဆုံး အိမ်ရှေ့တည့်တည့်ရှိ သူကြီး ဦးအောင်မြတ်၏ အိမ်သို့ပင် သွားမလည်ပေ။

သူကြီးဦးအောင်မြတ်သည် အလိုရမ္မက်ကြီးသော်လည်း ပေါင်းသင်းဆက်ဆံရေးကောင်းသူဖြစ်သည်။ ကိုသိုက်ဖေ သာစည်





မြို့ပိုင်ဘဝကတည်းက သူကြီးဦးအောင်မြတ်သည် ကိုသိုက်ဖေ အား ခင်မင်လေးစားခဲ့သည်။

ယခုညောင်ရမ်းရွာသို့ ကိုသိုက်ဖေ အလုပ်မှထွက်ပြီး လာနေသောအခါ၌လည်း သူကြီးဦးအောင်မြတ်သည် ကိုသိုက်ဖေအား အခင်အမင်မပျက်ဘဲ ကိုသိုကဖေထံလာလည်ကာ အုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက်ပြီး အကြံဉာဏ်တောင်းလေ့ရှိသည်။

ကိုသိုက်ဖေသည် သူကြီးဦးအောင်မြတ်၏ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး အကူအညီပေးလေ့မရှိခြင်းမှာ ထူးဆန်းနေသည်။ သူကြီးဦးအောင့်မြတ်က ရပ်ရွာအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ကိုယ်သိုက်ဖေအား အကူအညီတောင်းပြီး မေးမြန်းလျှင် ကိုသိုက်ဖေက "ကျွန်တော် အရပ်သားဖြစ်နေပါပြီ၊ သူကြီးမင်းရား သူကြီးမင်းလောက် ကျွန်တော့်မှာ တာဝန်မရှိတော့ အုပ်ချုပ်ရေးနဲ့ ပတ်ယက်ပြီး ကျွန်တော့်ကို အကူအညီတောင်းရင် ဥပဒေအပြင်ဘက်က လူဆိုးသူခိုးတွေက ကျွန်တော့်ကို ကလဲ့စားချေကြမှာပေါ့" ဟု ဆိုသည်။

ထို့နောက် ကိုသိုက်ဖေသည် သူကြီးဦးအောင်မြတ်အား ဘာ အကူအညီမှ မပေးပေ။

ကိုသိုက်ဖေသည် ညောင်းရမ်းရွာ အုပ်ချုပ်ရေးပိုင်းနှင့် ပလဲနံပ မသင့်သော်လည်း ကုလားရွာဘက်မှ ရာဇဝင်လူဆိုးဓာက်တူတို့ သားအဖနှင့် အလွန်လေပေးဖြောင့်နေသည်ကို ထူးဆန်းစွာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တက်တူတို့ သားအဖမှာ ညောင်ရမ်းတစ်ရွာလုံးက အော့ကြောလန်နေသော လူဆိုးသားအဖဖြစ်သည်။ တက်တူ၏ အဖေ ဦးစံထွားမှာ သာစည်မြို့နယ် ဂုံညင်းစွယ်ဘွဲ့ခြား ရွာဘက်မှ တောပုန်းကြီးစံဖဲ မထမီကတည်းက ညောင်ရမ်း-ပျော်ဘွယ် နယ်၌ နာမည်ကြီးခဲ့သူဖြစ်သည်။

တောပုန်းကြီးစံဖဲ ထလာသောအခါ အခြားနယ်မှ လူဆိုးများ တန်ခိုးမှိန်သွားသည့်နည်းတူ ဦးစံထွားကလည်း တန်ခိုးမှိန်သွားခဲ့သည်။

ယခုအခါတွင် ဦးစံထွားမှာ အသက်အရွယ် ကြီးပြင်းလာပြီဖြစ်သဖြင့် သူ၏ ဆိုးမွေကို တက်တူအား လက်ဆင့်ကမ်းပေးခဲ့သည်။ တက်တူကလည်း ဘမျိုးဘိုးကူဖြစ်သည်။

ဆိုးသည့်မိုက်သည့်နေရာတွင် တက်တူသည် သူ့အဖေ ဦးစံထွားထက် လက်သံပြောင်ချင်ပြောင်မည်။ သူ့အဖေထက် ဘယ်သောအခါမှ မနိမ့်ကျခဲ့ပေ။

ကိုသိုက်ဖေသည် ညောင်ရမ်းတစ်ရွာလုံး မည်သူ့အိမ်ကိုမျှ လျှောက်မလည်ဘဲ နေနိုင်သော်လည်း ညောင်ရမ်းရွာထဲမှ ဘူတာရုံသို့ ဆင်းသော လမ်းဘေးရှိ ကုလားရွာ ရပ်ကွက်ထဲရှိ တက်တူတို့ အိမ်သို့မူ မကြာခဏ သွားရောက် လည်ပတ်လေ့ရှိသည်။

ကိုသိုက်ဖေ၏ အပြုအမူကို ညောင်ရမ်းရွာသားများနှင့်





မသက်ဖူးတို့ အိမ်သားများက စဉ်းစားမရခဲ့ပေ။

သမက်ဖြစ်သူ ကိုသိုက်ဖေသည် ပညာတတ် ရာထူးရာခံနှင့် ရှိခဲ့သူဖြစ်ပါလျက် ညောင်ရမ်းရွာထဲမှ ဂုဏ်သရေရှိ လူကြီးလူကောင်းများနှင့် မပေါင်းဘဲ လူဆိုးသားအဖနှင့် ပေါင်းသင်းနေသည်ကို ဦးဘိုးယွန်း ရှက်မိလေသည်။

ဦးဘိုးယွန်းသည် ထိုကိစ္စကို သမက်ဖြစ်သူအား တိုက်ရိုက်မပြောလိုသဖြင့် သမီးဖြစ်သူ မသက်ဖူးအား ပြောခိုင်းလေသည်။

မသက်ဖူးက သူ့ယောကျ်ား ကိုသိုက်ဖေအား ညောင်ရမ်းရွာထဲတွင် ပေါင်းသင်းရန် လူကောင်းများ များစွာရှိပါလျက် ဘာကြောင့် လူဆိုးသားအဖကို ရွေးပေါင်းရသနည်းဟု မေးမြန်းလေသည်။

ထိုအခါ ကိုသိုက်ဖေက "လူကောင်းတွေကို ဘာပေါင်းစရာလိုလဲ၊ လူကောင်းတွေက ကိုယ့်ကို အန္တရာယ်ပေးမှာမှ မဟုတ်ဘဲ၊ လူဆိုးတွေကသာ အန္တရာယ်ပေးနိုင်တာ ဒါကြောင့် လူဆိုးတွေနဲ့ ပေါင်းရတာ" ဟု အဖြေပေးလေသည်။

ထိုသိုက်ဖေ၏အဖြေမှာ သူ့အဖြေနှင့်သူ မှန်နေပြန်ပါသည်။ သို့သော်လည်း မသက်ဖူးက ကိုသိုက်ဖေသည်ညောင်ရမ်းရွာတစ်ရွာလုံးကို တူသည် တန်သည် မထင်ဟန်နှင့် အပေါင်းအသင်းမလုပ်ဘဲ လူဆိုးသားအဖနှင့်မှ ရွေးပြီးပေါင်းသင်းနေသည်မှာ ရှက်စရာကောင်းကြောင်းကို ကိုသိုက်ဖေအား ပြောပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုသိုက်ဖေက "လူဆိုးနဲ့ပေါင်းမှ လူဆိုးရဲ့ အထာကို သိရမှာပေါ့၊ ဒါကြောင့် လူဆိုးသားအဖနဲ့ ပေါင်းသင်တာ" ဟုဆိုလေသည်။ ကိုသိုက်ဖေသည် မည်သူက မည်သို့ပင် ရှုန့်ချနေစေကာမူ သူကောင်းသည်ထင်ရာကိုသာ ဇွတ်တရွတ်လုပ်ဆောင်လေသည်။

ကြာသော် ကိုသိုက်ဖေ၏ ခေါင်းမာမှုကို မသက်ဖူး လက်လျှော့ရလေသည်။ မသက်ဖူးက လူဆိုးများနှင့် ဂပေါင်းအသင်းများပြီး တစ်နေ့ကျလျှင် ဒုက္ခရောက်မည်ကိုသာ နောက်ဆုံးသတိပေးရလေသည်။

မည်သို့ပင် သတိပေးစေကာမူ ကိုသိုက်ဖေမှာ သူ၏မဟာမိတ်များဖြစ်သော တက်တူတို့ သားအဖထံသို့ အသွားအလာအဝင်အထွက် မပျက်ပေ။

တက်တူတို့ သားအဖကလည်း ညောင်ရမ်းရွာတွင် မြို့ပိုင်ဟောင်းကိုသိုက်ဖေကို ရန်ရှာဖို့ မဆိုထားနှင့် စေ့စေ့ကြည့်လျှင်ပင်ဇက်ပြုတ်မည်ဟု ကြိမ်းဝါးထားလေသည်။

ထို့ပြင် တက်တူသည် ရှမ်းဓားမြှောင်ကို ခါးပုံကြား ထည့်ပြီး ကိုသိုက်ဖေ သွားလေရာကို လိုက်ပြီး ကိုယ်ရံတော်အဖြစ် စောင့်ရှောက်လေ့ရှိသည်။

ကိုသိုက်ဖေမှာမူ ညောင်ရမ်းရွာထဲရှိ မည်သူ့အိမ်ကိုမျှ သွား



လေ့ သွားထမရှိပေ။ ထူးထူးဆန်းဆန်း ကိုသိုက်ဖေ သွားလေ့ ရှိသောနေရာမှာ ညောင်ရမ်းဘူတာ တစ်ခုသာ ရှိသည်။

ကိုသိုက်ဖေ၏ ဝါသနာမှာ မည်သို့သော ဝါသနာမျိုးဟူ၍ မသက်ဖူး မတွေ့တတ်ပေ။ ကိုသိုက်ဖေသည် နေ့စဉ် ည(၁၀)နာရီအချိန်တွင် ညောင်ရမ်းဘူတာသို့ နွေနွေမိုးမိုး ဆင်းလေ့ရှိသည်။

ထိုအချိန်သည် ညောင်ရမ်းဘူတာသို့ ရန်ကုန်မှလာသော စာပို့ရထားဆိုက်သောအချိန်ဖြစ်သည်။ ထိုစာပို့ရထားနှင့်အတူ သူရိယနေ့မှာအလင်း စသော သတင်းစာများ ပါလာလေ့ရှိသည်။

ကိုသိုက်ဖေသည် နောက်တစ်နေ့ နံနက်မှ ဝေငှမည့် ထိုသတင်းစာများကို သတင်းစာ ကိုယ်စားလှယ်ထံမှ ယူခဲ့ပြီး တစ်ညလုံး သတင်းစာဖတ်တော့သည်။

ကိုသိုက်ဖေသည် ညစဉ်ညကြီးအချိန်မတော် ညောင်ရမ်းဘူတာသို့ ဆင်းသည်ကို မသက်ဖူးက စိတ်မချသဖြင့် နောက်တစ်နေ့နံနက် စောစော သတင်းစာဝေချိန်မှ သတင်းစာ စောင့်ဖတ်ရန်ပြောသော်လည်း ကိုသိုက်ဖေက "ကမ္ဘာကြီးရဲ့ အကြောင်းကို ၁၂နာရီ စောပြီးသိရတော့ နည်းတဲ့ အခွင့်အရေးလားကွ" ဟု အားကြီး စကားကျယ် ပြောလေ့ရှိသည်။

ကိုသိုက်ဖေမှာညစဉ် (၁၀)နာရီ ခန့် ညောင်ရမ်း ဘူတာသို့ ဆင်းသွားလျှင် မသက်ဖူးမှာ မအိပ်ရသေးဘဲ ထိုင်စောင့်ရသေးသည်။ ညောင်ရမ်းဘူတာသို့ ရထားအချိန်မှန်ဆိုက်လျှင် ကိုသိုက်ဖေသည်



www.burmeseclassic.com

www.burmeseclassic.com



ည(၁၁)နာရီခန့် အိမ်သို့ ပြန်လာသည်။

စာပို့ရထားနှင့်ပါလာသော သတင်းစာကို သတင်း
ကိုယ်စားလှယ်ထံမှ ရရချင်း အိမ်သို့ပြန်လာသည် မဟုတ်ပေ
ညောင်ရမ်းဘူတာရှိ ကာကာဆိုင်တွင် လည်းကောင်း၊ ဈေးရုံ
မြန်မာ လက်ဖက်ရည်ဆိုင်တွင် လည်းကောင်း တက်တူတို့ သားအ
နှင့် လက်ဖက်ရည်သောက်၊ စကားပြောပြီးမှ ပြန်လာခြင်းဖြစ်သည်

တစ်ခါတစ်ရံ ရထားအချိန် နောက်ကျပြီဆိုလျှ
ကိုသိုက်ဖေသည် အိမ်သို့ သန်းခေါင်ကျော် တစ်ချက်တီးခန့်မှ ပြ
ရောက်လေ့ရှိသည်။

ညကြီးအချိန်မတော် မသက်ဖူးက တံခါးထဖွင့်ပေးရ
ငွေကြေးချမ်းသာသူများအတွက် ထိုအချိန်တွင် တံခါးဖွင့်ပေးရခြ
မှာ ဘေးအန္တရာယ်မကင်းလှသည်ကို ကိုသိုက်ဖေ သိဖို့ကောင်းသ
ဟု မသက်ဖူးထင်ပါ၏။

သို့သော် ကိုသိုက်ဖေမှာ မကျန်းမာပြီး အိပ်ရာထဲ လဲ
သော ရက်မှတစ်ပါး နေပူပူ မိုးရွာရွာ ညောင်ရမ်းဘူတာသို့ ညတို
ဆင်းသည်။

ကိုသိုက်ဖေသည် သတင်းစာကို စောစောဖတ်လို့ရ၍ ထေ
တက်တူတို့ သားအဖနှင့် တွေ့လို့ရ၍လော ဆိုသော ကိစ္စမှာ ကာယ
ရှင် ကိုသိုက်ဖေနှင့် ဘုရားမှတစ်ပါး မည်သူမျှ သိလိမ့်မည် မဟု
ဟု မသက်ဖူး ထင်မိလေသည်။





ကိုသိုက်ဖေမှာ ပညာတတ်သော်လည်း အလိုက်ကမ်းဆိုး သိတတ်သူ မဟုတ်သဖြင့် ဇနီးဖြစ်သူ မသက်ဖူးမှာ စိတ်ဆင်းရဲ ရလေသည်။

ကိုသိုက်ဖေသည် ဘာအလုပ်မှ လုပ်သူမဟုတ်သဖြင့် ဝင်ငွေ တစ်ပြားမှရှိသူ မဟုတ်ပေ။ ထို့ကြောင့် ဦးဘိုးယွန်းက ပေးကျွေးသမျှကိုသာ သူတို့ လင်မယားမှာ လက်ဝေခံ စားသောက်နေရသူဖြစ်သည်။

ပထမ မြို့ပိုင်ဘဝက ကိုသိုက်ဖေကို ယောက္ခမဖြစ်သူ ဦးဘိုးယွန်းက ရွှေသမက် ငွေသမက်ဟု သဘောထားနိုင်သော်လည်း ယခုလို ဝင်ငွေတစ်ပြားမှမရှိဘဲ အိမ်ပေါ်တင်ကျွေးထားရသောအခါ ငြိုငြင်လာလေသည်။

သို့သော် ဦးဘိုးယွန်းမှာ ပညာမတတ်သော်လည်း ပညာရှိသည်။ သူ၏ ငြိုငြင်မှုကို ကိုသိုက်ဖေ မသိစေရန် မျိုသိပ်ဖုံးဖိထားနိုင်သည်။ သူ့အိမ်တွင် မှီခိုပြီး နေထိုင်သူ မျက်နှာငယ်စေရန်ကား ဦးဘိုးယွန်းသည် အမူအရာမျှပင် မပြပေ။ ဦးဘိုးယွန်း သည် ယဉ်ကျေးသိမ်မွေ့စွာပင် စိုသောလက်ကို မခြောက်စေပါ။

ကိုသိုက်ဖေမှု ပညာတတ်သည် ပညာမရှိပေ။ ယောက္ခမ ခစ္စည်းကို မိဘပစ္စည်းဟု ထင်နေပုံရသည်။ ရန်ကုန်မြို့ ရှိုးတိုက်၊ မက်ဆင်တိုက်၊ ဝှိုက်တဝေး တိုက်ကျွန်းမား စသော ကုန်တိုက်ကြီးများသို့ အဝတ်အစား အသုံးအဆောက်များ မှာကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



စာတိုက်မှ ရောက်လာသမျှ ပစ္စည်းများကို ဦးဘိုးယွန်းက ဒိုင်ခံရွေးပေးသည်။

ဦးဘိုးယန်းက ညည်းညူသောအခါ ကိုသိုက်ဖေက

"လူချမ်းသာဆိုတာ လူချမ်းသာတွေ့ရဲ့ အသုံးအဆောင်ကို သုံးစွဲမှ လူကြည့်ကောင်းတယ်" ဟု ပြောလေ့ ရှိသည်။

မသက်ဖူးနှင့် ကိုသိုက်ဖေတို့ လက်ထပ်စဉ်က မသက်ဖူး သည် သူတို့ လင်မယားစီးရန် အော်စတင်ကားတစ်စီး ဝယ်ပေးရန် သူ့အဖေ ဦးဘိုးယွန်းအား ပူဆာခဲ့ဖူးသည်။ ဦးဘိုးယွန်းကလည်း ဝယ်ပေးရန် သဘောတူခဲ့ဖူးသည်။

ထိုစဉ်က မသက်ဖူးသည် မင်းကတော်ဘဝနှင့် ပျော်လိုက် မည်၊ မော့်လိုက်မည်ဟု အားခဲထားခဲ့သည်။ ယခုမူ မြို့ပိုင် လူထွက် အလုပ်လက်မဲ့တစ်ယောက်၏ ဇနီးဖြစ်နေပြီ မဟုတ်ပါလော။

ဤသို့ ဦးဘိုးယွန်းက သူ့သမီးကို အော်စတင်ကား ဝယ်ပေးမည်ဟူသော သတင်းကို ကိုသိုက်ဖေ ကြားရလေသည်။ မကြားခံနိုင်ရိုးလား။ မသက်ဖူးက သူသာ မင်းကတော်ဖြစ်လျှင် ဖေဖေက ကားဝယ်ပေးမည်ဟူသော စကားမျိုးကို ကိုသိုက်ဖေ အလုပ်ကထွက်သောအကြောင်းကို စကားနာထိုးရင်း ပြောမိလေ သည်။

ထိုအခါ ကိုသိုက်ဖေသည် သခွတ်ပင်က မီးတကျိုကျို လို တော့သည်။ ဦးဘိုးယွန်းအား အော်စတင်ကား ဝယ်စီးရန် မကြာ





က တိုက်တွန်းတော့သည်။

ဦးဘိုးယွန်းက မော်တော်ကားစီးရန်အတွက် ညောင်ရမ်း တွင် နေရာမရှိ။ ညောင်ရွာမှ အခြားသို့သွားရန် ကားလမ်းမရှိ။ ကြောင့် မော်တော်ကား ဝယ်စီးခြင်းမှာ ငွေကုန်ကြေးကျများပြီး ိုအလုပ်သာ ဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ကားဝယ် ရန် သဘောမတူခဲ့ပေ။

ထိုအခါ ကိုသိုက်ဖေက

"သူဌေးဖြစ်ပြီး သူဌေးလို မနေတတ်ဘူး" ဟု စောင်းပါးရိပ် ည် ပြောလေသည်။

ဦးဘိုးယွန်းက မြို့ပိုင်လူထွက် သမက် အလုပ်အကိုင် မရှိဘဲ ်စားနေသည်ကို မကြည့်ရက်သဖြင့် ညောင်ရမ်းဈေးထဲတွင် ်စုံဆိုင်ဖွင့်ပေးမည်။ လုပ်မလားဟု ကိုသိုက်ဖေအား ကမ်းလှမ်း သည်။

ကိုသိုက်ဖေက သူလို မြို့ပိုင်လူထွက်တစ်ယောက်က ်စုံဆိုင်တွင် မထိုင်နိုင်ပါဟု ခါးခါးသီးသီး ငြင်းဆန်လေသည်။ သို့ ကုန်စုံဆိုင်ဖွင့်ပေးမည်ဟု ဦးဘိုးယွန်းက စေတနာနှင့် သော်လည်း ကိုသိုက်ဖေက သူ့ကို နှိမ်သည်ဟု ထင်သွား သည်။ သူ့မှာ အလုပ်အကိုင်မရှိသဖြင့် ယောက္ခမက နှိမ်သည် ကိုသိုက်ဖေက စွဲမှတ်လေသည်။

ကိုသိုက်ဖေက သူ့ကို ဒီလောက်တောင် အလုပ်လုပ်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင်လျှင် ဆန်စက်တည်ပေးဖို့ ဦးဘိုးယွန်းအား ပြောလေသည် ထိုအကြံအစည်ကိုမူ ဦးဘိုးယွန်း သဘောမတူပေ။ ဆန်စ တည်းပေးပါက ငွေအရင်းအနှီး အများကြီးကုန်မည်ဟု ဦးဘိုးယွ စိုးရိမ်သည်။ ဦးဘိုးယွန်းသည် ငွေကုန်ကြေးကျများမည့် ကိစ္စဆိုလျ စိတ်မကူးချင်။ အိပ်မက်မျှပင် မမက်ချင်ပေ။

ဦးဘိုးယွန်းသည် သူ တူးဖော်ရရှိထားသော လှည်းကို တိုက် ရတနာများသည် လေးထပ်ကျောင်းဝင်းထဲမှ ရခဲ့သ ထိုပစ္စည်းများကို ဘုရားပစ္စည်းများဟု ထင်ခဲ့သည်။

ယခုမူ လေးထပ်ကျောင်းဝင်းထဲ၌ ပျော်ဘွယ်မြို့မှ ရာဇ လူဆိုးကြီး ဖမ်းမိပြီးကတည်းက နဂါးထဲမှ ရတနာ ခဲမြပုံကို ရပြီးကတည်းက ထိုဘုရားပစ္စည်းများကို သူ့ထက် အရင် ထားသူ တစ်ဦးရှိနေကြောင်း သတိပြုမိပြီး မသုံးရဲ မစွဲရဲပေ။ တ သောအခါ ထိုဘုရားပစ္စည်းများကို သုံးစွဲခဲ့မှုကြောင့် ဘေးအန္တရာ ကျရောက်လိမ့်မည်ဟု အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။

ဦးဘိုးယွန်းသည် ဘုရားပစ္စည်းများနှင့်ပင် ဘုရားတည် ကျောင်းဆောက်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုများကို ပါသည်။ ထို့ကြောင့်ပင်လျှင် ညောင်ရမ်းရွာ၌ ဦးဘိုးယွန်း မြေပိုင်ရှင် ဘုရားဒကာ ကျောင်းဒကာအဖြစ် အသိအမှတ် ရသည် မဟုတ်ပါလော။

ဦးဘိုးယွန်းက သူ၏ ပစ္စည်းများကို သုံးစွဲရန် လက်





သလောက် သူ၏ သမက်ကိုသိုက်ဖေကမူ သုံးချင်ဖြုန်းချင်သည်။ မ်ရှိရှိ အထက်တန်းကျကျ နေထိုင်ချင်သည်။

ယခု ဦးဘိုးယွန်းက ညောင်ရမ်းဈေးထဲတွင် ကုန်စုံဆိုင် ည်ပေးချင်ပြီး ကိုသိုက်ဖေက ဆန်စက်တည်ချင်သော ကိစ္စကပင် မက်နှင့်ယောက္ခမတို့၏ စိတ်ဓာတ်ချင်း ကွာခြားမှုကို ဖော်ပြနေ သည်။

ဦးဘိုးယွန်းက ဆန်စက်တည်ပေးရန် သဘောမတူသော ခါ ကိုသိုက်ဖေ အလွန်ဒေါသဖြစ်သွားလေသည်။ ဦးဘိုးယွန်း ည် သူ့အပေါ် သည်လောက်တောင် ယုံကြည်မှု မရှိဘူးလားဟု သိုက်ဖေက စိတ်နာမိလေသည်။ သူ့ကို ဆန်စက်တည်မပေးခြင်း သူ့ကို နှိမ်သည်ဟုလည်း ကိုသိုက်ဖေက စွဲထင်လိုက်မိလေသည်။

ဦးဘိုးယွန်းမှာ ဆန်းစက်တစ်လုံးမက ဆယ်လုံးတည်ပေး ပင် ငွေကြေးဥစ္စာရှိပါသည်။ သို့သော်လည်း ဦးဘိုးယွန်းသည် သိုက်ဖေအား မယုံကြည်ပေ။ ဦးဘိုးယွန်းက ကိုသိုက်ဖေအား ယုံကြည်ခြင်းမှာ ငွေရေးကြေးရေး ပြဿနာထက် ကိုသိုက်ဖေ၏ တ်ဓာတ်ကို ပို၍ မယုံကြည်ခြင်းဖြစ်သည်။

ဦးဘိုးယွန်းက ကိုသိုက်ဖေသည် အလွန်ပျင်းရိသော ျင်းတစ်ယောက်ဟု ထင်သည်။ ဆန်စက်တည်ပေးခဲ့လျှင်လည်း သိုက်ဖေသည် ဖိဖိစီးစီးကြိုးစား၍ လုပ်ကိုင်လိမ့်မည်ဟု ဦးဘိုးယွန်း မထင်ပေ။ အဘယ်ကြောင့်ဆိုသော် ကိုသိုက်ဖေသည် ခြေမချိုး



www.burmeseclassic.com

www.burmeseclassic.com



လက်မချိုးဘဲ အမြဲရေသာခိုနေသူဖြစ်ရာ ဆန်စက်တည်ပေးခဲ့လျှင်လည်း တပည့်များနှင့်သာ လွှဲထားပြီး ကိုသိုက်ဖေက အပျင်းမွေ့နေမည်ဟုသာ ဦးဘိုးယွန်းထင်သည်။

ထို့ကြောင့် ဦးဘိုးယွန်းသည် ဆန်စက် မတည်ပေးခြင်းဖြစ်သည်။ ဦးဘိုးယွန်းသည် ယနေ့တိုင်အောင်ပင် ကိုသိုက်ဖေကို နားမလည်သောအချက်မှာ လူတကာ အားကျလေးစားရသော မြို့ပိုင်အလုပ်ကို ထွက်ခဲ့ပြီး ယောက္ခမဖြစ်သူ၏ လက်ဝေခံအဖြစ် လာနေခြင်းပင် ဖြစ်သည်။

ဦးဘိုးယွန်း စိတ်ထဲတွင် သူမို့လို့ မြို့ပိုင်ဘဝက အလုပ်ထွက်ပြီး ငါ့ရဲ့လက်ဝေခံ လာလုပ်တယ်။ ဒါဟာ ယောကျ်ားမပီသတာဟု စွဲမှတ်မိလေသည်။

သမက်နှင့်ယောက္ခမဖြစ်သော ကိုသိုက်ဖေနှင့် ဦးဘိုးယွန်းတို့မှာ ပဥ္စသိခ်နတ်သားနှင့် တိမ္ဗရုသ နတ်မင်းကြီးတို့လို မပြေလည်ဘဲ သိကြားနှင့် အသူရာလို ဘုနဲ့ဘောက် ကျကာနေလေသည်။

ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့မှာ ရင်ထဲမှ ကျိတ်ပြီးဒေါမနဿ ဖြစ်ပွားကာ စစ်အေးတိုက်ပွဲဖြစ်နေရာမှ နောင်တွင်သည်းခံစိတ်တို့ ကျိုးပေါက်ပြီး နင်ပဲငဆ ဖြစ်ကာ တစ်ယောက်တစ်ခွန်း စကားများသည်အထိ ဖြစ်လာသည်။

ထိုအခါများတွင် ဦးဘိုးယွန်းက သူ၏ ပုဏ္ဏားတိုင်ဖြစ်သော ဦးဘိုးသိန်းအိမ်သို့သွားပြီး ကိုကြီးသိန်းရဲ့ ဘယ်လိုက ဘယ်ချမ်းသာ





ဟုဆိုကာ သူ့သမက် ကိုသိုက်ဖေ၏ အကြောင်း ယောက္ခမဖြစ်သူ ဦးဘိုးယွန်းက အတင်းချတော့သည်။

ကိုသိုက်ဖေကလည်း ညောင်ရမ်းရွာထဲတွင် သူအမြဲသွားနေကျ လူဆိုးသားအဖဖြစ်သော တက်တူနှင့်ဦးစံထွားတို့ အိမ်သို့သွားကာ သူ့ယောက္ခမ ဦးဘိုးယွန်း၏ အတင်းကို ချတော့သည်။

ဦးဘိုးယွန်းက "ကိုကြီးသိန်းရယ် ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာပါတယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်" ဟု ဆိုလျှင် ဦးဘိုးသိန်းက "ဘိုးယွန်းရယ် တောင်ပို့နဲ့ ဘုရား အခြားကြီးပါကွာ၊ ဟိုတုန်းက ဖွတ်သား စားရမလားလို့ တောင်ပို့ကိုးကွယ်တဲ့ ကောင်ပါ" ဟု ပျစ်ပျစ်နှစ်နှစ်ပြောလေသည်။

ဦးဘိုးသိန်းပြောလည်း ပြောစရာပေ။ ဦးဘိုးယွန်းမှာ မြို့ပိုင်ဟူသော ဂုဏ်ကိုမက်၍ ကိုသိုက်ဖေအား သမက်ဖမ်းခဲ့ရာ ဦးဘိုးယွန်း၏ သမက်ဖြစ်မှ ကိုသိုက်ဖေမှာ မြို့ပိုင်ဘဝမှ တစ်ရာ့တစ်ဆယ် အလုပ်လက်မဲ့ ဖြစ်သွားရာ ဦးဘိုးယွန်းမှာ ထိရှုးသွားခြင်းဖြစ်သည်။

ကိုသိုက်ဖေကလည်းတက်တူနှင့် ဦးစံထွားတို့ သားအဖကို ပုဏ္ဏားတိုင်လုပ်ပြီး "အလကားပါကွာ ဒီလူကြီးက ပိုက်ဆံရှိပြီး အေးချမ်းသာသာနေဖို့ ဇာတာ မပါပါဘူး ငွေကြေးဥစ္စာ ကြွယ်ဝတာပဲ ရှိတယ် ကြွယ်ဝတာနဲ့ ချမ်းသာတာ မတူဘူး ချမ်းသာတာဆိုတာက တကယ့်ကို ချမ်းချမ်းသာသာနဲ့ စည်းစိမ်ခံပြီး နေရတာ၊

www.burmeseclassic.com



ကြွယ်ဝတာက ငွေကြေးသာကြွယ်ဝပြီး မစားရက် မသောက်ရက်နဲ့ ဝင်္ဍခံနေရတာ" ဟု ဆိုလေသည်။

ထိုအခါ တက်တူက "ဟုတ်တယ် မြို့ပိုင်မင်း၊ တချို့က ဆင်းရဲလို့ ဝင်္ဍခံရတာ၊ တချို့ကျတော့ ချမ်းသာရက်သားနဲ့ ဝင်္ဍခံရတာ" ဟု ဆိုလေသည်။

မှန်ပါသည်။ စားစရာရှိပါလျက် မစားရက်ခြင်းက ဝင်္ဍခံရခြင်း တစ်မျိုးဟုပင် ကိုသိုက်ဖေ ထင်မိပါသည်။

ကိုသိုက်ဖေ၏ စိတ်ထဲတွင် ဇိမ်နှင့် နေထိုင်စားသောက်ရန် ငွေကြေးအလုံအလောက်ရှိပါလျက် ဦးဘိုးယွန်းသည် မစားရက် မသောက်ရက် မသုံးစွဲရက်ဘဲ ဖြစ်ရသည်မှာ ဝင်္ဍခံနေရခြင်းဟု ထင်လေသည်။

ဦးဘိုးယွန်းသည် ငွေကြေးဥစ္စာ ချမ်းသာလာသော်လည်း သောက်စားမှုးယစ်ခြင်း ပျော်ပါးမွေ့လျော်ခြင်းတို့ မရှိဘဲ ရိုးရိုးကုပ်ကုပ်သာ နေခဲ့ပါသည်။ သို့သော် အစားအသောက်ကိုမူ ခုံမင်ခဲ့ပါသည်။ အစားကောင်း အသောက်ကောင်းများကို ကြိုက်ခဲ့သည်။ ဒေါ်သိုင်းချိုကသာ လက်ပံပွင့်သုပ်နှင့် ပွဲရေပွကိုသာ ကြိုက်ခဲ့သည်။

ဟိုတုန်းက အစားကောင်းအသောက်ကောင်းစားခဲ့သော ဦးဘိုးယွန်းသည် မြို့ပိုင် ကိုသိုက်ဖေကို စိတ်သဘော မတွေ့ကတည်းက သူ့အိမ်၌ ဟင်းကောင်းကျွေးကောင်း ချက်မစားတော့ဘဲ



သူချက်စားလျှင် ကိုသိုက်ဖေကိုပါ ကျွေးရမည်ဖြစ်၍ သူကိုယ်တိုင်က အငတ်ခံခြင်းဖြစ်သည်။

မြို့ပိုင်ကိုသိုက်ဖေက တက်တူအား "ဒီအဘိုးကြီး ဝင်္ဍခံနေရတာက အရေးမကြီးဘူးကွ၊ တို့က ပြိတ္တာကို ပါရမီဖြည့်နေရတာကတော့ မဟာန်ဘူးမောင်၊ ငါတို့ကို လူတွေက မြေပိုင်ရှင်ဘုရားဒကာရဲ့ သမက်ဆိုပြီး အထင်ကြီးနေတာ၊ တို့စားရတာက ပဲဟင်းကို ရေလဲနဲ့ စားနေရတာ၊ ကြာတော့ တို့လဲ ငတ်လှပြီကွ" ဟု ဆိုလေသည်။

တက်တူက "မြို့ပိုင်ကလဲ ဘာဖြစ်လို့ အငတ်ခံနေရမှာ လဲ ကိုယ်စားဖို့တော့ ကိုယ့်ဘာသာ ဖန်တီးရမှာပေါ့၊ ကျွန်တော်သာဆိုရင် တောင်းဆိုလို့မရရင် လုစားမှာပဲ" ဟု ဆိုလေသည်။

တက်တူ၏ စကားသည် လူမိုက်စကားသာ ဖြစ်လေ သည်။ ကိုသိုက်ဖေသည် ထိုလူမိုက်စကားကို ခံယူမည်လော၊ ဆန့်ကျင်မည်လောဟူသော ပြဿနာမှာ သူ၏ အသိဉာဏ်နှင့်နှလုံးသား၌သာ မူတည်လေသည်။

သမက်နှင့် ယောက္ခမ ဘောက်ကျပြီး နောက်ပိုင်းတွင် ဦးဘိုးယွန်း မကျန်းမာဖြစ်လာသည်။

ဦးဘိုးယွန်း ဒူလာလိုလို၊ ပန်းနာလိုလိုနှင့် တရှောင်ရှောင် မကျန်းမာနေသောရက်အတွင်း မလွှဲသာသဖြင့် ဦးဘိုးယွန်း၏



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာလုပ်ငန်းကို ကိုသိုက်ဖေ ဝင်၍ လုပ်ကိုင်ရလေသည်။ ထိုအခါတွင် မြေပိုင်ရှင် ဦးဘိုးယွန်း၏ လုပ်ငန်း ပမာဏမှာ လွန်စွာကြီးကျယ်ကြောင်း ကိုသိုက်ဖေ သိရလေသည်။

အကယ်၍ ဦးဘိုးယွန်းသည် ဆန်းစက်တစ်စက် တည်သည် ဆိုလျှင်ပင် ထိုဆန်စက်သည် သူ၏ လယ်မြေများမှ ထွက်သော ဆန်စပါးများကို ကြိတ်ခွဲရသည်နှင့် မအားလပ်နိုင်သဖြင့် အခြားလယ်သမားများ၏ ဝမ်းစာ စပါးများကို ကြိတ်ခွဲပေးနိုင်မည်မဟုတ်ပေ။

ကိုသိုက်ဖေသည် ဦးဘိုးယွန်း၏ လယ်ယာမြေလုပ်ငန်းကို သမက် ဖြစ်သောကြောင့် လုပ်ကိုင်ရသော်လည်း သူ၏ ထုံးစံအတိုင်းပင် ကိုသိုက်ဖေသည် ဖိဖိစီးစီး လုပ်ကိုင်ခြင်း မပြုပေ။

ဦးဘိုးယွန်း၏ နွားတစ်ရှဉ်းဟု ညောင်ရမ်းရွာက ပြောင်လှောင်၍ခေါ်ကြသော ကိုစံလှနှင့်ကိုကံပေါ်တို့ နှစ်ယောက်သာလျှင် ဖိဖိစီးစီး လုပ်ရပြီး ကိုသိုက်ဖေက နှမ်းဖြူးရုံသက်သက်သာ ဖြစ်သည်။

ကိုသိုက်ဖေသည် လယ်ယာလုပ်ငန်းကို နားလည်မလည် စိတ်ဝင်စားပုံလည်း မပြပေ။ ကိုကံပေါ်နှင့်ကိုစံလှကသာလျှင် ဦးဆောင်ရလေသည်။ သို့သော်လည်း ဦးဘိုးယွန်း၏ လယ်ယာလုပ်ငန်းပမာဏ ကြီးမားပုံကိုမူ ပညာတတ်ဖြစ်သော ကိုသိုက်ဖေက သဘောပေါက်သွားလေသည်။

ဦးဘိုးယွန်း မကျန်းမာနေစဉ်အတွင်း ကိုသိုက်ဖေသည်





ဦးဘိုးယွန်း၏ တပည့်များဖြစ်သော ကိုစံလှ၊ ကိုကံပေါ်တို့နှင့် ဆက်ဆံရလေသည်။ သို့သော် ကိုသိုက်ဖေသည် ကိုစံလှတို့ နှစ်ယောက်စလုံးနှင့် လက်ပွန်းတတီး မဆက်ဆံပေ။

ကိုသိုက်ဖေ ဆက်ဆံပုံမှာ သူတို့နှစ်ယောက်နှင့် ဘယ်သောအခါမှလည်း ရင်းနှီးလာမည့်ပုံမျိုး မရှိပေ။

ကိုသိုက်ဖေသည် အသားဖြူဖြူ၊ အရပ်ပုပုနှင့် လူပုံကခပ်နွဲ့နွဲ့ ဖြစ်သော်လည်း မျက်နှာထားမှာမူ မာလှသည်။

ကိုသိုက်ဖေသည် ဘယ်သောအခါမှ ရယ်ပြုံးခြင်းမရှိ။ စကားလည်း အလွန်နည်းသည်။ ရောရောနှောနှောလည်း မနေတတ်ပေ။

ကိုကံပေါ်နှင့်ကိုစံလှတို့ကလည်း ကိုသိုက်ဖေနှင့်မလွဲသာ၍သာ ဆက်ဆံရသော်လည်း ဟက်ဟက်ပက်ပက် မရှိလှပေ။

အရေးမကြီးသော ကိစ္စများတွင်သာ ကိုသိုက်ဖေအား အသိပေးပြီး အရေးတကြီး ဆုံးဖြတ်ရမည့် ကိစ္စများတွင် အိပ်ရာထဲကပ်ဖြစ်နေသော ဦးဘိုးယွန်းကို သွားပြောပြီး ဦးဘိုးယွန်း၏ ဆုံးဖြတ်ချက်ကိုသာ ယူလေသည်။

ဦးဘိုးယွန်းကလည်း ကိုသိုက်ဖေထက် ကိုစံလှနှင့် ကိုကံပေါ် တို့အပေါ် ပိုပြီး ယုံကြည်အားကိုးလေသည်။

ဤအကြောင်းကို ကိုသိုက်ဖေ သိသွားသောအခါ ကိုစံလှနှင့် ကိုကံပေါ်တို့ကို စိတ်ခုမိလေသည်။ ဦးဘိုးယွန်း၏ အပြုအမူကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုသိုက်ဖေ မကျေနပ်ပေ။

ကိုသိုက်ဖေ၏ အဖြစ်မှာ သမက်ဖြစ်နေပါလျှက် ဦးဘိုးယွန်းက အယုံအကြည်ကင်းမဲ့ပြီး လူငှားများလောက် ဂရုမစိုက်သည်ကို တွေ့ရလေသည်။

မကြာမီပင် ကိုသိုက်ဖေသည် လယ်ယာလုပ်ငန်းကို လုံးဝ မလုပ်တော့ပဲ ကိုစံလှနှင့်ကိုကံပေါ်တို့နှင့် မျက်နှာလွှဲခဲပစ် လုပ်လိုက်တော့သည်။ ကိုသိုက်ဖေအနေနှင့် မျက်လွှဲခဲပစ် မလုပ်လျှင်လည်း မဖြစ်ပေ။ ဦးဘိုးယွန်းက သူ့ကို ကျော်ပြီး သူ့လူယုံများနှင့်သာ စခန်းသွားနေရာ ကိုသိုက်ဖေမှာ နေစရာမရှိပေ။

ကိုသိုက်ဖေမှာ ဆုံးဖြတ်နိုင်သော အခွင့်အာဏာမရှိမှန်း သိသောအခါ ကိုစံလှနှင့် ကိုကံပေါ်တို့ကလည်း ကိုသိုက်ဖေအား နေရာမထားတော့ပေ။ အသေးအဖွဲ့ကိစ္စကစ၍ ဦးဘိုးယွန်းထံ သို့သာ ရောက်တော့သည်။

ကိုသိုက်ဖေအား ဦးဘိုးယွန်းက ကျော်ပြီး သူ့လူယုံများနှင့်သာ လုပ်နေသော ကိစ္စကိုမူ မသက်ဖူး ကိုယ်တိုင်ကည်း သူ့ယောကျ်ား ဘက်ကနာသည်။ သူ့ယောကျ်ားသည် ပညာတတ်ရင့်မကြီး တစ်ယောက်ဖြစ်ပါလျှက် ကိုစံလှနှင့်ကိုကံပေါ်တို့ကိုသာ ယုံကြည်အားထားနေသော သူ့အဖေ ဦးဘိုးယွန်းအား မသက်ဖူးက မကျေနပ်ပေ။

ကိုသိုက်ဖေသည် မြို့မိုင်အလုပ်မှ ထွက်ခဲ့ပြီး ယောက္ခမ





လုပ်စာ ထိုင်စားနေကတည်းက မသက်ဖူးသည် ကိုသိုက်ဖေ အပေါ် သဘောမကျခဲ့ပေ။

ယခုမူ မသက်ဖူးသည် ကိုယ်ဝန်အရင့်အမာကြီးနှင့် ရှိနေပါလျှက် သူ့အဖေ ဦးဘိုးယွန်းအား တွေ့ဆုံပြီး သူ့ဆန္ဒကို ထုတ်ဖော်ပြောပေသည်။

အမှန်မှာ ဦးဘိုးယွန်းနှင့်မသက်ဖူးတို့မှာ မိဘနှင့်သားသမီး ဖြစ်သော်လည်း ကိုသိုက်ဖေက အလုပ်ကထွက်ခဲ့ပြီး ဦးဘိုးယွန်း၏ စည်းစိမ်ဥစ္စာအောက်သို့ ခေါင်းလျှိုဝင်သောအခါ ကိုသိုက်ဖေသာမက မသက်ဖူးပါ မျက်နှာငယ်ရလေသည်။

မိန်းမတို့သည် လင်၏ ဘုန်းကံရိပ်ကိုသာ မှီခိုနေရသည်ဖြစ်ရာ အကယ်၍ ကိုသိုက်ဖေသာ အလုပ်မထွက်ပါက မသက်ဖူး အဖို့မှာ လင်၏ ဘုန်းရိပ်ကံရိပ်ကို ကောင်းကောင်းကြီး မှီခိုနိုင်ပါသည်။ သို့သော် မသက်ဖူးအဖြစ်မှာ လင်ရှိပါလျှက် မိဘ၏ ဘုန်းရိပ်ကံရိပ်ကိုသာ မှီခိုရလေသည်။ ထို့ကြောင့် မသက်ဖူးသည် အမြဲတမ်းပင် ကိုသိုက်ဖေအား မကျေမနပ် ဖြစ်ခဲ့သည်။

ယခုကိစ္စတွင် ကိုသိုက်ဖေဘက်က အလွန်မရှိဟု မသက်ဖူး ထင်သည်။ ထို့ကြောင့် မသက်ဖူးသည် သူ့အဖေ ဦးဘိုးယွန်းအား ကိုသိုက်ဖေကို ဘာကြောင့် ဘေးဖယ်ပြီး ပထားရသလဲဟု မေးမြန်းလေသည်။

ဦးဘိုးယွန်းက ကိုသိုက်ဖေသည်လယ်ယာလုပ်ငန်း၌



www.burmeseclassic.com

www.burmeseclassic.com



နားလည်ခြင်းမရှိကြောင်း အကြောင်းပြပြီးကိုသိုက်ဖေ အလုပ်လုပ်ချင်လျှင် ညောင်ရမ်းဈေးထဲ၌ ကုန်စုံဆိုင်ဖွင့်ရန်သာ တိုက်တွန်းလေသည်။

မသက်ဖူးက မြို့ပိုင်လူထွက်တစ်ယောက်က ကုန်စုံဆိုင်ဖွင့်ရမှာ မသင့်တော်သဖြင့် ကိုသိုက်ဖေ၏ သံယောင်ကိုလိုက်ပြီး ဆန်စက်တည်ပေးရန် ပြောလေသည်။ ယခင်က ကိုသိုက်ဖေက ဦးဘိုးယွန်းအား ဆန်စက်တည်ပေးရန် တိုက်ရိုက်ပြောကြားစဉ် မသက်ဖူးသည် ထိုကိစ္စ၌ တစ်လုံးတစ်ပါဒမျှ ပါဝင်ပြောကြားခြင်း မရှိခဲ့ပေ။ ယခုအကြိမ်၌မူ မသက်ဖူးကိုယ်တိုင်က "ဖေဖေရယ် လူဆိုတာ သူနဲ့ထိုက်တန်တာကို တာဝန်ပေးမှ သဘာဝကျမှာပေါ့။ ကုန်စုံဆိုင်အလုပ်ကတော့ သူနဲ့နုပ်လွန်းပါတယ်" ဟု ဆိုလေသည်။

ဦးဘိုးယွန်းက "စဉ်းစားဦးမယ်" ဟူသော အလွယ်ဆုံး အဖြေကိုသာပေးလိုက်ပြီး ဘယ်တော့မှ မစဉ်းစားတော့ပေ။ လူတို့သည် ဘယ်တော့မှ စဉ်းစားရန် စိတ်ကူးမရှိသော အလုပ်ကို "စဉ်းစားဦးမယ်" ဟု အဖြေပေးလေ့ရှိသည်။ ဦးဘိုးယွန်းသည်လည်း ထိုနည်းအတိုင်းပင် မသက်ဖူးအား အဖြေပေးထားဟန် တူလေသည်။

မသက်ဖူးသည် ဦးဘိုးယွန်းအပေါ် မကျေနပ်သော်လည်း နဂိုကပင် မိဘနှစ်ပါးအပေါ် ရိုသေကိုင်းရှိုင်းသူဖြစ်ရာ ထိုမျှထက်ပို၍ ရှေ့ဆက် မပြောတော့ပေ။





ရှေ့ဆက်ပြောရန်လည်း မသက်ဖူးသည် အခွင့်အရေး မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် မသက်ဖူး၏ ကိုယ်ဝန်မှာ ရင့်နေပြီး နေ့မွေးမလား ညမွေးမလားနှင့် နေ့စေ့လစေ့ ဖြစ်နေသောကြောင့်ဖြစ်သည်။

ဤရက်ပိုင်းအတွင်း ဦးဘိုးယွန်း၏ တိုက်ကြီးပေါ်သို့ လူသစ်နှစ်ဦး တိုးလာသည်။ ထိုလူသစ်မှာ ဦးဘိုးယွန်း၏ လူယုံတော် တိုက်ပေါ်၏ အဖေနှင့်အမေများဖြစ်ကြသော ဦးဘကြီးနှင့်ဒေါ်ဖြူမတို့ဖြစ်ကြသည်။

ဦးဘကြီးနှင့်ဒေါ်ဖြူမတို့ ဦးဘိုးယွန်းအိမ်ပေါ်သို့ ရောက်လာခြင်းမှာ မသက်ဖူးမှာ မီးဖွားခါနီးပြီဖြစ်၍ မီးဖိုချောင်သို့ မဝင်နိုင်တော့၍ဖြစ်သည်။

ဦးဘိုးယွန်းမှာ လည်းကိုးစီးတိုက်၌ ရတနာများ ချမ်းသာ ပြီးဆယ်သက်စားမကုန်သော်လည်း သူ့ဇနီး ဒေါ်သိုင်းချိုမှာ အိမ်ထောင်ရေးကို နိုင်နင်းပြီး ရိုးရိုးကုပ်ကုပ်နေသူပီပီ အိမ်ဖော် မရှာပေ။ မီးဖိုချောင်ကို ကိုယ်တိုင်ပင် ဝင်သည်။

ဦးဘိုးယွန်းတို့ ချမ်းသာပုံကို အပုံတစ်ရာပုံလျှင် တစ်ပုံပင် မရှိသော အချို့ကျေးရွာများမှာ မြေပိုင်ရှင်များ၏ အိမ်တွင်ဆိုလျှင် အိမ်ဖော်များ ခြွေရံသင်းပင်းများနှင့် တပည့်လက်သား စုံလင်သည်။

မြေပိုင်ရှင်ကတော်များသည် မီးဖိုချောင်ကို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စရာမလိုပေ။ လက်ဆေးစားရုံသာ ဖြစ်သည်။ လိုအပ်လျှင် ထမင်းပွဲ၏ အေးနား၌ ယပ်ခပ်ပေးမည့်သူပင် ရှိသည်။ ဒေါ်သိုင်းချို ကမူ သူကိုယ်တိုင်လုပ်သည်။ သူ့သမီး မသက်ဖူးကိုလည်း သူ ကဲ့သို့ပင် မီးဖိုချောင်ဝင်ခိုင်းပြီး ကူဖော်လောင်ဖက် မရှာပေ။

ယခုမသက်ဖူးမှာ မီးဖိုချော်ငမဝင်နိုင်သည်မှာ ကြာပြီ ဖြစ်၍ ဒေါ်သိုင်းချိုတစ်ယောက်တည်း ပင်ပန်းနေရာ ဦးဘိုးယွန်းက "ဘကြီး တို့ လင်မယားကို ကျွေးထားရလို့ တို့ပိုပြီး ဆင်းရဲမသွားပါဘူး" ဟု ဆိုကာ ဦးဘကြီးနှင့်ဒေါ်ဖြူမတို့ လင်မယားကို သူ၏ တိုက်အိမ်ကြီး ပေါ်သို့ ခေါ်တင်ထားခြင်းဖြစ်သည်။

ဦးဘကြီးနှင့် ဒေါ်ဖြူမတို့ လင်မယားနှစ်ယောက် ရောက် လာသည်နှင့် ထုံးစံအတိုင်းပင် ဒေါ်ဖြူမက မီးဖိုချောင်သို့ ဝင်ရပြီး ဦးဘကြီးက ခြံထဲသို့ ဆင်းရသည်။ လုပ်စရာတာဝန်ခွဲဝေမှု အ ဦးဘကြီးမှာ ခြံထဲတွင် မာလီသဘောမျိုး၊ ပန်းပင်များကို ရေလောင်း ပေါင်းသင်လုပ်ရမည် ဖြစ်သော်လည်း ဇနီးဖြစ်သူ ဒေါ်ဖြူမနှင့် အတူ မီးဖိုချောင်ထဲ၌သာ အချိန်ကုန်ရလေသည်။

ဦးဘကြီးနှင့်ဒေါ်ဖြူမတို့ အိမ်ပေါ်သို့ ရောက်လာသည်နှင့် ကိုကံပေါ်မှာလည်း ဦးဘိုးယွန်း၏ အိမ်ကြီးပေါ်မှ မဆင်းတော့ ကိုကံပေါ်အံနေနှင့် ဆင်း၍လည်း မဖြစ်တော့ပေ။ ဦးဘကြီးနှင့် ဒေါ်ဖြူမတို့မှာ ညောင်ရမ်းရွာ ဥမင်ရပ်ထဲရှိ ဝိုင်းတစ်ခုအတွင်း တဲကလေးတစ်လုံးနှင့်နေရာ မိဘနှစ်ပါးက ထိုတဲကလေးကိုစွန့်





ဦးဘိုးယွန်း အိမ်ပေါ်သို့ ရောက်နေခြင်းဖြစ်ရာ ကိုကံပေါ် ဖို့ နေစရာ ထိုင်စရာမရှိတော့ပေ။

တစ်ခုတော့ရှိပါသည်။ ကိုကံပေါ်သည် အရက်မူးနေ ဆိုလျှင် ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးသို့ မလာတော့ဘဲ သူတို့ တဲ ကလေးတွင် သွားအိပ်တတ်သည်။ တစ်ခါတစ်ရံ ကိုကံပေါ်သည် သူ၏ အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့စားသောက်ရန် အတွက် ထိုတဲကလေးတွင် သွားနေတတ်သည်။

ကိုကံပေါ်သည် ဦးဘိုးယွန်း၏ အသက်အန္တရာယ်ကို စောင့် ရှောက်ရာတွင် အသက်ပေးပြီး သစ္စာရှိသူ ဖြစ်သော်လည်း အပေါင်း အသင်းများကိုလည်း ခုံမင်တတ်စွာ တစ်ခါတစ်ရံ ကိုကံပေါ်သည် ထိုတဲကလေးတွင် လေးငါးဆယ်ရက်ခန့် အပေါင်းအသင်းများနှင့် ပျော်ပါးသောက်စားနေလေ့ရှိရာ ကိုကံပေါ်အား ခိုင်းစရာရှိလျှင် ဦးဘိုးယွန်းက ထိုတဲကလေးသို့ လိုက်သွားရလေ့ရှိသည်။

ဦးဘကြီးနှင့်ဒေါ်ဖြူမတို့လင်မယား ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးသို့ ရောက်ပြီး မသက်ဖူးသည်သားယောကျ်ား ကလေးတစ်ယောက် ဖွားမြင်လေသည်။ အဖေဖြစ်သူရော အမေ ဖြစ်သူပါ အသားဖြူသဖြင့် ထိုကလေးမှာလည်း ဖြူဖြူဖွေးဖွေးနှင့် အလွန်ချစ်စရာကောင်းလေသည်။

ဦးဘိုးယွန်းတို့တိုက်အိမ်ကြီးသို့ ထိုကလေးရောက်လာ ခြင်းအားဖြင့် ထိုကလေးမှာ အိမ်၏ ဆည်းလည်းကလေး တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

ဦးဘိုးယွန်းသည် သူ့မြေးကလေးကို ချစ်စနိုး "ကံကောင်း" ဟု နာမည်ပေးလေသည်။ ဦးဘိုးယွန်း၏ အယူအဆမှာ ချမ်းသာကြွယ်ဝသော သူတို့ မိသားစုနေထိုင်ရာ တိုက်အိမ်ကြီးသို့ ရောက်လာသော ထိုကလေးသည် အလွန်ကံကောင်းသည်ဟူ၍ ဖြစ်၏။

ထုံးစံအတိုင်းပင် ကိုသိုက်ဖေက သူ၏ သားကလေးကို တောဆန်ဆန် နာမည်ပေးရမလားဟု ယောက္ခမကြီး ဦးဘိုးယွန်း အပေါ် မကျေနပ်လှပေ။ ကိုသိုက်ဖေက သောကြာသားဖြစ်သော သူတို့၏ သားကလေးကို မောင်သက်ဖေဟု နာမည်ပေးလေသည်။ မောင်သက်ဖေဆူသော နာမည်မှာ ခေတ်လည်းဆန်ပြီး သူ့ဇနီး မသက်ဖူး၏နာမည် "သက်" လည်းပါ၍ သူ၏ နာမည် "ဖေ" လည်း ပါသည်။

သို့သော် တစ်အိမ်လုံးတွင် ဦးဘိုးယွန်း၏ ဩဇာ လွှမ်းမိုး နေသည်ဖြစ်ရာ မည်သူမျှ မောင်သက်ဖေဟု မခေါ်ကြဘဲ "မောင်ကံကောင်းလေး၊ ဖိုးကံကောင်းလေး၊ ကံကောင်းရေ" စသည် ဖြင့် ခေါ်ဝေါ်ကြလေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ကိုသိုက်ဖေအဖို့မှာ အောင့်သက် သက်နှင့် ခံစားရလေသည်။ သူ၏ ရင်ကဖြစ်သော ကလေးဖြစ်ပါ လှည့် သူမှည့်ချင်သော နာမည်ကို မမှည့်ရဘဲ သူ့ယောက္ခမ မှည့် စေချင်သော နာမည်ကိုသာ ခေါ်ကြသည်မှာ သူ့ကို ပြောင်





လှောင်သလိုဖြစ်နေလေသည်။

မည်သို့ပင်ဖြစ်စေ မောင်သက်ဖေခေါ် ဖိုးကံကောင်း လောင်း ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးပေါ်သို့ ရောက်လာသဖြင့် တစ်အိမ်သားလုံး ပျော်ရွှင်ကြည်နူးကြလေသည်။

ငွေကြေးချမ်းသာသော်လည်း သာယာမှု မရှိလှသော ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးတွင် မောင်သက်ဖေခေါ် ဖိုးကံကောင်း လေးကြောင့် သာယာပျော်ရွှင်ဖွယ်ကောင်းသော အိမ်ကြီးတစ် ဆောင်ဖြစ်လာသည်။

မောင်ကံကောင်းကလေးကို သမက်နှင့် ယောက္ခမ အပြိုင် ၍ ဦးရသည်မှာလည်း အမောပင်။

ကိုသိုက်ဖေသည် ရန်ကုန်မြို့ရှိ ရိုးကုမ္ပဏီမှ အိမ်အသုံး အဆောက်အပစ္စည်းများ မှာကြားဝယ်ယူစဉ်က ဖြိုင်ခဲ့သော ဦးဘိုးယွန်း သည် သူ့မြေးကလေး ဖိုးကံကောင်းအတွက်မူ သူကိုယ်တိုင် ကလေး သုံးရန် ပုခက်၊ သားရေခံ၊ ဘောင်းဘီ၊ အနွေးထည်မှာစ၍ စောင်၊ ခြင်ထောင်၊ သေးစိုခံ၊ တာလပတ် အထိ မှာကြားဝယ်ယူလေသည်။

ဦးဘိုးယွန်းသည် မြေးကလေး ဖိုးကံကောင်းကို သည်း သည်းလှုပ် ချစ်သူဖြစ်ရာ ကလေးမှာပုခက်တွင်း၌သာ ဖြစ်သော် လည်း ရိုးကုမ္ပဏီမှ ကလေးစီး စက်ဘီးကို မှာကြားပြီး ဖြစ်လေသည်။

ဦးဘိုးယွန်း အကဲရောက်နေသည်ကို ကြားရသော ဦးဘိုး ...က "ဟော့ . . . ဘိုးယွန်း၊ ကလေးစီး သုံးဘီးစက်ဘီးတို့ မင်းမြေး

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကံကောင်းကတော့ မစီးနိုင်သေးဘူး၊ မင်းက စီးပြ ငါက ဆပ်
ပွဲဆိုပြီး ရှုံသွင်းမယ်" ဟု အမြင်ကတ်ကတ်နှင့် ဆိုလေသည်။

လာခြင်းကောင်းသော ဖိုးကံကောင်းကလေးအ
တစ်အိမ်လုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစဉ် ဦးဘိုးယွန်း၏
တစ်ဆူဖြစ်သော ကိုကံပေါ် သေဆုံးသဖြင့် တစ်အိမ်လုံး မီးခိုး
ဖြစ်သွားရလေသည်။

ကိုကံပေါ်သည် ဦးဘိုးယွန်း၏ စပါးကျီထဲမှ စပါးမှ
ပျော်ဘွယ်မြို့ရှိ စတီးဘရားသား အဝယ်ဒိုင်သို့ သွားသွင်းပြီး
တွင် ညောင်ရမ်းရေကာတာအောက် ချောက်ထဲ၌ သေဆုံး
ဖြစ်သည်။

ကိုကံပေါ် သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုယ့်ကို
သေကြောင်း ကြံစည်မှုလော၊ လူသတ်ခံရခြင်းလောဟု သံ
ဖြစ်စရာ အချက်များ များစွာရှိပါသည်။

သို့သော် ညောင်ရမ်းတစ်ရွာလုံးကမူ ကိုကံပေါ်သည်
ကိုယ်ကို သေကြောင်းကြံစည်စရာ မရှိဘဲ လူသတ်ခံရခြင်း
ယုံကြည်ပြောဆိုနေကြလေသည်။

သို့သော်လည်း ကိုယ့်ကိုယ် သေကြောင်းကြံစည်
ယူဆသူများဘက်ကရော၊ လူသတ်ခံရသည်ဟု ယူ
ဘက်ကရော သူ့ဘက်မှသူ အကြောင်းပြချက်များ ရှိနေပါ

ထိုကိစ္စကို သူ့ဘက်ကိုယ့်ဘက် အယူအဆများကို





ခေါ်တင်ပြီး ချိန်စလျှင် ဘယ်ဘက်ကမှ မသာဘဲ ချိန်ခွင်ညှာ
ဘောင်ပိတ်ပါသည်။

ကိုကံပေါ် သေဆုံးသော နေရာမှာ ညောင်ရမ်းမင်းလှကန်
ခေါ်သော နေရာတွင်ဖြစ်ပါသည်။ ထိုညောင်ရမ်း မင်းလှကန်
သည် ညောင်ရမ်းရွာ၏ အနောက်ဘက် တစ်မိုင်ခန့် ဝေးသော
ရွှေကူကြီးဘုရားအနီးတွင် ရှိသည်။

ထိုညောင်ရမ်းကန်ကို ညောင်ရမ်းမင်းလှကန် ဟုလည်း
ခေါ်ကြသည်။ ထိုညောင်ရမ်းကန်သည် ကန်သက်သက်မျှသာ
တော့ဘဲ ဆည်သဘောမျိုး၊ ရေကာတာ သဘောမျိုးလည်း
ဆောင်သည်။ ထိုကန်ကြီး၏ ကန်ပေါင်ရိုးကို ရေကာတာတံခါးကြီး
များဖြင့် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများရှိ လယ်ဧကပေါင်း
(၂၇၆၅၀) အား ရေပေးဝေလျက်ရှိပါသည်။

ထိုညောင်ရမ်းမင်းလှကန်၏ အမြင့်မှာ ၁၉၆၀ ပေ ရှိပြီး
အလျားမှာ ၂၄၂၃၄ ပေ ရှိသည်။ ရေလှောင်သော ပမာဏမှာ
(၁၇၀၂၉) ဧကပေ ဖြစ်သည်။

ထိုညောင်ရမ်းမင်းလှကန်သည် ရှေးမြန်မာ ဘုရင်များ
လက်ထက်ကစပြီး တည်ဆောက်ထားရာ၊ အင်္ဂလိပ်များ မြန်မာနိုင်ငံ
ကို သိမ်းပိုက်ခဲ့ပြီး ကိုလိုနီခေတ်ဦး ၁၈၉၁-၉၂ ခုနှစ်ကတည်းက
ဆပ်မံပြုပြင်ပြီး အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ညောင်ရမ်းမင်းလှကန်သို့ မိတ္ထီလာကန်မှ ရေများ ချောင်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးချောင်းနှင့် ချောင်းကောက်ချောင်းမှ ရေများကို သိုလှောင်ပြီး (၆)မိုင်ရှည်သော တူးမြောင်းမကြီးမှ ဆည်ရေများ ပို့လွှတ်နေပါသည်။

ညောင်ရွမ်းမင်းလုကန်ကြီးကို ရန်ကုန် မန္တလေး မီးရထားလမ်း ပေါ်မှပင် လှမ်းမြင်နိုင်ပါသည်။

ရှေးခေတ် မြန်မာဘုရင်များသည် ထိုညောင်ရွမ်း မင်းလုကန်ပေါင်ရိုးကြီးပေါ်မှ ရှမ်းပြည်၏ တံခါးဝဖြစ်သော လှိုင်းဘက်မြို့သို့ လမ်းဖောက်ရန် ကြံစည်ခဲ့ဖူးပါသည်။ အဘယ်ကြောင့်ဆိုသော် ရှေးမြန်မာဘုရင်ခေတ်က ညောင်ရွမ်းသည် မြို့စားအုပ်ချုပ်သော မြို့တစ်မြို့ဖြစ်ပြီး ရှမ်းပြည်အစပ် မန္တလေး မေမြို့ ကားလမ်း ပေါ်ရှိ လှိုင်းတက်မှာလည်း မြို့စားအုပ်ချုပ်သော မြို့တစ်မြို့ဖြစ်သောကြောင့်ပင်။

မြို့နှစ်မြို့ကို ချိတ်သွယ်ထားရန် ရှေးမြန်မာဘုရင်များ ရည်ရွယ်ထားဟန်တူပါသည်။

ကိုကံပေါ်သည် ညောင်ရွမ်းရွာရှိ ဦးဘိုးယွန်း၏ စပါးကိုစပါးများကို ပျော်ဘွယ်မြို့ရှိ စတီးဘရားသား စပါးအဝယ်ဒိုင် သို့ လှည်းပေါင်းမြောက်မြားစွာနှင့် သွားရောက်ရောင်းချရာ နှစ်ရက် ခန့် ချိန်တွယ်ရောင်းချပြီးသောအခါ စတီးဘရားသားမှ ငွေသုံးထောင်ကို ကိုကံပေါ် လက်ခံရရှိသည်ဟု ဆိုသည်။

အမှန်အားဖြင့် ကိုကံပေါ်သည် သုံးရက်ခန့် အကြာတွင်





ညောင်ရွမ်းရွာသို့ ရောက်ရမည်ဖြစ်သော်လည်း ခုနစ်ရက်ခန့် ကြာသည့်တိုင်အောင် ပြန်မရောက်လာပေ။

ဦးဘိုးယွန်းက ကိုကံပေါ်သည် သူ၏ ငွေသုံးထောင်ကို သိမ်လည်အပျောက်ရိုက်သွားပြီဟု ထင်မြင်မိလေသည်။ ခါတိုင်းဆိုလျှင် စတီးဘရားသား အဝယ်ဒိုင်သို့ ကိုကံပေါ်ကို စေလွှတ်ခြင်းမရှိဘဲ ငွေရေးကြေးရေး၌ စိတ်ချရသော ကိုစံလှကိုသာ စေလွှတ်လေ့ရှိသည်။

ယခုရက်ပိုင်းအတွင်း ကိုစံလှမှာ မမျှော်လင့်ဘဲ အစားမှားပြီး ဝမ်းသွားနေသောကြောင့် ကိုကံပေါ်ကို စေလွှတ်လိုက်ခြင်းဖြစ်သည်။ ကိုကံပေါ်သည် ခုနစ်ရက်ခန့် ကြာသည့်တိုင်အောင် ညောင်ရမ်းမြို့သို့ ပြန်ရောက်မလာသဖြင့် ဦးဘိုးယွန်း၏ ငွေများကို သိမ်သွားပြီဟု ဦးဘကြီးနှင့်ဒေါ်ဖြူမတို့သည်လည်း သူ့သား၏ အမြူအမူကြောင့် မျက်စိမျက်နှာပျက်နေကြသည်။

ကိုကံပေါ်မှာ အသောက်အစားလည်းရှိ၊ လောင်းကစားလည်း မကင်းရာ ဦးဘိုးယွန်းသည် အကြီးအကျယ် စိုးရိမ်မိလေသည်။ ဦးဘိုးယွန်းသည် ငွေရေးကြေးရေးကို လွန်စွာ ကပ်စေးနှဲသူဖြစ်ရာ ညဘက်များတွင် အိပ်မပျော်နိုင်အောင် အပူကြီးပူမိလေသည်။

ယနေ့တွင်မူ ညောင်ရမ်းမင်းလုကန်ထဲ၌ အလောင်းတစ်လောင်း တွေ့ရသည်ဟု ညောင်ရမ်းရွာထဲတွင် အုတ်အော်



www.burmeseclassic.com

www.burmeseclassic.com



သောင်းတင်းဖြစ်နေလေသည်။ မကြာမီပင် ထိုအလောင်းသည် ဦးဘကြီးနှင့်ဒေါ်ဖြူမတို့၏သား ကိုကံပေါ်၏ အလောင်းဟု သိရတော့သည်။

ကိုကံပေါ်၏ အလောင်းဟု သိရသည်နှင့် ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့နှစ်ဦးသည် အမောတကောနှင့် ညောင်ရမ်းရွာ မင်းလှကန်သို့ ရောက်သွားကြသည်။

ဦးဘိုးယွန်းနှင့်ကိုသိုက်ဖေတို့ ညောင်ရမ်းကန်သို့ ရောက်သွားချိန်တွင် ညောင်ရမ်းရွာသားများက ကိုကံပေါ်၏ အလောင်းကို ကန်ပေါင်းရိုးပေါ်သို့ ဆယ်တင်ထားပြီးဖြစ်နေသည်။

ဦးဘိုးယွန်းသည် ကိုကံပေါ်၏ ရေပွနေသေဖြင့် ဖူးရောင်ပုပ်ပွနေသော အလောင်းကြီးကို မကြောက်မရွံ့ မရွံ့မရှာနိုင်ဘဲ တစ်ကိုယ်လုံးအနှံ့သူ၏ ငွေသုံးထောင်ကို ရှာဖွေလေသည်။

သို့ရာတွင် ကိုကံပေါ်၏ အလောင်းပေါ်၌ ငွေတစ်ပြား တစ်ချပ်မှ မတွေ့ရပါ။

ထို့ကြောင့် ဦးဘိုးယွန်းသည် ရေငုပ်ကျွမ်းကျင်သော ညောင်ရမ်းရွာသားများကို ရေအောက်သို့ငုပ်ပြီး ကိုကံပေါ် ကိုင်နေကျ ဖာဖားလွယ်အိတ်ကို ရေငုပ်ရှာဖွေခိုင်းပါသည်။

ရေကန်ထဲမှ ဟာဖားလွယ်အိတ်ကလေးကို ရသော်လည်း လွယ်အိတ်ထဲ၌ ကိုကံပေါ်သောက်နေကျ ဆေးတံနှင့်ဆေးဘူး ကိုသာ တွေ့ရသည်။ ငွေကိုမူ တစ်ပြားတစ်ကျပ်မျှ မတွေ့ရပေ။



ကိုကံပေါ်၏ အလောင်းကို တွေ့ရသော်လည်း ငွေများကို မတွေ့ရသဖြင့် ဦးဘိုးယွန်းသည် အလွန်ပင် နှမြောသွားပါသည်။ ကိုကံပေါ် သေဆုံးရခြင်းအတွက် နှမြောဟန်မတူပါ။ သူ၏ ငွေသုံးထောင် ဆုံးရှုံးသွားရသောကြောင့် နှမြောဟန်တူပါသည်။

ဦးဘိုးယွန်းသည် စိတ်လှုပ်ရှားမှုကြောင့် မူးမေ့သွားရာ ကိုသိုက်ဖေက ပွေ့ဖက်၍ နှာနှပ်ရလေသည်။

ဤတွင်ကိုသိုက်ဖေအပါအဝင် ညောင်ရမ်းရွာသူရွာသားများက ကိုကံပေါ်သေဆုံးရခြင်းကို သုံးသပ်ကြပါသည်။

ကိုကံပေါ်သည် အရက်သေစာကို အလွန်ခုံမင်ပြီး သောက်စားမူးယစ်တတ်သူဖြစ်ရာ ပျော်ဘွယ်မြို့မှ ညောင်ရမ်း ရွာသို့ အပြန် ညောင်ရမ်းကန်ပေါင်ရိုးတွင် ခြေချော်ကျပြီး ရေနစ်သေဆုံးသွားသည်ဟု ယူဆနိုင်ပါသည်။

သို့သော်လည်း ထိုအဆိုသည် မခိုင်လုံသဖြင့် ချက်ချင်းပင် ပယ်ဖျက်လိုက်ကြသည်။

ကိုကံပေါ်သည်အရက်မူးပြီး ရေကန်ထဲသို့ ကျသွားသည် ဆိုပါက သူ့မှာပါလာသော ငွေသုံးထောင်သည် ဘယ်ရောက် သွားပြီလဲဟူသော မေးခွန်းတစ်ခုတည်းနှင့်ပင် ကိုကံပေါ် မတော်တဆမှုကြောင့် ရေနစ်သေဆုံးသည်ဟူသော အယူအဆမှာ ပယ်ဖျက်ပြီး ဖြစ်နေပါသည်။

ဒုတိယအချက်မှာ ကိုကံပေါ်သည် ပျော်ဘွယ်မြို့မှ

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းသို့ ပြန်လာလျှင် မီးရထားစီး၍သာ ပြန်လာရမည် ဖြစ်ရာ ညောင်ရမ်းကန်ဘက်သို့ ခြေဦးလှည့်စရာမလိုပေ။

အကယ်၍ ကိုကံပေါ်သည်ပျော်ဘွယ်မှ ခြေကျင်ပြန် လာမည်ဆိုလျှင်မူ ညောင်ရမ်း မင်းလှကန်သို့ ရောက်လာနိုင်စရာ အကြောင်းရှိသော်လည်း ညောင်ရမ်းနှင့်ပျော်ဘွယ်မြို့မှာ ၁၂မိုင်မျှ ဝေးသဖြင့် မည်သို့မျှ ထိုမျှလောက် အပင်ပန်းခံပြီး ခြေကျင်ပြန် မည် မဟုတ်ပေ။

ပျော်ဘွယ်မြို့မှ ညောင်ရမ်းသို့ ပြန်လာသော စပါးသယ်သော လှည်းကြုံတစ်စီးစီးကို စီး၍ ပြန်လာနိုင်သည်။ (နောင်တွင် ကိုကံပေါ်၏ သေဆုံးရသော အကြောင်းကို စုံစမ်းရာတွင် ကိုကံပေါ်သည် လှည်းကြုံစီးပြီးပြန်လာကာ ညောင်ရမ်းရွာရောက်ခါနီးမှ ထန်းရည်ခဲသောက်ဦးမည်ဆိုကာ ညောင်ရမ်းကန်အနီးသို့ လမ်းလျှောက်သွားကြောင်း သိရသည်။ ထိုအချိန်က ကိုကံပေါ်သည် ဟံဇားလွယ်အိတ် အနီးတစ်လုံး လွယ်လာသည်ကို လှည်းသမားက တွေ့သော်လည်း ငွေပါလာသည်ကိုမူ မသိနိုင်ပါဟု ထွက်ဆိုလေသည်။)

ကိုကံပေါ် သေဆုံးရခြင်းကို စုံစမ်းသောအခါ ကိုကံပေါ်သည် ထန်းရည်တဲများသို့ ရောက်မလာခြင်းပင် ဖြစ်သည်။

ထို့နောက် ကိုကံပေါ်သည် ဦးဘိုးယွန်း၏ ငွေများကို လောင်းကစားပစ်ပြီး ငွေအားလုံးရှုံးသွားသဖြင့် ဦးဘိုးယွန်းကို





ရင်မဆိုင်ရဲသောကြောင့် ညောင်ရမ်းကန်ထဲ ခုန်ချကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်းပင်လောဟု စဉ်းစားစရာ ဖြစ်လာသည်။

ထိုသို့ ယူဆသူများအတွက် ထောက်ခံသော အချက်တစ်ချက်မှာ ကိုကံပေါ်၏ အလောင်းကို စစ်ဆေးရာ ရေနစ်သေခြင်းသာဖြစ်ပြီး ကိုကံပေါ်၏ ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရခြင်းပင် ဖြစ်သည်။

ကိုကံပေါ်သွားခဲ့သော ပျော်ဘွယ်မြို့သို့ လိုက်ပြီး စုံစမ်းရာ ကိုကံပေါ်သည် ပျော်ဘွယ်မြို့တွင် လောင်းကစားခြင်း မပြုခဲ့ပေ။ အခြားသော ရမည်းသင်း၊ သာစည်၊ မိတ္ထီလာ စသော မြို့များသို့ တက်ပြီး လောင်းကစားပစ်သလောဟုသာ စဉ်းစားစရာရှိလေသည်။ သို့သော်လည်း ထိုမြို့များအထိ စုံစမ်းရသည်မှာ မလွယ်ကူပေ။ ထိုမြို့များ၏ လောင်းကစားဒိုင်အိမ်များ၌ ကိုကံပေါ် လာရောက်ကစားခြင်း ရှိ မရှိကို စုံစမ်းရန် လက်လှမ်းမမီပေ။

အချို့ကလည်း ကိုကံပေါ်သည် ပျော်ဘွယ်မြို့မှ လှည်းကြုံလိုက်စီးလာပြီး ညောင်ရမ်းရွာသို့ ရောက်ခါနီးမှ ထန်းရည်တဲသို့ သွားရန် လှည်းပေါ်မှ ဆင်းသွားသည်ဟု လှည်းသမားကိုတောကျော်က ထွက်ဆိုထားပါသည်။

သို့သော် ထန်းရည်တဲပိုင်ရှင် ဦးတုးရိုးကမူ ကိုကံပေါ် သည် သူ၏ ထန်းရည်တဲသို့ ရောက်လာခြင်း လုံးဝမရှိပါဟု ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကံပေါ်သည် လှည်းသမား ကိုတောကျော်၏ လှည်းပေါ်မှ ဦးတူးရိုး၏ ထန်းရည်တဲသို့အသွားတွင် သေဆုံးသွားခြင်းဖြစ်သည်။

ထို့ကြောင့် ကိုကံပေါ်သည် ဦးဘိုးယွန်း၏ ငွေများကို အလွဲသုံးစားလုပ်ခဲ့သဖြင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းလော လူသတ်ခံရခြင်းလောဟု စဉ်းစားရန် ပြဿနာဖြစ်လာသည်။

အချို့ကလည်း ကိုကံပေါ်သည် ကိုယ့်ကိုယ်ကို သေကြောင်း ကြံစည်ခြင်းဟု ယူဆကြသည်။

အချို့ကလည်း ကိုကံပေါ် လသတ်ခံရသည်ဟု ယူဆကြသည်။

ဤကိစ္စနှင့် ပတ်သက်ပြီး သေမှုသေခင်း စစ်ဆေးရသော သာစည်ဂါတ်တဲမှ ပုလိပ်အရာရှိများသည် လှည်းသမား ကိုတောကျော်ကိုလည်းကောင်း ထန်းရည်တဲပိုင်ရှင် ကိုတူးရိုးကိုလည်းကောင်း လက်မြန်ခြေမြန်နှင့် ဖမ်းဆီးပြီး စစ်ဆေးပါသည်။

သို့သော်လည်း ကိုကံပေါ် သေဆုံးသော ကိစ္စမှာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှုလော၊ လူသတ်မှုလောဟုပင် ပေါ်မလာပေ။

ပုလိပ်က ဖိဖိစီးစီး မစစ်သဖြင့် ထိုကိစ္စ မပေါ်လာဟု ထင်ပြီး ဦးတူးရိုးနှင့် ကိုတောကျော်တို့အား မုလိပ်က ရိုက်နှက်စစ်ဆေးခြင်း ရှိမရှိ မေးမြန်းကြရာ ဦးတူးရိုးက "ရိုက်သမျှ အဝတ်





ဖွတ်သလိုပါပဲ" ဟု ပြောလေသည်။ ကိုတောကျော်ကလည်း သူ့ကို ထုပ်မှာ စောက်ထိုးဆွဲထားပြီး နံရိုးတစ်ချောင်းကို ပဏ္ဍလားတီးသလို မျဉ်းလုံးနှင့် ရိုက်ကြောင်း ညောင်ရမ်းရွာသား များအား ပြောပြပါသည်။

ကိုကံပေါ် သေဆုံးရခြင်းမှာ လူသတ်မှုသာဖြစ်၍ လှည်းသမားကိုတောကျော်နှင့် ထန်းရည်တဲပိုင်ရှင် ဦးတူးရိုးတို့အား သာစည်ဂါတ်တဲမှ စစ်ဆေးပုံအရဆိုလျှင် ကျိန်းသေပေါ်ရမည်ဟု ထင်ကြသည်။

ထို့ကြောင့် အချို့က ကိုကံပေါ် သေဆုံးရခြင်းမှာ လူသတ်မှု မဖြစ်ဘဲ ကိုယ့်ကိုယ်ကို ရေထဲခုန်ချပြီး အဆုံးစီရင်သွားသည်ဟု ယူဆကြသည်။

ကိုကံပေါ် သေဆုံးရခြင်းကို လူသတ်မှုဟု ယူဆသူများကမူ ကိုကံပေါ်သေဆုံးရခြင်းမှာ မြို့ပိုင်ထွက် ကိုသိုက်ဖေ၏ လက်ချက်ဖြစ်ရမည်ဟု ဆိုကြသည်။

လူသတ်မှုဟု ယူဆသူများ၏ အဆိုမှာ ကိုသိုက်ဖေသည် မြေပိုင်ရှင် ဘုရားဒကာကြီးဦးဘိုးယွန်း၏ ပစ္စည်းများကို လိုချင် သဖြင့် ဦးဘိုးယွန်း၏ လူယုံတော် ကိုကံပေါ်အား ရှင်းလင်းပစ်ခြင်းဟု ဆိုကြသည်။

သူတို့၏ အယူအဆမှာ ကိုကံပေါ်သည် ဦးဘိုးယွန်းအား သူ့အသက်နှင်လဲ၍ ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သဖြင့်

www.burmeseclassic.com



ပထမဆုံး လမ်းရှင်းခဲ့ရသည်ဟု ဆိုသည်။

သူတို့၏ အယူအဆအရ ကိုက်ပေါ်သာ အသက်ရှင်လျက် ရှိနေလျှင် ကိုသိုက်ဖေသည် ဦးဘိုးယွန်း၏ ပစ္စည်းများကို သိမ်း ပိုက်မောင်ပိုင်စီးရန် ခက်ခဲမည်ဟု ဆိုကြသည်။ ထို့ကြောင့် ကိုသိုက်ဖေသည် သူ့အတွက် ဆူးပြောင်ခုတ်ဖြစ်သူ မှန်သမျှကို ခုတ်ထွင်ရှင်းလင်းပစ်သည်ဟု ကိုသိုက်ဖေအား ကောင်းကောင်းကြီး စွပ်စွဲလေသည်။

ကိုက်ပေါ် သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုသိုက်ဖေအား စွပ်စွဲကြသော်လည်း ကိုသိုက်ဖေကိုယ်တိုင် သတ်သည်ဟုမည်သူကမျှ မစွပ်စွဲပေ။ အဘယ်ကြောင့်ဆိုသော် ကိုသိုက်ဖေမှာ လူပလံကလေးဖြစ်ပြီး ခပ်နွဲ့နွဲ့ဖြစ်ရာဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းနှင့် ကိုက်ပေါ်အား သတ်ပစ်ရန် မဖြစ်နိုင်ပေ။

ထိုအခါတွင် အားလုံး၏ လက်ညှိုးသည်ကိုသိုက်ဖေနှင့်လွန်စွာ ပုလဲနံ့ပသင့်သော ညောင်ရမ်းရွာမှ ရာဇဝင်လူဆိုးတက်တူနှင့် ဦးစံထွားတို့ သားအဖအား ဝိုင်းထိုးကြသည်။

ကိုသိုက်ဖေသည် သူ၏ ဆူးပြောင့်ခလုတ်ဖြစ်သော ကိုက်ပေါ်အား တက်တူတို့သားအဖအား သတ်ခိုင်းသည်ဟု ဆိုကြသည်။

ညောင်ရမ်းရွာသားအချို့က ကိုသိုက်ဖေသည် ကိုက်ပေါ်





ကို ရှင်းလင်းပြီးသည့်နောက် ဦးဘိုးယွန်း၏ လက်ရုံးတစ်ဆူဖြစ်သော ကိုစံလှ၏ အလှည့်သည် မကြာမီ ရောက်လာလိမ့်မည်ဟု ကြိုတင်နိမိတ်ဖတ်ကြသည်။

ထိုသို့ လူပြောသူပြော များလာချိန်တွင် လွန်စွာကြောက်တတ်သော ကိုစံလှသည် ဦးဘိုးယွန်း၏ ကိုယ်စားလှယ်အလုပ်မှ နုတ်ထွက်သွားပြီး ဦးဘိုးယွန်း၏ အိမ်ဘက်သို့ လုံးဝခြေဦးမလှည့်တော့ပေ။

ထိုသို့ ညောင်ရမ်းရွာသားများက ကိုက်ပေါ် သေဆုံးရခြင်းနှင့်ပတ်သက်ပြီး ကိုသိုက်ဖေနှင့် တက်တူတို့ သားအဖကို စွပ်စွဲကြသောအခါ သာစည်ဂါတ်တဲကလည်း လက်မနှေးဘဲ တက်တူတို့သားအဖကို ဖမ်းဆီးစစ်ဆေးပြန်သည်။

သို့သော်လည်း အကြောမာပြီး ခံနိုင်ရည်ရှိသော တက်တူတို့ သားအဖကို သာစည်ဂါတ်တဲမှ ပေါ်အောင် မစစ်ဆေးနိုင်ပေ။

တက်တူတို့သားအဖကလည်း သူတို့သည် ကိုက်ပေါ်အား သတ်ရခြင်းမဟုတ်ကြောင်း ခါးခါးသီးသီးငြင်းဆိုပါသည်။

သို့သော် တက်တူတို့သားအဖက ထူးဆန်းသော ထွက်ချက်တစ်ခုကိုပေးကြပါသည်။

ထိုထူးဆန်းသော ထွက်ဆိုချက်မှာ ကိုက်ပေါ်သေဆုံးသောနေ့တုပိုင်းက ညောင်ရမ်းကန်နှင့်ရွှေဂူကြီးဘုရား တောင်ကုန်းအနီးတွင် ငှက်ပျောပွဲအုန်းပွဲနှင့် သိုက်တူးနေသော အသက် ၄၀ ခန့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော သိုက်ဆရာလိုလို ဗလကောင်းကောင်း လူကြီးတ
ယောက်နှင့် အသက်၃၀ ကျော်ခန့် သူတပည့်တစ်ဦးတို့ကို တွေ့
ကြောင်း သာစည်ဂါတ်တဲတွင် ထွက်ဆိုချက်ပေးပါသည်။

ထန်းရည်တဲပိုင်ရှင် ဦးတူးရိုးက ထိုအချက်ကိုမူ ထောက်
ထွက်ဆိုပါသည်။ သူလည်း ထိုသိုက်ဆရာ ဆရာတပည့်ကို
မိကြောင်း သူတို့သည် ကန်တော့ပွဲများ ပေးပြီးဖယောင်းတိုင်မှ
ထွန်းကာ ပေါက်ပေါက်ဆုပ်များကို နေရာအနှံ့ ပက်ကြသည်
တွေ့ရကြောင်း ထွက်ဆိုပါသည်။

ထိုနေရာကို သွားရောက်ကြည့်ရှုရာ ရွှေဂူကြီး ဘုရား
မဟာရံတံတိုင်းနှင့် ရေအိုးစင်ကလေးနားတွင် သိုက်ဆရာမ
သိုက်တူးသွားပုံရပါသည်။ သို့ရာတွင် သိုက်ဆရာများ မည်သ
နေရာသို့ ထွက်သွားသည်ကိုမူ မည်သူမျှ မသိလိုက်ကြပေ။

သို့နှင့်ကိုကံပေါ် သေဆုံးရခြင်းမှာ မိမိကိုယ်ကိုယ်
အဆုံးစီရင်ခြင်းလော၊ လူသတ်မှုလောဟု မည်သူမျှ စုံစမ်း၍ မရ

သာစည်ဂါတ်တဲမှလည်း ထိုအမှုကို ပေါ်အောင်
ဆေးနိုင်ပေ။

ဤတွင် ဦးဘိုးယွန်းအိမ်တွင် ထမင်းချက် မာလီဘာ
ရောက်နေသော ဦးဘကြီးက သူ့သားကိုကံပေါ် သေဆုံးရခြင်
လုံးဝ မကျေနပ်ပေ။

အချို့သော ညောင်ရမ်းရွာသူရွာသားများ စွပ်စွဲသကဲ့သို





ဦးဘကြီးသည် သူ့သားကိုကံပေါ် သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုသိုက်ဖေ၏ လက်ချက်ဟုသာ စွဲမှတ်မိလေသည်။

ထို့ကြောင့် ဦးဘကြီးသည် ကိုသိုက်ဖေကို မကျေနပ်ကြောင်း ပူပူဆူဆူလုပ်ကာ ဦးဘိုးယွန်းအား တိုင်တန်းလေသည်။

ထို့နေ့က မန္တလေး စာပို့ရထားသည် လမ်းချော်သဖြင့် ညောင်ရမ်းဘူတာသို့ ည (၁၀)နာရီခန့် ရောက်ရမည့်အစား ရောက်မလာဘဲ နောက်တစ်နေ့ နံနက် (၇) နာရီခန့်မှ ရောက်လာလေသည်။

ကမ္ဘာကြီးအကြောင်းကို (၁၂)နာရီ စောသိချင်သဖြင့် ညတိုင်း ညောင်ရမ်းဘူတာသို့သွားလေ့ရှိသော ကိုသိုက်ဖေသည် နံနက် (၇)နာရီအချိန်တွင် ညောင်ရမ်းဘူတာသို့ ရောက်နေလေသည်။

ကိုသိုက်ဖေမရှိခိုက် ဦးဘကြီးက ဦးဘိုးယွန်းအား သူ၏ မကျေနပ်ချက်ကို ဖွင့်ပြောခြင်းဖြစ်လေသည်။

"ဘယ်လိုလဲ ဦးလေးယွန်း၊ ကျွန်တော့်သားကံပေါ် သေရတာ ခင်ဗျားသမက် ကိုသိုကဖေသတ်လို့ ညောင်းရမ်းတစ်ရွာလုံးက ပြောနေကြပါလား။ ဒီကိစ္စကို ခင်ဗျား ဒီလိုပဲ ကြည့်နေတော့မှာလား၊ ကံပေါ်ဟာ ခင်ဗျားရဲ့သားမဟုတ်လို့ နေစိမ့်တာလား"

ထိုစားကို ကြားရသော ဦးဘိုးယွန်းသည် စိတ်ရှုပ်သော



www.burmeseclassic.com

www.burmeseclassic.com



အမူအရာနှင့် ဦးဘကြီးအား မျက်မှောင်ကြုတ်၍ ကြည့်လေသည်။

ထို့နောက် ဦးဘိုးယွန်းက

"နေစိမ့်တာတော့ ဘယ်ဟုတ်မလဲ ဘကြီးရယ်၊ ကံပေါ်ဟာ မင်းရဲ့သားဖြစ်သလို ငါ့ရဲ့တပည့်မို့ ငါလဲ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတာပဲ၊ ဒါပေမယ့် ငါလဲ ဘာတတ်နိုင်မလဲ တတ်နိုင်တဲ့ ပုလိပ်အဖွဲ့ကတောင် အမှုဖွင့်ပြီး စုံစမ်းသေးတာပဲ အမှုမပေါ်လို့ ဘာမှန်းမသိကြဘူး မဟုတ်လား"

"မဟုတ်ဘူး ခင်ဗျားက ကိုသိုက်ဖေကို ခင်ဗျားသမက်မို့ သာစည်ဂါတ်တဲကို အသပြာပေးပြီး အကာအကွယ်ပေးတာ မဟုတ်လား"

"မဟုတ်ရပါဘူးကွာ အမှုသာ တကယ်ကျူးလွန်ရင် ငါ့သမက်မှ မဟုတ်ပါဘူး ငါကိုယ်တိုင်ပဲ အရေးယူတာခံရမှာပါပဲ ကွာ၊ ဘာတတ်နိုင်မှာလဲ"

"ဘယ်ဟုတ်မလဲဗျ၊ ခင်ဗျားသမက် ကိုသိုက်ဖေက တက်တူတို့သားအဖနဲ့ပေါင်းပြီး ကျွန်တော့်သား ကံပေါ်ကို သတ်တယ်ဆိုတာ တစ်ရွာလုံးက ပြောနေကြတာကို ဦးလေးယွန်း မကြားဘူးလား"

"ကြားသားပဲကွ၊ ဒါက ငါ့သမက်မို့ ငါပြောတာ မဟုတ်ပါဘူး မင်းတို့ ငါ့သမက်ကိုမုန်းတာ ငါ့လောက် မဆိုးပါဘူး၊ တတ်နိုင်ရင် ငါ့သမက်ကို ငါက ချေးနဲ့တောင်ငုံထွေးချင်သေးတယ် မင်းတို့က





သက်ာပြီး စွပ်စွဲတာပဲရှိတယ်။ ဥပဒေအရ သက်သေအထောက်အထားပြနိုင်တာမှ မဟုတ်ဘဲ"

"ဒါဖြင့်ရင် ကျွန်တော့်သား အသတ်ခံရတာကို ဒီလိုပဲ လက်ပိုက်ကြည့်နေရတော့မှာလား"

"လက်ပိုက်ကြည့်မနေချင်ရင်လဲ လက်နောက်ပစ်ပြီးကြည့်ပေါ့ကွ၊ မင်းမကျေနပ်ရင် ဒီကိစ္စကို ပေါ်ပေါက်အောင် စုံစမ်းပေါ့ သိုက်ဖေသာ တက်တူတို့သားအဖနဲ့ ပေါင်းပြီး မင်းရဲ့သား ကံပေါ်ကို သတ်တယ်ဆိုတဲ့ အထောက်အထားခိုင်လုံရင်သာပြော ငါကိုယ်တိုင် သိုက်ဖေကို ထိပ်တုံးခတ်ပြီး ဖမ်းပြမယ်"

"ကျွန်တော်ကတော့ ခင်ဗျား သမက် ကိုသိုက်ဖေကို လုံးဝ မကျေနပ်ဘူးဗျာ၊ ပြီးတော့ ကိုကံပေါ်နှသတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘောကျော်တို့၊ တူးရိုးတို့၊ စံထွားတို့၊ တက်တူတို့ အားလုံး အဖမ်းခံရပေမယ့် ခင်ဗျားသမက် ကိုသိုက်ဖေကျတော့ အဖမ်းမခံရတာ ခင်ဗျားရဲ့ မျက်နှာကြောင့်ဗျ"

"ဘယ်ဟုတ်မလဲ ဘကြီးရ၊ သူက မြို့ပိုင်ဖြစ်ခဲ့တော့ ပုလိပ်တွေက သူ့ကို မဖမ်းရဲတာလဲ ဖြစ်မှာပေါ့၊ ပြီးတော့ သူ့ကို ဖမ်းရလောက်အောင် အထောက်အထား ရှာမတွေ့လို့လဲ ဖြစ်မှာပေါ့"

ထိုသို့ ဦးဘိုးယွန်းနှင့် ဦးဘကြီးတို့ အချီအချ အတုံ့အလှည့် ပြောနေစဉ် ကိုသိုက်ဖေသည် ညောင်ရမ်းဘူတာမှ သတင်းရယူပြီး ပြန်ရောက်နေသည်ကို မသိရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းနှင့်ဦးဘကြီးတို့ စကား အချီအချ ပြောနေ သည်ကိုလည်း ကိုသိုက်ဖေ ကြားသွားပုံရပြီး မျက်စိမျက်နှာ ပျက်နေလေသည်။

ကိုသိုကဖေကို တွေ့ရသောအခါ ဦးဘိုးယွန်းနှင့် ဦးဘကြီး တို့လည်း အိုးတိုးအမ်းတမ်းဖြစ်သွားရသည်။

ကိုသိုက်ဖေသည် သူ့အား လူသတ်မှုနှင့် စွပ်စွဲသည်ကို နားနှင့် ဆတ်ဆတ်ကြားရသောအခါ လွန်စွာ ဒေါပွသွားလေသည်။

ဦးဘိုးယွန်းနှင့် ဦးဘကြီးတို့ နှစ်ယောက်အား ရှင်းပြလျှင် လည်း နားလည်နိုင်စွမ်းရှိသူများ မဟုတ်ဟု ယူဆပြီး ကိုသိုက်ဖေ မှာ အဖက်မတန်သလို နေလိုက်သည်။ ကိုသိုက်ဖေက ဦးဘိုးယွန်းနှင့် ဦးဘကြီးတို့အား ဂရုမစိုက်သော မျက်နှာထားနှင့် ကြိမ်ထိုး ဘုန်းကြီးထိုင် ရှေးပက်လက်ကုလားထိုင်ကြီးတွင် သွားထိုင်ကာ သတင်းစာကို ဖတ်နေတော့သည်။

ဦးဘိုးယွန်းက မလုံမလဲဖြစ်ပြီး ကိုသိုက်ဖေကို လှမ်းခေါ် လိုက်သည်။

"မောင်သိုက်ဖေရေ ခဏ"

ကိုသိုက်ဖေသည် သတင်းစာဖတ်နေရာမှ စိတ်မရှည်သလို သတင်းစာကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး ဦးဘိုးယွန်းနှင့် ဦးဘကြီး တို့နားသို့ ချဉ်းကပ်သွားသည်။

ဦးဘိုးယွန်းက -





"မောင်သိုက်ဖေကို ပြောရမှာတော့ အားနာပါတယ်၊ ဒါပေ မယ့် ညောင်ရမ်းတစ်ရွာလုံးကတော့ မောင်သိုက်ဖေရဲ့ ပယောဂ ကြောင့် မောင်ကံပေါ် သေရတယ်လို့ ဆိုနေကြတာပဲ။ အဘ ကတော့မယုံပါဘူး။ အဲဒီကိစ္စကို မောင်သိုက်ဖေ ရှင်းပြဖို့တော့ လိုမယ်ထင်တယ်"

ကိုသိုက်ဖေက ဦးဘိုးယွန်းအား မှုန်တေတေနှင့် ပြန်ကြည့် ရင်း

"ဘာရှင်းပြစရာလိုသလဲ၊ နားမလည်နိုင်တဲ့လူတွေကို ရှင်း ပြရင် ပိုရှုပ်ကုန်မယ်၊ ကျွန်တော်က အဘရဲ့ အမွေတွေကို လိုချင် ရင် ကိုကံပေါ်ကို ဘာဖြစ်လို့ သတ်ရမှာလဲ အဘကို သတ်မှ အဘရဲ့ အမွေတွေကို ရမှာပေါ့"

ကိုသိုက်ဖေက တုံးတိတိကြီးပြောချလိုက်ရာ ဦးဘိုးယွန်း မှာ ကြက်သီးမွေးညှင်းပင် သွားလေသည်။

ကိုသိုက်ဖေက မျက်နှာရှုစ်ခေါက်ချိုးနှင့် သူ၏ စကားကို ဆက်ပြန်သည်။

"စိတ်ချပါ အဘကိုလဲ ကျွန်တော်မသတ်ဘူး၊ အဘက ကျွန်တော်တော့အရင် သေမယ့်လူပဲ၊ အဘသေမှ ကျွန်တော် အဘ ရဲ့အမွေတွေကို သုံးဖြုန်းပစ်မယ်၊ အဘသေတဲ့အထိတော့ ကျွန်တော် စောင့်ရမှာပါ။ ဒီလောက်ထိတော့ ကျွန်တော်စောင့်နိုင်ပါတယ်။ နေပူ ထဲထိုင်စောင့်ရတာမှ မဟုတ်ဘဲ မြေပိုင်ရှင် အဘ ကာရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမက်အဖြစ်နဲ့ တိုက်အိမ်ကြီးပေါ်နေရင်း စောင့်ရတာပဲ ဘာဖြစ်လို့ မစောင့်နိုင်ရမှာလဲ"

ကိုသိုက်ဖေက ဘွင်းဘွင်းရှင်းရှင်းကြီး ပြောနေရာ ဦးဘိုးယွန်းမှာ မျက်နှာမထားတတ်ဘဲ ထိုင်ရမလို ထရမလိုဖြစ်နေသည်။

ဦးဘိုးယွန်းအား ကိုသိုက်ဖေက မိုးလုံးဟိန်း အမြောက်ကဲ့သို့ပြင်းထန်သော စကားလုံးများနှင့် ချေမှုန်းပြီးနောက် ဦးဘကြီးဘက်သို့ လှည့်လိုက်သည်။

ကိုသိုက်ဖေသည် မျက်နှာထား အလွန်တည်သူဖြစ်ရာ သူမျက်မှောင်ကြုတ်၍ ကြည့်လိုက်လျှင် တော်ရုံတန်ရုံ အသည်းငယ်သူများ ထိတ်လန့်သွားလေသည်။

ကိုသိုက်ဖေက ဦးဘကြီးအား မုန်းတီးစက်ဆုပ်မှုကြောင့် အရောင်ထွက်နေသော မျက်လုံးအစုံနှင့် စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် စောစောက ဦးဘိုးယွန်းအား လက်သီးလက်မောင်းတန်းကာ အတိုင်တန်းထူနေသော ဦးဘကြီးသည် ကိုသိုက်ဖေ၏ မုန်းတီးသော အကြည့်ဒဏ်ကို မခံနိုင်ဘဲ ခေါင်းငုံ့သွားသည်။

ကိုသိုက်ဖေက ရာဇမာန်ထင့် အာဏာပြင်းသော လေသံအပြည့်နှင့် ဦးဘကြီးကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောချလိုက်သည်။

"ဒီမှာ ကိုဘကြီး၊ လူတစ်ဖက်သားကို ခိုင်လုံတဲ့ သက်သေအထောက်အထားမရှိဘဲ စွပ်စွဲနေတာ အသရေဖျက်မှုနဲ့ တရားစွဲခံရတယ်ဆိုတာ ခင်ဗျားနားလည်ရဲ့လား ဥပဒေကို နကန်း တစ်လုံးမှ နားမလည်ဘဲ လူတွင်ကျယ်မလုပ်ချင်နဲ့ သောက်ရှက်ကွဲအောင် တယ်၊ ခင်ဗျားက အရှက်မရှိဘဲ မျက်နှာပြောင်တိုက်ဝံ့ပေမယ့် ကြားရတဲ့လူတွေက ခင်ဗျားအတွက် ရှက်လွန်းလို့ နှလုံးနာရတယ်"

ကိုသိုက်ဖေ တုတ်ထိုးအိုးပေါက် ပြောချလိုက်သောအခါ နဂိုကတည်းက မင်းစိုးရာဇာတို့အား ကြောက်ရွံ့စိတ်သည် ဦးဘကြီး၏ မခံချင်စိတ်အား အနိုင်ယူလွှမ်းမိုးသွားလေသည်။

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ မြို့ပိုင်မင်း နောက်ကို ကျွန်တော် ဒီလိုမပြောတော့ပါဘူး"

ဦးဘကြီးသည် ခေါင်းကို ငုံ့လျှိုးပြီး ကိုသိုက်ဖေအား စိတ်ကမရှိသော်လည်း ခန္ဓာကိုယ်က ရှိသေပြီး ဦးခေါင်းကို တညိတ်ညိတ်ပြုလုပ်မိလေသည်။

ဦးဘကြီးက ထိုမျှ အလျှော့ပေး အနိမ့်အကျခံသော် လည်း ကိုသိုက်ဖေက မကျေနပ်သေးဘဲ စိန်ခေါ်ပွဲ ပြုလုပ်နေသေးသည်။

"ကျွန်တော်က ခင်ဗျားရဲ့သားကို သတ်တယ်လို့ ထင်နေရင် ခင်ဗျား ကျွန်တော့်ကို ပြန်ပြီး ကလဲ့စားချေနိုင်သားပဲ၊ ကျွန်တော့်ရဲ့ အသက်ကို ခင်ဗျားရဲ့လက်ထဲအပ်ပြီး ထားရတာပဲ ခင်ဗျား ချက်ကျေးနေတဲ့ ထမင်းနဲ့ဟင်းကို ကျွန်တော် စားနေရတာပဲ







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြန်ပြီး အဆိတ်ခတ်သတ်ပေါ့ ဒါပေမယ့် တခြားလူတွေ အဆိတ်မထိအောင်တော့ ဂရုစိုက်ပေါ့၊ ကျွန်တော်စားမယ့် ပန်းကန်ထဲကို ရွေးပြီး အဆိတ်ခတ်ပေါ့"

ကိုသိုက်ဖေက ရဲရင့်သော စိန်ခေါ်မှုအပြည့်နှင့် ပြောသော စကားကို ကြားရသောအခါ ဦးဘကြီးရော ဦးဘိုးယွန်းပါ ကြောက်ရွံ့ထိတ်လန့်သွားပြန်သည်။

ဦးဘကြီးသည် ကြောက်ရွံ့စိတ်ကြောင့် မျက်လုံးပြူးသွားပြီး ကိုသိုက်ဖေအား ကြည့်ကာ တောင်းပန်ပြန်သည်။

"မလုပ်ရဲပါဘူး မြို့ပိုင်မင်းရယ်၊ မလုပ်ဝံ့ပါဘူး မြို့ပိုင်မင်းရယ်"

ထိုမျှ တောင်းပန်နေသော်လည်း ကိုသိုက်ဖေက မကျေနပ်နိုင်ဘဲ

"မလုပ်ဝံ့ရင်လဲ ခင်ဗျားရဲ့ ပါးစပ်ကိုပိတ်ထား၊ ပါးစပ်ကို ပိတ်ထားတာဟာ ခင်ဗျားရဲ့ အရှက်နည်းတာနဲ့ ပညာမဲ့မှုကို ကာကွယ်ရာရောက်တယ်၊ ခင်ဗျားပြောသမျှတွေဟာ ဖဟုတ်တာနဲ့ မမှန်တာချည်းပဲ ဒီကြားထဲ ကလိမ်တာကို အဆစ်ထည့် လိုက်သေးတယ်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ဦးဘကြီးသည် ဆင်ဖြူမျက်နှာကို ဆင်မည်း မကြည့်ဝံ့သလို ခေါင်းငုံ့ထားရာမှ ပြန်ပြောနေသည်။





ကိုသိုက်ဖေသည် ဒေါသမပြေသေးသော မျက်နှာထားနှင့်

"ခင်ဗျားတို့ ညောင်ရမ်းရွာသားတွေကို ပြောလိုက်၊ နောက်ကို အထောက်အထား မခိုင်လုံဘဲနဲ့ ကျုပ်ကို လူသတ်မှုနဲ့ စွပ်စွဲပြောတဲ့လူကို တရားစွဲမယ်လို့ အီးပေါက်သံနဲ့တော့ ရန်ပုံခွင်းအမြောက်သံကို တက်မပြိုင်နဲ့လို့ ပြောလိုက်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ထို့နောက် ကိုသိုက်ဖေသည် ချာခနဲလှည့်ပြီး ဦးဘိုးယွန်းနှင့် ဦးဘကြီးတို့ကို ထားခဲ့ကာ စောစောက သူသတင်းစာဖတ်နေသော ကြိမ်ပက်လက် ကုလားထိုင်ကြီးတွေထိုင်ကာ သတင်းစာကို သဲသဲ မဲ ဖတ်နေတော့သည်။

ကိုသိုက်ဖေ သတင်းစာဖတ်ပုံမှာ အစားအသောက်ကို ငမ်းငမ်းတက် ဆာလောင်နေသူက အစားအသောက်ကို ပလုပ်ပလောင်းစား ပါးစပ်ကြီးဖြင့် စားနေသလို ကိုသိုက်ဖေသည် မျက်လုံးကြီးဖြင့် သတင်းစာ စာလုံးများကို အငမ်းမရ ဝါးမျိုစားသောက်နေလေသည်။

ဦးဘကြီးသည်ဦးဘိုးယွန်းကို မရဲတရဲ နှင့်လှမ်းကြည့်လိုက်ပြီး မီးဖိုချောင်ရှိရာသို့ ခပ်ကုပ်ကုပ် လှည့်ဝင်သွားသည်။

ဦးဘိုးယွန်းက ဦးဘကြီးအား ပြန်ခေါ် လိုက်သည်။

"ဘကြီး . . . ဒီကို ခဏလာပါဦး"

ဦးဘကြီးသည် ဦးဘိုးယွန်းရှေ့သို့ ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းက -

"မင်းတို့လင်မယားနှစ်ယောက်ကို သက်ဖူးမီးဖွားလို့ အိမ်ပေါ်ခေါ်တင်ထားတာ၊ အခုတော့ သူ့ကလေးပဲ လသား အရွယ်တောင်ရောက်နေမှပဲ မင်တို့ဖာဲ မင်းတို့ ပြန်တော့"

ဦးဘိုးယွန်းစကားကို ကြားရသောအခါ ဦးဘကြီးသည် လွန်စွာ အံ့သြသွားလေသည်။ ဦးဘိုးယွန်း၏ စကားမှာ ဦးဘကြီးအား ထမင်းချက်နှင့် မာလီအလုပ်မှ အလုပ်ဖြုတ်ပစ် လိုက်သော အလုပ်ဖြုတ်စာ ဖြစ်သည်။

ဦးဘကြီးသည် တစ်သက်လုံး လူစွမ်းလူစ ရှိခဲ့သူ မဟုတ်သဖြင့် သူများဝိုင်းထဲတွင် ဖြစ်ကတတ်ဆန်း တဲကလေးထိုးပြီး လယ်ကူလီအလုပ် ကျပန်းအလုပ်နှင့်သာ အသက်မွေးခဲ့သူ ဖြစ်သည်။

ဦးဘကြီးသည် ကိုယ့်အားကိုယ်ချွန်ပြီး ကြီးပွားတိုးတက်အောင် ကြိုးစားဖို့ဝေးစွ၊ ထမင်းနပ်မှန်အောင် စားရသော လယ်ကူလီအလုပ် ကျပန်းအလုပ်ကိုပင် ပျင်းရိတတ်သဖြင့် ကမင်းငတ် နေသူ ဖြစ်သည်။

သူ့သား ကိုကံပေါ်အား ဦးဘိုးယွန်းက ခေါ်၍ နိုင်းစေသောအခါ သားဖြစ်သူ စတီးဘရားသားကုမ္ပဏီမှ မန်နေဂျာလောက် အထင်ကြီးသူဖြစ်သည်။

ဦးဘကြီးသည် ဆင်းရဲသော်လည်း အစားကောင်း





အသောက်ကောင်းလည်း ကြိုက်သူဖြစ်ရာ ဦးဘိုးယွန်းက သူတို့လင်မယားအား ထမင်းချက်ခန့်ထားသောအခါ သူဌေးအိမ် တွင်ရှိ အစားကောင်းအသောက်ကောင်း စားရပြီ ဟူသော အယူအဆ မြင်မ်း၊ ၊ အားရနှင့် ရောက်လာသူ ဖြစ်သည်။

ယခု သူအထင်ကြီးသော သားဖြစ်သူ ကိုကံပေါ်လည်း သေပြီဖြစ်ကာ သူ့မှာလည်း ထမင်းချက်အလုပ်မှ ပြုတ်သွားရလေပြီ။

ဦးဘိုးယွန်းက ဦးဘကြီးအား ထမင်းချက် အလုပ်မှ ဖြုတ်ပစ်ခြင်းမှာ ဦးဘကြီးက သူတို့အိမ်သားများကို အဆိပ်ခတ်သတ်မည်ကို စိုးရိမ်၍ဖြစ်သည်။

ကိုသိုက်ဖေက ဦးဘကြီးအား စိန်ခေါ်လိုက်သည်ကို ဦးဘိုးယွန်းသည် ကြောက်ရွံ့ပြီး ဦးဘကြီးကို ထမင်းချက် အဖြစ် ဆက်မခန့်ဝံ့ပေ။

ကိုသိုက်ဖေ၏ ဒစ်ပလိုမေစီ အုပ်ချုပ်ရေး နည်းဗျူဟာ အောင်ပွဲခံလိုက်ခြင်းဖြစ်ပါသည်။

အရှုံးသမား ဦးဘကြီးသည် သားလည်းဆုံး အလုပ်လည်း ပြုတ်ကာ ခေါင်းမြီးခြုံ၍ ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးမှ ထွက်ခွာသွားရလေသည်။

အရှုံးသမား ဦးဘကြီးသည်လည်း သူ့အား ကိုကံပေါ်ကို သတ်သည်ဟု မယ်ကာသော ကိုသိုက်ဖေအပေါ် ကလဲ့စားချေဖို့ ဝေးစွ၊ စိတ်နှင့်ပင် မပြစ်မှားရသေးခင် သေဆုံးသွားရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကြီး သေဆုံးရခြင်းမှာ အဆိပ်ခတ်ခံရ၍ဟု ဆိုကြသည်။

ဦးဘိုးယွန်းက သူ့အိမ်ပေါ်မှ နှင်ချလိုက်ပြီးနောက် ဦးဘကြီးသည်သူ၏ တဲကလေးသို့ ဒေါ်ဖြူမကို ခေါ်ပြီး ပြန်သွားပါသည်။

ခါတိုင်း လယ်ပိုင်ရှင်တစ်ဦးဦး၏ လယ်တွင် လယ်ကူလီလုပ်နေကျဖြစ်သော်လည်း ဦးဘိုးယွန်းက လယ်သမား နှစ်ယောက်ကို ထမင်းခေါ် ချက်ခိုင်းသဖြင့် လယ်ကူလီဘဝမှ နုတ်ထွက်ခဲ့ရရာ ယခုနှင်ချခံရသောအခါ ဦးဘကြီးသည် အလုပ်လက်မဲ့ ဘဝမျိုး သို့ ရောက်သွားပြီး ကျပန်းအလုပ် တောက်တိုမယ်ရအလုပ်ကလေး ရမှ ထမင်းအနိုင်နိုင်စားလာရလေသည်။

ထိုအခါ ဦးဘကြီးသည် မစားရတစ်လှည့် စားရတစ်လှည့်နှင့် အဝတ်ဝတ်အမြတ်ပြတ်ဖြစ်နေသည်။ ထို့ကြောင့် ဦးဘကြီး သည် စိတ်ညစ်ညစ်နှင့် ဦးတူးရိုး၏ ထန်းရည်တဲသို့ သွားကာ ဝိုင်းဝန်းကူညီလုပ်ကိုင်ရင်း ထန်းရည်ကို မိုးလင်းအောင်သောက်တော့သည်။

တစ်နေ့တွင် ဦးတူးရိုး၏ ထန်းရည်တဲသို့ ဘယ်အရပ် ဘယ်ဒေသကမှန်း မသိသော လူနှစ်ယောက် ရောက်လာသည်။ သူတို့သည် ဦးတူးရိုး ထန်းရည်တဲမှ ထန်းရည်မြူအိုးများမှ သောက်ရင်း သူတို့မှာ ပါလာသော ငါးသေတ္တာများ အမဲသားဘူးများ ဖောက်ကာ အမြည်းလုပ်စားကြသည်။





ထိုလူများက ထန်းရည်မူးနေသော ဦးဘကြီးကိုလည်း သူတို့မှာ ပါလာသော အမြည်းများကို ကျွေးမွေးကြလေသည်။ ဦးဘကြီးသည် ဝတ်ဝတ်နှင့် ငါးသေတ္တာများ အမဲသားဘူးများကို လွေးတော့သည်။

ထိုသူများ ပြန်သွားပြီးနောက် ညပိုင်းသို့ ရောက်သော အခါ ဦးဘကြီးသည် ဝမ်းလည်းလျော၊ အန်လည်းအန်ကာ တစ်ကိုယ်လုံး ပိုးဟပ်ဖြူလို ဖြူဖွေးသွားလေသည်။ မကြာခဏလည်း ကြွက်တက်လေသည်။

ညောင်ရမ်းရွာထဲမှ ဆရာများကို ပင့်၍ ပြသရာ ဦးဘကြီးသည် အစာအဆိပ်မိသည်ဟု ဆိုကြသည်။ နောက်တစ်နေ့ ဝေလီဝေလင်း အချိန်တွင် ဦးဘကြီး သေဆုံးသွားပါတော့သည်။

အချို့သော ဆေးဆရာများက ဦးဘကြီး၏ အန်ဖတ်များကို စစ်ဆေးကြရာ ဟင်္သာပြဒါးကဲ့သို့နီရဲသော စိန်များကို အန်ဖတ်တွင် တွေ့ရသည်ဟု ဆိုသည်။

ထို့ကြောင့် ဦးဘကြီးသည် အစာအဆိပ်သင့်ခြင်း မဟုတ်ဘဲ အဆိပ်ခတ်ခံရ၍ သေဆုံးသွားရခြင်းဟု ဆိုရပေမည်။ ထိုအခါကျမှ ဦးဘကြီးအား အဆိပ်ခတ်သတ်သွားသူမှာ မည်သူမည်ဝါ ဖြစ်မည်နည်း။ အပူတပြင်းစုံစမ်းကြတော့သည်။

ထိုလူနှစ်ယောက်သည် ယင်းတော်ကဟု ဆိုသည်။ သို့သော် ယင်းတော်က ဟုတ်ပုံမရပေ။ သူတို့သည် နွားပွဲစားများဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည်။ သို့သော် နွားပွဲစားပုံမျိုးမဟုတ်။ တောလမ်းမှ ရှမ်းပြည်သို့ တက်နေပြီး ဘိန်းချနေသော ဘန်းကုန်သည်များနှင့် တူသည်။

နွားပွဲစားများ ထန်းရည်တဲသို့လာလျှင် ငါးခြောက်ဖုတ်ပင် မပါပေ။ ထိုလူများမှာမူ စီးပွားရေး ဆူဖြိုးဟန်တူသည်။ ငါးသေတ္တာနှင့် အမဲသားဘူးဆိုသည်မှာ တောတွင်း၌ စခန်းချသောအခါ စားနပ်ရိက္ခာမျိုးဖြစ်ရာ ထိုလူများသည် ဘိန်းကုန်သည်များပင် ဖြစ်ရမည်ဟု ညောင်ရမ်းရွာသားများက ယူဆကြလေသည်။

ထိုဘန်းကုန်သည် နှစ်ယောက်က ဦးဘကြီးနှင့် ဘယ်လိုရန်ငြိုးရှိသဖြင့် အဆိပ်ခတ်ပြီး သတ်သွားစရာ အကြောင်းရှိမည်နည်းဟု စဉ်းစားစရာ ဖြစ်လာပြန်သည်။

ဦးဘကြီ သေဆုံးရခြင်းမှာ အစာအဆိပ်သင့်သလော၊ သို့မဟုတ် အဆိတ်ခတ်ခံရသလော ဟူသော ပြဿနာက ဖြစ်လာပြန်သည်။

ထို့ကြောင့် သူကြီး ဦးအောင်မြတ်က ထိုကိစ္စကို ရှင်းရှင်းလင်းလင်း သိစေရန် ဦးဘကြီး၏ အလောင်းကို သာစည်ဆေးရုံသို့ ပို့ပြီး စစ်ဆေးရန် စီစဉ်သည်။

သို့သော် ဒေါ်ဖြူမက သူ့လင်၏ အလောင်းကို မပေးနိုင်ပါဟု ခါးခါးသီးသီးငြင်းဆန်လေသည်။ ဒေါ်ဖြူမက ဦးဘကြီးသည်ညောင်ရမ်းရွာတွင် မွေးဖွားသည်။ ထို့ကြောင့် ညောင်ရမ်း





ရွာတွင်ပင် ခေါင်းချစေချင်သည်ဟု ဆိုလေသည်။

ညောင်ရမ်းရွာတွင် မွေးဖွားပြီး ညောင်ရမ်းရွာတွင် ခေါင်းချစေချင်သော ဒေါ်ဖြူမ၏ ဆန္ဒကြောင့် ဦးဘကြီး သေဆုံးရ ခြင်းမှာ အစာအဆိပ်သင့်သလော၊ အသတ်ခံရ သဘောဟု ခွဲခွဲခြားခြားမသိနိုင်တော့ပေ။

ထိုအလောင်းကို မပေးနိုင်သောကြောင့် သာစည် ဆေးရုံ ဘာကြောင့် သေဆုံးရသည်ကို မစစ်ဆေးနိုင်တော့ပေ။ မြန်မာနိုင်ငံတွင် အလောင်းကို မစစ်ဆေးနိုင်သောကြောင့် အမှုဖျက်ပြီး တ်သိမ်းလိုက်ရသော အမှုများ မနည်းလှပေ။

ယခု ဦးဘကြီး သေဆုံးရမှုမှာ လူသတ်မှုလော၊ အစာအဆိပ်သင့်သော ရောဂါကြောင့် သေဆုံးရခြင်းလော၊ ခွဲခွဲခြား းမသိရသော်လည်း ကိုသိုက်ဖေအား အလိုလားသူများကမူ ဘကြီး သေဆုံးရခြင်းမှာ ကိုသိုက်ဖေ၏ လက်ချက်ဟု စွပ်စွဲ အောင် စွပ်စွဲကြသေးသည်။

ဦးတူးရိုး၏ ထန်းရည်တဲသို့ ရောက်လာသူများဖြစ်သော းပွဲစားလိုလို ဘိန်းကုန်သည်လိုလို လူနှစ်ယောက်မှာ ကိုသိုက်ဖေ တပည့်များဟု ဆိုကြသည်။

အချို့ကလည်း ထိုလူနှစ်ယောက်မှာ ရုပ်ဖျက်ထားသော တ်တူတို့ သားအဖဟု ဆိုကြသည်။ အချို့ကလည်း ထိုလူနှစ် ာက်မှာ ဦးဘကြီး၏သား ကိုကံယေ်ါ သေဆုံးစဉ်က ရွှေဂူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဘုရားအနီးတွင် သိုက်လာတူးသော ဆိုက်ဆရာနှင့် သူ့တပည့်တို့နှင့်တူသည်ဟု ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ လူအချို့က ဦးဘကြီးသေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုသိုက်ဖေကိုသာ သံသယရှိကြသည်။ ကိုသိုက်ဖေနှင့် ဦးဘကြီးတို့သည် ဦးဘိုးယွန်းအိမ်တွင် နေစဉ်က စကားများခဲ့ကြသည်ကို အကြောင်းပြုပြီး ကိုသိုက်ဖေက ဦးဘကြီးအား သူ့တပည့်များနှင့် အဆိပ်ခတ်သတ်ခိုင်းလိုက်ခြင်း ဖြစ်သည်ဟူသော အစွဲကိုမူ ပြောကြဆိုကြ ငြင်းကြခဲ့ကြသည်။

ထိုသို့ ပြောကြဆိုကြသူထဲတွင် ဘိုးကဲနှင့်ဘိုးပြုတို့ ညီအစ်ကိုမှ အသံအကျယ်ဆုံးဖြစ်သည်။ ဘိုးကဲနှင့် ဘိုးပြု တို့ညီအစ်ကိုမှာ ဦးဘကြီးနှင့်ဆွေမျိုးတော်လေသည်။

ကိုသိုက်ဖေလို တစ်ရွာသားက ညောင်ရမ်းရွာတွင် လူတွင်ကျယ်လာလုပ်နေသည်ဟု ဘိုးကဲနဲ့ဘိုးပြုတို့ ညီအစ်ကို ပြောကြသည်။

ညောင်ရမ်း ရွာသူရွာသားအချို့ကမူ ကိုသိုက်ဖေအား မြို့ပိုင်လုပ်ခဲ့သောကြောင့် ကြောက်ကြသည်။ ကိုသိုက်ဖေသည် မြို့ပိုင်ဘဝမှ ထွက်ခဲ့သည်မှာ ကြာပြီးဖြစ်သော်လည်း ယခုတိုင် မင်းရာဇာ တို့၏ အရှိန်အဝါက ရှိနေသေးသည်။ ထို့ကြောင့် ကိုသိုက်ဖေကို ကြောက်ရွံ့ကြခြင်းဖြစ်သည်။

ယခုအခါတွင်မူ ကိုသိုက်ဖေအား မင်းစိုးရာဇာ မြို့ပိုင်





ဘူသော အရှိန်အဝါနှင့် ကြောက်ရုံမျှမက ကိုကံပေါ်နှင့် ဦးဘကြီးတို့သားအဖ သေဆုံးရသော ကိစ္စနှင့်လည်း ဆက်နွယ်ပြီး သက်ကောင်းဖြစ်ကာ ပို၍ ကြောက်ရွံ့ကြလေသည်။

ယခင်က ကိုသိုက်ဖေအား မင်းစိုးရာဇာအနေနှင့် ကြောက်သည်။ ယခုအခါ ကိုသိုက်ဖေအား လူဆိုးတစ်ယောက် လူသတ်သမားတစ်ယောက်အနေနှင့် ကြောက်သည်။

ကိုသိုက်ဖေအား ကြောက်မည်ဆိုပါကလည်း ကြောက်ရာပင်။ ကိုသိုက်ဖေက လူက အသားဖြူဖြူ လူဗလံကလေးဖြစ်သော်လည်း မျက်နှာထားက အလွန်တင်းမာသည်။ တစ်လောကလုံးက သူ့လုပ်စာ စားနေသလို မျက်နှာထားမျိုးနှင့်ဖြစ်သည်။

ကိုသိုက်ဖေကိုကြည့်လျှင် အမြဲတမ်း မရယ်မပြုံးဘဲ နေတတ် သည်။ စကားလည်း အလွန်နည်းသည်။ စကားပြောလျှင်လည်း အချက်မပိုင်လျှင် ဘာမျှမပြော။ အချက်ပိုင်သည်နှင့် မည်သူ့မျက်နှာကိုမျှ မထောက်ဘဲ မညှာမတာ ပြောတတ်ရာ ကိုသိုက်ဖေနှင့် စကားပြောရမည်ကလည်း ကြောက်စရာ တစ်မျိုးပင် ဖြစ်ပါ၏။

ကိုကံပေါ်နှင့် ဦးဘကြီးတို့သားအဖ သေဆုံးရခြင်းမှာ ကိုသိုက်ဖေ၏ ပယောဂပါသည်။ မပါသည်ကို မည်သူမျှ မပြောနိုင်သော်လည်း ကိုသိုက်ဖေက ပို၍ကြောက်စရာ ကောင်းအောင် နှင့်တီးပေးသလို ဖြစ်နေသည်ကား အမှန်ပင်ဖြစ်ပါ၏။

ဤရက်ပိုင်းအတွင်း ကိုသိုက်ဖေအား ညောင်ရမ်းတစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



လုံး ဖိန့်ဖိန့်တုံအောင် ကြောက်သွားစေဖို့ အကြောင်းဖန်လာ ပြန်သည်။

ထိုကိစ္စမှာ သစ်ဆိမ့်ပင်ရွာ ဂျင်ဝိုင်းတွင် ဘိုးကဲ မားထိုး ရပြီး သေဆုံးသွားသောကြောင့်ပင်ဖြစ်၏။

ကိုကံပေါ်နှင့် ဦးဘကြီးတို့ သေဆုံးရမှုနှင့် ပတ်သက်ပြီး ကိုသိုက်ဖေ၏ လက်ချက်ဟု ဘိုးကဲနှင့် ဘိုးပြတို့ ညီအစ်ကို အသံအကျယ်ဆုံး ပြောဆိုခဲ့သည် မဟုတ်လား။

ဘိုးကဲသည် သစ်ဆိမ့်ပင်ရွာ ဂျင်ဝိုင်းမှအပြန် မှောင်ရိပ်ထဲ လူတစ်ယောက်ထွက်လာပြီး ဘိုးကဲကား နောက်မှ ပွေ့ကာ မားနှင့် ထိုးသွားခြင်းဖြစ်သည်။

ဂျင်ပိုင်းမှာ ဘိုးကဲနှင့်အတူ ပြန်လာသော ကိုစံညွှန်းသည် ဘိုးကဲကို မားနှင့်ထိုးသွားသူကို မြင်တွေ့ရသော်လည်း မပြော မဆိုရဲ ဖြစ်သဖြင့် ဘိုးကဲအား မားနှင့်ထိုးသွားသူကို မည်သူ မသိကြပေ။ အနီးစပ်ဆုံး ထွက်၍ရသည်မှာ ထိုနေ့က တက်တူအား သစ်ဆိမ့်ပင်ရွာအနီးတွင် တွေ့ရသည်ဟု ဆိုကြခြင်းပင် ဖြစ်၏။

ဘိုးကဲသေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုသိုက်ဖေအား ကိုကံပေါ်နှင့်ဦးဘကြီးတိုပအား သတ်မှုဖြင့် ဘိုးကဲက စွပ်စွဲခဲ့၍ ညောင်ရမ်းရွာက ထင်ကြသည်။

ကိုသိုက်ဖေသည်သူ့ကို ဆတ်ဆတ်ထိလျှင် မခံတတ်သူ ဟုဆိုကြသည်။

❀ မိုးဆမ်းပန်းစာပေ



ဘိုးကဲ သေဆုံးသွားပြီးနောက် ဘိုးပြသည် အသံတိတ် သွားကာ ရွာမှ ပျောက်ခြင်းမလှ ပျောက်သွားသည်။

ကိုကံပေါ် သေဆုံးစဉ် ဦးဘိုးယွန်း၏ လူယုံတော် ကိုစံလှ အလုပ်မှ နုတ်ထွက်ပြီး ဦးဘိုးယွန်းအိမ်ဘက်သို့ ခြေဦးပင် မလှည့် တော့သလို ဘိုးပြလည်း ရွာမှ ပျောက်သွားခြင်း ဖြစ်သည်။

ဘိုးပြသည် ရွာမှ ပျောက်သွားခြင်းနှင့် ပတ်သက် ပြီး ညောင်ရမ်းရွာသားများက ကိုသိုက်ဖေ၏ သူရသတ္တိကို ပို၍ လက်ဖျားခါ အံ့ဩကြသည်။

ဘိုးပြသည် သူ့အစ်ကို ဘိုးကဲ၏ အလောင်းကို ဖက်ပြီး မချိတင်ကဲ ငိုကြွေးကာ သူ့အစ်ကိုအား သတ်သွားသူများကို တလဲ့စားချေမည်ဟု ကြုံးဝါးကာ သစ္စာဆိုသည်ဟု ဆို၏။ ဘိုးပြ ကြုံးဝါးသူများထဲတွင် ကိုသိုက်ဖေအား စောင်းပါးရိပ်ခြည် စွပ်စွဲ သည်ဟု ဆိုသည်။ ဘိုးပြက ငါ့ အစ်ကိုသတ်တာ မြို့ပိုင်မကာလို့ နိုင်ငံတော် မင်းကြီးဖြစ်ဖြစ် ကလဲ့စားချေမည်ဟု ဆိုသည်။

အချို့သူများဆိုလျှင် ကိုယ့်ကို သတ်ဖြတ်ရန် ကြုံးဝါးနေ သော နေရာသို့ သွားရဲမည် မဟုတ်ပေ။ သွားရဲသည် ဆိုလျှင် လည်း မျက်နှာပူရဦးမည်။ မည်သူကမျှ ကိုယ့်ပယောဂကြောင့် သေရသည် ဟူသော အသုဘသို့ မျက်နှာပြောင်တိုက် သွားရဲမည် မဟုတ်ပေ။

ယခုမူ ကိုသိုက်ဖေက မျက်နှာပြောင်ပြောင်နှင့်ပင် ဘိုးကဲ၏ အသုဘသို့ သွားသည်။

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်ဖေက ကြုံးဝါးဒိုင်ကြွေးနေသော ဘိုးပြု၏ ပခုံးကို ပုတ်ကာ သူ့မှာ အသင့်ပါလာသော ရှမ်းခါးမြှောင်တစ်လက်ကို ပေးသည်ဟုဆို၏။

ကိုသိုက်ဖေက ရှမ်းခါးမြှောင်ကိုပေးရင် ဘိုးပြုအား

"ဘိုးပြုရယ် ငါ့မှာ ဘယ်လိုဇာတာ ပါလာသလဲ မသိဘူး ဆွမ်းခံရင်း ငှက်သင့်နေတာပဲ၊ မင်းအစ်ကိုကို ငါသတ်တယ်လို့ မင်းထင်တယ်မဟုတ်လား၊ မင်းအစ်ကိုကိုသတ်တဲ့သူကို မင်း ကလဲ့စား ချေမယ်ဆို၊ ရော့ ဟောဒီခါးမြှောင်နဲ့သာ ငါ့ကို အသေ ထိုးသတ်တော့ကွာ" ဟု ဆိုသည်ကို အသုဘ လာသူတိုင်း မြင်လိုက် ကြရသည်ဟု ဆို၏။

ထိုအခါ သူ့အစ်ကိုအတွက် ကလဲ့စားချေမည်ဟု ကြုံးဝါး နေသော ဘိုးပြုမှာ ကိုသိုက်ဖေအား ကြောင်ပြီး ကြည့်ရင်းက ကြောက်ရွံ့တုန်လှုပ်သွားပြီး တစ်ကိုယ်လုံး နတ်ကျသလို တဆတ် ဆတ်တုန်နေသည်ဟု ဆို၏။

ကိုသိုက်ဖေက "ရော့ သတ်ပါကွာ" ဟု ဆိုပြီး ရှမ်း ခါးမြှောင်ကို ထိုးပေးပြီး ရှေ့တစ်လှမ်းတိုးလေသည် ဘိုးပြုက နောက်ဆုတ်ပြေးလေဟုမြင်ရသူများ ဆိုကြသည်။

ဦးဘကြီးအား ကိုသိုက်ဖေက သူ့ကို အဆိတ်ခတ်သတ်ပြီ ဟု ပြောဆိုကြီးမကြာမီပင် ဦးဘကြီးသည် အဆိပ်ခတ်ခံရပြီး သေဆုံး သွားသည်။





ယခု ဘိုးပြုသည် ရွာမှ ထွက်ပြေးသွားသည်ဟု ဆိုကြ သည်။

ညောင်ရမ်းရွာကလေးသို့ ကိုသိုက်ဖေ ရောက်လာပြီး နောက် ရွာမှ ထွက်ပြေးရသူမှာ နှစ်ယောက်ရှိလေပြီ။ ပထမ တစ် ယောက်မှာ မသက်ဖူးအား လေးထပ်ကျောင်းတက်စဉ်ကတည်းက ချစ်ကြိုက်နေသော ဂီတလုလင်ကလေး မောင်နန္ဒဖြစ်သည်။

ယခု ဘိုးကဲ၏ ညီ ဘိုးပြုဖြစ်သည်။

ရွာချစ်စိတ်ရှိသော ညောင်ရမ်းရွာသားများကို ကိုသိုက်ဖေ အား သူတို့ရွာမှ ထွက်ပြေးသွားစေချင်သည်မှာ ရွရွတက်နေပါ၏။ သို့သော် ကိုသိုက်ဖေမှာ ကုတ်နှင့်ကော်ထုတ်လျှင်ပင် ထွက်ပြေး မယ့်ပုံ မပေါ်ပေ။




www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၉ ]

# ပိုင်ရှင်မဲ့ပန်းခွေ





တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်း[သ]ည် သူ့ခန္ဓာကိုယ်တွင် ကပ်ငြိနေသော အလေး၊ သန်း၊ မွှား[...]ကိုကား မနိုင်ချေ။

မှန်ပါသော ကေသရာဇာခြင်္သေ့မင်းသည် သစ်၊ ကျား၊ ဆင်[...]သော တောဘုရင်များကိုပင် နိုင်ပါ၏။ သို့သော်လည်း သူ၏ ကိုယ်[...]အတွင်းမှ သေးငယ်သော အလေး၊ အမွှား၊ သန်းများကိုမူ[...]င်ပေ။

ထိုကဲ့သို့ပင် ညောင်ရမ်းရွာ၌ မြေပိုင်ရှင် ဘုရားဒကာကြီး[...]ထိုးယွန်းသည် သူ၏ ဥစ္စာဓနကြောင့် လူတကာအပေါ် ဩဇာ[...]မ်းမိုး အနိုင်ယူခဲ့ပါသည်။ သူ၏ သမက်ဖြစ်သော ကိုသိုက်ဖေ[...]သည်း မင်းစိုးရာဇာတို့၏ အရှိန်အဝါဖြင့် လူတကာကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စေပါသည်။

သို့သော်လည်း ဦးဘိုးယွန်းတို့ တိုက်အိမ်ကြီး၌ အလေ
ဖမ္ဘားနှင့်တူသော အိမ်တွင်းရေး ပြဿနာများကြောင့် ဤအိမ်
ကြီးတွင် နေထိုင်ကြသူ အားလုံးသည် မည်သူမျှ စိတ်မချမ်းသာ
ပေ။

ဤအိမ်ကြီးသည် ကြီးကျယ်ပါ၏။ သို့သော် ဤအိမ်ကြီး
တွင် နေထိုင်ကြသော အိမ်သားများ အားလုံးမှာ စိတ်လွတ် ကြ
အိမ်ကျယ်သော်လည်း စိတ်ကျဉ်းကျပ်ရသည်။ ဤအိမ်ကြီး
မိသားစုအားလုံးသည် အကျဉ်းသားများသဖွယ် စိတ်ကျဉ်းကျ
ရသည်။

ဤအိမ်ကြီးသည် ကြီးမားခန့်ညားသော်လည်း ဤအိမ်ကြီး
သည် သာယာပျော်ရွှင်ဖွယ်ကောင်းသော သီရိဂေဟာ မဟုတ်
နရသိမ်အကျဉ်းစခန်းနှင့်တူသော အိမ်ကြီးသာ ဖြစ်သည်။

ဤအိမ်ကြီးတွင် နေထိုင်သူ ဦးဘိုးယွန်းမှအစ မသက်
အဆုံးအိမ်သားများအားလုံးမှာ ကိုသိုက်ဖေအား ကြောက်ရွံ့
ကြသည်ဟု ဆိုသည်။ အိမ်ဦးနတ်ဖြစ်သော ဦးဘိုးယွန်း ကိုယ်တိုင်
က ကိုသိုက်ဖေကို ထိတ်လန့်နေသည်ဟု ဆို၏။

အားလုံးက ထိတ်လန့်တုန်လှုပ်ရသော ကိုသိုက်ဖေ
ကိုယ်တိုင်ကလည်း ဤအိမ်ကြီးတွင် နေထိုင်ရသည်ကို ပျော်ရွှင်
ခြင်းမရှိလှဘဲ အမြဲစိတ်ညစ်ညူးနေရသည်ဟု ဆိုသည်။





တစ်ခါတစ်ရံ ဦးဘိုးယွန်းက ဦးဘိုးသိန်းအား "ကိုကြီးသိန်း
ရာ လေးထပ်ကျောင်းဘေးမှာ အဖီချပြီး ဇော်တစ်လုံးနဲ့ ပြတ်တစ်
လုံးနဲ့ နေရတုန်းကတောင် တစ်ခါတစ်ခါ ပျော်ရွှင်ပါသေးတယ်၊ အခု
တိုက်အိမ်ကြီးပေါ် ရောက်မှ မချစ်မနှစ်သက်သူနဲ့ အတူနေရခြင်း
ဒုက္ခကို ခံစားရပြီး တစ်နေ့မှ စိတ်မချမ်းသာဘူး" ဟု ဆိုလေသည်။

ကိုသိုက်ဖေကလည်း သူ၏ မဟာမိတ်ကြီးများဖြစ်သော
တက်တူတို့သားအဖအား သူခံစားနေရပုံကို "တက်တူရာ ရွှေဘုံ
ပေါ်မှာ စံရပေမယ့် ငါ မပျော်ဘူး၊ အားလုံးက ငါ့ကို မသင်္ကာ တဲ့
မျက်လုံးပေါင်းတစ်ထောင်နဲ့ ဝိုင်းကြည့်နေကြတာ" ဟု ဆိုကာ
ထုတ်ဖော်ပြောလေသည်။

ကိုသိုက်ဖေနှင့်မသက်ဖူးတို့ အိမ်ထောင်ရေးမှာလည်း
အဆင်မပြေဟု သိရသည်။

ကိုသိုက်ဖေနှင့်မသက်ဖူးတို့သည် ရင်နှစ်သည်းချာ သား
ရတနာကလေး ဖိုးကံကောင်းရစဉ်ကသာ ပျော်ရွှင်ခဲ့သော်လည်း
ယခုလို သားကလေး မောင်သက်ဖေခေါ် ဖိုးကံကောင်း ကျောင်း
နေရမည့် အရွယ်သို့ ရောက်သောအခါ ကလေးကို မန္တလေး
ဖားသားလဖုန်းကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ပို့လိုက် သဖြင့်
အိမ်ကြီးမှာ သာယာမှုကင်းမဲ့နေလေသည်။

သားကလေး ဖိုးကံကောင်းကို ကျောင်းထားရေး ကိစ္စ
တွင် ကိုသိုက်ဖေက တစ်ဖက် ဦးဘိုးယွန်းနှင့်မသက်ဖူးတို့က တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



စကားများရသေးသည်။ ဦးဘိုးယွန်းနှင့်မသက်ဖူးတို့က သားကလေးကို နီးနီးနားနား သာစည်ဂါးတားမင့်ဟိုက်စကူး သို့မဟုတ် ပျော်ဘွယ်မြို့ ဂါးဗားမင့်ဟိုက်စကူးလောက်ကိုသာ ပို့ချင်သည်။ စနေ၊ တနင်္ဂနွေတွင် အိမ်မှာပြန်ပြီး ခေါ်ထားချင်သည်။ သားကလေးကို 'ရင်အုပ်မကွာ ထားချင်သည်။

သို့သော် ကိုသိုက်ဖေက သူငယ်စဉ်ကတည်းက မော်လမြိုင်မြို့ စိန့်ပီတာကျောင်းတွင် ကျောင်းအိပ်ကျောင်းစား နေခဲ့ရသည်ဟုဆိုကာ သားကလေးကို မန္တလေးမြို့ ဖားသားလဖုန်းကျောင်းသို့ပို့ခြင်းဖြစ်သည်။

သားကလေး ဖိုးကံကောင်း မရှိသဖြင့် အိမ်ကြီးမှာလည်း တိတ်ဆိတ်ကာ ကျက်သရေ ကင်းမဲ့သွားလေသည်။

ကိုသိုက်ဖေသည် မြို့ပိုင်အလုပ်မှ နုတ်ထွက်ပြီး ညောင်ရမ်းရွာသို့ လာရောက်နေထိုင်ကတည်းက မသက်ဖူးမှာ ကိုသိုက်ဖေအား ကျေနပ်ခဲ့သူမဟုတ်ပေ။ ကိုသိုက်ဖေသည် ယောက္ခမလုပ်ခကို ထိုင်စားပြီး ယောက်ျားရင့်မကြီးဖြစ်ပါလျက် သူများကို မှီခိုနေရသောဘဝကို မသက်ဖူးက လုံးဝ သဘောကျခဲ့သည် မဟုတ်ပေ။ ယခု ကိုသိုက်ဖေမှာ သူများ လက်ဝေခံ ဘဝမှာပင် အစစ အရာရာ ဩဇာဝင်ပေးပြီး မန္တလေးဖားသား လဖုန်းကျောင်းသို့ ပို့လိုက်သည်ဟု မသက်ဖူးထင်သည်။

မသက်ဖူးက ဘော်ဒါဆောင် နေရသူများသည် မိဘနှင့်





င်အုပ်မကွာ နေခွင့်မရသဖြင့် ကြီးဘာသောအခါ အကြင်နာ ရားနည်းသည်ဟု ကိုသိုက်ဖေကို ကြည့်၍ ထင်မိသည်။

ကိုသိုက်ဖေသည် ငယ်စဉ်က မော်လမြိုင် စိန့်ပီတာတွင် နေခဲ့ရ၍လားမသိ လူအများအပေါ် အကြင်နာတရား ခေါင်းပါး သည်။ ဘော်ဒါဆောင်တွင် ငယ်ရွယ်သော ကလေးများမှာ အမြဲတမ်း အနိုင်ကျင့်ခံရသဖြင့် လောကကြီးကို မတရားဟု စွဲမှတ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကလေးများသည် အကြင်နာတရား နှင့် က်ဆံခြင်း မခံရဘဲ အမြဲတမ်း ကြောက်ရွံ့စိုးရိမ် နေရသဖြင့် စ်သည်။

အသက်အရွယ်ကလေး ရလာပြီး ကြီးပြင်းလာသော ကျောင်းသားသည် မိမိအနိုင်ကျင့်ခံခဲ့ရသမျှကို အတိုးချပြီး ယ်ထက်ငယ်ရွယ်သူများကိုပြန်ပြီး နိုင်ရာစားလုပ်ပြန်သည်။

ဘော်ဒါဆောင်နေခဲ့ရသူ ကျောင်းသားများသည် တ်စာတတ်မှုမမှန်ဟု မသက်ဖူးထင်သည်။ အချို့သော ကလေးများ သည် အနှိပ်စက်ခံရသဖြင့် အမြဲကြောက်လန့်နေတတ်ပြီး အချို့မှာ မြဲအနိုင်ကျင့်လိုစိတ်၊ နိုင်လိုမင်းထက်စိတ်၊ တစ်ကိုယ်ကောင်း လိုစိတ်များ များပြားသည်ဟု မသက်ဖူးထင်သည်။

သို့သော်လည်း မသက်ဖူး စိတ်ဖြေပါသည်။

သူတို့လို မိဘနှစ်ပါး စိတ်သဘောထားခြင်း မတိုက်ဆိုင် အကြင်နာတရားခေါင်းပါးသော အိမ်မျိုးတွင် နေရသည်ထက်



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါဆောင်တွင် နေရသည်က သားကလေးအဖို့ ပိုဖြီး ကောင်းမည်ဟု မသက်ဖူး ထင်လေသည်။

အိမ်ထောင်ကျစမှစပြီး သူ့ဘဝရည်မှန်းချက်များကို ရိုက်ချိုးခဲ့သော ကိုသိုက်ဖေကို မသက်ဖူးသည် မကျေနပ်ခဲ့ပေ။ ဘဝတစ်လျှောက်လုံးလည်း ကိုသိုက်ဖေမှာ ယောကျ်ားပီပီ အိမ်ထောင် တစ်ခုကို ရှာကျွေးရန် တာဝန်ရှိပါလျက် မိဘ၏ အမှီအခို မကင်းသော ဘဝသို့ ရောက်စေသော ကိုသိုက်ဖေကို မသက်ဖူး ခွင့်မလွှတ်နိုင်ပေ။

အိမ်ထောင်ကျပြီး သားကလေး မောင်သက်ဖေခေါ် မောင်ကံကောင်း မွေးဖွားခဲ့သည်အထိလည်း ကိုသိုက်ဖေမှာ ကိုယ့် သားကလေး၏ နောင်ရေးကို ထည့်သွင်းမစဉ်းစားဘဲ သူ့အဖို့ကိုသာ သူစဉ်းစားသည်။ ကိုသိုက်ဖေသည် သူသက်သာသလို နေခဲ့သည်။

မည်သူက မည်သို့ပင် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုသည် ဖြစ်စေ ကိုသိုက်ဖေသည် ယောက္ခမဖြစ်သူ ဦးဘိုးယွန်း၏ ပေးစာ ကမ်းစာကိုသာ အားကိုးပြီး အသက်ရှင်နေထိုင်ခဲ့သည်။ ယခု သားကလေး မောင်ကံကောင်းကို ကျောင်းထားသော စရိတ်မှာ လည်း အဘိုးဖြစ်သူ ဦးဘိုးယွန်း၏ စရိတ်နှင့်သာ ဖြစ်သည်။

ကိုသိုက်ဖေသည်ယောကျ်ားဖြစ်ပါလျက် ထိုမျှအားမကိုး သောအခါ မသက်ဖူးသည် အကြီးအကျယ် စိတ်ပျက်မိသည်။

မည်မျှပင် ဆင်းရဲမွဲတေသော အိမ်ထောင်စုဖြစ်ပါစေ မိန်းမ





နှင့် သားသမီးများသည် ကိုယ့်ယောကျ်ားကိုသာ အားကိုးလိုကြ သည်။ မသက်ဖူး အဖို့မှာမူ ကိုသိုက်ဖေသည် တစ်သက်လုံး အား ကိုးခဲ့ရသူ မဟုတ်ပေ။

ကိုသိုက်ဖေသည် ယောကျ်ားတစ်ယောက် ဖြစ်ပါလျက် လုံးဝအားမကိုးရသောအခါ မသက်ဖူးသည် ကိုသိုက်ဖေအား အကြီး အကျယ်စိတ်ပျက်မိသည်။

ထို့ကြောင့် မသက်ဖူးသည် ကိုသိုက်ဖေနှင့်အိမ်ထောင်ကျ စကတည်းက ကိုသိုက်ဖေအား အထင်မကြီးနိုင်တော့ပေ။ အိမ် ထောင်တစ်ခု၌ မိန်းမဖြစ်သူသည် ယောကျ်ားဖြစ်သူအား အမြဲတစေ အထင်ကြီးရမည် ဖြစ်သော်လည်း မသက်ဖူးကမူ ကိုသိုက်ဖေအား အထင်မကြီးရုံမျှမက အထင်ပါသေးနေမိသည်။

ကိုယ်အထင်သေးသူတစ်ယောက်နှင့် ပေါင်းသင်းနေရ သော မသက်ဖူးသည် အိမ်ထောင်ရေးနှင့် ပျော်ရွှင်မှု လုံးဝမရဘဲ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲနေရသည်။

ကိုသိုက်ဖေသည် မိန်းမနှင့် သားသမီးကို ရှာမကျွေးလျှင် လည်း အေးအေးဆေးဆေး နေသည်မဟုတ်။ ညောင်ရမ်းရွာ တစ်ရွာလုံး ဝိုင်းပယ်ထားသော ရာဇဝင်လူဆိုးတက်တူတို့ သားအဖ နှင့် ဒွေးရောယှက်တင် နေထိုင်ခဲ့သည်။

ထို့ကြောင့် ကိုက်ပေါ်၊ ဦးဘကြီးနှင့် ဘိုးကဲတို့ သေဆုံး သော ကိစ္စများတွင် တစ်ရွာလုံးက ကိုသိုက်ဖေအား လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



များတွင် ပါဝင်ပတ်သက်သည်ဟု ထင်ကြသည်။ ညောင်ရမ်းတစ်ရွာလုံးက ကိုသိုက်ဖေအား ရွံကြောက်ကြီး ဖြစ်နေသည်။

ထို့အတူ မသက်ဖူးသည်လည်း ကိုသိုက်ဖေအား ရွံကြောက်ကြီးဖြစ်နေကာ ပေါင်းသင်း၍သာ နေရသော်လည်း မေတ္တာစိတ်ထက် အော့နှလုံးနာစိတ်က ပိုများနေသည်။

ထို့ကြောင့် မသက်ဖူးမှာ နေ့စဉ် စိတ်မချမ်းသာဖြစ်ရသည်။ မသက်ဖူးသည် နေ့စဉ် စိတ်မချမ်းမသာ ဖြစ်ရသောအခါ စိတ်ထောင်း၍ ကိုယ်ကြေဖြစ်ရလေသည်။

စိတ်ချမ်းသာ ပျော်ရွှင်ရခြင်းမှ လူကို နုပျိုတက်ကြွ စေသော စိတ်နှလုံး ညှိုးနွမ်းညစ်ညူးရခြင်းမှာ လူတို့၏ နုပျိုသော ခန္ဓာကိုယ်ကို ဝါးမျိုပစ်တတ်လေသည်။

ထို့ကြောင့် မသက်ဖူးမှာ အရွယ်မတိုင်မီပင် စိတ်အိုလာသည်။ စိတ်အိုလာသည်နှင့်အတူ ရုပ်ကာယပါ ပျက်လာသည်။

ကြာသော် မသက်ဖူးမှာ အစားအသောက် အနေအထိုင်ပါ ပျက်ပြီး ကျန်းမာရေးပါ ဖေါက်ပြန်လာသည်။ ကျန်းမာရေး မကောင်းနေသည့်ကြား စိတ်မချမ်းမြေ့မှုကို ထပ်လောင်းပြီး သားကလေးမောင်ကံကောင်းကို လွမ်းသော စိတ်များ ပေါင်းလာသောအခါ အိပ်ရာထဲလဲသည့် အခြေအနေမျိုး ဖြစ်လာသည်။

မသက်ဖူး အိပ်ရာထဲလဲသောအခါ ကိုသိုက်ဖေ သူ့ဝတ္တရားအတိုင်း မင်းတိုင်းကျေ ပြုစုပါသည်။

❀ မိုးဆမ်းပန်းစာပေ



သို့သော် မသက်ဖူးက ကိုသိုက်ဖေ၏ မျက်နှာကို တွေ့လျှင် ရောဂါတိုးသည်ဟု အကြောင်းပြကာ ကိုသိုက်ဖေအား သူ့အခန်းထဲ မဝင်ရန် တားဆီးကန့်ကွက်လေသည်။

မသက်ဖူးက ထိုသို့ စိမ်းစိမ်းကားကား ဆက်ဆံသောအခါ ကိုသိုက်ဖေ အတော်ပင် တုန်လှုပ်ချောက်ချားသွားပါသည်။

ကိုသိုက်ဖေ၏ စိတ်ထဲတွင် မသက်ဖူးသည် သူ့အား မကျေမနပ်ဖြစ်ရုံ သဘောမကျနိုင်ရုံဟုသာ ထင်သည်။ ယခု မသက်ဖူးက မုန်းတီးစက်ဆုပ်ပုံကို ပြသောအခါ ကိုသိုက်ဖေ စိတ်ဓာတ်ကျဆင်းသွားပါသည်။

မသက်ဖူးသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိပ်ရာထဲ လဲရသည်အထိ စိတ်ထောင်းကိုယ်ကြေဖြစ်ရသည်ကို ကိုသိုက်ဖေသိသောအခါ သူ့ဘက်က ချွတ်ယွင်းလစ်ဟင်းမှု တာဝန်မကျေပွန်မှုများကို မြင်တွေ့သွားပါသည်။

ထို့ကြောင့် ကိုသိုက်ဖေသည် မသက်ဖူး စိတ်ချမ်းသာပြီး ကျန်းမာလာစေရန် အစွမ်းကုန်ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ကိုသိုက်ဖေသည် သူ၏ စိတ်ပိုင်းဖြတ်မှုကို မသက်ဖူးအား အသိပေးရန် မသက်ဖူး၏ အခန်းထဲသို့ဝင်ရန် ကြိုးစားသည်။ သို့သော် မသက်ဖူးက အတွေ့မခံလိုကြောင်း ပြတ်ပြတ် သားသားပင် ငြင်းဆန်သည်။

❀ မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်ဖေက မည်မျှပင် တောင်းပန်သော်လည်း မသက်ဖူးက လက်မခံပေ။

နောက်ပိုင်းတွင် ကိုသိုက်ဖေက ဦးဘိုးယွန်းနှင့်ဒေါ်သိုင်းချိုတို့ကို တောင်းပန်သဖြင့် ဦးဘိုးယွန်းက တောင်းပန်ပေးသော်လည်း မသက်ဖူးက သူ့အသေဖြောင့်အောင် ကိုသိုက်ဖေ၏ မျက်နှာကို ကြည့်မသွားရပါစနှင့်ဟု တောင်းပန်လေသည်။

ထို့ကြောင့် ကိုသိုက်ဖေသည် မသက်ဖူး၏ အခန်းထဲသို့ အတင်းအဓမ္မပင် ဝင်တွေ့ရလေသည်။

ထိုအခါ မသက်ဖူးသည် ခေါင်းအုံးပေါ် မျက်နှာကို မှောက်ချပြီး ကိုသိုက်ဖေအား မတွေ့လိုကြောင်း ပြသလေသည်။

ကိုသိုက်ဖေသည် စိတ်မချမ်းမြေ့စွာနှင့်ပင် မသက်ဖူး၏ ခုတင်ဘေးတွင် ဒူးထောက်ကာ မသက်ဖူးအား တောင်းပန်လေသည်။

"အသက်ရယ် အစ်ကိုကြီးတောင်းပန်းပါတယ်၊ အရင်က လိုပဲ စိတ်ချမ်းချမ်းသာသာနဲ့ နေပါ။ အစ်ကိုကြီးကို ဘယ်လိုဖြစ်စေချင်သလဲဆိုတာ အသက်ရဲ့ဆန္ဒကိုပြောပါ၊ အသက်ဖြစ်စေချင်တာ အစ်ကိုကြီး လုပ်ပါ့မယ်"

မသက်ဖူးက မျက်နှာကို ဝှက်ထားရာမှ ခေါင်းကို ခါယမ်းပြီး

"နောက်ကျသွားပါပြီ၊ ရှင် သိပ်နောက်ကျသွားပါပြီ၊ ကျွန်မ





စိတ်ချမ်းသာဖို့ ရှင်ဘယ်လိုမှ စွမ်းဆောင်နိုင်တဲ့ အင်အားရှိမှာ မဟုတ်ပါဘူး၊ ရှင်ဟာ ပညာတတ်ပေမယ့် အစကတည်းက လူစွမ်းလူစ ရှိတာမှ မဟုတ်ဘဲ"

မသက်ဖူးက နာကြည်းဒေါသဖြစ်စွာနှင့် ပြောချလိုက်သည်။

ကိုသိုက်ဖေက ခုတင်ပေါ်တွင် ဝါးခြမ်းပြားကလေး တင်ထားသလို ပိန်လှီလှသော မသက်ဖူးအား တုန်လှုပ်စွာ ကြည့်ရင်း

"ဘာဖြစ်လို့ နောက်ကျရမှာလဲ အသက်ရယ်၊ ပျက်အစဉ်မြင်ခဏပါ၊ အသက်စိတ်ချမ်းသာဖို့ ဆိုရင် အစ်ကိုကြီး ဘာပဲ လုပ်ရလုပ်ရ လုပ်ပါ့မယ်၊ အသက်သာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ကျန်းမာအောင် နေပါကွယ်"

"ရှင်ဒီစကားမျိုးကို ကျွန်မတို့ အိမ်ထောင်ကျစကတည်းက ပြောခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ ရှင်က အခုမှ ကျား ကိုက်တဲ့ ဒဏ်ရာကို ပရုတ်ဆီလူးဖို့ ကြိုးစားနေတာကိုး မရတော့ဘူးရှင့် ရှင် သိပ်နောက်ကျသွားပါပြီ"

"ဘာဖြစ်လို့ မရရမှာလဲ၊ အသက်က ငယ်ငယ်ကလေး ရှိသေးတာပဲ"

"ကျွန်မ အသက်က ငယ်ပေမယ့် ကျွန်မရဲ့ စိတ်က အိုမင်းရင့်မကာဘူး၊ ဆွေးမြေ့သွားပြီရှင့်၊ အသည်းတွေလဲ တဖွဲ့ဖွဲ့နဲ့ ကြွေကျခဲ့တာရှင်၊ လောကကြီးမှာ ကျွန်မ မနေရတော့ဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မနေရတော့မှာလဲ"

"ကျွန်မလဲ မနေချင်တော့ပါဘူးရှင်၊ မနေရမှာထ
မနေချင်တာက ပိုများပါတယ်၊ ကျွန်မ ရှင်နဲ့မနေချင်တော့ဘူး ရှင်
ကျွန်မရဲ့လင်ယောကျ်ား မဟုတ်ဘူး တကယ်တော့ ရှင်
ထောင်မှူး၊ ကျွန်မတို့ အိမ်ကြီးဟာလဲ ရှင်ရောက်လာတာနဲ့ အကျ
ထောင်ကြီးလို ဖြစ်သွားပြီ၊ အိမ်သားတွေအားလုံး ဘယ်သူမှ စိ
မချမ်းသာဘူး၊ ကျွန်မတို့ ညောင်ရမ်းရွာကြီးလဲ ရှင်ရောက်
ကတည်းက လူသတ်မှုတွေဖြစ်ပြီး ကြိမ်မီးအုံးသလိုဖြစ်နေရ
ကျီးလန့်စာစားသလိုလဖြစ်နေတာ၊ ရှင်လာတာ မကောင်းဘူ
ကျွန်မတို့ ရွာအတွက်လဲ မကောင်းဘူး၊ ရှင်ရောက်လာတာ
ရက်သားသမီး စိတ်မချမ်းသာဖို့ပဲ"

မသက်ဖူးသည် ရင်ထဲမှာ ခံစားရသမျှကို နာနာကြ
ကြည်းနှင့် ထုတ်ပြောလိုက်သည်။

မသက်ဖူးသည် ကိုယ့်ကိုယ်ကို သလူဟု သဘော
သောကြောင့်လည်း ထုတ်ပြောရဲခြင်း ဖြစ်သည်။ အကယ်
မသက်ဖူးသည် ကိုသိုက်ဖေနှင့် မျက်နှာချင်းဆိုင်နေရလျှင်လ
ထိုသို့ ပြောရဲမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မသ
သည် ကိုသိုက်ဖေအား ရွံ့ကြောက်ကြီး ကြောက်နေရသော
ဖြစ်သည်။ ယခုမူ မသက်ဖူးမှာ မျက်နှာကို ခေါင်းအုံးနှင့် အပ်
၍ ပြောရဲခြင်းဖြစ်သည်။





မသက်ဖူး ပြောသမျှကို ကိုသိုက်ဖေမှာ ဒေါသမဖြစ်ရုံမျှ
မက နောင်တနှင့် တစ်ဖန်ပူပန်ရလေသည်။

"ဟုတ်ပါတယ်ကွာ၊ ငါမှားပါတယ်၊ တကယ်တော့ အထက်
ကိုကြောက်၊ အောက်ကိုခြောက် တန်းတူကို လည်ပင်းညှစ် ပြည်သူ
ကို စိတ်ညစ်အောင် လုပ်တဲ့ တာတေလံအကျင့်ဆိုး ဖြူရိုကရက်
အရာရှိဆိုးတွေရဲ့ လုပ်ရပ်ကို ငါမုန်းတီးလို့ အလုပ်ထွက်ခဲ့တာပါ
မင်းအဖေရဲ့ မနအင်အားကို မှီပြီး အမျိုးသား စီးပွားရေး ထူထောင်
ဖို့ပါ၊ ဒါပေမယ့် ဒီရောက်တော့ မင်းအဖေက ငါ့ကို အထင်သေးမှု၊
မယုံကြည်မှုတွေနဲ့ ငါ့ရဲ့ရင်ဝကို ဆီးပြီး ကန်တာခံရတာပဲ၊ ဒါကြောင့်
ငါလဲ စိတ်လေလေနဲ့ ဘာမှ မလုပ်ဘဲ ထိုင်နေမိတာပဲ၊ အခုတော့
ငါမှားမှန်း သိပါပြီ"

"အခုမှ ရှင်မှားမှန်းသိသလား၊ ရှင်တတ်ထားတဲ့
ပညာအမွေဟာ ရှင့်ရဲ့အမှားကို ဒီလောက်တောင် နောက်ကျမှ
သိစေသလား၊ စာမတတ်ပေမတတ်တဲ့ လူတစ်ယောက်တောင် အိမ်
ထောင်ပြုပြီးရင် သူ့မှာ တာဝန်ရှိတယ်ဆိုတာ နားလည်တယ် ရှင့်၊
ဒီကြားထဲ ရှင်က အေးအေး ထိုင်မစားဘူး၊ တက်တူတို့လို လူမျိုး နဲ့
ပေါင်းပြီး ရွာကို နှိပ်စက်သေးတယ်"

"ဒါကတော့ အထင်မှားတာပါကွာ၊ ငါက တစ်ရွာသား
မဟုတ်လား၊ မင်းတို့ ညောင်ရမ်းရွာမှာ ငါတစ်ယောက်တည်း
လာနေရတာ ဒါကြောင့် ငါ့ကို အနိုင်မကျင့်နိုင်အောင် ငါမှာ ကျော



www.burmeseclassic.com

www.burmeseclassic.com



ထောက်နောက်ခံရှာတာပါ၊ တက်တူတို့ သွားအဖဟာ ငါ့ကို
ကျောထောက်နောက်ခံပါ၊ ငါ့ကို ညောင်ရမ်းရွာသားတွေက မ
ကားရဲအောင် ငါ့ဘဝကို ကျားကန်ထားတာပါ ငါဟာ တက်တူ တို့
ဝေစုခွဲစားနေတဲ့အခါပေး ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ တက်တူတို့နဲ့ ငါ
ပေါင်းတာ လူချင်းပေါင်းတာပါ၊ စိတ်ချင်း မပေါင်းပါဘူး၊ ဒ
ဒီလောက်လဲ အောက်တန်းမကျသေးပါဘူး"

ကိုသိုက်ဖေသည် မသက်ဖူး၏ ခုတင်ဘေးတွင် ဒူးထောက်
နေရာမှ မတ်တတ်ထလိုက်သည်။ စိတ်ပျက်အားလျော့နေသဖြ
ဘယ်နေရာမှ မရွေ့လျားနိုင်ဘဲ ငူငူကြီး ရပ်နေသည်။

"ဘာပဲပြောပြော ရှင်ဟာ ညောင်ရမ်းရွာအတွက် ကောင်း
ကျိုးကို ဘာတစ်ခုမှ လုပ်မပေးဖူးခဲ့ဘူး၊ ရှင်က ညောင်ရမ်းရွာ ကို
ကောင်းကျိုးပေးဖို့ လာတာမဟုတ်ဘူး၊ ဒုက္ခပေးဖို့ သက်သက်
ရှင်လာတာ"

မသက်ဖူးပြောသမျှမှာ ဟုတ်မှန်နေသဖြင့် ကိုသိုက်ဖေ
မည်သို့မျှ ချေပနိုင်ခြင်း မရှိဘဲ ခေါင်းကြီးငိုက်စိုက်ချနေသည်။

မသက်ဖူးသည် ရင်ထဲရှိသမျှကို ထုတ်ပြောလိုက်ရသဖြ
ရင်ထဲတွင် အနည်းငယ် သက်သာသလိုတော့ ရှိသည်။

သို့သော် မသက်ဖူးမှာ ရင်ထဲ၌ ခံစားရသမျှမှာ တင်းကျ
ပြည့်လျှံနေသဖြင့် ကရားရေလွှတ်သလိုပြောပြန်သည်။

"ကျောင်း သင်္ခမ်းလို အေးချမ်းသာယာတဲ့ ကျွန်မ

❀ မိုးဆမ်းပန်းစာပေ



အိမ်ကြီးကို ရှင်ရောက်လာတော့ လူသတ်ကုန်းလို ကျက်သရေကင်း
သွားပြီ ဟိုတုန်းက အလှူအတန်းနဲ့ တရားသံဝေနေတဲ့ ကျွန်မ
တို့အိမ်ဟာ လူတွေရဲ့ အတင်းပြောသံ တံတွေးထွေးသံတွေ၊ ရှုတ်
ချတဲ့ရဲ့သံတွေ ပြစ်တင်ဝေဖန်သံတွေနဲ့ သောသောညံပြီး လူတွေက
ရှောင်ခွာသွားကြလို့ တစပြင်လို တိတ်ဆိတ်နေရပြီ"

မှန်ပါသည်။ ဦးဘိုးယွန်းသည် သူရသော ပစ္စည်းများမှာ
ဘုရားပစ္စည်းဟု ယူဆပြီး ရဟန်းသံဃာများကို ပစ္စည်းလေးပါး
လှူဒါန်းပြီး မကြာခဏ ဆွမ်းစဉ်ဖိတ်ကျွေးခဲ့ရာ မသက်ဖူးတို့ အိမ်
ကြီးမှာ တရားဓမ္မသံများ ဖုံးလွှမ်းခဲ့သည်။ ပရိတ်မွန်းသံများ လှိုင်
ခဲ့သည်။

ကိုသိုက်ဖေရောက်လာပြီးသည်နှင့် ဘာအလုပ်မှ မလုပ်ဘဲ
ခင်တင်စီးစီးနှင့် အိမ်ဦးခန်း၌ အခန့်သား ထိုင်စားနေသော အခါ
ဦးဘိုးယွန်းသည် အလှူအတန်းလုပ်လျှင် ဒီလိုလူမျိုးနှင့် ရေစက်
ဆုံမည်ဆိုကာ သူ၏ ထိုက်အိမ်ကြီးတွင် အလှူအတန်း မလုပ်တော့
ဘဲ၊ လှူဒါန်းစရာရှိလျှင် ရွာဦးကျောင်း ကမ္မဋ္ဌာန်း ကျောင်းများသို့
သွားရောက်ပြီး လှူဒါန်းတော့သည်။

ထိုနောက် မသက်ဖူးသည် စကားပြောရသည်ကို မောပန်း
သဟန်နှင့် ရပ်နားလိုက်သည်။

ကိုသိုက်ဖေကလည်း သူ၏ အယူခံမှာ ဆုံးရှုံးပြီကို
သိသဖြင့် လျှောက်လဲချက် မပေးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မသက်ဖူး၏ အခန်းသည် အပ်ကျသံ ကြားလောက်အောင် တိတ်ဆိတ်နေသည်။

အတန်ကြာသောအခါ မသက်ဖူးက ကိုသိုက်ဖေအား နှင်ထုတ်လိုက်သည်။

"သွားပါတော့ရှင် ကျွန်မကို သနားရင် ဒီအခန်းထဲက ရှင်ထွက်သွားပါတော့ ကျွန်မ ရှင့်မျက်နှာကိုလဲ မကြည့်ချင်ဘူး ရှင်နဲ့ ကျွန်မ စကားမပြောချင်တော့ဘူး ရှင်ဒီအခန်းထဲက ထွက်သွားပါ"

မသက်ဖူးက အားအင် ကုန်ခန်းနေသဖြင့် တိုးညှင်းသောလေသံနှင့် တောင်းပန်လေသည်။

ကိုသိုက်ဖေကမူ ငွတ်ပေပြီးရပ်နေသည်။ ကိုသိုက်ဖေသည် လှုပ်ရှားရန်ပင် မေ့လျော့နေသလိုလို ငူငူကြီးရပ်နေသည်။ ကိုသိုက်ဖေထံမှ အသက်ရှူသံပင် မကြားရလောက်အောင် ငြိမ်သက်နေသည်။

ထို့ကြောင့် မသက်ဖူးက ကိုသိုက်ဖေ ထွက်သွားပြီ အထင်နှင့် မှောက်နေရာမှ ပက်လက်လှန်လိုက်ရာ ကိုသိုက်ဖေကို တွေ့ရသောအခါ သရဲတစ္ဆေကို တွေ့လိုက်ရသလို ထိတ်လန့်သွားပြီး ရင်များ တဆတ်ဆတ် တုန်သွားသည်။

မသက်ဖူးသည် သူ့ရင်ဘတ်ကို သူပြန်ဖိပြီး ချောင်းကြီးငံ့ချလိုက်ကာ ကိုသိုက်ဖေအား အငမ်းမရ တောင်းပန်လေသည်။

"သွားပါ၊ သွားပါ ရှင်ဒီအခန်းထဲက ထွက်သွားပါ၊ ကျွန်မ





ကို ညှာတာထောက်ထားရင် ရှင် ဒီအခန်းထဲက ထွက်သွားပါ၊ ျွန်မကို သနားရင် ရှင် ဒီအခန်းထဲက ထွက်သွားပါ"

ကိုသိုက်ဖေက တိုးသက်ညင်သာသောလေသံနှင့် -

"အစ်ကိုကြီးကို ဒီလောက်တောင်ပဲ မုန်းတီးနေသွားပြီ လားသက်ရယ်၊ အစ်ကိုကြီးမှာ စကားပြောခွင့်လေးတောင် မရှိတော့ဘူးလား၊ အယူခံ အသနားခံခွင့်တောင် မရှိတော့ဘူးလား"

"တော်ပါတော့ရှင် အယူခံတယ်ဆိုတာ တရားရုံးပိုင်ကဲ့ရားသူကြီးဆီမှာ အယူခံရတာပါ၊ ကျွန်မလိုမိန်းလောင်တိုက်င်းပြီး အညှဉ်းဆဲခံရတဲ့ လူတစ်ယောက်ဆီက အယူခံလိုာထူးမှာလဲ ကိုယ့်ရဲ့ အနိုင်စက်ခံ အခြယ်လှယ်ခံတဲ့ လူတစ်ယောက်ဆီက ခွင့်လွှတ်ဖို့တော့ ရှင်က ဘာဖြစ်လို့ လောဘတကြီး လိုချင်ရတာလဲ၊ အစက ရှင် ဒါတွေ မသိဘူးလား၊ အယူခံဟာက် ဖြစ်မှကျုံးလွန်တာက ပိုမကောင်းဘူးလား၊ ရှင် ဘာဖြစ်လို့ယူခံနေရမှာလဲ၊ ငါလုပ်တဲ့ဒဏ်ကြောင့် ငါ့ရန်သူဟာ လုလုကြီးားသွားရပြီလို့ ရှင်ဝမ်းသာကြည်နူးနေတာက ရှင့်အတွက် ပိုပြီးရိုသာမရှိဘူးလား"

ထိုစကားကိုကြားရသောအခါ ကိုသိုက်ဖေက ပျာပျာသလဲင်ပြောလိုက်သည်။

"အသက်ဟာ အစ်ကိုကြီးရဲ့ ရန်သူ မဟုတ်ပါဘူး"

မသက်ဖူးကလည်း အရိုးသားဆုံး စကားပုံလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"မိတ်ဆွေယောင်ဆောင်တဲ့လူဟာ ရန်သူထက် ပိုပြီး ဆိုးဝါးပါတယ်"

ကိုသိုက်ဖေသည် မသက်ဖူးအား ဘယ်တုန်းကမှ မမုန်းခဲ့ကြောင်း ယခုလို ယောက္ခမလုပ်စာ ထိုင်စားနေရသည်မှာလည်း မသက်ဖူးနှင့် အိုးမကွာ အိမ်မကွာ မခွဲမခွါလို၍ ဖြစ်ကြောင်း စသည်နှင့် တောင်စဉ်ရေမရ စကားများကို လျှောက်ပြောနေသည်။ ကိုသိုက်ဖေ၏ စကားများ ရှည်လျားသော်လည်း အသားမပါ၊ တရားမပါ၊ ရှေ့နောက်လည်း မညီ၊ ယုတ္တိလည်း မတန်၊ အမှန်သို့လည်း မသက်ရောက်ပေ။

ထို့ကြောင့် မသက်ဖူးက နားခါးလှပြီး သူ၏ နားများကို လက်နှစ်ဖက်နှင့် ပိတ်ကာ

"တော်ပါတော့ရှင်၊ အခြေခံကစပြီး မှားနေတဲ့ရှင့်ရဲ့ စကားကို စကားလုံးတိုင်း ရွေးချယ်ထားတောင် မုသာဝါဒဆိုတဲ့ အပုပ်နံ့ကြီးက ထွက်နေမှာပါပဲ၊ ကြားရသူ ငြီးရုံမကဘူး နံစော်နေတာပါပဲ၊ တော်ပါတော့ရှင်၊ ရှင့်ပါးစပ်က ဟတိုင်း လူတွေ ဒုက္ခရောက်ဖို့ပါပဲ ရှင့်ပါးစပ် မဟာပါနဲ့တော့၊ ရှင့်ပါးစပ်က လူတွေကို ကောင်းကျိုးပြုတဲ့စကား၊ မင်္ဂလာရှိတဲ့ စကားတွေ ပြောတာ မဟုတ်ပါဘူး၊ လူတွေကို ဒုက္ခပေးတဲ့စကား၊ ယုတ်စွအဆုံး ရှင်ဟာ ရှင့်ရဲ့ စကားက လူတွေကို နှိပ်စက်နေတာသက်သက်ပါပဲ"





ထို့နောက် ကိုသိုက်ဖေက အမျက်ပြေစား တောင်းပန်စကားများ ပြောသည်။ မသက်ဖူးက ခုတင်ပေါ်တွင် ပြန်မှောက်ပြီး နားကို ပိတ်ထားလိုက်သည်။ ကိုသိုက်ဖေကို ကြည့်လည်း မကြည့်တော့ပေ။ ကိုသိုက်ဖေ၏ စကားကို နားလည်း မထောင်တော့ပေ။

ကိုသိုက်ဖေက သူမှန်ကြောင်း၊ သူလုပ်တာ တရားမျှတကြောင်း၊ သူလုပ်တာ စေတနာပါကြောင်း၊ သူသည် အိမ်ထောင်အပေါ်၌ အလွန်သက်ညှာသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း။ သူသည် ငွေကြေးဥစ္စာ ရာထူးစည်းစိမ် မက်မောသူမဟုတ်ကြောင်း။ သူ့လိုတော်သော ယောကျ်ားမျိုးကို ရှာကြည့်လျှင် ဆမင်းထုပ်ပင် သိုးမည်ဖြစ်ကြောင်း။ အမှားဟူသမျှကို အသားပါပါနှင့် ပြောဆိုနေသေးသည်။

သို့သော် မသက်ဖူးက အသားမပါသော စကား၊ တရားမပါသော စကားများကို နားမထောင်တော့ပေ။

ကြာသော် ကိုသိုက်ဖေသည် နားထောင်သူမရှိဘဲ သူရူးတစ်ယောက်လို စကားပြောနေခြင်း ဖြစ်ကြောင်း သဘောပေါက်မှာ သူ့ စကားကို ရပ်လိုက်သည်။

ထို့နောက် ကိုသိုက်ဖေသည် မသက်ဖူးအား တောင်းပန်ရဘဲ လက်လျှော့ကာ မသက်ဖူး၏ အခန်းထဲမှ တိတ်ဆိတ်စွာ ထွက်ခဲ့ရသည်။

ထိုနေ့က ကိုသိုက်ဖေသည် မသက်ဖူးအား နောက်ဆုံး တွေ့

www.burmeseclassic.com



လိုက်ရခြင်းပင်ဖြစ်သည်။

ထိုသို့ နောက်ဆုံးတွေ့ရပြီးနောက် (၂)ရက်ခန့် ကြာသော အခါ မသက်ဖူး သေဆုံးသွားတော့သည်။ မသက်ဖူး အသက်ထွက်ခါနီး နောက်ဆုံးအချိန်တွင် ကိုသိုက်ဖေက တွေ့ဆုံခွင့် တောင်းသော်လည်း မသက်ဖူးက လုံးဝအတွေ့မခံဘဲ သူ၏ နာကြည်းမှု ကို ပြသသွားလေသည်။ တစ်နည်းအားဖြင့်လည်း မသက်ဖူးသည် သူမုန်းတီးသော ကိုသိုက်ဖေကို ကလဲ့စားချေသွားလေသည်။

ကိုသိုက်ဖေသည်မသက်ဖူး၏ အလောင်းရှေ့တွင် ဒူးထောက်ထိုင်ပြီး ရှိုက်ကြီးတငင် ငိုကြွေးပါသည်။

ဦးအိုးယွန်းက သူ့သမီးကလေး မသက်ဖူး၏ အလောင်းကို မချိတင်ကဲ ကြည့်ရင်း ကိုသိုက်ဖေ ကြားရလောက်အောင် ဒေါသဖြစ်စွာနှင့် ရေရွတ်လေသည်။

“သက်ဖူးဟာ ရိုးရိုးသေတာ မဟုတ်ဘူး၊ လူသတ်မှု၊ လူသတ်မှု၊ အရွယ်နဲ့ မလိုက်အောင် စိတ်ဝေဒနာခံစားရပြီး သေသွားတာ ဓားနဲ့ထိုးသတ်မှ လူသတ်မှု မဟုတ်ဘူး၊ စိတ်နဲ့သတ်ရင်လဲ လူသတ်မှုပဲ”

ဒေါ်သိုင်းချိုကလည်း သူ့အချစ်ဆုံးသမီးကလေး မသက်ဖူး၏ အလောင်းကို ဖက်ကာ နာကြည်းစွာနှင့် ငိုလိုက်၊ စကားနာထိုးလိုက် ဖြစ်နေသည်။

“အိမ်မှာ ငါ့ သမီးကလေးက အငယ်ဆုံး၊ အခုတော့ ငါ့





သမီးကလေး အရင်ဆုံး သေရတယ်၊ ငါ့သမီးလေးဟာ ပျော်ရွှင်ရမယ့် အရွယ်မှာ လင်ရက်ဆိုးလို့ အခုလို အရွယ်မတိုင်မီ သေရတော့တာ”

ဒေါ်သိုင်းချိုက စကားနာထိုးရုံနှင့် အားရတင်းတိမ်ခြင်း ရှိဟန်မတူဘဲ ကိုသိုက်ဖေကို ကျိန်ဆဲနေသေးသည်။

“တစ်ရွာလုံးက ချစ်တဲ့ ငါ့သမီးလေး အသေစာရှာတယ်၊ တစ်ရွာလုံးက မုန်းနေတဲ့သူများကျတော့ သေလဲ မသေနိုင်ဘူးတော်”

ဒေါ်သိုင်းချို၏ စောင်းချိတ်ပြီး ငိုသံကြောင့် ကိုသိုက်ဖေ ခေါင်းနပန်းကြီးသွားသည်။ စိတ်ထဲတွင် ခိုးလုခုလု ဖြစ်သွားသည်။

မည်သို့ဆိုစေ ကိုသိုက်ဖေသည် မသက်ဖူးကို ချစ်ပါသည်။ သူ၏ အနေအထိုင် အပြုအမူ အပြောအဆိုများသည် မသက်ဖူး အဖို့ သဘောမတွေ့စရာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကိုသိုက်ဖေက ချစ်ရာ မရောက်ဘဲ သက်ဖူးကို နှစ်ရာရောက်ကောင်း ရောက်နိုင်ပါသည်။

မသက်ဖူးတွင် ပြောစရာ ရောဂါကြီးကြီးမားမား မရှိလှပါ။ အသက်ကလေးရလာသဖြင့် ခေါင်းမူးသော ရောဂါဝေဒနာသာ ရှိပါသည်။ ထိုခေါင်းမူးသော ဝေဒနာကိုလည်း အပရိကဝေဒနာဟု ကိုသိုက်ဖေ ထင်ခဲ့ပါသည်။ သို့သော် မသက်ဖူးတွင် စိတ်ဆောင်း၍ ငြိုကြသော ဝေဒနာက အတွင်းလှိုက်စားသည်မှာ ကြာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝေဒနာကြောင့် မသက်ဖူးသည် လောကကြီး၌ နေရသည်မှာလည်း ပျော်ရွှင်မှုမရှိ။ စားရသည်မှာလည်း ခံတွင်းမတွေ့နိုင်ဖြစ်ခဲ့သည်မှာကြာပါပြီ။

ပြောရလျှင် မသက်ဖူးမှာ ရွှေဘုံပေးထိုင်ပြီး အားပြတ်ခဲ့သည်မှာ ကြာပါပြီ။ အဆိုးဆုံးမှာ စိတ်ဓါတ်ပျက်ပြားကျဆင်းနေခြင်းဖြစ်ပါသည်။

သို့သော်လည်း ငုံးဆူးလူမသိဆိုသလို မသက်ဖူးမှာ အားပြတ်ပြီး စိတ်ဓာတ်ကျနေသော ရောဂါကို ကိုသိုက်ဖေမသိ။ မသက်ဖူးသည် ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် သေသွားလိမ့်မည်ဟု ကိုသိုက်ဖေ မထင်ခဲ့ပေ။

ကိုသိုက်ဖေ၏ စိတ်ကူးထဲတွင် သူ့ထက် အသက်အရွယ်ကြီးသော ဦးဘိုးယွန်းနှင့်ဒေါ်သိုင်းချိုတို့က အသက်အရွယ်ကြီးသူက သေစတမ်းဟုဆိုသော အသက်အရွယ်အရ အစီအစဉ်အတိုင်းသူတို့လင်မယားထက် အလျင်သေသွားရလိမ့်မည်ဟု ထင်သည်။

ထိုအခါတွင် ကိုသိုက်ဖေ၊ မသက်ဖူးနှင့် သားကလေးဖိုးကံကောင်းတို့သည် ရန်ကုန်မြို့ဖြစ်စေ၊ မန္တလေးမြို့၌ဖြစ်စေ တက်ပြီး စတိုင်ကျကျ ဇိမ်နှင့်နေမည်ဟု စိတ်ကူးယဉ်ခဲ့ပါသည်။

မှန်ရာပြောရလျှင် ကိုသိုက်ဖေသည် ညောင်းရမ်းရွာရှိ ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးတွင် မနေချင်တော့ပါ။

ဤတိုက်အိမ်ကြီးသည် ကြီးမားကျယ်ပြန့်လှသော်လည်း





ကိုသိုက်ဖေအဖို့ စိတ်ကျဉ်းကျပ်နေသည်မှာ ကြာပါပြီ။ ဤအိမ်ကြီးမှာ ကြီးမားလှသော်လည်း စိတ်ထဲတွင် အခြောက်အခြမ်း ရှိသလို သရိုးသရီဖြစ်ကာ စိတ်မသန့်သည်မှာ ကြာပါပြီ။

ဤအိမ်ကြီးမှာ တိုက်သစ်ကြီးဖြစ်သော်လည်း နေရသူတိုင်းအား စိတ်မချမ်းမသာဖြစ်စေသော ကျိန်စာ သင့်နေသလား။ ဗိသုကာပညာအရ အိမ်ဆောက်ရာတွင် အမှားအယွင်း ရှိပြီး ခိုကနေသလားဟု ကိုသိုက်ဖေ ထင်မိသည်။

အကယ်၍ ဦးဘိုးယွန်း သေဆုံးသွားလျှင်ပင် ဒေါ်သိုင်းချိုကို ဆွယ်တရားဟောပြီး ဤညောင်ရမ်းရွာမှ စွန့်ခွာကာ အခြားမြို့ကြီး ပြကြီးများသို့ ပြောင်းရွှေ့နေမည်ဟု ကိုသိုက်ဖေတွင် စိတ်ကူး ရှိသည်။ ကိုသိုက်ဖေသည် ဤအိမ်ကြီးကို စွန့်ခွါ ထွက်ပြေးချင်ပေပြီ။

ဦးဘိုးယွန်းမှာ ဤတိုက်အိမ်ကြီးနှင့် ဤညောင်ရမ်းရွာမှ သေမှသာ စွန့်ခွာမည့်ပုံမျိုးဖြစ်သည်။ ထို့ကြောင့် ဦးဘိုးယွန်း အားလေကုန်ခံပြီး ဆွယ်တရားဟော မနေတော့ပေ။ ဒေါ်သိုင်းချိုမှာ မိန်းမသားဖြစ်ပြီး သမီးဖြစ်သူ မသက်ဖူးနှင့် ခွဲခွာနိုင်သူ မဟုတ် သဖြင့် ဒေါ်သိုင်းချိုကို ဤရွာကြီးမှ အခြားတစ်နေရာသို့ ခေါ်ထုတ်သွားရမှာ လွယ်ကူမည်ဟု ကိုသိုက်ဖေ ထင်သည်။

ထို့ကြောင့် ကိုသိုက်ဖေသည် ဦးဘိုးယွန်း သေမည့်အချိန်ကို သူ့ဘဝကို အပျက်အယွင်း ခံကာ ထိုင်စောင့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲသေသား စားလိုသဖြင့် ကျွဲသေရန် လင်းတ ထိုင်ပြီး ကျိန်ဆဲ
သလို ကိုသိုက်ဖေ ထိုင်ပြီး စောင့်ခဲ့သည်။ ဦးဘိုးယွန်းကလဲ လင်းတ
ကျိန်ဆဲတိုင်း ကျွဲမသေခဲ့ပေ။

ယခု သေမယ့်သေတော့ ဤအိမ်ကြီးတွင် အသက်အငယ်
ဆုံး မသက်ဖူးက ဤအိမ်ကြီးမှ အလျင်ဆုံး စွန့်ခွာသွားသော အခါ
ကိုသိုက်ဖေ အကြီးအကျယ် စိတ်ပျက်သွားသည်။ စိတ်ဓာတ်လည်း
အကြီးအကျယ် ကျသွားသည်။

ကိုသိုက်ဖေ၏ စိတ်ကူးယဉ်အိပ်မက်ကြီးမှာလည်း
မသက်ဖူး သေဆုံးခြင်းနှင့်အတူ တစ်စစီ လွင့်မျောပျက်စီးသွား
လေသည်။

သမီးဖြစ်သူ မသက်ဖူးကို သင်္ဂြိုဟ်သောအခါ ဦးဘိုးယွန်း
သည် အုတ်ဂူကြီးတစ်ခုကို ဆောက်ပါသည်။ ထိုအုတ်ဂူကြီးမှာ
မြန်မာ့သင်္ချိုင်းများတွင်မြင်နေကျ မြေပိုင်ရှင် သူဌေးများ၏ အုတ်ဂူ
ထက် ကြီးမားပါသည်။

ဦးဘိုးယွန်းက "ငါ့သမီးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်
ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ သေသွားရရှာတယ်၊ ဒါကြောင့် လွတ်လွတ်
လပ်လပ် ချောင်ချောင်ချိချိ နေပါစေ" ဟုဆိုကာ အုတ်ဂူကြီး
တည်ဆောက်ပေးခြင်း ဖြစ်ပါသည်။

မသက်ဖူး၏ အုတ်ဂူကြီးသည် ညောင်ရမ်းရွာသင်္ချိုင်းတွင်
အထီးတည်းတည်ရှိနေပါသည်။ တစ်နေ့တွင် ထိုအုတ်ဂူကြီး ပေါ်





ပန်းခွေတစ်ခွေ ချထားသည်ကို ထူးဆန်းစွာ တွေ့ရပါသည်။

ထိုပန်းခွေမှာ ဦးဘိုးယွန်းနှင့်ကိုသိုက်ဖေတို့က လွမ်းသူ့
ပန်းခွေအဖြစ် ချထားခြင်း မဟုတ်ပါ။ မည်သူ တစ်စုံတစ်ယောက်က
ပန်းခွေလာချထားသနည်းဟု စုံစမ်းကြသော်လည်း စုံစမ်း၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၀ )

## အာဇာနည်မ



ကြာမျိုးငါးပါးနှင့်တင့်တယ်သော ရေကန်သည် အမြဲတမ်း ငြိမ်သက်နေရသဖြင့် ရေပုပ်ရေသိုးတို့ သိုလှောင်ရာ ဖြစ်နေတတ်၏။

ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးသည်လည်း မသက်ဖူး ကွယ်လွန်အနိစ္စ ရောက်သွားပြီးနောက် ပို၍ တိတ်ဆိတ်ငြိမ်သက် သွားရာ အိမ်ကြီးသည် ကျက်သရေ ကင်းမဲ့ပြီး တစပြင်နှယ် ဖြစ်သွားလေ၏။

မသက်ဖူးကြောင့် သမက်တော်နေရပြီး မသက်ဖူး မျက်နှာ နှင့် နေနေရသော ကိုသိုက်ဖေသည် မသက်ဖူး မရှိတော့လျှင် ဤအိမ်ကြီးမှ ထွက်ခွာသွားလိမ့်မည်ဟု ဦးဘိုးယွန်းထင်ခဲ့သည်။

သို့သော်ကိုသိုက်ဖေက တုတ်တုက်မျှ မလှုပ်။ ဤအိမ် ကြီးမှ ထွက်ခွာသွားမည့်ဟန် လုံးလုံးမပြပေ။

www.burmeseclassic.com



ထို့ကြောင့် ဦးဘိုးယွန်းက ကိုသိုက်ဖေအား ဤအိမ်ကြီးမှ စွန့်ခွာသွားစေချင်သော ဆန္ဒနှင့် မသက်ဖူး သေဆုံးပြီး မကြာမီ ပင် "မောင်သိုက်ဖေ မင်းဇနီး ဆုံးသွားလို့ ဒီအိမ်ကြီးမှာ မနေချင်တော့ ဘူးဆိုရင်လဲ ဘာမှ အားမနာနဲ့၊ မင်းသွားချင်ရာ သွားနိုင်တယ်၊ ငါ့မြေးကလေး ဖိုးကံကောင်းအတွက်လဲ ဘာမှ နောက်ဆံမတင်းနဲ့ အဘတို့ လုံးဝတာဝန်ယူတယ်" ဟု ယဉ်ယဉ်ကျေးကျေး နှင်ထုတ် လေသည်။

ကိုသိုက်ဖေက ထိုသို့နှင်သော်လည်း ထွက်သွားလိုသော လက္ခဏာ မပြဘဲ "ကျွန်တော့်သားလေး ရှိနေသမျှတော့ ကျွန်တော် ဘယ်မှမသွားနိုင်ဘူး၊ ကျွန်တော့်သားကလေးကို စောင့်ရှောက် ရမယ်၊ တကယ်လို့ ကျွန်တော် ဒီအိမ်က ထွက်သွားမယ်ဆိုရင်လဲ ကျွန်တော့်သားကလေးကို ခေါ်သွားရမှာပဲ" ဟု တစ်ခွန်းသာ ပြော သည်။

ကိုသိုက်ဖေက မသက်ဖူး မရှိတော့သော်လည်း ဦးဘိုးယွန်း ၏ ကိုက်အိမ်ကြီးတွင်ပင် အခန့်သားနေသည်။ ဦးဘိုးယွန်းကလည်း သူ့မြေးကလေး ဖိုးကံကောင်းကို ကိုသိုက်ဖေခေါ်သွားမည် စိုးရိမ် သဖြင့် နောက်ထပ် အိမ်ပေါ်က မနှင်ချ…တော့ပေ။

ဦးဘိုးယွန်း၏ အိမ်ကြီးပေါ်တွင် ကိုသိုက်ဖေတစ်ယောက် မသက်ဖူး၏ မျက်နှာနှင့် နေခဲ့ရာမှ ယခုအခါ သားကလေး ဖိုးကံကောင်း၏ မျက်နှာနှင့် ဆက်နေပြန်သည်။

❀ မိုးဆယ်ပန်းစာပေ



မသက်ဖူး သေဆုံးပြီးနောက် ကိုသိုက်ဖေ၏ အပြုအမူ အချို့သည်ပြောင်းလဲသွားသည်။ ကိုသိုက်ဖေသည် ညတိုင်း ညောင်ရမ်းဘူတာရုံသို့ ဆင်းပြီး သတင်းစာကိုယူရာ ယခုအခါ သတင်းစာကို သွားမယူတော့ပေ။

ထို့အပြင် ညောင်ရမ်းရွာတွင် ကိုသိုက်ဖေအဖို့ ယည်စရာ …စရာ တစ်အိမ်တည်းသာဖြစ်သော တက်တူတို့ သားအဖ အိမ် သို့ပင်လျှင် ကိုသိုက်ဖေ ခြေဦးမလှည့်တော့ပေ။

ကိုသိုက်ဖေသည် သူ၏ အခန်းထဲမှ တစ်နေ့လုံး လုံးဝ ထွက်တော့ပေ။ အိမ်သားများဖြစ်သော ဦးဘိုးယွန်းနှင့် ဒေါ်သိုင်းချို တို့အားလည်း စကားလုံးဝ မပြောတော့ပေ။

နဂိုက စကားနည်းသော ကိုသိုက်ဖေသည် ယခုအခါ လုံးဝ စကားမပြောတော့ဘဲ အခန်းသာ အောင်းနေလေသည်။

အချို့က ကိုသိုက်ဖေသည် ယခုလို အိမ်ထဲက အိမ်ပြင် ထွက်ဘဲ အခန်းအောင်းနေသည်မှာ အကယ်၍ ကိုသိုက်ဖေသည် အပြင်သို့ သွားပါက ဦးဘိုးယွန်းက သူ၏ တိုက်တံခါးကို ပိတ်ထား ၍ ကိုသိုက်ဖေအား နှင်ထုတ်ပစ်မည်ကို စိုးရိမ်၍ဟု ဆိုကြသည်။

အမှန်မှာ ဦးဘိုးယွန်းသည် သူ့မြေးကလေး ဖိုးကံကောင်း မစွန့်ခွါနိုင်သမျှ ကိုသိုက်ဖေအားအိမ်ပေါ်မှ နှင်ချ၍ မဖြစ်ချေ ကြောင်း သဘောပေါက်ပါသည်။ ထို့ပြင် ကိုသိုက်ဖေသည် သားကလေး ဖိုးကံကောင်းနှင့် သူ၏ နိုင်ပေါက်ကို ကိုင်ထားသည်

❀ မိုးဆယ်ပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းကိုလည်း ဦးဘိုးယွန်းနားလည်မိပါသည်။ ထို့ကြေ
ကိုသိုက်ဖေအား ဦးဘိုးယွန်း အိမ်ပေါ်ကနှင်မချတော့ပါ။

ကိုသိုက်ဖေသည် ဦးဘိုးယွန်း၏ တိုက်အိမ်ကြီး
တောက်တဲ့ကပ် ကပ်နေရာမှ ခရီးသွားဖို့အကြောင်း ဖြစ်လာပါသ
မသက်ဖူး ကွယ်လွန်အနိစ္စရောက်စဉ်က သားကလေး ဖိုးကံကော
ကို မန္တလေး ဖားသားလဖုန်းကျောင်းမှ သွားခေါ်ခဲ့ရာ
ဖိုးကံကောင်းကလေးအား ကျောင်းပြန်ပို့ရန် အချိန်ရောက်
ဖြစ်ပါသည်။

သားကလေး ဖိုးကံကောင်းကို ကျောင်းပြန်အပ်ရန်
အတွက် ဦးဘိုးယွန်းက ကလေးကို ဝေးဝေးလံလံ မန္တ
ဖားသားလဖုန်းကျောင်းသို့ မပို့တော့ဘဲ သာစည်မြို့ရှိ ဂါးဗာ
ဟိုက်စကူးစွင်သာ ပို့ဖို့ ညှိနှိုင်းပါသည်။ သာစည်တွင်ဆိုလျှင်
ကလေးကို မကြာခဏ သွားရောက်ကြည့်ရှုနိုင်ပြီး စနေ၊ တနင်္ဂ
နေ့များတွင် မြေးကလေးကိုလည်း ခေါ်တွေ့လို့ရသည် မဟုတ်
လော။

မသက်ဖူး ကွယ်လွန်သွားပြီးနောက် ဦးဘိုးယွန်းက
ကိုသိုက်ဖေကပါ မသက်ဖူးကိုယ်စား သားကလေး ဖိုးကံကောင်
စုပုံပြီးချစ်နေကြသည်။ ဒေါ်သိုင်းချို့ကဆိုလျှင် လေးတန်းအော
သားဖြစ်နေသော မောင်ကံကောင်းကလေးကို ရင်ခွင်
မခွာတ်ချင်ပေ။

❀ မိုးဆမ်းပန်းစာပေ



သားကလေးဖိုးကံကောင်းကို သာစည်ကျောင်းသို့ ပို့ရန်
စ္စကို ကိုသိုက်ဖေကလည်း သဘောတူသည်။ သူကလည်း
ားကလေးကို ဝေးဝေးလံလံ ခွဲမထားချင်တော့ပေ။ မသက်ဖူးကို
ွမ်းသမျှ သားကလေး၏ မျက်နှာကိုကြည့်ပြီး ဖြေရပါမည်။

သားကလေး မောင်ကံကောင်းကို သာစည်ကျောင်းသို့
န်ကိစ္စနှင့်ပတ်သက်ပြီး ပထမဆုံးအကြိမ် သမက်နှင့် ယောက္ခမ
သဘောတူညီချက်ရသည်။

ထို့ကြောင့် ကိုသိုက်ဖေသည် မန္တလေးသို့သွားပြီး သား
လေးကို ကျောင်းနုတ်ရန်ကိစ္စနှင့် သာစည်ကျောင်းတွင် ကျောင်း
င်ရန်ကိစ္စနှင့် ပတ်သက်ပြီး ကိုသိုက်ဖေသည် ခရီးထွက်ရမည်
သည်။

ကိုသိုက်ဖေသည် မန္တလေး ဖားသားလဖုန်းကျောင်းသို့
ပြီး ကျောင်းနုတ်ကာ ကျောင်းထွက်လက်မှတ်ရလျှင် သာစည်
ပြန်လာရမည်။ ဦးဘိုးယွန်းက မြေးကလေး ဖိုးကံကောင်းအား
စည်သို့ ခေါ်လာရန် စီစဉ်ထားကြသည်။

ကိုသိုက်ဖေရော ဦးဘိုးယွန်းပါ ခရီးထွက်သွားကြသော
ကြီးမားသော တိုက်အိမ်ကြီးတွင် ဒေါ်သိုင်းချိုတစ်ယောက်သာ
ရစ်လေသည်။

ဒေါ်သိုင်းချိုက ဦးဘကြီး၏ဇနီး ဒေါ်ဖြူမကို အဖော်
ထားလိုသော်လည်း ဦးဘိုးယွန်းက ဒေါ်ဖြူမကို မခေါ်စေချင်

www.burmeseclassic.com

www.burmeseclassic.com



ပေ။ အဘယ်ကြောင့်ဆိုသော် ဒေါ်ဖြူမမှာ လင်ရောသားပါ သေဆုံးသွားပြီဖြစ်သဖြင့် စားရမဲ့ သောက်ရမဲ့ ဖြစ်နေရာ ဤအိမ်ကြီးတွင် ခေါ်ထားလျှင် ကုတ်ကပ်ပြီး ဆက်နေမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

ဒေါ်သိုင်းချိုက ဤအိမ်ကြီးတွင် ထမင်းချက်လုပ်သွားသော ဒေါ်ဖြူမကို သံယောဇဉ်တွယ်နေမိပြီး၊ ယခုလို စားရမဲ့ သောက်ရမဲ့ ဒုက္ခရောက်နေသောအချိန်တွင် အိမ်ကြီးပေါ်သို့ တစ်သက်လုံး ခေါ်တင်ထားချင်သည်။ သို့သော် ဦးဘိုးယွန်းက ဒေါ်ဖြူမက သူ့လင်နှင့် သူ့သား သေဆုံးရခြင်းအတွက် ကိုသိုက်ဖေအား ကလဲ့စားချေရန် အဆိပ်ခတ်သတ်မည်ကို စိုးရိမ်သည်။ ထို့ကြောင့် ဦးဘိုးယွန်းက ဒေါ်ဖြူမအား အိမ်တွင် အဖော်ခေါ်ထားရန် သဘောမတူပေ။

ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့ မရှိခိုက် ဤအိမ်ကြီးတွင် လာနေသူမှာ တစ်ချိန်က ဦးဘိုးယွန်း၏ စိတ်အချရဆုံး လူယုံတော် ဖြစ်ခဲ့ဖူးသော ကိုစံလှ၏ဇနီး မခန့် ဖြစ်သည်။

ကိုစံလှသည် ကိုက်ပွေါ် သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကိုသိုက်ဖေကို ကြောက်လန့်ကာ ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးဆီသို့ ခြေဦးပင်မလှည့်ခဲ့သော်လည်း သူ့ဇနီး မခန့်ကိုမူ ဦးဘိုးယွန်းအိမ်သို့ စေလွှတ်ပေးပါသည်။

ထို့ကြောင့် ကိုသိုက်ဖေနှင့် ဦးဘိုးယွန်းတို့ မရှိခိုက် တိုက်အိမ်ကြီးပေါ်တွင် ဒေါ်သိုင်းချိုနှင့် မခန့်တို့ နှစ်ယောက်သာ ကျန်ရှိ





ပါသည်။

အေးချမ်းတိတ်ဆိတ်ပြီး မိန်းမသားနှစ်ယောက်တည်းသာ ရှိနေသော အိမ်သို့ ဦးဘိုးယွန်း ထွက်ခွာသွားပြီး နောက်တစ်ညတွင် ဓားပြတိုက်တော့သည်။

တိုက်အိမ်တံခါးကြီးမှာ လုံသော်လည်း ဓားပြများက ရဲတင်းနှင့်ထုပြီး ဖွင့်ပါသည်။

တံခါးပွင့်သွားသည်နှင့် ဓားပြသုံးယောက်သည် အိမ်ထဲသို့ဝင်လာပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် ပုန်းနေသော ဒေါ်သိုင်းချိုအား "ဘယ်မှာလဲ၊ ခင်ဗျားတို့ရဲ့ လုည်းကိုးစီးတိုက် ရတနာတွေ" ဟုဆိုကာ တောင်းပါတော့သည်။

သို့သော် ဓားပြများသည် ဒေါ်သိုင်းချို၏ နား၌ မိန်အိုးလည်း ဆွဲကပ်ကိုပင် ချွတ်မယူဘဲ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာနေကြပါသည်။ အတန်ကြာသောအခါ လူဆိုးများသည် မည်သူ့ကိုမျှ မတွေ့နိုင်သဖြင့် မအောင့်အည်းနိုင်တော့ဘဲ သူတို့၏ လိုရင်းဆန္ဒကို ထုတ်ဖော်သည့်အနေနှင့် မြို့ပိုင်လူထွက် ကိုသိုက်ဖေကော ဘယ်သွားသလဲဟု မေးမြန်းပါတော့သည်။

ဒေါ်သိုင်းချိုနှင့် မခန့်တို့က ကြောက်ကြောက်ရွံ့ရွံ့နှင့် ကိုသိုက်ဖေ မန္တလေးသို့ သွားနေကြောင်း ပြောဆိုရပါသည်။ ထိုအခါ ဓားပြများက တောက်တစ်ချက်ခေါက်ပြီး "နာသကွာ၊ မြို့ပိုင်ကို သတ်ဖို့လာတာ၊ အခုသင်းက မန္တလေးသွားနေသတဲ့" ဟု ဓားပြ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်က ကြိမ်းမောင်းပါသည်။ ထိုအခါ တပ ဖြစ်သူ လူဆိုးက "မြို့ပိုင်သိုက်ဖေကို သတ်ဖို့က အချိန်မရွေး လ တ်လို့ ရပါတယ်၊ ပစ္စည်းရဖို့သာ အရေးကြီးပါတယ်" ဟုဆိုလေ ည်။

ဓားပြခေါင်းဆောင်က "မင်း ဘာနားလည်လို့လဲ၊ က်ဖေ က လူပါးကွ၊ တို့ ဒီအနီးအနား ရောက်နေတယ်လို့ သတ ကြား ကတည်းက အိမ်ထဲက အိမ်ပြင် မထွက်တော့ဘဲ အိမ်တွ းပုန်း ကုလားမလုပ်နေတာကွ" ဟုဆိုလေသည်။

ဓားပြခေါင်းဆောင်နှင့် သူ၏တပည့်တို့ အပြန်အ ှန် ပြောဆိုသော စကားကို ကြားရသဖြင့် ကိုသိုက်ဖေ၏ အိမ်တွင်း ုန်း လုပ်နေသည်မှာ သူ၏ ဘေးအန္တရာယ်ရှိသောကြောင့် ဖြစ်ကြောင်း ဒေါ်သိုင်းချို သိရလေတော့သည်။

ဓားပြများသည် ကိုသိုက်ဖေအား သတ်ရန်မဲပြီး လာသော်လည်း ကိုသိုက်ဖေကို မတွေ့သောအခါ ပစ္စည်းကို မဲ၍ ဘိုက်ပါသည်။ မသက်ဖူး၏ ပစ္စည်းများ၊ ဒေါ်သိုင်းချို၏ ရတနာပစ္စည်းများရသော်လည်း မကျေနပ်နိုင်သေးဘဲ "ဘယ်မှာလဲ၊ ဦးဘိုးယွန်း ရထားတဲ့ လှည်းကိုးစီးတိုက်ရတနာတွေ" ဟု ထပ်ကာ တောင်းပြန်ပါသည်။

ဒေါ်သိုင်းချိုသည် သူ၏ ရတနာပစ္စည်းများနှင့် မသက်ဖူး၏ ရတနာပစ္စည်းများကို ရှောရှောရှူရှူ ထုတ်ပေးသော်လည်း လှည်းကိုးစီးတိုက်ရတနာများကို တောင်းသောအခါ မကြားချင်ဟန်





ဆောင်ပြီး နေပါသည်။

လူဆိုးများက မြေအောက်ခန်းသော့ကို ဒေါ်သိုင်းချိုထံမှ တောင်းပါသည်။ သို့သော် ဒေါ်သိုင်းချိုက လုံးဝမပေးဘဲ ခံနေသည်။

ဒေါ်သိုင်းချိုက 'လှည်းကိုးစီးတိုက် ရတနာပစ္စည်းများမှာ ဘုရားပစ္စည်းများဖြစ်ကြောင်း၊ ထိုပစ္စည်းများကို စားပါက ဘေးဆိုး အန္တရာယ်နှင့် တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ သူတို့မိသားစုပင်လျှင် ဘုရားပစ္စည်းများကို စားနေရ၍ တိုက်ကြီးပေါ်နေရသော်လည်း ကျိန်စာတိုက်ခံရသလို နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲနေရကြောင်း' လူဆိုးများကို နားချပြီး ဖျောင်းဖျပါသည်။

သို့သော် လူဆိုးများက 'အောင်မယ်လေး၊ တိုက်ကြီးပေါ်မှာနေပြီး စိတ်ဆင်းရဲရတာမျိုး ကျုပ်တို့လဲ စိတ်ဆင်းရဲချင်လို့ လှည်းကိုးစီးတိုက် ရတနာတွေသာ ထုတ်ပေးပါ' ဟု ဒေါ်သိုင်းချို အား ကြိမ်းမောင်းပါသည်။

ဒေါ်သိုင်းချိုက မြေတိုက်ခန်းသော့ကို ဦးဘိုးယွန်း ယူသွားသဖြင့် မပေးနိုင်ကြောင်း ငြင်းဆိုပါသည်။

ထိုအခါ လူဆိုးများက ဒေါ်သိုင်းချိုအား ဓားပြားဖြင့် ရိုက်နှက်ပြီး မြေတိုက်ခန်းသော့ကို တောင်းပါသည်။

ဒေါ်သိုင်းချိုသည် လေတိုက်လျှင် လဲတော့မတတ် ပိန်လှီပါသည်။ ခန္ဓာကိုယ်ထဲတွင် အားအင်များ ရှိပုံမပေါ်ပါ။ သို့သော် ဓားပြများက ဓားပြားနှင့် ရိုက်နှက်သည်ကို ကြံ့ကြံ့ခံပြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပါသည်။

လူဆိုးများသည် ဓားပြားနှင့် ရိုက်သဖြင့် ဒေါ်သိုင်းချို၏ ကျောကုန်းတွင် သွေးများထွက်ပြီး ပဒုမ္မာအင်္ကျီ အဖြူမှာ သွေးများနှင့် စေးကပ်နေပါသည်။

လူဆိုးများသည် ဒေါ်သိုင်းချို၏ ကျောကုန်းကို ဓားပြား ဖြင့်ရိုက်ပြီး မြေတိုက်ခန်းသော့ကို တောင်း၍မရသောအခါ ဒေါ်သိုင်းချို၏ ပိန်လှီသောပေါင်ကို ဓားဦးနှင့် ဆွပြီး မြေတိုက်ခန်း သော့ကိုတောင်းပါသည်။

ဓားပြများက ဓားဦးနှင့် ပေါင်ကိုထိုးသည်မှာ အသည်း ခိုက်အောင်နာကျင်လှသော်လည်း ဒေါ်သိုင်းချိုက မြေတိုက်ခန်း သော့ကို မပေးဘဲ အသားအနာခံပါသည်။ နာကျင်သမျှ ဝေဒနာကို ဒေါ်သိုင်းချိုသည် ကြိတ်မှိတ်ပြီး ခံစားနေပါသည်။ မြေတိုက်ခန်း သော့ ရှိနေပါလျက် ဦးဘိုးယွန်းနှင့် ပါသွားသည်ဟု တွင်တွင် ငြင်းနေပါသည်။

ကိုစံလှ၏ ဇနီး မခန့်က မရှုမလှ ခံစားနေရသော ဒေါ်သိုင်းချိုကို ကြည့်ပြီး သနားလှသဖြင့် မြေတိုက်ခန်းသော့ကို ပေးလိုက်ရန် ဒေါ်သိုင်းချိုအား တိုက်တွန်းပါသည်။

သို့သော် ဒေါ်သိုင်းချိုက မခန့်အား 'ညည်းက ဓားပြတွေ နဲ့ အလိုတူအလိုပါလားအေ့၊ ဦးဘိုးယွန်းဆီသော့ပါသွားတာ ဘယ်လိုလုပ်ပေးရမှာလဲ' ဟု ပြန်အော်ပါသည်။





ဒေါ်သိုင်းချိုအား သနားမိသော မခန့်သည် ဒေါ်သိုင်းချို အား အလွန်ပင် အမြင်ကတ်သွားပါသည်။ သူ့ငွေကို ကြေးပပြီး သူ့အိမ်တွင် လာပြီး အဖော်စောင့်ပေးမိသည်မှာ ဓားပြကို လက်ထောက်ချသူအဖြစ် အထင်မှား ခံရတော့မလို ဖြစ်နေကြောင်း မခန့် ကြီးစွာနောင်တရမိပါသည်။

ဓားပြများသည် ပိန်ပိန်သေးသေး ဒေါ်သိုင်းချိုလို အဖွား ကြီးအား မြေတိုက်ခန်းသော့ မပေးဘဲ တင်းခံနေသောအခါ ဒေါသ ဖြစ်လာပြီး 'အဘွားကြီး၊ မြေတိုက်ခန်းသော့ ပေးမလား၊ မပေးဘူး လား၊ မပေးရင် သတ်ပစ်လိုက်ရမလား' ဟု ခြိမ်းခြောက်ပါတော့ သည်။ လူဆိုးများက ဒေါ်သိုင်းချိုအား တကယ်ပင် သတ်တော့မည် ဟု ဓားနှင့် ပိုင်းရန်ရွယ်ပါသည်။ အာဂအဖွားကြီး ဒေါ်သိုင်းချိုက 'သတ်ချင်ရင် သတ်လိုက်ဟဲ့၊ မြေတိုက်ခန်းသော့ကို မပေးနိုင်ဘူး၊ ငါတို့က အသက်ရှင်ရက်နဲ့ ဘုရားသိုက်ကို စောင့်နေရတဲ့ ဥစ္စာ စောင့်တွေဟဲ့၊ နင်တို့မသတ်လဲ သေပြီးသားပဲ၊ နင်တို့သတ်ရင် တို့လဲ ဘုရားသိုက်စောင့်ရမှာပဲ' ဟုအော်လေသည်။

ဒေါ်သိုင်းချိုက အသက်ရှင်လျက်ရှိနေသော ဥစ္စာစောင့် တွေဟု ဆိုသောအခါ ဓားပြများသည် ကြက်သီးမွေးညင်းထပြီး လန့်သွားလေသည်။

ဒေါ်သိုင်းချိုမှာ အလွန်ကျုံ့လှီပြီး အားအင်ချော့ကာ သွေးများချင်းချင်းနီနေသော်လည်း ဓားပြများကို ဝမ်းခေါင်းသံကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အသံကုန်ညစ်၍အော်ရာ ခါးပြများထိတ်လန့်မည်ဆိုက ထိတ်လန့်စရာပင်။

ခါးပြများသည် ဒေါ်သိုင်းချုံအား မည်မျှပင် နှိပ်စက်သော်လည်း ဒေါ်သိုင်းချုံမှာ အသက်သေချင်သေပါစေ။ မြေတိုက်ခန်းသော့ကို ပေးမည့်ပုံမပေါ်သဖြင့် ခါးပြများသည် မြေတိုက်ခန်းကို သူတို့ယူလာသော ရဲတင်းများ ပုဆိန်များနှင့် ဖောက်ဖွင့်ရာ ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးတစ်ခုလုံးမှာ တဝုန်းဝုန်းနှင့် ညံနေပါတော့သည်။

ခါးပြများသည် မြေတိုက်ခန်းကို မပြီးဖွင့်နေခိုက် မခန့်သည် ဒေါ်သိုင်းချုံအား တွဲထူပြီး မီးဖိုခန်းမှ တိုက်အပြင်ဘက်သို့ ထွက်ပြေးပါသည်။

ဒေါ်သိုင်းချုံတို့ တိုက်အပြင်ဘက်သို့ ရောက်သောအခါ သူကြီးဦးအောင်မြတ် ဦးဆောင်သော ညောင်ရမ်းရွာသားများသည် ရရာ ဓားလှံလက်နက်များ ကိုင်စွဲပြီး ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးကို ဝိုင်းထားကြပါသည်။

ဦးဘိုးယွန်း၏ တိုက်ကြီးပတ်ပတ်လည်တွင် လက်နက်စွဲကိုင်ထားသော ရွာသားများ ပြည့်ကျပ်နေပါသည်။ ရွာသားများသည် ဦးဘိုးယွန်း၏ တိုက်အိမ်ကြီး တစ်ပတ်ပတ်မိပြီး ခါးပြများအဖို့ ပြေးလမ်းမရှိတော့ဘဲ ထွက်ပေါက်ပိတ်နေပါတော့သည်။

လူဆိုးများသည် မြေတိုက်ခန်းကို ပုဆိန်နှင့် ဖွင့်သော်လည်း





ရပုံမပေါ်ဘဲ ဦးဘိုးယွန်း၏ တိုက်ကြီးအပြင်ဘက်သို့ ထွက်
သောအခါ ရွာသားများက ဝိုင်းပတ်ပိတ်ဆို့ထားသည်ကို တွေ့
သဖြင့် ထိတ်လန့်တုန်လှုပ်သွားကြပါသည်။

ခါးပြများက 'မဆိုင်သူမကပ်နဲ့' ဟုဆိုကာ သေနတ်မှ
ပစ်ဖောက်ပြီး လူအုပ်ထဲမှ ဖောက်ထွက်ရန် ကြိုးစားပါသ
သို့သော်လူအုပ်မှာ ရှုံမသွားဘဲ တိုက်ထဲမှ ထွက်လာသော ခါး
များတို့ ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ပါသည်။

သူကြီးဦးအောင်မြတ်ကလည်း သူ၏ နှုလုံးပြူးသေနတ်
ခါးပြများရှိရာသို့ ပစ်ခတ်ပြီး ဖမ်းဆီးရာ ခါးပြများမှာ ထွက်ပြေ
အခွင့်မသာဘဲ ခါးပြ (၇)ယောက်စလုံး အဖမ်းခံရပါတော့သည်

ဤတွင် ညောင်ရမ်းရွာ တစ်ရွာလုံး အံ့ဩစရာ အဖြ
အပျက်တစ်ခု ဖြစ်သွားပါသည်။

ထိုအဖြစ်အပျက်မှာ မသက်ဖူး လက်ထပ်စဉ်ကတည်း
ညောင်ရမ်းရွာမှ ပျောက်သွားသော ဂီတသမား မောင်နန္ဒမှာ
ခါးပြအဖွဲ့တွင် ခါးပြခေါင်းဆောင်အဖြစ် ပါလာခြင်းပင် ဖြစ်
သည်။

မောင်နန္ဒအား ခါးပြခေါင်းဆောင် နန္ဒအဖြစ် တွေ့လို
ရသောအခါ ညောင်ရမ်းရွာသားများမှာ အံ့ဩ၍ မဆုံးနိုင်အော
ဖြစ်ရလေသည်။ ထို့ထက် အံ့ဩ၍မဆုံးနိုင်ခြင်းမှာ နန္ဒသ
ကိုယ့်ရွာကို ကိုယ်ပြန်ပြီး ခါးပြတိုက်ခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားသော ရွာသားများက စော်ကားလျှင် ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သော မောင်နန္ဒက ကိုယ့်ရွာသားအပေါ် ကိုယ်ပြန်ပြီး နှိပ်စက်ကလူ ပြုသောအခါ အံ့သြမဆုံး ရှိကြပါသည်။

ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးရှေ့တွင် မသက်ဖူးကို နောက်ပိုးပြီး တယောထိုးကာ အမြဲပင် သီချင်းလာဆိုသော မုဆိုးကြီး ဦးသန်၏သား မောင်နန္ဒအား ဦးဘိုးယွန်းက ရမည်းသင်းသို့ သွားပြီး ပုလိပ်ထဲဝင်ရန် တိုက်တွန်းဖူးပါသည်။ အကယ်၍ မောင်နန္ဒသည် ရာဇဝတ်အုပ်ဖြစ်လာပါက မသက်ဖူးနှင့် ပေးစားမည်ဖြစ်ကြောင်း ဦးဘိုးယွန်းက တိုက်တွန်းခဲ့ဖူးပါသည်။—

သို့သော်မောင်နန္ဒသည် ပုလိပ်ထဲဝင်ရမည့်အစား တောင်ခွင်တက်ဆင်းကား ဓားပြဖြစ်လာပါသည်။ တောင်ခွင်ဆိုသည်မှာ တောင်ဘက်အရပ်ကို ဆိုလိုပါသည်။ ရမည်းသင်း၊ ပျဉ်းမနား၊ ပျော်ဘွယ်၊ သာစည် စသော ဒေသတစ်ဝိုက်တွင် တောင်ဘက်အရပ်ကို တောင်ခွင်ဟုခေါ်ပြီး မြောက်ဘက်အရပ်ကို မြောက်ခွင်ဟုခေါ်လေ့ရှိပါသည်၊

တောင်ခွင်မှာ မိမိရပ်ရွာမှ အောက်ဘက် အကျေဒေသဖြစ်၍ တောင်ဘက်သို့ သွားလျှင် တောင်ခွင်ဆင်းသည်ဟု ဆိုပြီး မြောက်ဘက်အရပ်မှာ ကိုယ့်ဒေသ၏ အထက်အညာရပ် ဖြစ်သဖြင့် မြောက်ခွင်သို့ သွား၍ မြောက်ခွင်တက်သည်ဟု ပြောလေ့ရှိပါသည်။

ယခု မောင်နန္ဒသည် ညောင်ရမ်းရွာ၏ အောက်ဘက်



တောင်ခွင်သို့ သွားကာ လူဆိုးများနှင့် ပူးပေါင်းမိပြီး၊ လူဆိုးခေါင်းဆောင် ဖြစ်လာခြင်းဖြစ်ပါသည်။

လူဆိုးခေါင်းဆောင်နန္ဒနှင့် ညောင်ရမ်းရွာသား ရာဇဝင်လူဆိုး တက်တူတို့ နှစ်ယောက် ထိုညက ဆုံသောအခါ ထူးဆန်းသော မြင်ကွင်းကို တွေ့ရပါသည်။

ရာဇဝင်လူဆိုး တက်တူသည် ညောင်ရမ်းရွာသားများနှင့် အတူ ဓားပြဖမ်းရာတွင် ပါလာပါသည်။ ညောင်ရမ်းရွာသား နန္ဒအား တွေ့ရသောအ ါ ဘက်တူက နန္ဒ၏ ပါးကို ဖြောင်းကနဲမြည်အောင်ရိုက်လိုက်ပြီး မှတ်ထားကွ နန္ဒရဲ့ လူဆိုးလုပ်ပေမယ့် ကိုယ့်ရွာကို ကိုယ်ပြန်ပြီး ဒုနှိပ်စက်ရဘူးကွ၊ ငါဟာ သောင်ကိုခြင်ထောင်လို သဘောင းပေမယ့် ဟောဒီညောင်ရမ်းရွာကို ဘယ်တော့မှ ပြန်ပြီးဓားပြမ ဘ်တ်ဘူးကွ' ဟုဆိုလေသည်။

မှန်ပါသည်။ ကို ါ၊ ဦးဘကြီးနှင့် ဘိုးကဲတို့ သေဆုံးရမှုတွင် ညောင်ရမ်းရွာသား ျ က ကိုသိုက်ဖေနှင့် တက်တူတို့အားသက်သမကောင်းခဲ့သော်လည်း မောင်နန္ဒကဲ့သို့ ကိုယ့်ရွာကို ကိုယ်ပြန်ပြီး ဓားပြတိုက်မှုနှင့် တက်တူအ း ဘစ်ကြိမ်တစ်ခါမျှ ပြန်ပြီးဖမ်းဆီးရမိခြင်းမရှိပါ။

ဤသို့ ဦးဘိုးယွန်း၏ ကိ ်အိမ်ကြီးကို ဓားပြမှုဖြစ်သွားပြီး မကြာမီပင် ဒေါ်သိုင်းချုသည် လူ့လောကကြီးကို စွန့်ခွာသွားပါတော့သည်။

www.burmeseclassic.com



ဒေါ်သိုင်းချို့အား မားပြမျှားက သတ်ပစ်ခြင်းမဟုတ် သော်လည်း ဒေါ်သိုင်းချို့သည် နဂိုကပင် အားအင်ချည့်နဲ့ ပိန်လှီ ရသည့်ကြားထဲတွင် မားပြများ နှိပ်စက်သည့်ဒဏ်ကို အလူးအလဲ ခံလိုက်ရပါသည်။'

ဒေါ်သိုင်းချို့ ကွယ်လွန်သွားသောအခါ ဦးဘိုးယွန်းသည် အတန်ပင် စိတ်ကယောင်ချောက်ချား ဖြစ်သွားပါသည်။ ဦးဘိုးယွန်း သည် ဘုန်းကြီးဝတ်ပြီး ကျောင်းထိုင်မရှိသေးသော လေးထပ်ကျောင်း တွင် သီတင်းသုံးရန်အထိ စိတ်ကူးမိပါသည်။

နောက်မှ ဦးဘိုးယွန်းသည် ငမြွတိုက်ခန်းထဲမှ သူ၏ လှည်းကိုးစီးတိုက်ရတနာများကို ကိုသိုက်ဖေနှင့် ထားခဲ့ရမည်ကို သတိရပြီး ဘုန်းကြီးဝတ်ချင်သော စိတ်ကို ချုပ်တည်းထားရပါသည်။

ထိုအခါ ဦးဘိုးယွန်းသည် ဦးဘိုးသိန်းထံသို့ သွားပြီး 'ကိုကြီးသိန်းရာ၊ ကျွန်တော်လည်း အသက်ရှင်လျက် ဘုရားပစ္စည်း သိုက်စောင့်တဲ့ ဥစ္စာစောင့် ဖြစ်နေရတာပဲ၊ ဒီပစ္စည်းတွေသာ မရှိရင် လွတ်လွတ်ကျွတ်ကျွတ် ဘုန်းကြီးဝတ်ပြီး၊ ဘုန်းကြီးမရှိတဲ့ လေးထပ် ကျောင်းမှာ သွားပြီး သင်္ကန်းဝတ်နေပါတယ်' ဟု ဆိုလေသည်။

ဦးဘိုးသိန်းက 'ရဟန်းသံဃာတွေဟာလည်း မြတ်စွာဘုရား မမွခန်တွေကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ရဟန်းသံဃာတွေ ဟာ ဥစ္စာစောင့်တွေထက် ပိုပြီး ဝိနည်းသိက္ခာပုဒ်တွေကို စောင့်ကြပ်ရလို့ ပိုပြီးတောင် တင်းကြပ်ပါသေးတယ်ကွာ၊ ရဟန်း





ဝတ်ဘယ်ဆိုတာ လွယ်တယ်ထင်သလား' ဟုဆိုလေသည်။

ဒေါ်သိုင်းချို့၏ အလောင်းကို မသက်ဖူး၏ အုတ်ဂူကြီး ဘေးတွင် ယှဉ်လျက် အုတ်ဂူကြီးတစ်ခု ယှဉ်ဆောက်လုပ်ပြီး ဦးဘိုးယွန်းက သင်္ဂြိုဟ်ပါသည်။

ဦးဘိုးယွန်းက သူ့ဇနီး ဒေါ်သိုင်းချို့အား 'အာဇာနည်မ' ဟု ခေါ်ပါသည်။ 'မားပြတွေသတ်လို့ ချက်ချင်းမသေပေမယ့် ဒီဒဏ်နဲ့ပဲ သိုင်းချို့သေသွားရတာပဲ၊ ဘုရားပစ္စည်းတွေကို အသက်နဲ့လဲပြီး၊ ကာကွယ်စောင့်ရှောက်သွားတဲ့ သိုင်းချို့ဟာ အာဇာနည်မ' ဟု ဦးဘိုးယွန်းက ဆိုပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )

## ဆီးသကြီးပေါ်ပွဲ



ဂူတစ်ဂူထဲတွင် ခြင်္သေ့နှစ်ကောင် မအောင်းဟု ဆိုသော်လည်း အကယ်၍ ဂူတစ်ဂူထဲတွင် ခြင်္သေ့နှစ်ကောင် ရှိခဲ့လျှင် တစ်ကောင်က အထီးဖြစ်ပြီး၊ တစ်ကောင်က အမဖြစ်လိမ့်မည် ဟု ဆို၏။

ဒေါ်သိုင်းချို ကွယ်လွန်သွားပြီးနောက် ဦးဘိုးယွန်း၏ ဘိုက်အိမ်ကြီးတွင် ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့ ယောက္ခမနှင့် သားမက်နှစ်ဦးသာ ကျန်ခဲ့လေသည်။

ထိုသားမက်နှင့် ယောက္ခမမှာလည်း တစောင်းစေးနှင့် ချက်ချေးဖြစ်နေရာ မည်သို့မည်ပုံ နေထိုင်စားသောက်ကြပါမလဲဟု စိတ်ဝင်စားသူများက စိတ်ဝင်စားကြသည်။

ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့ အကျင့်စရိုက်ချင်း အရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အနောက်လို ကွာခြားကြပါသည်။ ဦးဘိုးယွန်းက ကပ်စေး
သလောက် ကိုသိုက်ဖေက လက်ဖွာသည်။ ကိုသိုက်ဖေက ခေ
ဆန်သလောက် ဦးဘိုးယွန်းက တောဆန်သည်။

ပထမတွင် သူတို့၏ စားရေးသောက်ရေးအတွက် ဦးဘိုး
၏ မိန်းမ ဒေါ်မြူမက တာဝန်ယူထားသော်လည်း နောက်ပိုင်းတွ
သမက်နှင့် ယောက္ခမသည် သူတို့၏ စားရေးသောက်ရေးကို သူ
ဘာသာ ဖန်တီးရန် စီစဉ်ကြရသည်။

ဦးဘိုးယွန်းက ချက်ပြုတ်ကျွေးမွေးသော ထမင်းကိုလည်း
အဆိပ်ခတ်မည်စိုး၍ ကိုသိုက်ဖေ မစားရဲပေ။

ထို့အတူပင် ကိုသိုက်ဖေ ချက်ပြုတ်ကျွေးမွေးသော ထမင်း
ဟင်းကိုလည်း အဆိပ်ခတ်မည်စိုး၍ ဦးဘိုးယွန်းက မစားရဲပေ။

ထို့ကြောင့် တစ်အိမ်တည်းတွင် လူနှစ်ယောက်တည်း
ရှိပါလျက် ကိုသိုက်ဖေနှင့် ဦးဘိုးယွန်းတို့သည် အိုးခွဲစားကြသည်။
ဆန်အတွက်မူ ပူစရာမရှိဘဲ ဦးဘိုးယွန်း၏ တိုက်ကြီးနောက်တွင်
စပါးကျီကြီးရှိရာ ခြံထဲရှိ ကြိတ်ဆုံတွင်ခွဲပြီး စားနိုင်သည်။ ဆန်
ဖွပ်စားနိုင်ရန် မောင်းထောင်လည်း ခြံထဲတွင် အဆင်သင့်ရှိသည်။

ဦးဘိုးယွန်းသည် ဟင်းဖိုးအဖြစ် ကိုသိုက်ဖေအား တစ်
လျှင် ငွေဆယ့်ငါးကျပ် ထုတ်ပေးသည်။ ဦးဘိုးယွန်းက တရားမျှ
စွာဖြင့် သူကိုယ်တိုင်လည်း လတိုင်း ဈေးဖိုးဟင်းဖိုးအဖြစ်
ငွေတစ်ဆယ့်ငါးကျပ်ထက်ပိုမသုံးပေ။





အမှန်မှာ သူတို့နှစ်ယောက် အိုးခွဲစားသဖြင့် ဈေးဖိုးတစ်လ
ကို သုံးဆယ်ကုန်ခြင်းဖြစ်သည်။ အကယ်၍ နှစ်ယောက် တစ်အိုး
တည်းစားလျှင် ငွေနှစ်ဆယ်မျှဖြင့် လုံလောက်သည်။ တစ်လ
ငွေတစ်ဆယ်ကျပ်မျှ အပိုကုန်ကျနေခြင်းကို ဦးဘိုးယွန်းသည် လတိုင်း
ညည်းညူလေသည်။

မတည့်အတူနေသော သမက်နှင့် ယောက္ခမတို့ကို ကြည့်ပြီး
ညောင်ရမ်းရွာသူရွာသားများက ရယ်မောကြသည်။

သမက်နှင့်ယောက္ခမ နှစ်ယောက်တည်းရှိပါလျက် အိုးခွဲ
စားမည်ဟု ဆိုသောအခါ ညောင်ရမ်းရွာသူရွာသားများက ကျိတ်ပြုံး
ကြသည်။

အချို့ကလည်း ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပြီဟု
ဆိုသည်။

ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့သည် တစ်ယောက်ကို
တစ်ယောက် အလဲထိုးကာ အသေသတ်ကြမည်ဟုဆိုသည်။

ညောင်ရမ်းရွာထဲရှိ အလောင်းအစား ဝါသနာပါသူများက
ဆိုလျှင် တစ်ယောက်ပြီးတစ်ယောက် မကြာခဏသေဆုံးနေသော
ဦးဘိုးယွန်း၏ တိုက်အိမ်ကြီးတွင် ဦးဘိုးယွန်းအရင်သေမည်လော၊
ကိုသိုက်ဖေ အရင်သေမည်လော ဟု လောင်းထားကြသည်ဟု
ဆိုသည်။

ဦးဘိုးယွန်း အလျင်သေမည်ဟူသော လောင်းကစားသူ

www.burmeseclassic.com



များမှ တစ်လေးသာရပြီး ကိုသိုက်ဖေ အလျှင်သေမည်ဟု လောင်းကစားသူများဘက်မှ သုံးလေး အသာရသည် ဆိုသည်။

လောင်းကစားကြသူများက တွက်ချက်ကြသည်မှာ ဦးဘိုးယွန်းသည် အသက် (၆၀) ကျော်ပြီဖြစ်၍ အသက် (၄၀) ခန့်သာရှိသေးသည့် ကိုသိုက်ဖေထက် ပို၍ အိုမင်းသည်။ အသက်အရွယ်အရ အိုမင်းသေဆုံးခြင်း အစီအစဉ်အရဆိုလျှင် ဦးဘိုးယွန်းက ကိုသိုက်ဖေထက် အလျှင်သေနိုင်သည်။

ကျန်းမာရေးအရလည်း ယခုအချိန်တွင် ဦးဘိုးယွန်းထက် ကိုသိုက်ဖေက ကျန်းမာရေး ပိုကောင်းသည်ဟု ဆိုသည်။

ထို့ပြင် ဦးဘိုးယွန်းသေဆုံးလျှင် ကိုသိုက်ဖေက လှည်းကိုးစီးတိုက် ရတနာပစ္စည်းများကို ရမည်ဖြစ်ပြီး၊ ကိုသိုက်ဖေသေလျှင်မူ ဦးဘိုးယွန်းက ဘာမျှရစရာအကြောင်းမရှိ။ ကိုသိုက်ဖေမှာ တစ်ကောင်ကြွက် တစ်မျက်နှာသာရှိသူဖြစ်သည်။

ထို့ကြောင့် ကိုသိုက်ဖေက ဦးဘိုးယွန်း၏ အသက်ကို ရန်ရှာလုပ်ကြံနိုင်ပြီး၊ ဦးဘိုးယွန်းက ကိုသိုက်ဖေ၏ အသက်ကို ရန်ရှာလုပ်ကြံစရာ အကြောင်းမရှိပေ။

သို့သော် အချို့က ကိုသိုက်ဖေသည် ကိုက်ပေါ်၊ ဦးဘကြီးနှင့် ထိုကဲ့သို့ အသတ်ခံရမှုတွင် မသက်မခံရသူဖြစ်ရာ ဦးဘိုးယွန်းက သူ့အသက်ကို ကိုသိုက်ဖေ ရန်ရှာမည်ဟု အစိုးရိမ်ကြီးကာ ကြိုတင်ကာကွယ်သည့်အနေနှင့် လုပ်ကြံနိုင်သည်ဟု ဆိုသည်။





ညောင်ရမ်းရွာထဲတွင် ဦးဘိုးယွန်း အလျှင်သေမည်၊ ကိုသိုက်ဖေ အလျှင်သေမည်ဟူသော အလောင်းအစားမှာ တဖြည်းဖြည်းနှင့် ရွာလုံးကျွတ် ကူးစက်ပြန့်ပွားလာသဖြင့် သူကြီးဦးအောင်မြတ်ကပင် ဟန့်တားရလေသည်။

ဦးဘိုးယွန်းတိုက်အိမ်ကြီးရှိ ဦးဘိုးယွန်းနှင့် ကိုသိုက်ဖေတို့မှာမူ တစ်နေ့တစ်နေ့ သတင်းစာလာချိန်များတွင် သတင်းစာဖတ်ရင်းအချိန်ကုန်နေလေသည်။

သတင်းစာလာပို့ချိန်မှာ နံနက် (၈) နာရီခန့် ဖြစ်ရာ ယောက္ခမနှင့် သမက်တို့ ချက်ပြုတ်စားသောက်ချိန် ဖြစ်သည်။ ထိုအချိန်တွင် ခြံဝမှ 'သတင်းစာ' ဟု အော်သံကြားလျှင် သမက်နှင့် ယောက္ခမတို့သည် ကလေးများသဖွယ် သတင်းစာကို ပြေးလုကြပြီး ဦးသူက အလျှင် သတင်းစာ ဖတ်ကြသည်။

ဦးဘိုးယွန်းက အလျှင်သတင်းစာရလျှင် ခဏအတွင်း ဖတ်ပြီးသွားလေ့ရှိရာ ကိုသိုက်ဖေအနေနှင့် အေးအေးဆေးဆေး ဖတ်နိုင်ပါသည်။

အကယ်၍ ကိုသိုက်ဖေက သတင်းစာအလျှင်ရသွားလျှင်မူ တစ်နေကုန် ထိုင်ဖတ်တော့ရာ ဦးဘိုးယွန်းမှာ သတင်းစာ ဖတ်ချင်၍ ဆတ်တငံ့ငံ့နှင့် သတင်းစာကို ထိုင်စောင့်ရတော့သည်။

နောင်တွင် အိမ်ထဲက အိမ်ပြင်မထွက်သော ကိုသိုက်ဖေကို အနိုင်ယူ၍ ဦးဘိုးယွန်းက အိမ်ထဲမှ ထွက်ပြီး သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ် အိမ်သို့သွားပြီး သတင်းစာယူကာ တစ်ဝကြီးဖတ်ပြီးမှ အိမ်ပြန်လာကာ သတင်းစာကို ကိုသိုက်ဖေအား ပေးလေသည်။

မသက်ဖူးနှင့် ဒေါ်သိုင်းချိုတို့ ရှိစဉ်က ဦးဘိုးယွန်းသည် ဦးဘိုးသိန်းအိမ်သို့ မကြာခဏ သွားရောက်လည်ပတ်ပြီး ရေနွေးကြမ်းသောက်လေသည်။

ယခု ကိုသိုက်ဖေနှင့် ဦးဘိုးယွန်းတို့ နှစ်ယောက်တည်းသာ ရှိသောအခါ လုညး်ကိုးစီးတိုက် ရတနာများနှင့်အတူ ကိုသိုက်ဖေအားကြာကြာထားခဲ့ရန် စိတ်မချသဖြင့် ဦးဘိုးယွန်း ကိုယ်တိုင်လည်း ခြေချုပ်မိနေသည်။

ဤသို့ ကြီးမားသော တိုက်အိမ်ကြီးတွင် လူသားနှစ်ယောက်သည် ပျင်းရိစွာ အချိန်ကုန်နေရာမှ ကိုသိုက်ဖေသည် ကံနာလော ဝဋ်နာလော ခွဲခြားမသိနိုင်ဘဲ သမင်ဖြူအကွက်ထွက်သော ရောဂါစွဲကပ်လာလေသည်။

ပထမတွင် ကိုသိုက်ဖေမှာ အသားဖြူသူဖြစ်သဖြင့် သမင်ဖြူအကွက်များ ထွက်နေသည်ကို ရုတ်တရက် မသိနိုင်ပေ။ သို့သော်လည်း နှုတ်ခမ်းပေါ်တွင် ထွက်လာသော သမင်ဖြူမှာမူ သိသာထင်ရှားလာသည်။

ကိုသိုက်ဖေသည် ဘာကြောင့် သမင်ဖြူများ ထွက်လာသည်ကို မည်သူမျှ မသိကြပေ။

ဦးဘိုးယွန်းကမူ သူ့သမက် ကိုသိုက်ဖေ သမင်ဖြူများ





ထွက်လာသည်ကို ဝမ်းသာအားရနှင့် ဦးဘိုးသိန်းအား သွားပြောလေသည်။

'ကိုကြီးသိန်းရေ . . . ဟိုကောင်တော့ ဘုရားပစ္စည်းတွေကြံပြီး လူတွေသတ်လို့ အခု ဘုရားရိုက်ပြီ။ အခု တစ်ကိုယ်လုံး သမင်ဖြူတွေ ထွက်လာပြီ' ဟု ဦးဘိုးယွန်းက ဝမ်းသာအားရနှင့် ဦးဘိုးသိန်းအား ပြောလေသည်။

မှန်ရာကိုသာ ပြောတတ်သော ဦးဘိုးသိန်းက ဘုကန့်လန့်ကျစွာနှင့် ပြန်ပြောရာမှာ -

'ဘုရားပစ္စည်းကို ကြံလို့သာ သမင်ဖြူထွက်ရမယ်ဆိုရင် မင်းအလျှင်ဆုံး ထွက်မှာပေါ့ ဘိုးယွန်းရဲ့ မင်းက ဘုရားပစ္စည်းတွေကို ကိုယ့်အိမ်မြေ တိုက်ခန်းထဲမှာ ထည့်ထားသားပဲ၊ မင်းသာဆိုရင် ပိုးဟပ်ဖြူကို ထုံးသုတ်ထားသလို ဖြူဖွေးနေမှာပဲ' ဟူ၍ဖြစ်သည်။

ဦးဘိုးယွန်းက ရယ်ကျဲကျဲနှင့် -

'ကျွန်တော်က ဘုရားပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ထားတာပါ ကိုကြီးသိန်းရဲ၊ အဲဒီလို ထိန်းသိမ်းထားလို့ ထိန်းသိမ်းခအဖြစ် နည်းနည်းပါးပါး စားသောက်တာပါ' ဟု ဆိုလေသည်။

နဂိုကပင် အိမ်ထဲက အိမ်ပြင်ထွက်လေ့မရှိသော ကိုသိုက်ဖေသည် ယခုလို တစ်ကိုယ်လုံး သမင်ဖြူများ ထွက်လာသောအခါ လိပ်ခေါင်းဝှက်သလို အိမ်ထဲတွင်ပင် ကွယ်ဝှက်၍ နေလေသည်။

www.burmeseclassic.com



ကိုသိုက်ဖေသည် ခါတိုင်းလို အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေရာမှ ဦးဘိုးယွန်း၏ အသိမိတ်ဆွေများ လာကြသောအခါ သမင်ဖြူထွက်နေသည်ကို လူများမြင်သွားမှာစိုး၍ ကိုသိုက်ဖေသည် အခန်းအောင်းနေရတော့သည်။

ဦးဘိုးယွန်းကလည်း ကိုသိုက်ဖေအား ကလေ့စားချေသည့် အနေနှင့် ကိုသိုက်ဖေ သမင်ဖြူများထွက်မှ ကိုသိုက်ဖေကို အရှက်ခွဲသည့်အနေနှင့် သူ့အပေါင်းအသင်းများ မိတ်ဆွေများကို မကြာခဏ အိမ်သို့ အလည်ခေါ်သည်။

မသက်ဖူး သေဆုံးစဉ်ကလည်းကောင်း၊ ဒေါ်သိုင်းချို သေဆုံးစဉ်ကလည်းကောင်း အဆုဘပင် မလာသော ဦးဘိုးသိန်း သည် ကိုသိုက်ဖေ သမင်ဖြူထွက်သည်ကို တကူးတကန့် လာကြည့် လေသည်။

ကိုသိုက်ဖေသည် သမင်ဖြူများ ထွက်လာသောအခါ အကြီးအကျယ် စိတ်ဓာတ်ကျသွားပုံရလေသည်။ ရှုံးသွပ်မတတ် စိတ်ချောက်ချားသွားပုံ ရလေသည်။

ဦးဘိုးယွန်းထံမှ ရမည့်အမွေများကို စိတ်ကူးယဉ်စွာနှင့် မျှော်လင့်နေသော ကိုသိုက်ဖေသည် ဦးဘိုးယွန်းထံမှ အမွေများ မရမီပင် သူမှာ လူတောမတိုးနိုင်သော သမင်ဖြူစွဲသော ရောဂါ ရလာသဖြင့် သူ၏ မျှော်လင့်ချက်ကြီးပျက်စီးသွားပြီဟု သိရှိပြီး စိတ်ဓာတ်ချောက်ချားသွားပုံရပါသည်။





မကြာမီပင် ကိုသိုက်ဖေသည် မတ်တတ်ကလဲပြီး အိပ်ရာထဲ ရောက်သွားတော့သည်။

ကိုသိုက်ဖေမှာ သမင်ဖြူစွဲသော ရောဂါမှလွဲလျှင် ဘာရောဂါမှ ကြီးကြီးမားမား မရှိလှပါ။ သူ၏ ချစ်လှစွာသောဇနီး မသက်ဖူးသေဆုံးပြီးနောက် သမင်ဖြူရောဂါ စွဲကပ်လာသောကြောင့် စိတ်ဓာတ်အကြီးအကျယ် ကျသွားသော ကိုသိုက်ဖေမှာ သေ လောက်သောရောဂါဟူ၍ မရှိပါ။

သို့သော် ကိုသိုက်ဖေသည် အိပ်ရာထဲလဲပြီး မကြာမီပင် သေဆုံးသွားပါသည်။

ဦးဘိုးယွန်း၏ လူယုံတော် ကိုစံလှက သာစည်တွင် ကျောင်းတက်နေသော မောင်သက်ဖေ ခေါ် မောင်ကံကောင်း အား သွားခေါ်သေးသော်လည်း အသက်မမီလိုက်ပါ။

ကိုသိုက်ဖေသေဆုံးသွားသောအခါ ဦးဘိုးယွန်းသည် ထုံးစံအတိုင်းပင် ဦးဘိုးသိန်းထံ ရောက်သွားပြီး 'ကိုကြီးသိန်းရေ . . . ဗြို့ပိုင် သိုက်ဖေတော့ သေသွားပြီဗျ၊ ဒီကောင်က ကျွန်တော့်ကို မသတ်တာ သူ့ထက်ကျွန်တော်က အလျင်သေမယ် ထင်လို့ဗျ။ အခုတော့ ကျွန်တော့်ကို သေစေချင်တဲ့ ဒီကောင်က အလျင် သေသွားပြီဗျ' ဟု ဝမ်းသာအားရ ပြောလေသည်။

မှန်ပါသည်။ ဦးဘိုးယွန်းသည် ထိုစကားကို မကြာခဏ ပြောခဲ့ပါသည်။ ကိုသိုက်ဖေသည် ဦးဘိုးယွန်းအား မသတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပေးခြင်းမှာ ဦးဘိုးယွန်းက ကိုသိုက်ဖေထက် အသက်ပိုကြီးသဖြင့် ဦးဘိုးယွန်းက အလျှင်သေမည်ဟု ကိုသိုက်ဖေ ယူဆသောကြောင့် ဦးဘိုးယွန်းအား မသတ်ဘဲ ထားခြင်းဟု ဦးဘိုးယွန်းမကြာခဏ ပြောလေ့ရှိပါသည်။

ဦးဘိုးယွန်းက 'ဘုရားပစ္စည်း စားချင်တဲ့အကောင်၊ အခုတော့ သွားရှာပြီ' ဟု ဆိုပါသည်။

ဦးဘိုးယွန်းသည် ကိုသိုက်ဖေ၏ အလောင်းကို မီးသဂြိုဟ်ပစ်လိုက်ပါသည်။

မသက်ဖူးသေဆုံးစဉ်ကလည်းကောင်း၊ ဒေါ်သိုင်းချို့ သေဆုံးစဉ်ကလည်းကောင်း ဦးဘိုးယွန်းသည် ကြီးမားသော အုတ်ဂူကြီးဆောက်ကာ သဂြိုဟ်ခဲ့ပါသည်။

သွေးမတော် သားမစပ်သော သမက်ဖြစ်သူ ကိုသိုက်ဖေ သေဆုံးသောအခါတွင်မူ ဦးဘိုးယွန်းသည် ဂူသွင်းသဂြိုဟ်ခြင်း မပြုသည်ကို တက်တူတို့ သားအဖက စကားတင်းဆိုကြပါသည်။

ထိုအခါ ဦးဘိုးယွန်းက 'ငါနဲ့ သွေးမတော် သားမစပ်တဲ့ သမက်မို့ ဂူမသွင်းတာမဟုတ်ဘူး၊ ငါနဲ့ သွေးမတော် သားမစပ်ချင်နေပါစေ၊ ညောင်ရမ်းရွာလူထုအတွက် ကောင်းကျိုးပြုတဲ့လူ၊ ရွာအကျိုးဆောင်တဲ့လူဆိုရင် ငါအကုန်အကျခံပြီး ဂူသွင်းသဂြိုဟ်ပါတယ်။ ဒါပေမယ့် သိုက်ဖေတို့ ညောင်ရမ်းရွာမှာ လာနေပြီး တို့ညောင်ရမ်းရွာကို ကြိမ်မီးအုံးသလို နှိပ်စက်ကလူပြုတဲ့သူ၊ ကိုယ့်လူမျိုး ကိုယ့်တိုင်း





ပြည် ကိုယ့်ကျေးရွာကို နှိပ်စက်ညှင်းပန်း နိုင်လိုမင်းထက်လုပ်တဲ့လူမျိုးကို တို့ရွာမှာ အထိမ်းအမှတ်အဖြစ် မထားနိုင်ဘူး၊ သူ့ရဲ့ အရိုးနဲ့ပြာတွေ မြေကျရင်တောင် တူးပစ်ပြီး တခြားမှာ သွားလွှင့်ပစ်ရမယ်' ဟု ဆိုလေသည်။

ဦးဘိုးယွန်း၏ စကားမှာ မှတ်လောက်သားလောက်ပါသည်။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကိုယ့်ရပ်ရွာ ကိုယ့်ဒေသကို ကောင်းကျိုးမပေးဘဲ နှိပ်စက် ညှင်းပန်းသူများ သေဆုံးသွားလျှင် ထိုလူမျိုး၏ အထိမ်းအမှတ် သင်္ချိုင်းမထားသင့်ပါ။ ထိုသူ၏ အရိုးနှင့်ပြာကိုပင် မြေပေါ်မထားသင့်ဘဲ မဟာသမုဒ္ဒရာထဲ သွားလွှင့်ပစ်သင့်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၁၂ ]

## အိုင်အိုမင်းအောင်



တစ်နေ့သ၌ ကျွန်ုပ်နှင့် မိတ်ဆွေကြီး အိုင်အိုမင်းအောင်တို့သည် သာစည်မြို့ကို ရောက်သွားပါသည်။ ကျွန်ုပ်တို့ သာစည်မြို့သို့ ရောက်သွားချိန်မှာ တောပုန်းကြီးစံဖဲ ပုန်ကန်ထကြွပြီးနောက် (၁၀) နှစ်ခန့်အကြာတွင် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ထိုသို့ရောက်သွားရခြင်းမှာ တောပုန်းကြီးစံဖဲ ပုန်ကန် ထကြွရခြင်းမှာ ဘာကြောင့်ဟူသော ထင်မြင်ချက်ကို သိလိုသောကြောင့် ဖြစ်ပါသည်။

တောပုန်းကြီးစံဖဲ ပုန်ကန်ထကြွစဉ်အခါက နယ်စီးရာဇဝတ်ဝန်ထောက် ဦးအောင်ကျော်ညွန့်တို့ကလည်း တောပုန်းကြီးစံဖဲသည် ဘာကြောင့် ပုန်ကန်ထကြွရသလဲဟူသော သုံးသပ်ချက်ကို အထက်အစိုးရသို့ ရေးသားအစီရင်ခံပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို တောပုန်းကြီးစံဖဲကို မြင်းခြံထောင်အတွင်း၌ ကြိုး ပေးသတ်ပြီး (၁၀)နှစ်ကြာသောအခါ ဘာကြောင့် တောပုန်းကြီးစံဖဲ ပုန်ကန်ရသလဲဟု သုံးသပ်ချက် အစီရင်ခံစာကို ရေးခိုင်းသည်မှာ လူကြားလျှင် ရယ်စရာပင် ကောင်းနေပါသေးသည်။

သို့သော် ထိုသို့ ရယ်စရာကောင်းသည်ဟု ထင်မြင်သူများ မှာ အတွေးအခေါ် ရင့်ကျက် ဉာဏ်ပညာထက်မြက်သူများ မဟုတ် ပေ။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သော (၁၀)နှစ်က အယူအဆ နှင့် ယခုအယူအဆသည် တူချင်မှတူပါတော့မည်။ အယူအဆသည် ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်ပါသည်။

လွန်ခဲ့သော (၁၀)နှစ်က အခြေခံပြီး စဉ်းစားခဲ့သော အချက်များသည် တစ်စုံတစ်ရာ ဖုံးကွယ်ထားမှုကြောင့် မှားယွင်း ကောင်း မှားယွင်းနိုင်ပါသည်။ ယခု ပုန်ကန်မှုကြီးဖြစ်ပြီး (၁၀)နှစ် ကြာသောအခါမှ ဘာကြောင့်ပုန်ကန်မှုဖြစ်ရသလဲဟု သုံးသပ်သော အခါ ထိုစဉ်က အခြေအနေအရပ်ရပ်ကြောင့် ဖုံးကွယ်မှုများ၊ ထိမ်ချန် မှုများ၊ အမြင်တိမ်းစောင်းမှုများ၊ အယူအဆလွဲမှားမှုများမှ ကုန်ဆုံး လွန်မြောက်ပြီဖြစ်၍ မှန်ကန်သော သုံးသပ်ချက်တစ်ခုကို ရနိုင်လိမ့် မည်ဟု မျက်နှာဖြူအစိုးရက ယူဆပါသည်။

အမှန်မှာ မျက်နှာဖြူအစိုးရ၏ ဂုဏ်သိက္ခာကို အကြီး အကျယ် ကျဆင်းစေသော တောပုန်းကြီးစံဖဲ ပုန်ကန်မှုမျိုး မြန်မာ ပြည်တွင် နောက်ထပ်မပေါ်ပေါက်စေရန်အတွက် လွန်ခဲ့သော (၁၀)





နှစ်က ဖြစ်ပွားခဲ့သော ပုန်ကန်မှုမျိုးကို ယခုမှ ပြန်ပြီး သုံးသပ်နိုင်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် တောပုန်းကြီးစံဖဲ လှည့်လည်ကျက်စားခဲ့ သော ဂုံညင်းနွယ်၊ ဘွဲ့ခြား၊ မဲတော၊ သာလွန်စသော ရွာများသို့ လှည့်လည်သွားလာရင်း ထိုအချိန်က သိလိုက်သူများနှင့် တွေ့ဆုံ၍ မေးမြန်းရပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့သည် ညောင်ရမ်းရွာ သို့ ရောက်သွား ပါသည်။ ထိုရွာသို့ရောက်သွားရခြင်းမှာ တောပုန်းကြီးစံဖဲသည် ညောင်ရမ်းရွာဗိုလ်တဲတွင် ပုလိပ်များလက်ထဲမှ လက်ထိတ်ချွတ်ပြီး ထွက်ပြေးသွားသည်ဟု ဆိုပါသည်။

ထို့ပြင် တောပုန်းကြီးစံဖဲသည် ညောင်ရမ်းရွာဈေး၌ မကြာ ခဏ ဆံပင်လာညှပ်သည်ဟုဆိုရာ ကျွန်ုပ်တို့သည် ညောင်ရမ်းရွာ၌ တောပုန်းကြီးစံဖဲ၏ အကြောင်းကို လာရောက်စုံစမ်းခြင်းဖြစ်ပါသည်။

သာစည်ဌာနာအုပ် ကိုသိန်းဟန်နှင့် ကျွန်ုပ်တို့သည် ညောင် ရမ်းရွာဗိုလ်တဲတွင် တည်းခိုပြီးနောက် ထမင်းစားသောအခါတွင်မှူ ရွာသူကြီး ဦးအောင်မြတ်၏ အိမ်ကြီးတွင် သွားစားပါသည်။

တစ်ညနေပိုင်းတွင် ကျွန်ုပ်တို့ ရွာသူကြီးဦးအောင်မြတ်၏ နေအိမ်သို့ အသွားတွင် ဦးအောင်မြတ်၏ အိမ်ရှေ့တည့်တည့်တွင် ဘိုင်စကုပ်ရုံကြီးတမျှ ကြီးမားသော တိုက်အိမ်ကြီးကို တွေ့ရပါသည်။ တွေ့စဉ်က ထိုအိမ်ကြီးကို ကျွန်ုပ်က ဘုန်းကြီးကျောင်းတိုက်ကြီးဟုပင်

www.burmeseclassic.com



ထင်မိပါသည်။

ဤတိုက်အိမ်ကြီးရှေ့ ပန်းခြံထဲတွင် အသားမည်းမည်း၊ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် စုတ်ပြတ်နေသော ပင်နီအကျႌရေကျကြီးနှင့် ပုဆိုးကြမ်းကွက်တုံးကြီးကို ဝတ်ထားသော လူကြီးတစ်ယောက်သည် ကုန်းကုန်းကုန်းကုန်းနှင့် သစ်ပင်များကို ပေါင်းသင်စိုက်ပျိုးနေပါသည်။

ကျွန်ုပ်က ညောင်ရမ်းရွာကလေးနှင့် မလိုက်အောင် ကြီးမားသော တိုက်အိမ်ကြီးကို တွေ့ရသောအခါ လွန်စွာ စိတ်စားသွားပါသည်။

ထိုတိုက်အိမ်ကြီးမှာ ယခုအခါ ပြုပြင်သူမဲ့ကာ ရေညှိများ ဖုံးလွှမ်းကာ တိုက်အိုတိုက်ဟောင်းကြီးနှင့် တူနေသော်လည်း ယခင်အခါက လွန်စွာပင် ခမ်းနား သိုက်မြိုက်ခဲ့မည့် တိုက်ကြီးမှန်း သိသာထင်ရှားနေပါသည်။

ကျွန်ုပ်က ညောင်ရမ်းရွာကလေးတွင် ဤမျှကြီးမားသော တိုက်အိမ်ကြီးကို တွေ့ရသောအခါ လွန်စွာအံ့သြမိကြောင်း သူကြီးဦးအောင်မြတ်အား ပြောပါသည်။

သူကြီးဦးအောင်မြတ်သည် ဆေးတံကြီးခဲထားရာမှ ပါးစပ်မှ ချွတ်ပြီး သူ၏ နှုတ်ခမ်းမွေးကျင်စွယ်ကြီးကို သပ်ကာ သက်ပြင်းချ လိုက်ပါသည်။

သူကြီးဦးအောင်မြတ်သည် တိုက်အိမ်ကြီးကို ကြီးမားသော





တိုက်အိမ်ကြီးကို ရီဝေသော မျက်လုံးအစုံနှင့် လှမ်းကြည့်လိုက်ပြီး ကျွန်ုပ်က တစ်လုံးချင်းပြောပါသည်။

'ဟောဒီတိုက်အိမ်ကြီးမှာ ရန်ကုန်မြို့က ချာတာဘဏ်ထက် တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ရှိတယ်ဆိုရင် အင်စပက်တာမင်း ယုံမလား' ဟု မေးပါသည်။

ကျွန်ုပ်က 'ပြောပါဦး သူကြီးမင်းရဲ့ ယုတ္တိယုတ္တာခိုင်လုံရင် ယုံရမှာပေါ့'

ကျွန်ုပ်သည် မျက်နှာဖြူအစိုးရ၏ ကလိန်စေ့ပြမ်းဆင်ထားသော ဒီပလိုမေစီများကိုပင် ယုံကြည်ရသူများဖြစ်ရာ ခံစားချက်နှင့် ပြောမိလိုက်သည်။

သူကြီးဦးအောင်မြတ်က သက်ပြင်းချပြီး တိုက်အိမ်ကြီးကို လက်ညှိုးထိုးပြပြီး -

'ဟောဒီတိုက်အိမ်ကြီးမှာ လှည်းကိုးစီးတိုက် ရတနာတွေရှိတယ်။ တန်ဖိုး သိန်းပေါင်းများစွာ ရှိတယ်'

'ဟုတ်လား၊ အဲဒီတိုက်အိမ်ကြီးကို ဘယ်သူပိုင်တာလဲ'

'မြေပိုင်ရှင် ဘုရားဒကာကြီး ဦးဘိုးယွန်းဆိုတာပေါ့။ စောစောက အင်စပက်တော်မင်းတို့ ကျွန်တော့်အိမ်ကြီးကို လာတုန်းက ခြံဝမှာ တကုန်းကုန်းနဲ့ သစ်ပင်စိုက်နေတဲ့ လူကြီးပေါ့'

'အဲဒီအဘိုးကြီးက နည်းနည်းထူးဆန်းတယ်နော်၊ ညနေနေဝင်ရီတရောအချိန်ကြီးမှာ သစ်ပင်စိုက်နေတယ်'

www.burmeseclassic.com



ကျွန်ုပ်သည် ယခုမှ သတိထားမိသော အချက်ကို သူကြီး ဦးအောင်မြတ်အား ပြောလိုက်သည်။

သူကြီးဦးအောင်မြတ်က -

'ဒါ ဘာဟုတ်ဦးမလဲ အင်စပက်တော်မင်းရယ်၊ ဦးဘိုးယွန်းက သူ့ရဲ့ ရတနာပစ္စည်းတွေကို စောင့်ကြပ်ဖို့ တစ်ညလုံး မအိပ်ဘူး။ တစ်ညလုံး တချောက်ချောက်နဲ့ နေတာပဲ'

ကျွန်ုပ်က -

'နေပါဦး၊ အဲဒီတိုက်အိမ်ကြီးမှာ လူ ဘယ်နှစ်ယောက် နေသလဲ'

'ဦးဘိုးယွန်း တစ်ယောက်တည်းပဲ နေပါတယ်။ အင်စပက်တော်မင်း'

'ဒီလောက်ကြီးမားတဲ့ အိမ်ကြီးမှာ လူတစ်ယောက်တည်းပဲ နေတယ်ဟုတ်လား၊ ကျုပ်သာဆိုရင် လခသုံးဆတိုးပေးမယ်ဆိုရင်တောင် မနေရဲဘူး'

'သာမန်လူတွေအတွက်တော့ ဟုတ်တာပေါ့။ ဦးဘိုးယွန်းလို အသက်ရှင်လျက်နဲ့ ဘုရားရတနာသိုက်ကို စောင့်နေရတဲ့ ဥစ္စာစောင့်တွေအဖို့တော့ နေရဲတာပေါ့'

'ဗျာ . . . အသက်ရှင်လျက်ရှိတဲ့ ဥစ္စာစောင့်ဟုတ်လား'

'ဟုတ်တယ်၊ တချို့လူတွေဟာ သေပြီးမှ ဥစ္စာစောင့်ဖြစ်တယ်၊ ဦးဘိုးယွန်းတို့ မိသားစုကတော့ အသက်ရှင်လျက်နဲ့ ဥစ္စာ





စောင့်ဖြစ်ခဲ့တာ'

'ဦးဘိုးယွန်းမိသားစု ဟုတ်လား၊ ဦးဘိုးယွန်းမှာ မိသားစုရှိခဲ့တာပေါ့'

'ဟုတ်တယ်၊ ဦးဘိုးယွန်းမှာ မိသားစုရှိခဲ့ပါတယ်၊ ဒါပေမယ့် ကျိန်စာသင့်သလို တစ်ယောက်ပြီးတစ်ယောက် သေသွားကြတယ်၊ ဦးဘိုးယွန်းရဲ့ သမီးရယ်၊ ဦးဘိုးယွန်းရဲ့ ဇနီးရယ်၊ ဦးဘိုးယွန်းရဲ့ သမက်ရယ်၊ ဦးဘိုးယွန်းရဲ့ သမက်က သာစည်မြို့ပိုင်က ထွက်ခဲ့တာလေ၊ အဲဒီမြို့ပိုင် ကိုသိုက်ဖေကလည်း တစ်မျိုးပဲ၊ ညောင်ရမ်းရွာမှာ ဖြစ်ခဲ့တဲ့ လူသတ်မှုတွေမှာ သူ့ကို လူတွေက တော်တော်ပဲ မသင်္ကာကြဘူး၊ ဟောဒီက သာစည်ဌာနအုပ်မင်း ကိုသိန်းဟန် အသိပါပဲ'

သူကြီးဦးအောင်မြတ်က ကျွန်ုပ်တို့နှင့် အတူပါလာသော သာစည်ဌာနအုပ် ကိုသိန်းဟန်ကို မေးငေါ့ပြပြီး ပြောလိုက်သည်။

သာစည်ဌာနအုပ် ကိုသိန်းဟန်က သူကြီးဦးအောင်မြတ် ပြောသည်ကို ဟုတ်မှန်ကြောင်း ဝန်ခံသည့်အနေနှင့် ခေါင်းညိတ်ပြလိုက်ပြီး -

'ဟုတ်တယ်၊ ညောင်ရမ်းကန်ကြီးမှာ ရေနစ်သေတဲ့ ကိစ္စ ထန်းတဲမှာ အဆိပ်ခတ်ခံရတဲ့ ကိစ္စနဲ့ ဂျင်ဝိုင်းမှာဖြစ်တဲ့ ဓားထိုးမှုတွေမှာ မြို့ပိုင် ကိုသိုက်ဖေရဲ့ ပယောဂမကင်းဘူးလို့ သံသယရှိကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ စုံစမ်းကြည့်တော့ မြို့ပိုင် ကိုသိုက်ဖေဟာ တကယ်ပဲ အပြစ်ကင်းစင်သလား၊ အလွန်လည်ပတ်လို့ အပြစ်ကင်း



www.burmeseclassic.com

www.burmeseclassic.com



စင်တယ်ထင်အောင် ပြင်ဆင်ပြီးမှ ရာဇဝတ်မှု ကျူးလွန်သလားတော့ မသိဘူး၊ မြို့ပိုင် ကိုသိုက်ဖေကို မသက်သာမှုနဲ့ ဖမ်းဆီးစစ်ဆေးနိုင်လောက်အောင် အထောက်အထားမျိုး ကျွန်တော် ရှာမတွေ့ခဲ့ဘူး'

သူကြီးဦးအောင်မြတ်က -

'ညောင်ရမ်းတစ်ရွာလုံးကတော့ ကိုကံပေါ်၊ ဦးဘကြီးနဲ့ ဘိုးကဲတို့ သေဆုံးရမှုမှာ မြို့ပိုင် ကိုသိုက်ဖေက နောက်ပိုင်းက ကြိုးဆွဲခဲ့တယ်လို့ ထင်ကြတာပဲ'

ထိုအချိန်တွင် တစ်ချိန်လုံး စကားဝင်မပြောဘဲ ကျွန်ုပ်တို့ စကားပြောသည်ကို စိတ်မဝင်စားသော အမူအရာနှင့် ထိုင်နေသော အိုင်အိုမင်းအောင်က စကားဝိုင်းထဲသို့ ဝင်လာသည်။

'မြို့ပိုင် ကိုသိုက်ဖေက နောက်ပိုင်းက ကြိုးဆွဲတယ်ဆိုတော့ ရှေ့ပိုင်းက ကပြတဲ့ ရုပ်သေးရုပ်က ဘယ်သူလဲ'

'ရာဇဝင့်လူဆိုး တက်တူတို့ သားအဖလေ၊ တက်တူရဲ့ အဖေ ဦးစံထွားက အသက်ကြီးလို့ လူဆိုးလောကက ပင်စင်ယူတော့ သူ့သား တက်တူက အမွေဆက်ခံပြီး ဆိုးသွမ်းနေတာပေါ့၊ ဒီလူဆိုးသားအဖနဲ့ မြို့ပိုင် ကိုသိုက်ဖေတို့ဟာ မသန့်ရှင်းတဲ့ မဟာမိတ်တွေပေါ့'

သာစည်ဌာနအုပ် ကိုသိန်းဟန်က ရှင်းပြလေသည်။

အိုင်အိုမင်းအောင်က -

'အဲဒီ ကိုကံပေါ်တို့ ဦးဘကြီးတို့ အသတ်ခံရတဲ့ လူသတ်မှု





တွေက အလင်းရောက်သလား'

သာစည်ဌာနအုပ် ကိုသိန်းဟန်က ခေါင်းခါလိုက်ပြီး -

'မပေါ်ဘူး'

ထိုအခါ အိုင်အိုမင်းအောင်က ကိုသိန်းဟန်အား သက်ညှာထောက်ထားသော စေတနာအရင်းခံနှင့်

'ဘယ်ပေါ်မလဲဗျ၊ ခင်ဗျားဟာ ကျွန်တော်တို့ ပုလိပ်တွေမှားလေ့ရှိတဲ့ ရာဇဝတ်မှုခင်းတစ်ခုကို ယထာဘူတကျကျ မစဉ်းစားမိ ခင်ဗျားရဲ့ ဦးနှောက်ထဲမှာ ကြိုတင်ပြီး တရားခံရှာထားတာ၊ အဲဒီလို လူပြောသူပြောများတာကို နားယောင်ပြီး တရားခံကို ကြိုတင်ရှာထားရော၊ အဲဒီမှာ အမှုက ကိုယ်ထင်ထားတဲ့ တရားခံအပေါ် တရားစွဲတင်လောက်တဲ့ အထောက်အထားက ကွင်းဆက်လည်း ပြတ်နေရော အမှုလည်း မပေါ်ဖြစ်ရော၊ တကယ်တော့ ရာဇဝတ်မှုခင်းကို သေသေချာချာ မစစ်ဆေးမိ တရားခံကို ကြိုတင် မရှာထားရဘူးဗျ'

ကိုသိန်းဟန်က -

'ဟုတ်တယ်ဗျို့၊ လူတွေက ကိုသိုက်ဖေအပေါ် မသင်္ကာတာနဲ့ ကျွန်တော်လည်း ရောပြီး ကိုသိုက်ဖေအပေါ် မသင်္ကာဘူး၊ ဒါပေမယ့် ကိုသိုက်ဖေအပေါ် တရားစွဲတင်ဖို့ နိုင်လုံတဲ့ အထောက်အထားမှ မတွေ့ဘဲ၊ ဒီတော့ တခြားတရားခံကို ခြေရာခံဖို့ သဲလွန်စတွေလည်း ပျောက်သွားရော'

'ဟုတ်တယ်၊ ပြဿနာကို သေသေချာချာ မသုံးသပ်မိ



www.burmeseclassic.com

www.burmeseclassic.com



အနုမာန အယူအဆဝင်လာပြီး အဖြေကို ကြိုတင်ရှာထားရင် အဖြေမှန်ကို မရနိုင်ဘူး၊ ကဲ ဆိုစမ်းပါဦးဗျာ၊ ခင်ဗျားတို့က မြို့ပိုင် ကိုသိက်ဖေကို လူသတ်မှုသုံးမှုမှာ ဘာဖြစ်လို့ မသက်သေရတာလဲ'

အိုင်အိုမင်းအောင်က သာစည်ဌာနအုပ် ကိုသိန်းဟန်အား မေးခွန်းထုတ်လိုက်သည်။

ကိုသိန်းဟန်က -

'ပထမဆုံး အသတ်ခံရတဲ့ ကိုကံပေါ်ဟာ မြေပိုင်ရှင် ဘုရားဒကာကြီး ဦးဘိုးယွန်းရဲ့ လူယုံတော်ဗျ၊ အဲဒီတော့ ကိုသိုက်ဖေဟာ ဦးဘိုးယွန်းရဲ့ အမွေတွေကို လိုချင်လို့ ကိုကံပေါ်ကို လမ်းရှင်းပစ်တယ်လို့ ကျွန်တော်တို့ ယူဆခဲ့ကြပါတယ်'

'မြို့ပိုင် ကိုသိုက်ဖေဟာ ဦးဘိုးယွန်းရဲ့ သမက်နော်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်၊ ကိုသိုက်ဖေက ဦးဘိုးယွန်းရဲ့ သမီး မသက်ဖူးရဲ့ ယောကျ်ား'

အိုင်အိုမင်းအောင်က -

'ဒီလိုဆိုရင်လည်းဗျာ၊ မြို့ပိုင် ကိုသိုက်ဖေဟာ ဦးဘိုးယွန်းရဲ့ သမီး မသက်ဖူးကို ရနေပြီပဲ၊ ဦးဘိုးယွန်းသေသွားရင် အမွေတွေ အားလုံး မသက်ဖူးရမှာပဲ၊ ဦးဘိုးယွန်းက အမွေတွေကို သူ့ရဲ့ လူယုံတော် ကိုကံပေါ်ကို ပေးမလား၊ သူ့ရဲ့သမီး မသက်ဖူးကို ပေးမလား၊ မြို့ပိုင် ကိုသိုက်ဖေဟာ ဦးဘိုးယွန်းရဲ့သမီး မသက်ဖူးကို ရထားတာပဲ၊





ဘာဖြစ်လို့ လူယုံတော်ကို သတ်မလဲ၊ သတ်ချင်းသတ်ရင် သူတို့အမွေတွေ မြန်မြန်ရအောင် ဦးဘိုးယွန်းကို သတ်မှာပေါ့၊ ကိုကံပေါ်ကို ဘာဖြစ်လို့ သတ်မလဲ၊ ဟုတ်တယ်မဟုတ်လား'

သာစည်ဌာနာအုပ် ဦးသိန်းဟန်က -

ဟုတ်တယ်ဗျို့၊ ဒီကိစ္စဟာ ကိုကံပေါ် အသတ်ခံရတဲ့ ကိစ္စမှာ အခြေခံ စဉ်းစားရမယ့် အချက်ပဲဗျို့၊ ဒါပေမယ့် ကျွန်တော်တို့က ဒါတွေ မစဉ်းစားဘဲ ဦးဘိုးယွန်းကို မသတ်မီ သူ့ရဲ့ လူယုံတော် ကိုယ်ရံတော်ကို ကြိုတင်ရှင်းထားလိုက်တာလို့ ယူဆခဲ့တာ'

'ကဲ. . . ကောင်းပြီ၊ ကိုကံပေါ် အသတ်ခံရပြီး ဘယ်သူ အသတ်ခံရသလဲ'

'ဦးဘကြီး'

'ဦးဘကြီးကကော ဦးဘိုးယွန်းဆီမှာ ဘာအလုပ် လုပ်သလဲ'

'ဦးဘကြီးက ဦးဘိုးယွန်းဆီမှာ ထမင်းချက်လုပ်တာ၊ ဦးဘကြီးက ကိုကံပေါ်ရဲ့ အဖေ၊ သူ့သား ကိုကံပေါ် အသတ်ခံရတာ မကျေနပ်ကြောင်းပြောလို့ အဆိပ်ခတ်ခံရပြီး သေသွားတာ'

'ကဲ. . . ဒီလိုဆိုရင် ဦးဘကြီးကို သတ်မှ ဦးဘိုးယွန်းရဲ့ အမွေတွေကို ရမှာလား'

'ဒါတော့ မလိုပါဘူး၊ ဦးဘကြီးကို သတ်ရင်လည်း ဦးဘိုးယွန်းရဲ့ အမွေကို မရနိုင်ပါဘူး၊ ဒါပေမယ့် ကိုကံပေါ် အသတ်ခံရမှုနဲ့ ပတ်သက်ပြီး သူ့အဖေ ဦးဘကြီးက မကျေနပ်လို့ ဦးဘကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပစ်တာလိုပ ကျွန်တော်တို့ ယူဆခဲ့တယ်’

‘ကဲပါဗျာ၊ ခင်ဗျားတို့ မြေပိုင်ရှင် ဘုရားဒကာကြီး ဦးဘိုးယွန်းအကြောင်းနဲ့ ရာဇဝတ်မှုခင်းဖြစ်ပျက်ပုံကို ကျွန်တော့်ကို ပြောပြပါလား၊ ဒီကိစ္စကို ကျွန်တော်လည်း စိတ်ဝင်စားလာပြီ၊ ကျွန်တော်လည်း ဒီအမှုကိစ္စကို သေသေချာချာသိရင် ခင်ဗျားတို့နဲ့အတူ ပိုင်းဝန်း ဖြေရှင်းလို့ရမှာပေါ့၊ အခုဟာက ကျွန်တော်ကိုယ်တိုင်က အနုမာန အယူအဆတွေ ပြောသလိုဖြစ်နေပြီ’

အိုင်အိုမင်းအောင်က ညောင်ရမ်းရွာမှ လှည်းကိုးစီးတိုက်ရတနာ့အိမ်နှင့် အမှုကိစ္စကို စိတ်ဝင်စားလာသဖြင့် ပြောလိုက်သည်။

ထိုအခါ သာစည်ဌာနအုပ် ကိုသိန်းဟန်နှင့် ညောင်ရမ်းရွာသူကြီး ဦးအောင်မြတ်တို့သည် သူပြောပါ၊ ငါပြောပါနှင့် ငြင်းဆန်နေလေသည်။

အမှန်မှာ သူကြီးဦးအောင်မြတ်သည် မြေပိုင်ရှင် ဘုရားဒကာကြီးဦးဘိုးယွန်းတို့အကြောင်းကိုသာ သိပြီး အမှုအခင်းနှင့် ပတ်သက်ပြီး သာစည်ဌာနအုပ် ကိုသိန်းဟန်လောက် မသိပေ။ သာစည်ဌာနအုပ် ကိုသိန်းဟန်မှာလည်း အမှုအခင်းကိစ္စကိုသာသိပြီး မြေပိုင်ရှင်ကြီး ဦးဘိုးယွန်းတို့ ဇာတ်လမ်းကို မသိပေ။

ထို့ကြောင့် သူကြီးဦးအောင်မြတ်နှင့် ဌာနအုပ် ကိုသိန်းဟန်တို့နှစ်ဦးစပ်ပေါင်းမှသာလျှင် ဦးဘိုးယွန်းတို့၏ ဇာတ်ကြောင်းနှင့် ဖြစ်ပွားခဲ့သော လူသတ်မှု အမှုအခင်းများကို သိရှိမည်ဖြစ်သည်။





သူကြီးဦးအောင်မြတ်နှင့် ဌာနအုပ် ကိုသိန်းဟန်တို့၏ နှစ်ယောက်ပေါင်းမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နိုင်မည် ဖြစ်သည်။

သို့သော် သူကြီးဦးအောင်မြတ်က ကာယကံရှင် မြေပိုင်ရှင် ဘုရားဒကာကြီး ဦးဘိုးယွန်းကို ပြောခိုင်းခြင်းသာလျှင် ပို၍ပြည့်စုံသော ဇာတ်လမ်းကို သိရမည်ဟု ဆိုလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ထမင်းမစားသောက်မီ မြေပိုင်ရှင် ဦးဘိုးယွန်း၏ ကြီးမားသော တိုက်အိမ်ကြီးကို သူကြီးဦးအောင်မြတ်နှင့်အတူ သွားရောက်ပြီး အဖြစ်အပျက် ဇာတ်လမ်းများကို မေးမြန်းစုံစမ်းရပါသည်။

ဦးဘိုးယွန်းသည် အသားညိုညို၊ အရပ်ရှည်ရှည်နှင့် အဝတ်အစားများကို ဖြစ်ကတတ်ဆန်း ဝတ်ထားပြီး အိုမင်းလှချေပြီ။ သူတို့၏ ဇာတ်လမ်းကို မေးလိုက်သည်နှင့် ဦးဘိုးယွန်းမှာ -

‘မြို့ပိုင် သိုက်ဖေဆိုတာ နာမည်နဲ့ လိုက်အောင် ကျုပ်သမီးကို အရယူပြီး ကျုပ်တို့အိမ်ကြီးမှာ သိုက်လာတူးတာ၊ သိုက်ဖေက သိုက်လာတူးတာ၊ ကျုပ်တို့လည်း မြို့ပိုင်ဆိုတဲ့ ဂုဏ်ကို မက်တာလည်း ပါတာပေါ့လေ’

ဦးဘိုးယွန်းသည် သူတို့၏ဇာတ်လမ်းကို ထိုစကားနှင့်ပင် နိဒါန်းဖွင့်လိုက်ပါသည်။

‘သိုက်ဖေက သိုက်သမား၊ သိုက်ဖေဟာ နာမည်နဲ့ လိုက်အောင်ကို သိုက်တူးတဲ့အကောင်’ဟု ဦးဘိုးယွန်းက နှုတ်မှ တဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေလေသည်။

ဦးဘိုးယွန်းက 'ကျုပ် အခုထက်ထိ အသက်ရှင်ပြီး ကျန်ရစ်တာ သိုက်ဖေက ကျုပ်ကို သူ့အရင် သေလိမ့်မယ်ထင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးထားလို့၊ ကျုပ်သေမှ ကျုပ်ရဲ့ပစ္စည်းတွေကို သုံးလိုက်မယ်၊ ဖြုန်းလိုက်မယ်လို့ အားခဲထားတာ၊ အခုတော့ သင်းက အရင်သေသွားတာပေါ့လေ'ဟု ဆိုလေသည်။

ထို့နောက် ဦးဘိုးယွန်းက အိုင်အိုမင်းအောင်ကို ခံ့ညားရှိသေသော အမူအရာနှင့် ကြည့်ပြီး. . .

'ခင်ဗျားတို့ ပုလိပ်အရာရှိတွေ ကျုပ် မှားသလား၊ ကျုပ်မှန်သလားဆိုတာ စဉ်းစားဆုံးဖြတ်ကြပါ၊ မြို့ပိုင် သိုက်ဖေဟာ လူယုတ်မာတစ်ယောက်မို့ သူ့ရဲ့ အထိမ်းအမှတ်၊ အမှတ်သားတွေ ဒီရွာမှာ ကျန်ရစ်မှာစိုးလို့ သူ့ရဲ့အလောင်းကို ကျုပ် ဂူမသွင်းခဲ့ဘဲ မီးသင်္ဂြိုဟ်ခဲ့တယ်၊ အဲဒါ မှန်သလား မှားသလား'

ထိုအခါ အိုင်အိုမင်းအောင်က ဦးဘိုးယွန်းအား စူးစမ်းသော အကြည်နှင့် ကြည့်လိုက်ပြီး. . .

'တကယ်လို့ ကိုသိုက်ဖေဟာ လူယုတ်မာမဟုတ်ရင်တော့ ဘုရားဒကာကြီးလုပ်တာ မှားတယ်၊ တကယ်လို့ ကိုသိုက်ဖေဟာ လူယုတ်မာဆိုရင်တော့ ဘုရားဒကာကြီး လုပ်တာ မှန်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူယုတ်မာကို ယုတ်မာထဲ့ သူတွေသာ ကိုးကွယ်ဆည်းကပ်နိုင်ပြီး လူကောင်းတွေက ရွံရှာစက်ဆုပ်ပြီး အဖက်မလုပ်ကြဘူး၊ ဒါကြောင့် လူယုတ်မာအတွက် ဘာအထိမ်းအမှတ်မှ မထားခဲ့တာ မှန်ပါတယ်'

ထိုစကားကို ကြားရသော ဦးဘိုးယွန်းသည် 'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'ဟု ဆိုကာ ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

ထို့နောက် ဦးဘိုးယွန်းသည် သူတို့ ညောင်ရမ်းရွာရှိ လှည်းကိုးစီးတိုက် ရတနာအိမ်ကြီးနှင့် ပတ်သက်သော ဇာတ်လမ်းကို စီကာပတ်ကုံးပြောပြလေသည်။

ထိုဇာတ်လမ်းမှာ လေးစားအပ်သော စာဖတ်ပရိသတ်များ ဖတ်ရှုခဲ့ပြီးသော ဇာတ်လမ်းပင်ဖြစ်ပါသည်။ ရာဇဝတ်မှုနှင့် ပတ်သက်သော အကြောင်းအရာများကိုမူ ဌာနအုပ် ကိုသိန်းဟန်က ဖြည့်စွက်ပြောကြားပေးပါသည်။







www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးယွန်း၏ ဇာတ်လမ်းကို အပြည့်အစုံ ကြားသိရပြီးနောက် အိုင်အိုမင်းအောင်၏ မျက်နှာမှာ ပြုံးယောင်သမ်းသွားပါသည်။

ကျွန်ုပ်သည် မိတ်ဆွေကြီး အိုင်အိုမင်းအောင်နှင့်အတူ နှစ်ပေါင်းများစွာ ယှဉ်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ဖူးရာ ထိုအပြုံးမှာ အမှုတစ်ခု အလင်းရောက်သောအခါ အိုင်အိုမင်းအောင် ပြုံးလေ့ရှိသော အပြုံးမျိုးဖြစ်ပါသည်။

အိုင်အိုမင်းအောင်သည် ညောင်ရမ်းရွာမှ ဦးဘိုးယွန်း၏ လှည်းကိုးစီးတိုက် အိမ်ကြီးဇာတ်လမ်းကို နားထောင် ဆင်ခြင်စဉ်းစားပြီးနောက် လူသတ်မှုများနှင့် ပတ်သက်ပြီး သူ၏ ထင်မြင်ချက်ကို ပေးလေသည်။

'ဒီမှာ ကိုသိန်းဟန်၊ လူသတ်တယ်ဆိုတာ လွယ်တဲ့ အလုပ်





တစ်ခု မဟုတ်ဘူးဗျ၊ သာမန်လူတစ်ယောက်အဖို့ လူသတ်ဖို့ဆိုတာ ကြီးမားလှစွာသော ဒုလ္လဘအမှုကြီးပဲဗျ၊ တစ်ခုတော့ ရှိတာပေါ့ဗျ၊ ဒေါသကျောက်တုံးနှင့် မောဟမီးစက် ခတ်မိရင် မီးပွင့်သလို ဒေါသအလျောက် လူသတ်ချင် သတ်မိပေမယ့် သာမန်အားဖြင့်တော့ မလွယ်တဲ့ကိစ္စပဲ၊ အဲဒီတော့ အခြေခံစဉ်းစားတဲ့နေရာမှာ လူသတ်မှုနဲ့ ယှဉ်ပါးတဲ့ လူကို စဉ်းစားသင့်တယ်၊ ဒါပေမယ့် ဒါဟာလည်း ပုံသေကားချပ်တော့ မဟုတ်ဘူးနော်၊ အမှုအခင်းပေါ်မှာ တည်တယ်၊ ကိုကံပေါ် အသတ်ခံရမှုမှာ စတီးဘရားသားက စပါးဖိုးရလာတဲ့ ငွေသုံးထောင်ပျောက်သွားတယ်နော်'

'ဟုတ်ပါတယ်'

'သာမန်အားဖြင့်ဆိုရင် ငွေသုံးထောင်လိုချင်လို့ ကိုကံပေါ်ကို သတ်တယ်လို့ ထင်စရာမရှိဘူးလား'

ကိုသိန်းဟန်က

'ဟုတ်တယ်'

'အဲဒီလိုထင်ပြီး ငွေလိုချင်လို့ လူသတ်တယ်လို့ အမှုလမ်းကြောင်းကို ဖောင်းပေးပြီး စုံစမ်းရင်လည်း ဒီအမှုပေါ်မှာ မဟုတ်ဘူး၊ တကယ်တော့ ကိုကံပေါ် အသတ်ခံရတာ လက်တုံ့ပြန်ခံရတာ'

'ဗျာ. . . လက်တုံ့ပြန်ခံရတာဟုတ်လား၊ ဘယ်သူက လက်တုံ့ပြန်မှာလဲ'

'ရာဇဝင်လူဆိုး နဂါးလေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ. . . ရာဇဝင်လူဆိုး နဂါးဟုတ်လား'

'ဗျာ. . . နဂါးက ကျွန်းကျသွားတာပဲ'

'အဲဒါ ခက်တာပေါ့ ကိုသိန်းဟန်၊ ခင်ဗျားတို့က ရာဇဝင်ဘက်မှာလုပ်ပြီး ရာဇဝင်ပြစ်မှု ပြန်တမ်းတောင် သေသေချာချာမဖတ်ပဲကိုး၊ လူဆိုးခေါင်းဆောင်နဂါးဟာ အက်ဒမန်ကျွန်းကို လာဆိုက်တဲ့ ကျွန်းပတ်သင်္ဘောက စူကာနီဟန်ဆောင်ပြီး ထွက်ပြေးလွတ်မြောက်သွားပြီဆိုတာ ရာဇဝင်ပြစ်မှုပြန်တမ်းမှာ ပါတယ်'

'ဟုတ်လား'

'ဟုတ်တယ်ဗျ၊ ကိုကံပေါ် သေတဲ့နေ့က ရွှေဂူကြီးဘုရားမဟာရံတံတိုင်းနဲ့ ရေအိုးစင်နားမှာ ကန်တော့ပွဲတွေ ဖယောင်းတိုင်ဆီမီးတွေနဲ့ သိုက်တူးတယ်လို့ ထန်းရည်တဲပိုင်ရှင် ကိုတူးရိုးတို့ အစစ်ခံတာ ရှိသားပဲ၊ အဲဒါ ရာဇဝင်လူဆိုး နဂါးနဲ့ သူ့တပည့်တစ်ယောက်ဖြစ်မှာပေါ့'

'ဒါဖြင့်ရင် ဦးဘကြီးကို အဆိပ်ခတ်သွားတာကကော'

'ဖြည်းဖြည်းပေါ့ဗျာ၊ မလောပါနဲ့ဦး၊ စုံထောက်တစ်ယောက်ဆိုတာ တရားခံတစ်ယောက်ကို ဖမ်းဖို့ လွယ်ပါတယ်၊ အဲဒီတရားခံကို ပြစ်မှုကျူးလွန်တယ်ဆိုတဲ့ သက်သေအထောက်အထားကို စာဒကတက်စရာ ရေပက်မဝင်နိုင်အောင် ခိုင်လုံဖို့ လိုတယ်၊ အခု ကိုကံပေါ်ကိစ္စကို အရင်ရှင်းပြီးမှ ဦးဘကြီးကိစ္စ ရှင်းတာပေါ့၊ ခင်ဗျား အံ့ဩသွားအောင် ပြောရရင် ဦးဘကြီးကိုလည်း နွားပွဲစားလိုလို





ဘိန်းကုန်သည်လိုလိုနဲ့ ငါးသေတ္တာတွေ အမဲသားဘူးတွေနဲ့ ထန်းရည်တိုက်သွားတာ အဲဒီ နဂါးတို့ပဲဗျ'

'ဗျာ. . . လူဆိုးခေါင်းဆောင် နဂါးတို့ပဲ ဟုတ်လား'

'ဟုတ်တယ်၊ ကဲ. . . ခင်ဗျားရှင်းအောင် ပြောရရင် ကိုကံပေါ်နဲ့ ဦးဘကြီးတို့သားအဖကို ဘာကြောင့် သတ်သလဲဆိုတော့ မြို့ပိုင် ကိုသိုက်ဖေနဲ့ မသက်ဖူးတို့ မင်္ဂလာဦးကာလမှာ လေးထပ်ကျောင်းထဲမှာ လူဆိုးကြီးတစ်ယောက်လာပြီး ခိုအောင်းနေလို့ ညောင်ရမ်းရွာသားတွေက ဝိုင်းဖမ်းကြတဲ့ အခါမှာ ကိုကံပေါ်နဲ့ ဦးဘကြီးတို့ သားအဖလည်း ပါတယ် မဟုတ်လား'

'ဟုတ်တယ်၊ မှတ်မိပြီဗျို့၊ ရာဇဝင်လူဆိုး နဂါးကို ဖမ်းမိလာတော့ သူကြီးဦးအောင်မြတ်အိမ်က ထိတ်တုံးမှာ ခတ်ပြီး ကိုကံပေါ်နဲ့ ဦးဘကြီးတို့ သားအဖက အရက်မူးမူးနဲ့ ရိုက်နှက်နှိပ်စက်တော့တာပဲ'

'ဟုတ်တာပေါ့၊ လူဆိုးအမျက် မီးလိုဖျက်ဆိုတာလို အဲဒီနဂါးဟာ သူ့ကို ထိတ်တုံးခတ်ပြီး နှိပ်စက်ခဲ့တဲ့ ကိုကံပေါ်နဲ့ ဦးဘကြီးတို့ကို ကျေနိုင်ရိုးလား၊ တစ်ကျွန်းက လွတ်မြောက်လာတာနဲ့ ကိုကံပေါ်နဲ့ ဦးဘကြီးတို့ကို ရန်ကြွေးလာရှင်းတာပဲ'

'ခင်ဗျား သက်သေအထောက်အထားပြဖို့ လိုလိမ့်မယ်နော်'

'ပြပါ့မယ်ဗျာ၊ ရေပက်မဝင် စာဒက မတက်နိုင်အောင် ပြပါ့မယ်၊ ပထမဆုံး ရာဇဝင်လူဆိုးနဂါးဟာ လေးထပ်ကျောင်းထဲကို ဘာဖြစ်လို့လာပြီး ပုန်းအောင်းသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ဆီက ရတနာမြေပုံတစ်ခုမိတာ အခုထက်ထိ ကျွန်တော် မှတ်မိသေးတယ်၊ နဂါးဟာ မန္တလေးထောင်ထဲမှာ လေးထပ်ကျောင်း မှာ ကိုရှင်ကြီးကို သတ်ပြီး လူသတ်မှုနဲ့ ထောင်ကျသွားတဲ့ ဦးပဋ္ဌင်း လေးနဲ့ တွေ့ပြီး ဦးပဋ္ဌင်းလေးဆီက ရတနာမြေပုံကို ရပြီး လေးထပ် ကျောင်းထဲမှာ ရတနာပစ္စည်းတွေ လာတူးဖို့ ပုန်းအောင်းနေပုံရတယ်၊ ဒါပေမယ့် အဲဒီလှည်းကိုးစီးတိုက် ရတနာတွေကို ဦးဘိုးယွန်းက ရ ထားပြီး ဖြစ်တယ်၊ ဟုတ်တယ်မဟုတ်လား ဦးဘိုးယွန်း'

ဌာနအုပ် ကိုသိန်းဟန်က သူ၏ ထင်မြင်ချက်ကို ထုတ်ပြော ရင်း ဦးဘိုးယွန်းအား လှမ်းမေးလိုက်သည်။

အိုင်အိုမင်းအောင်၏ မှုခင်းသုံးသပ်ပြပုံကို တစ်ချိန်လုံး စိတ် ဝင်စားစွာ နားထောင်နေသော ဦးဘိုးယွန်းက,

'ဟုတ်ပါတယ်၊ အဲဒီရတနာမြေပုံကို ကြည့်ပြီး ကျုပ်အတော် တုန်လှုပ်သွားမိပါတယ်၊ တကယ်တော့ အဲဒီရတနာတွေကို ကျုပ် အရင် ဦးပဋ္ဌင်းလေးက တွေ့တာပဲလား၊ ဦးပဋ္ဌင်းလေးက တစ်နေရာ က တွေ့ပြီး ကျုပ်တွေ့တဲ့ နေရာကို နေရာပြောင်းပြီး လာဝှက်ထား သလား၊ ကျုပ်တွေ့တဲ့နေရာမှာပဲ တွေ့ပြီးတဲ့နောက် ရတနာမြေပုံ လုပ်ထားတာလားဆိုတာ ကျုပ်တော့ မတွေးတတ်ပါဘူး'

'ဒါကတော့ မန္တလေးထောင်ထဲမှာရှိတဲ့ ဦးပဋ္ဌင်းလေးကို ထောင်ဝင်စာတွေ့ပြီး မေးလိုက်ရင် ရှင်းသွားမှာပါပဲ'

ဌာနအုပ် ကိုသိန်းဟန်နှင့် ဦးဘိုးယွန်း ပြောနေသည်ကို





အိုင်အိုမင်းအောင်က ဂရုစိုက်နားထောင်ရာမှ သူ့စကားကို စလိုက် သည်။

'ကိုကံပေါ်သေတဲ့နေ့က နဂါးဟာ ရွှေဂူကြီးဘုရား မဟာရုံ တံတိုင်းနားမှာ သိုက်ဆရာဟန်ဆောင်ပြီး သိုက်တူးနေတယ်၊ အဲဒါကို ပျော်ဘွယ်က ပြန်လာတဲ့ ကိုကံပေါ်က တွေ့ပြီး စိတ်ဝင်စားတာနဲ့ အဲဒီနေရာကို ရောက်သွားလိမ့်မယ်၊ အဲဒီမှာ နဂါးအတွက် အကွက် ဝင်ပြီး ကိုကံပေါ်ကို သတ်ပြီး ညောင်ရမ်းကန်က ရေကာတာထဲ ပစ်ချလိုက်တာပဲ ဖြစ်မယ်'

'ဦးဘကြီးကိုရော'

ဌာနအုပ် ကိုသိန်းဟန်က မေးလိုက်သည်။

'နေပါဦးဗျ၊ ကိုကံပေါ်ကိစ္စက မရှင်းသေးဘူး၊ အခု စကား ပြောရင်း ကိုသိန်းဟန်ကို ကျွန်တော် သုံးသပ်ရရင် ကိုသိန်းဟန်ဟာ စဉ်းစားတွေးခေါ်ဉာဏ်ကောင်းပေမယ့် ရှေ့ကို သိပ်လောကြီးလို့ အမှု မပေါ်တာဗျ၊ ခင်ဗျားဟာ တွေးခေါ်တဲ့နေရာမှာ သဲလွန်စတစ်ခုချင်း ကို ကျိုးကြောင်းဆက်စပ်တဲ့ နေရာမှာ ဟာသွားတယ်၊ ခင်ဗျားက ဘာနဲ့တူသလဲဆိုတော့ တရုတ်- ဂျပန်စစ်ပွဲတုန်းက တရုတ်အမြောက် ကြီးလိုပဲ၊ တစ်စက္ကန့်ကို တစ်နေရာလှည့်ရရင် သုံးနှစ်ကြာသတဲ့၊ အဲဒီ လိုပဲ ခင်ဗျားက ဉာဏ်ကောင်းတယ်၊ ဆင်ခြင်တဲ့ နေရာမှာတော့ လိုအပ်တယ်'

ဌာနအုပ် ကိုသိန်းဟန်သည် အိုင်အိုမင်းအောင်က သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဝေဖန်နေသော်လည်း စိတ်ဆိုးဟန်မပြပေ။ အဘယ်ကြောင့်ဆိုသော် အိုင်အိုမင်းအောင်က သူ့အပေါ် စေတနာအရင်းခံနှင့် အကြံပြုနေခြင်းဖြစ်သည်ကို သဘောပေါက်နေသောကြောင့်ဖြစ်သည်။

ဌာနအုပ် ကိုသိန်းဟန်က ပြုံးရယ်ပြီး

'ခင်ဗျားက ကျွန်တော်တို့ မမြင်နိုင်တဲ့ ရှုထောင့်က ပြောပြနေတော့ ကျွန်တော် သိပ်စိတ်ဝင်စားသွားတာကိုးဗျ၊ ဒါကြောင့် ဦးဘကြီးကိစ္စကိုလည်း သိပ်သိချင်နေမိတာပဲ'

အိုင်အိုမင်းအောင်က သဘောကောင်းစွာနှင့်

'ဒါဆိုရင်လည်း ဦးဘကြီးအကြောင်းပဲ ပြောပါတော့မယ်ဗျာ၊ ကိုက်ပေါ်အကြောင်းကိုတော့ ခင်ဗျားလည်း စုံထောက်တစ်ယောက်ပဲ၊ ဆက်စပ်ပြီး စဉ်းစားရင် ပေါ်လောက်ပါပြီ၊ ဟုတ်တယ် မဟုတ်လား'

ဌာနအုပ် ကိုသိန်းဟန်က ခေါင်းညိတ်ပြဝန်ခံလိုက်ပြီး

'ဟုတ်ပါတယ်၊ သဘောပေါက်ပါပြီ'

'ဟုတ်ပါတယ်လေ၊ တစ်ခါတစ်ခါကျရင် သိပ်ပြီး ရှင်းပြခြင်းဟာ ရှုပ်ထွေးသွားစေပါတယ်၊ ဦးဘကြီးကို နဂါးက လုပ်ကြံတာလည်း ရှင်းပါတယ်၊ ဦးဘကြီးဟာ ထန်းရည်မူးတော့ ငါးသေတ္တာနဲ့ အမဲသားဘူးထဲမှာ အဆိပ်ခတ်ခဲ့မှာပေါ့၊ နဂါးဟာ နွားပွဲစားလိုဂ ဘိန်းကုန်သည်လိုလိုနဲ့ ဦးတူးရိုးရဲ့ ထန်းရည်တဲ





ကို ရောက်လာပြီး သူ့ကို ထိတ်တုံးခတ်ပြီး ညှဉ်းဆဲခဲ့တဲ့ ဦးဘကြီးကို လုပ်ကြံသွားတာပေါ့'

ကိုသိန်းဟန်က -

'အင်း. . . ဟုတ်ပြီဗျို့'

အိုင်အိုမင်းအောင်က -

'အရက်သမားတို့၊ ဖဲသမားတို့ဆိုတာ လုပ်ကြံရတာ လွယ်ပါတယ်ဗျာ၊ အရက်သမားကို အရက်ပုန်းဆိုင်ကသာ စောင့်စမ်းဝါ၊ စာပို့ရထားထက်တောင် အချိန်မှန်ဦးမယ်၊ ပြီးတော့ ဖဲသမားကို လုပ်ကြံရန်လည်း ကြာကြာမစောင့်ရဘူး၊ ဝေးဝေးမရှာရဘူး၊ မသာအိမ်က သွားစောင့်နေပါ၊ ဖဲသမားဟာ စားစရာသာ မရှိရင်နေရမယ် ကစားစရာ မရှိရှိအောင်ရှာပြီး မသာအိမ် ဖဲဝိုင်းကို သံတိုသံစတွေတာ သံလိုက်ကို တွေ့ရင် ပြေးကပ်သလို ရောက်လာပါလိမ့်မယ်၊ အရက်သမားတို့ ကစားသမားတို့ရဲ့ အသက်ဟာ အမြဲ အကာအကွယ်မဲ့နေပြီး အချိန်မရွေး အန္တရာယ်ကျရောက်နိုင်ပါတယ်'

အိုင်အိုမင်းအောင်က အရက်သမား ဖဲသမားတို့ဘဝမှာ အကာအကွယ်မဲ့ကြောင်း ပြောနေစဉ် ဦးဘိုးယွန်းက စကားဝိုင်းထဲ ဝင်လာပြန်သည်။

'ဒါဖြင့်ရင် ကျူပ်သမက် မောင်သိုက်ဖေဟာ လုံးဝဖြစ်ကင်းမဲ့တာပေါ့နော်'

အိုင်အိုမင်းအောင်က ခေါင်းကို ခါလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း . . . ကိုသိုက်ဖေဟာ ဘိုးကဲ သေဆုံးရမှုမှာ ပါတယ်၊ ဘိုးကဲတို့ ဘိုးပြုတို့ ညီအစ်ကိုက သူ မသတ်ခဲ့တဲ့ ကိုက်ပေါ်နဲ့ ဦးဘကြီးအမှုမှာ မတရားစွပ်စွဲတော့ ဒေါသဖြစ်ပြီး တက်တူနဲ့ ပေါင်းပြီး ဂျင်ဝိုင်းက အပြန် ဘိုးကဲကို တက်တူက ဓားနဲ့ ထိုးသတ်တာပဲ၊ အဲဒီကိစ္စမှာတော့ ကိုသိုက်ဖေ တာဝန်မကင်းဘူး'

ဌာနအုပ် ကိုသိန်းဟန်က -

'ဟာ . . . ဒါဖြင့်ရင် တက်တူကို လူသတ်မှုနဲ့ ဖမ်းရမှာပေါ့'

'ဖမ်းမှာပေါ့၊ ခင်ဗျားက ကိုက်ပေါ် အသတ်ခံရတုန်းက ဦးတူးရိုးရယ်၊ လှည်းသမား ကိုတောကျော်တို့ကို ဖမ်းပြီး စစ်ဆေးတယ်။ တကယ်တော့ သူတို့မှ ကိုက်ပေါ်သတ်မှုမှာ မပါတာဘဲ၊ အမှုဘယ်ပေါ်မလဲ၊ တခြားလူတွေက ထားပါဗျာ၊ တက်တူကို သူမသတ်တဲ့အမှုမှာ ခင်ဗျားက ဖမ်းစစ်တယ်၊ သူသတ်တဲ့ ဘိုးကဲအမှုကျတော့ တက်တူကို မကြာခဏဖမ်းရမှာ အားနာပြီး ခင်ဗျားခေါ်မစစ်တော့ဘူး၊ အဲဒါခင်ဗျားလွဲတာပဲ၊ ကိုက်ပေါ်သတ်မှုနဲ့ ဘိုးကဲသတ်မှုဟာ တခြားစီပဲ၊ ဘိုးကဲသတ်မှုဟာ ရာဇဝင်လူဆိုး နဂါးလို့ သွားထင်ရင်လဲ ခင်ဗျားလွဲမှာပဲ၊ လူသတ်မှု (၃) မှုဖြစ်တယ်ဗျာ၊ (၂) မှုက နဂါးကသတ်တာ၊ ဘိုးကဲကိုတော့ ဂျင်ဝိုင်းက အပြန်မှာ တက်တူက ဓားနဲ့ထိုးတာ၊ ဘာလို့ ဓားနဲ့ထိုးရသလဲ၊ သူ့ဆရာမြို့ပိုင် ကိုသိုက်ဖေကို ဘိုးကဲတို့ ဘိုးပြုတို့က မတရားပြောလို့၊ ဒီကိစ္စတွေ အားလုံးကို ဦးစံထွား သိထားလိမ့်မယ်၊ ဒါပေမယ့်၊ ဦးစံထွားကို





ခင်ဗျားတို့ ဖိဖိစီးစီး လှည့်ပတ်ပြီး မစစ်နိုင်ဘူး။ ဒီအမှုမပေါ်တာ ဘာဆန်းသလဲ'

ဒိုင်အိုမင်းအောင်၏ စကားဆုံးသောအခါ ဌာနာအုပ် ကိုသိန်းဟန်သည် ဖင်တကြွကြွနှင့် ရှိနေပြီး တက်တူအား သွားဖမ်းရန် ပြင်ဆင်လေတော့သည်။

ဌာနာအုပ် ကိုသိန်းဟန်က -

'ကဲ . . . ကိုမင်းအောင် ကျွန်တော်တို့ တက်တူ သွားဖမ်းမယ်၊ ခင်ဗျားလိုက်မလား၊ ဒါမှ သတင်းစာထဲမှာ ခင်ဗျားနာမည်ပါမှာ'

'တရားခံဖမ်းတာ ဘယ်သူပဲ ဖမ်းဖမ်းပါဗျာ၊ အမှုပေါ်အောင် စုံထောက်တဲ့ ဉာဏ်ပညာသာ အရေးကြီးတာပါ၊ တစ်ခါတုန်းက စစ်ပုလိပ်အရာရှိ တစ်ယောက်က မဂ္ဂဇင်း တစ်စောင်ထဲမှာ နိုင်ငံတော်နဲ့ဆိုင်တဲ့ လုပ်ကြံမှုကြီးတစ်မှုမှာ တရားခံဖမ်းတာ သူတို့စစ်ပုလိပ်တွေပါတဲ့၊ ပုလိပ်စုံထောက်ဘက်က လူတွေမဟုတ်ပါဘူးတဲ့ အဲဒီဆောင်းပါးကို ဖတ်ရတော့ ကျွန်တော်ရယ်ချင်လိုက်တာဗျာ၊ တကယ်တော့ အမှုတစ်မှုပေါ်ရင် စုံစမ်းတဲ့ ဉာဏ်ပညာကသာ အရေးကြီးတာပါ။ ပုလိပ်အဖွဲ့မှာ တရားခံဖမ်းတဲ့ပညာဟာ အရေးမကြီးပါဘူး၊ သာမန် အိပ်စီကလေးတစ်ယောက်ကို သင်ကြားပေးရုံနဲ့ တရားခံဖမ်းလို့ ရပါတယ်။ ထမင်းစားပြီးမှ အေးအေးဆေးဆေး သွားဖမ်းပါ၊ အကောင်းဆုံးကတော့ နဂါးကို အရင်မိအောင်ဖမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တက်တဲ့က အချိန်မရွေး ဖားကောက်သလို ကောက်ဖမ်းလို့ရပါတယ်'

ဌာနအုပ် ကိုသိန်းဟန်သည် ဖင်တကြွကြွရှိနေရာမှ မဖြစ်နိုင်တော့သော ကိစ္စကို စဉ်းစားမိပြီး အားနာ မျက်နှာပူနေပြန်သည်။

'ဒီအတိုင်းဆို မြို့ပိုင်ကိုသိုက်ဖေ သေသွားနှင့်လို့ပေါ့ဗျာ၊ သူသာ အသက်ရှင်နေရင် သူ့ကို လူသတ်မှုနဲ့ ဖမ်းရမှာ အားနာဖို့ အလွန်ကောင်းနေဦးမယ်'

'ခင်ဗျားမလဲ တယ်ခက်တာကိုးဗျ၊ နောက်ဖေးလမ်းကြား ထဘီရုပ်တဲ့ ဘိန်းစားကို ဖမ်းတာနဲ့ ပန်ကာအောက်က အရာရှိကြီးကိုဖမ်းတာ တစ်တန်းစားတည်း သဘောထားရမယ်ဗျ'

ထိုနောက် အိုင်အိုမင်းအောင်သည် ဦးဘိုးယွန်းဘက်သို့ လှည့်ပြီး -

'တကယ်တော့ မြို့ပိုင် ကိုသိုက်ဖေဟာ လူသတ်မှု ကျူးလွန်ခဲ့ပေမယ့် လူယုတ်မာတစ်ယောက် မဟုတ်ပါဘူး၊ ဦးဘိုးယွန်း၊ သူဟာ ဦးဘိုးယွန်းရဲ့ မနေအင်အားကိုမှီပြီး အမျိုးသား စီးပွားရေး တည်ထောင်မယ်ဆိုတဲ့ ကြီးမားတဲ့ ရည်ရွယ်ချက်နဲ့ မြို့ပိုင်အလုပ်က ထွက်ခဲ့တာပါ။ ဦးဘိုးယွန်းတို့က မင်းမှုထမ်း မြို့ပိုင်အလုပ်ကိုသာ အထင်ကြီးတော့ မြို့ပိုင်အလုပ်က ထွက်လိုက်တာနဲ့ ကိုသိုက်ဖေဟာ နလပိန်းတုံး ဖြစ်သွားပြီဆိုပြီး ဝိုင်းနှိမ်ကြတာကိုး၊ တကယ်တော့ ကိုသိုက်ဖေဟာ မြို့ပိုင်အလုပ်ထက် ပိုပြီးကြီးမြတ်တဲ့ အလုပ်လုပ်ဖို့ မြို့ပိုင်အလုပ်ကို စွန့်ခဲ့တာပါ၊ ဒီကျတော့ မြို့ပိုင်အလုပ်ကိုသာ





အကြီးမြတ်ဆုံးလို့ ထင်နေတဲ့ ဦးဘိုးယွန်းတို့နဲ့တွေ့ပြီး သူ့ခမျာ ရင်ကွဲပက်လက် ဖြစ်သွားရတာပါ'

ထိုစကားကို ကြားရသောအခါ မြေပိုင်ရှင် အုရုံးဓကာခြွီး ဦးဘိုးယွန်းသည် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး -

'ဟုတ်တယ်၊ သူကျုပ်ကို ဆန်စက်တည်ပေးဖို့ ပြောတာကို ကျုပ်က သူ့ကို မယုံလို့ တည်မပေးခဲ့ဘူး'

'ဆန်စက်သာ တည်ပေးခဲ့ရင် ဦးဘိုးယွန်းတို့ ညောင်ရမ်းဟာ ဒီထက်စည်ကားတိုးတက်လာမှာပဲ၊ ပြီးတော့လဲ အမျိုးသား စီးပွားရေး ပိုပြီးတိုးတက်လာမှာပဲ၊ မင်းမှုထမ်းလောကမှာ ယုတ်မာကောက်ကျစ်တဲ့ မျက်နှာဖြူ အစိုးရရဲ့ လက်အောက်မှာ အမှုမထမ်းချင်တဲ့လူတွေ ဒုနဲ့ဒေးပါ၊ သူတို့ဟာ သူတို့ရဲ့ ရာထူးစည်းစိမ်ထက် ပိုပြီးကြီးမားတဲ့ အကြံအစည်နဲ့ အလုပ်က ထွက်လာကြတဲ့ အခါမှာ သူတို့ရာထူးကိုသာ အထင်ကြီးတဲ့ လူတွေက သူတို့တာ ရာထူးမရှိတော့ဘူးဆိုပြီး အထင်သေးပစ်လိုက်ကြပြီး ဆက်ဆံရေးကအစ ပြောင်းလဲသွားကြတယ်၊ ဒါကြောင့် တချို့ဆိုရင် အဲဒီလောကဓံကို မခံနိုင်ဘဲ ပျက်စီးချင်းမလှ ပျက်စီးပြီး မင်းမှုထမ်းတုန်းက ရာထူးစည်းစိမ်ကို စွန့်ရဲတဲ့ သတ္တိရှိပြီး၊ ရာထူးစည်းစိမ်ထက် ပိုပြီးကြီးမြတ်တဲ့ အလုပ်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ အလုပ်ထွက်ခဲ့တာပါ။ သူတို့ဟာ ရာထူးစည်းစိမ်လက်ရှိ ရှိသူထက်ပိုပြီး အထင်ကြီးဖို့ ကောင်းပါတယ်'

အိုင်အိုမင်းအောင်၏ စကားရှည်ကြီးကို ကြားရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးယွန်းသည် ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေပြီး -

'ကျုပ်က မောင်သိုက်ဖေဟာ ကျုပ်ရဲ့ အမွေတွေကို လိုချင်လို့ ထင်နေတာပါ'

'ဒါကတော့ မိဘဘိုးဘွား ယောကျ်ာ်းမ ဦးလေးသားချင်းတွေရဲ့အမွေကို လူတိုင်းလိုချင်ကြတာပါ၊ မိဘဘိုးဘွားတွေကလဲ အမွေပေးရမယ့် ဝတ္တရားရှိတယ်၊ ဒါက မြန်မာ့ဓလေ့ထုံးတမ်းကိုး၊ မလိုချင်တဲ့သူ ဘယ်ရှိမလဲ'

အိုင်အိုမင်းအောင်နှင့် ဦးဘိုးယွန်းတို့ စကားပြောနေရာမှ သာစည်ဌာနအုပ် ကိုသိန်းဟန်သည် အိုင်အိုမင်းအောင်အား လေးစားကြည်ညိုသော အကြည့်နှင့်ကြည့်ပြီး -

'ကိုမင်းအောင်ကို ကျွန်တော် တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်ဗျာ၊ ကျွန်တော့်အတိုင်းသာဆိုရင် ဒီလူသတ်မှု (၃) မှုကို စုံထောက်မရမှုနဲ့ ပိတ်သိမ်းရတော့မှာ၊ ကျွန်တော်လဲ တော်တော်ပဲ စိတ်ပျက်နေပြီ'

'အမှန်တော့ ခင်ဗျားတို့ နယ်က ပုလိပ်တွေ အပြစ်မရှိပါဘူးဗျာ၊ ခင်ဗျားတို့က ကျွန်တော်တို့ စီအိုင်ဒီက စုံထောက်တွေလို အမှုတစ်မှုချင်း အာရုံစူးစိုက် စုံစမ်းရတာ မဟုတ်ဘဲ၊ လူတစ်ယောက်တည်းနဲ့ အမှုပေါင်း လေးငါးဆယ် စုံစမ်းနေတော့ ခင်ဗျားတို့ဟာ ဖင်မနိုင် ခေါင်းမနိုင်နဲ့ ဖြစ်ရတာပါ'

'ဒါတော့လဲ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားလို စုံထောက်မျိုးကလဲ ရှာမှရှားပါတယ်'

'တကယ်တော့ စုံထောက်ပညာဆိုတာ ဘာမှ မခဲယဉ်းပါဘူးဗျာ၊ ဘယ်သူမှ မမြင်နိုင်တဲ့ အမွေးအမှင်နဲ့တူတဲ့ သဲလွန်စကလေးကို ဉာဏ်ပညာနဲ့တူတဲ့ ဇာဂနာနဲ့ ဆွဲညှပ်ထုတ်ပြီး ငါးပေါင်ဘူနဲ့တူတဲ့ ဥပဒေနဲ့ ထုချလိုက်တာပါပဲ၊ အဲဒီမှာ တရားခံဖြစ်တဲ့ ရာဇဝတ်မှုဟာ ပြားပြားဝပ် သွားရတာပါပဲ'

အိုင်အိုမင်းအောင်က နိုင်မာပြတ်သားစွာနှင့် ပြောချလိုက်လေတော့သတည်း။

အောင်ဗင်







www.burmeseclassic.com